www.burmeseclassic.com

# လရောင်ကျိုးရှင်

# ကိုးနာရီ ကိုးမိနစ် ကိုးစက္ကန့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လရောင်ကျူးရှင့်

ကိုးနာရီ ကိုးမိနစ် ကိုးစက္ကန့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

မီးတွေ ပျက်နေတာလား ..၊

မျက်လုံးဖွင့်လိုက်ပေမယ့် ရုတ်တရက် ဘာမှမမြင်ရ ..၊

ဘယ်အချိန်ရှိပြီမှန်းလည်း မသိ ..၊ နာရီကို လိုက်စမ်းတော့လည်း မတွေ့ ..၊

"မောင် .. မောင် ထပါဦး .. မီးတွေပျက်နေတာ ထင်တယ်၊ အားလုံး မှောင်မည်းနေတာပဲ .."

မောင် အိပ်တဲ့ဘက်ကိုတော့ သေချာပေါက်ထိမိမှာမို့ လက်ပြန်စမ်းလိုက်မိ၏။

ဒါပေမယ့် အိပ်ရာထဲမှာ မောင် မရှိ ..။

"မောင် .."



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘယ်သွားတာလဲဆိုတာ ခေါင်းထဲ အရင်ရောက်၏။

အပေါ့အပါးသွားဖို့ ထနေတာဆိုလည်း ရေအိမ်ဝင်ကာမှ မီးတွေ ပျက်သွားတာလား ..၊

မီးဖွင့်မလို့သွားနေတာဆိုရင်လည်း အသံလေးဘာလေးပေးဖို့ ကောင်း၏။

"မောင် .. ဘယ်မှာလဲဟင် ..၊ အင်ဗာတာခလုတ် ပိတ်ထားမိ တယ် ထင်တယ်၊ မောင် အဲဒီကို သွားနေတာလား ..၊ အသံပေးပါ ကွာ .."

အမှောင်ထုနှင့် သူမ၏အသံတွေသာ အိမ်ထဲမှာ ပဲ့တင်ထပ် သလို ကျန်ရစ်ကာ မောင့်ဘက်က တိတ်ဆိတ်နေ၏။ ထို့ကြောင့် သူမ.မွေ့ရာပေါ်က ဆင်းလိုက်သည်။

စားပွဲဆီ အရင်တိုးသွားကာ နာရီနဲ့ ဖုန်း တစ်ခုခုကို တွေ့ဖို့ စမ်းသည်။

ဖုန်းကို အရင်တွေ့ကာမှ ဖွင့်လိုက်တော့ အလင်းရောင် ရလာ သည်။ ထိုအခါကျမှ နာရီတွေ့၏။

ခုမှ ည ကိုးနာရီပဲ ရှိသေးတာ ..၊

နာရီကို ပြန်ချလိုက်ကာ ညဝတ်အင်္ကျီခါးစည်းကြိုးကို တင်း အောင် ပြန်ချည်သည်။

ပြီးမှ ဆံပင်ရှည်တွေကို ဖြစ်သလိုလိပ်တင်၍ စားပွဲစွန်းမှာ တင် ထားသည့် ခေါင်းစည်းကွင်းနဲ့ ထပ်ပတ်လိုက်၏။

ဖုန်းမီးရောင်ကို ပြန်ကောက်ယူလိုက်ပြီး နောက်ဖေးဝင်ဖို့ လှည့်





လိုက်လိုက်လျှင် ...

"အမလေး!..."

"ဒေါက် .."

ရင်ဘတ်ချင်းကပ်မိမတတ် သူမရှေ့မှာ မားမားကြီးရပ်နေသည့် ကိုရွှေ ..၊

ဖုန်းက ပက်လက်ကျသွားသဖြင့် မှုန်ဝါးဝါး အလင်းရောင်လေး ကို ပေးနေသေးသည်။

ထို့ကြောင့် သူမ မောင့်ကို ခပ်ရေးရေး သဏ္ဌာန်လောက်တော့ မြင်နေရ၏။

"မောင်ရယ် .. လန့်လိုက်တာ ..၊ အသံမပေး ဘာမပေးနဲ့ နောက်မှာ ဘာလုပ်နေတာလဲ .."

"မင်းကို စောင့်နေတာ .."

"ဟင်!..."

ထူးခြားသည့် မောင့်အသံကို သတိထားမိလိုက်တာနှင့် ပင့်တက် လာသည့် မောင့်လက် လှုပ်ရှားမှုကို ငုံ့ကြည့်လိုက်မိ၏။

"ဓားကြီးပါလား .. မောင် ဘာလုပ်မလို့လဲ ..၊ ဓားကြီးနဲ့ ဘာ လုပ်မလို့လဲ မောင် .."

ဘာရယ်မဟုတ်ဘဲ အထိတ်တလန့် နောက်ဆုတ်လိုက်မိ၏။ စားပွဲစွန်းနဲ့ တင်ပါး တိုက်မိကာ အိပ်ရာဘက်ကို လူက ယိုင်သွား တော့ ချောင်ပိတ်မိသလို ဖြစ်သွား၏။

"မောင်နော် .. မမြင်မစမ်းနဲ့ ဒါ နောက်စရာ မဟုတ်ဘူး..၊



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ ကို ကြောက်အောင် မလုပ်ပါနဲ့ မောင်ရယ် ..''

''မင်းကို ကြောက်အောင်လုပ်နိုင်ရင် ငါ့ကိုယ်ငါ ဂုဏ်ယူရမှာ ပေါ့၊ ဟား .. ဟား .. ဟား ...''

''မောင် ..''

ဟားတိုက်ရယ်ချလိုက်တာ တစ်အိမ်လုံး တုန်ခါသွားသလိုပင်။

ပြီးတော့ ရှေ့ထပ်တိုးလိုက်လျှင် ဖြူ လန့်ဖျပ်ပြီး ဆုတ်လိုက်သဖြင့် အိပ်ရာပေါ် ဖရိုဖရဲ နောက်ပြန်လဲကျသွား၏။

''မောင် ဘာတွေပြောနေတာလဲ ..၊ မနောက်ပါနဲ့ မောင်ရယ်.. ဖြူ့ ကို မစပါနဲ့နော် ..၊ ဓားကြီးနဲ့ အန္တရာယ်ရှိတယ် မောင်ရဲ့ .. ချထားလိုက်ပါ .. ဖြူ တောင်းပန်ပါတယ် ..''

''အန္တရာယ်ရှိနေတာ မင်း သိသင့်တယ် ဖြူ ..၊ အထူးသဖြင့် ဒီလိုညမျိုးမှာ ..''

''မောင်နော် .. တော်တော့ ..''

''ဘာ .. မင်း မကြားရဲတော့ဘူးလား ..၊ ဟုတ်တယ် .. မင်းကို သတ်မလို့ ..၊ ဒီညမှ မင်းကိုမသတ်နိုင်ရင် ငါ့ကိုယ်ငါ အပြစ်ပေးမိတော့မှာ ..''

''ဟင့်အင်း .. ဟင့်အင်း .. မဟုတ်ဘူး''

ဖြူ တစ်ကိုယ်လုံး တုန်ယင်လာကာ ကြောက်အားလန့်အားနှင့် သူ့ကိုယ်ကြီးကို တအားဆောင့်တွန်းပစ်လိုက်၏။

ပြီးတော့ ထွက်ပြေးမလို့ ဆတ်ခနဲ ထရပ်လိုက်လျှင် မျက်လုံးထဲမှာ ဖွေးခနဲ အဖြူရောင်တန်းတစ်ခု မျက်နှာရှေ့က ဖြတ်သန်းသွားခဲ့





ပြီး ...

''အား!...''

လည်ပင်းကို ဓားချက်ရှပ်ပြေးသွားခဲ့တာ လေပြည်ရှိက်နမ်းသွားတာမဟုတ် ..၊

ပူနွေးသောသွေးတို့နှင့် လည်ပင်းကို လက်တို့နှင့်အုပ်ကာ ဖြူ အိပ်ရာပေါ် ဘိုင်းခနဲ ပြန်ကျသွားခဲ့၏။

''အား!...''

ဖြူ တအားကျူးအော်ကာ ကိုယ့်လည်ပင်းကို ကိုင်၍ အတင်းကျုံးရုန်းထလိုက်သည်။ သူမ အိပ်ရာပေါ်မှာပဲရှိနေကာ အိပ်မက်မက်ခြင်းဆိုတာ သိလိုက်၏။

အိပ်ခန်းထဲမှာ ပြာလဲ့လဲ့မီးရောင်လေးက ဖွေးထိန်မနေပေမယ့် အိပ်မက်ထဲက မှောင်နဲ့မည်းမည်းလို ကြောက်ဖို့ မကောင်းပါ ..။

ဒါပေမယ့် သူမ ရင်တွေ ခုန်ပေါက်နေဆဲရှိကာ အိပ်မက်ပါလား ဆိုပြီး စိတ်ချမ်းသာသွားတာမျိုးလည်း မဖြစ် ..။

''ချောက် ..''

မီးရောင် ဖွေးခနဲ လင်းသွားသည်။

စွပ်ကျယ်ချိုင်းပြတ်အဖြူ၊ ချည်ပုဆိုးအနီကွက်နှင့် အရပ်မြင့်မြင့် အသားတွေ ဖြူဝင်းနေသော နွေမွန်းတည့် ..၊

''မောင် ..''

''ဘာဖြစ်တာလဲ .. နေမကောင်းဘူးလား ..''

မွန်းတည့် က စီးကရက် လက်တစ်ဖက်မှာညှပ်လျက် မီးဖွင့်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ပြန်လှည့်ပိတ်၏။

"မောင် ဘယ်သွားနေတာလဲ"

"ကိုယ် မင်းလိုမှ အစောကြီး မအိပ်တတ်ဘဲ .."

နာရီကြည့်လိုက်တော့ ည ကိုးနာရီတိတိ ..၊

ပြီးတော့ မောင့်မျက်နှာကို ပြန်ကြည့်မိပြန်သည်။

မတိုမရှည်ဆံပင်ကို သေသပ်စွာဖြီးလျက် နားသယ်စပ်နဲ့ လည်ကုပ်တွေထိ အမြဲတမ်း စိမ်းမြနေတတ်သော မောင့်ပုံစံက အိပ်မက်ထဲက ပုံစံမျိုးနဲ့ တခြားစီ ..။

ဖန်ချိုင့်ထဲက ရေထည့်ပေးနေသည့် မောင့် လက်ချောင်း သေးသေးသွယ်သွယ်လေးတွေကအစ အနုပညာဆန်ကာ မွေးညင်းတို့ လက်ဖျံမှာ စိမ်းစိုနေတာအထိ မောင့်တစ်ကိုယ်လုံးက မဟာဆန်အောင် ချောသည်။

ဒါကြောင့်လည်း မောင့်ရင်ခွင်မှာ သာယာမိပြီး ကိုယ့်မိဘတွေကို ကျောခိုင်းစွန့်ကာ မောင်နဲ့ပဲနေနိုင်ခဲ့တာ ဘာပူပင်သောကမှလည်း မရှိခဲ့ ..။

"ဟော့ .. ရေပေးနေတာ ယူလေ .."

"မောင် ဘာတွေလုပ်နေတာလဲဟင် .."

"ဟ .. လူကို ကျီးတိကြောင်တိနဲ့ မေးလှချေလား၊ ဘာပြောချင်လို့လဲ .. ဆက်ပြော .."

"မဟုတ်ပါဘူး .."

ရင်ဘတ်တစ်ခြမ်းပေါ် ပြေကျနေသည့်ဆံပင်တွေကို နောက်ကို





သိမ်းပို့လိုက်ကာ မောင်ပေးတဲ့ရေကို သောက်လိုက်သည်။ ဒါပေမယ့် အိပ်မက်ထဲမှာ မောင်ကိုင်ထားတာ ရေခွက် မဟုတ် ..။

"အဟွတ် .. အဟွတ် .."

ဖြူ ချောင်းဆိုးတော့ ရေစက်တချို့ ပါးစပ်ထဲက စင်ထွက်ကုန်သည်။

မောင် တစ်ခုခု ထပ်မေးလိုက်မှာစိုးလို့ ကိုယ့်ပြဿနာကို ကပျာကယာ ရှင်းလိုက်ရကာ ...

"အိပ်တော့လေ မောင် .."

"ဖြူ .."

"ဟင် .."

"မင်း ဘယ်လိုဖြစ်နေတာလဲ .."

"ဘာဖြစ်လို့လဲ မောင် .."

"ကုမ္ပဏီကအလုပ်တွေ မင်း နိုင်းထားတာလေ .."

ဟင် ..၊

ဖြစ်ရပြန်ပြီ တစ်ပြစ် ..၊

အလုပ်ကပြန်လာတည်းက သိပ်နေမကောင်းလို့ စောစော အိပ်ရာဝင်ခဲ့တာ ဒီနေ့ ခါတိုင်းထက် စောသည်။

"ဆောရီး မောင်ရယ် .. ဖြူ မေ့သွားလို့၊ ဟိုလေ .. ခေါင်းတွေ မကြည်လို့လား မသိဘူး .. အိပ်မက်တွေ လျှောက်မက်နေတာ .."

စီးကရက်တစ်ရှိုက်ကို နှုတ်ခမ်းက ဖြည်းဖြည်းမှုတ်လွှတ်ရင်း မွန်းတည့် က မတ်တတ်ကနေ စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တောင် အော်လိုက်ပုံထောက်တော့ အိပ်မက်ထဲမှာ လူသတ်သမား လိုက်နေတာ ထင်တယ် .."

"ဟင်!..."

ဖြူ့ ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ ပြုံးနေမှန်း မဲ့နေမှန်း ခွဲရခက်သော မောင့်နှုတ်ခမ်းသားတို့ကို မော့ငေးနေမိ၏။

အထူအပါးညီကာ ထောင့်ချိုးညီသော မောင့်နှုတ်ခမ်းတွေက တခြား အသားဖြူတဲ့လူတွေလို ပန်းရောင်သမ်းတာ မဟုတ်ဘဲ အပြာရောင်သမ်းနေသည်။

ဒါကြောင့်ပဲ ပြုံးတိုင်း မဲ့တိုင်း ထမင်းစားတာ .. စီးကရက်သောက်တာကအစ မောင့် ဟန်ပန်အမူအရာတွေက ဆွဲဆောင်မှု ရှိသည်။

မောင့်ကို သူမ ချစ်သည် ...၊ မောင် စိတ်ဆိုးဒေါသထွက် မခံရပ်နိုင်အောင် ဘယ်လိုစကားတွေပြောပြော ခဏနဲ့ ပြေပျောက်နိုင်တဲ့အထိ မောင့်ကို ချစ်ခဲ့သည်။

မောင်ကတော့ ဒီလို မဟုတ်ခဲ့ဘူးလား ...၊

"မင်း အိပ်တော့လေ ...၊ မီးပြန်မှိတ်ခဲ့ရမလား .."

"ဟင့်အင်း .. အလုပ်တွေ ထားလိုက်တော့ မောင် .. လာပါ အိပ်ရအောင် .."

မောင်က ကျောခိုင်းပြီးမှ ခပ်ဖြည်းဖြည်း လှည့်ကြည့်၏။ စိုက်ကြည့်နေတာ နည်းနည်းတော့ကြာပေမယ့် ဘာမှမပြောဘဲ ပြန်လှည့်သွားသည်။





"မောင် .."

"မင်း အိပ်ပါ .. မနက်ကျတော့ မင်းရှိမှဖြစ်စ်တာ၊ ကိုယ်လုပ်ပေးနိုင်တာ ဒါပဲရှိတာ .. ပြီးမှပဲ အိပ်တော့မယ်"

"မောင် .. ဖြူ့ ကို ရွဲ့တာတော့ မဟုတ်ပါဘူးနော် .."

တံခါးနားကျမှ သူက ပြန်လှည့်ကြည့်ကာ ...

"ကိုယ့်လိုလူက ရွဲ့နေစရာလား ဖြူ၊ မင်း အိပ်ပြီးမှ အိပ်တတ်တာလည်း အကျင့်ပါနေပါပြီ"

သူ ထွက်သွားပြီး တံခါးပြန်စေ့ခဲ့၏။

ဖြူ ဒီတိုင်းလေး ကျန်ရစ်ခဲ့လျှင် မောင့်စကားတွေမှာ နာကျင်မှုကို ပြန်ရှာမိသည်။

ကိုယ့်ဘက်က မောင်တစ်ထမ်း မယ်တစ်ရွက်သဘောနဲ့ ဒီလိုလုပ်ရအောင် ...၊ ဒါလေးပြီးမှ ဆိုတာမျိုးတွေ မောင်နဲ့ ညှိနှိုင်းခဲ့ဖူးသည်။

မောင်လည်း သဘောတူခဲ့လို့ လင်မယားနှစ်ယောက် ကြိုးစားခဲ့ကြတာ .. မိဘ အားကိုးမပါဘဲလည်း ဘဝကို ပြည့်စုံစွာ ရပ်တည်နိုင်ခဲ့တာပဲ ...။

မောင့်ရင်ထဲမှာ ဘာကိုနာကျင်နေပါသလဲ ...၊

နာကျင်မှုတွေရှိခဲ့ရင်တောင် မောင် ဒီလို မျိုသိပ် အုံ့ဖွဲ့နေရလောက်အောင် ဖြူ့ ဘက်မှာ အပြစ်တွေ များပြားနေခဲ့သလား ...၊

မိဘသဘောမတူတာမို့ မောင် မျက်နှာမငယ်ရအောင် ဖြူ ကတောင် မောင့်မျက်နှာ တစ်ရှာထင်ပြီး လိုက်ခဲ့သေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်မှာ ဘာလိုအပ်ခဲ့သလဲဆိုတာ ရှာဖွေရင်း ဖြူ ဘယ်လိုမှ အိပ်မပျော်တော့ပေ ..။

ထို့ကြောင့် အိပ်ခန်းအပြင်ကို ထွက်လာကြည့်တော့ ဧည့်ခန်းမှာ မောင်က အလုပ်လုပ်နေတာလည်း မဟုတ် ..၊

ဒရင်းဘက်ခ်မှာထိုင်ကာ ဒူးနှစ်ဖက်ပေါ် လက်တင်ရင်း စီးကရက်ငွေ့တွေက တလွန့်လွန့် တက်နေ၏။

အလုပ်စားပွဲနဲ့ လုပ်လက်စအလုပ်တွေက ဘေးမှာ ဒီတိုင်းရှိနေကာ ညကို ဘယ်လိုကုန်လွန်စေပြီး ဘယ်အချိန်မှာ မောင် အိပ်ရာဝင်မှာလဲ ..၊

ခါတိုင်းဆို သူမ အနည်းအကျဉ်းလုပ်ပြီးမှ မောင်နဲ့ထားခဲ့ပြီး အိပ်ရာဝင်သည်။

ခုတစ်လော မောင် ဘယ်အချိန်ဝင်အိပ်ပြီး မနက် ဘယ်အချိန်ထမှန်းလည်း မသိပါ ..။ ဖြူ က အိပ်ရာဝင်စောကာ မနက်စောစောထ ပြင်ဆင်ပြီး ကုမ္ပဏီကို သွားသည်။

ထိုအချိန်မှာ မောင် မနိုးသေးပေ ..၊ အလုပ်ထဲ ရောက်တာနှင့် ကိစ္စဗာဟီရတွေများကာ မောင် အိပ်ရာနိုးပြီလား ..၊ ဘယ်သွားသေးလဲ .. ဘာမှလည်း မမေးမြန်းနိုင် ..။

တစ်ခါတလေ မောင် ဖုန်းဆက်တာတောင် စကားကောင်းကောင်း ပြန်မပြောနိုင်တဲ့အဖြစ် ..၊

ဒါတွေဟာ မောင်နဲ့ တစ်အိုးတစ်အိမ်ထောင် ထူထောင် အခြေချပြီဆိုကတည်းက နေ့စဉ် လည်ပတ်နေတဲ့ လုပ်ငန်းဇယားတွေပဲ ..။





အိပ်ခန်းထဲကို ခပ်လှုပ်လှုပ် ပြန်ဝင်လာရင်း မော့ကြည့်မိတော့ နာရီက ကိုးနာရီမှာပဲ ရပ်နေ၏။

ဘယ်တုန်းကမှ မပျက်ခဲ့ဖူးသည့် နာရီမို့ ခဏတော့ စဉ်းစားနေမိသည်။

ပြီးမှ မနက်မှပဲ မောင့်ကို ကြည့်ခိုင်းတော့မည်လို့ တွေးလိုက်ပြီး အိပ်ရာဝင်ခဲ့သည်။

အိပ်လို့လည်း မပျော်တော့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဟော့ .. ညီမ .."

ကားနဲ့ မောင့်ကို လှမ်းမြင်လိုက်သဖြင့် ခပ်သုတ်သုတ် လျှောက်ထွက်ခဲ့ရင်း ကိုယ့်ကိုခေါ်မှန်း သိလိုက်သဖြင့် လှည့်ကြည့်မိသည်။

ဒီကုမ္ပဏီက ဒါရိုက်တာတစ်ဦးပဲ ဖြစ်သည်။ သူ့မနာမည်က ဒေါ်သီသီသန့် ...၊

ဒါပေမယ့် ကိုယ်က ရောက်တာမကြာသေးသည်မို့ သိပ်တော့ မရင်းနှီးပါ ...။

ထို့ကြောင့် ပြန်ပြုံးပြပြီး ကားနားထိ လျှောက်လာခဲ့သည်။ မောင်က လှမ်းယူသဖြင့် ဖိုင်ကို မောင့်လက်ထဲ ထည့်ပေးလိုက်ပြီးမှ...

"မမသီ .."





"ဟုတ်တယ် .. ညီမကို လေးစားလို့ပါ၊ သိပ်လည်း မရင်းနှီးတော့ စကားပြောချင်လို့ .."

"ဟုတ်ကဲ့ မမသီ၊ ဟိုလေ အားနာလိုက်တာ .. ဖြူ က အခု.."

"ဩော် .. ရတယ် .. ညီမ မအားဘူးဆိုတာ သိပါတယ်၊ တစ်နေ့တာ အစီအစဉ်တွေ ရှိနေမှာပေါ့၊ အေးဆေးစကားပြောဖို့က နောက်မှ ဖြစ်မယ်၊ အခုန အစည်းအဝေးမှာ ညီမ တင်ပြသွားတာတွေ အရမ်းကောင်းလွန်းလို့ မီတင်ပြီးတော့တောင် မပြန်တဲ့လူတွေ ရှိသေးတယ်၊ ညီမရဲ့တင်ပြချက်တွနဲ့ ဦးမြင့်မောင် ရဲ့သုံးသပ်ချက်ကို တိုက်စစ်ကြဦးမလို့တဲ့ .."

"ဟုတ်လား .. အားလုံး လက်ခံသွားတာကိုပဲ ဖြူ က ဝမ်းသာနေတာ ...၊ ကိုယ်က ရောက်တာ မကြာသေးတော့လေ .."

"အမလေး ငါ့ညီမရယ် .. ညီမက ရောက်တာသာ မကြာသေးတာ၊ တကယ့်ဝါရင့်တွေကိုတောင် ပါးစပ်အဟောင်းသား ခေါင်းတညိတ်ညိတ်ဖြစ်အောင် စွမ်းဆောင်နိုင်တယ်"

"ဒီလောက်တော့ မဟုတ်ဘူး ထင်ပါတယ် မမသီ ရယ် .. အဟွန်း .. ကျေးဇူးပဲနော်"

"တို့က ညီမကို အားကျနေတာ ...၊ မိန်းမက ဒီလောက်တော်နေရင် သူ့ယောကျ်ားက ဘယ်လောက်တော်တဲ့လူ ဖြစ်နေမလဲလို့တောင် စဉ်းစားမိတယ် .."

ဖြူ့ မျက်နှာလေး ကွက်ခနဲ ပျက်သွားသည်။

မောင်က ဆယ်တန်းအောင်ထားပေမယ့် ပညာရေး အဆုံးထိုင်



www.burmeseclassic.com

www.burmeseclassic.com



မပြီးခဲ့တဲ့သူပါ။

သူ့ခမျာ ဒီအချက်လေးကြောင့်ပဲ မျက်နှာငယ်ရှာ၏။

"အဟွန်း .. ဒီလိုပါပဲ မမသီ ရယ် .. ဖြူ သွားတော့မယ်နော်"

"အင်းပါ .. အင်းပါ ..၊ ဒါပေမယ့် ယူ့အမျိုးသားနဲ့တော့ မိတ်ဆက်ပေးရမယ်နော်၊ အင်း .. ဘယ်လိုလုပ်ရင် ကောင်းမလဲ..၊ တို့အဖွဲ့အားလုံး ဆိုင်ကောင်းကောင်းတစ်ခုမှာ ဒင်နာလုပ်ရင်ရော .."

တကယ်ကိုမသိလို့ ပြောနေတာမှန်း သိတော့လည်း စိတ်ဆိုးရခက်နေသည်။ မပြောဘဲနေရင် ပိုဆိုးလာတော့မှာမို့ ...

"မမသီ က မသိသေးလို့ပါ၊ ဖြူ့ အမျိုးသားက ဖြူ့ ကို နေ့တိုင်းအပို့အကြို လုပ်ပေးနေတာပဲဟာ .."

"ဟင်!... ဘယ်လို .."

ဒေါ်သီသီသန့် အကြည့်တွေ မွန်းတည့် ဆီ ဒိုင်းခနဲ ရောက်၏။

"သူက .."

"ဟုတ်တယ် မမသီ .. ဖြူ့ ယောကျ်ားပါ၊ နာမည်က ရွှေမွန်းတည့် .."

"သြော် .. အားနာလိုက်တာကွယ် .. ဆောရီးပါနော်၊ တကယ့်.. တကယ်ကို မသိလို့ပါ .. ဆောရီးနော် မောင်လေး .."

မွန်းတည့်မျက်နှာမှာ ခွင့်လွှတ်သည့်အပြုံး မရှိ။ ဒါကြောင့်ပဲ ဒေါ်သီသီသန့် ဖျာပျာသလဲ ဖြစ်နေရကာ ...

"တောင်းပန်ပါတယ်နော် ..၊ ညီမရော .. မောင်လေးကိုရော.. မမကို ခွင့်ပြုပါဦး .."





နှစ်ယောက်ရှေ့ကနေ တစ်ချိုးတည်း လစ်သွား၏။

ဖြူ နဲ့ မွန်းတည့် ကားပေါ်မှာ အတူရှိနေကြပါလျက်နှင့် အတန်ကြာ ကိတ်ဆိတ်နေခဲ့ကြပြီး ...

"မင်းကို ဒင်နာဖိတ်ပါဦးမလား မသိဘူး .."

ကားမောင်းနေရင်း ပြောတော့ ဖြူ က လှည့်ကြည့်သည်။

"ဒင်နာမဖိတ်တော့ ဘာဖြစ်သွားမှာမို့လို့လဲ မောင်ရယ် .."

"မင်း ဖြစ်သွားမလားလို့ပါ .."

"မောင်ကလည်း ဒီလိုစကားတွေ ကြားတိုင်း ကိုယ့်မိန်းမကို ဟိုလိုဒီလိုထင်မယ် ဆိုတာချည်းပဲ .."

ကိုယ့်မှာလည်း တစိမ်းဆို လှည့်ရှင်းရ ..၊ ကိုယ့်ယောကျ်ားကို ရှင်းပြရနှင့် တစ်ခါတလေကျတော့ စိတ်ညစ်မိသည်။ ဖြူ့ မျက်နှာလေး ညှိုးနေတာကို မွန်းတည့် က လှည့်ကြည့်သည်။

ပြီးတော့ ရှေ့ပြန်လှည့်သွားသည့်မျက်နှာမှာ အပြုံးသဲ့သဲ့နှင့် ...

"မင်းအဒေါ် ဖုန်းဆက်တယ် .."

"ဘာတဲ့လဲ.."

"သူ ရန်ကုန်ရောက်လာတယ်တဲ့ ..၊ ဒါပေမယ့် အရေးကြီးလို့ ချက်ချင်းပြန်သွားရတယ်တဲ့ ..၊ နောက်မှ ဝင်မယ်တဲ့ .."

ဒီစကားတွေကို တီလေး ပြေပြေပြစ်ပြစ်မှ ပြောသွားရဲ့လား ..၊ သတင်းစကားကို ကြားနေရပေမယ့် ဖြူ တွေးမိလိုက်တာက တခြားဖြစ်နေသည်။

ပြန်ကြည့်လိုက်တော့ မောင့်မျက်နှာလည်း ခံပြင်းနေသလိုပါ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ စိုးရိမ်သွားပေမယ့် မေးလိုက်ကာမှ ပိုဆိုးသွားမှာစိုးလို့ မမေးဖြစ် ..။

မောင်နဲ့လက်ထပ်လိုက်ကတည်းက နိုင်ငံခြားမှာ လုပ်ငန်းအခြေချထားသည့် ဖေဖေကလည်း တစ်ချက်လွှတ် အမိန့်ချသည်။ မေမေကလည်း လုံးဝ ယတိပြတ် စွန့်လွှတ်၏။

ညီအစ်မလေးနှစ်ယောက်တည်း ရှိပေမယ့် ညီမလေးနဲ့လည်း အဆက်အသွယ် မရခဲ့ပေ။ သူမအတွက် မေမေတို့က တစ်ဖက်၊ မောင်က တစ်ဖက် ..။

"နေပါစေကွာ .. မောင် သူတို့နဲ့ ဘယ်တော့မှ ပြန်မဆုံချင်ဘူး၊ တစ်နေ့နေ့ မင်းကို ခွင့်လွှတ်ကြရင်တောင် မင်းစိတ်ကြိုက် မင်းသဘော သွားပါ၊ မကောင်းတတ်တာတွေ .. မသိတာတွေ မောင့်ကို ဘာမှမတွက်ကပ်ဘူးဆို ကျေးဇူးတင်တယ် .."

ဒီတိုင်းပြောပြီးတည်းက မောင်က မတားတာပဲ ရှိသည်။ မေမေတို့ဆို နာမည်ထည့်ပြောတာတောင် မျက်နှာပျက်ချင်၏။

စိတ်ရှုပ်နေသည့်အခါများဆို ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်နေပြီမှန်း မဝေခွဲချင်လောက်အောင်ပင်။

တကယ်ဆို မောင် ဒီ့ထက် ကြည်ကြည်သာသာ နေသင့်တာ မဟုတ်ဘူးလား ..။

"မင်းအဒေါ်ကို မင်း လာဖို့ပြောထားတာလား .."

"ဟုတ်တယ် .. ကြီးတဲ့လူကတောင် သူကစပြီး သတိတရ ဖုန်းဆက်တာဆိုတော့ လာလည်ပါဦးလို့ ခေါ်ရတာပေါ့၊ တီလေးက





မောင့်ကို ဘာမှမဝေဖန်ပါဘူး .."

"အဟွန်း .."

ရယ်လိုက်တာ မဟုတ်မှန်း သိသည်။

လှည့်ကြည့်လိုက်တော့ မောင့်မျက်နှာက အေးစက်စက် တည်နေလျက် ...

"မင်းကိုထားခဲ့ပြီး ကိုယ် ပြန်ထွက်ရဦးမှာ .."

"ဘာလုပ်မလို့လဲ .."

"ကားပြင်စရာရှိလို့ .."

မောင် ကိုယ့်ကိုယ်ကိုယ် မောင်လို့ မပြောတာလည်း ဖြူ သတိထားမိလာတာ ကြာပါပြီ ..။

ပြီးတော့ သူမ တမ်းတသာယာခဲ့သည့် မောင့်ဆီက ယုယကြင်နာမှုတွေဟာ ..၊

"ဆင်းလေ .."

"ဩော် .. အင်း ..."

ကိုယ့်အိမ်ရှေ့ရောက်နေတာတောင် မေ့နေခဲ့တဲ့အဖြစ် ..၊ ဟိုအရင်ကဆို ခြံရှေ့ ကားရောက်တာနှင့် ခြံစောင့်က ပြေးဖွင့်ပေးသည့်အတိုင်း ခြံထဲကို အေးဆေးစွာ မောင်းဝင်ခဲ့ရ ..၊

ခုတော့ ___စ်ယောက်အတူပြန်လာတိုင်း မောင်က တံခါးဆင်းဖွင့်၊ ပြီးတော့ ပြန်တက်မောင်းပြီးဝင် ..၊ ဝင်ပြီးမှ တံခါးပြန်ပိတ်ရသည်။ အားလုံးပြီးမှ အိမ်ရှေ့ထိ မောင်းလာနိုင်၏။

မိဘဆင်ထားသည့် ပစ္စည်းတွေကို ထုခွဲ၍ ဒီခြံနဲ့ အိမ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ငှားခဲ့သည်။ ချန်ထားသည့် အရင်းအနှီးလေးနဲ့ ရှယ်ယာဈေးကွက်ထဲ ဝင်၍ အစကနေ ပြန်လှုပ်ရှားခဲ့၏။

သိပ်မကြာခင်မှာ စီးပွားရေးလည်း အဆင်ပြေလာသည်။

တီလေးကလည်း ဆက်သွယ်လာကာ မောင် မသိအောင် ရခဲ့သည့် အထောက်အပံ့တွေနဲ့ ဒီခြံလေးကိုပဲ ပြန်ဝယ်လိုက်ပြီး တိုက်ပြန်ဆောက်ခဲ့တာ ဖြစ်၏။

နှစ်ထပ်တိုက်ကြီး လှလှပပဖြစ်ခဲ့ပေမယ့် ခြံစောင့်တော့ မထားနိုင်သေးပေ ..။

ထို့ပြင် မောင့်ဘက်က အဒေါ်တစ်ယောက် ဒီမှာလာနေတာမို့ သူမကလည်း တား၏။

"အိမ်မှာ လူတစ်ယောက် ရှိနေတာပဲ ..၊ တံခါးဖွင့်ဖို့ ပိတ်ဖို့လောက်နဲ့ လူတစ်ယောက်လုံးကြီး ခေါ်ထားပြီး လခပေးနေဖို့ မလိုပါဘူးကွယ်၊ ကိုယ့်ခြံတံခါး ကိုယ်ဖွင့်ဝင်ပေါ့၊ အိမ်အလုပ်က ငါ့တာဝန်ထား .."

လို့ ပြောသည့် အစီအမံအောက်မှာ ဖြူ တို့ နေထိုင်ခဲ့ကြတာ ဒီနေ့ထိ ..၊ ဘာပဲဖြစ်ဖြစ် ဖြူ တို့က မွေးလာတည်းက အထိန်းတော် အချီတော်တွေနဲ့ ကြီးပြင်းခဲ့ကြတာမို့ ဒီဘဝမျိုးဟာ အသိမ်ငယ်ဆုံးပဲလို့ ခံစားမိနေခဲ့သည်။

ခုလို စိတ်လက်ပင်ပန်းနေချိန်မျိုးဆို ပိုဆိုးသလိုပင် ..။

"ဟော .. ဘယ်မှာလဲ ဟိုတစ်ယောက် .."

"မောင် ကားပြင်ရမှာမို့လို့ ပြန်သွားရတယ်"





"အင်း .."

အင်းသံရှည်ကြီးနှင့် ဒေါ်ခင်ခင် ပြန်လှည့်ဝင်သွားသည်။ ကိုယ့်အိမ်မှာဆို အိမ်ရှေ့ထွက်ကြိုတဲ့သူဟာ အိမ်အကူ မိန်းကလေးတွေ မဟုတ်ပါ ..။

တီလေး ဒါမှမဟုတ် မေမေပဲဖြစ်တတ်ကာ တီလေးက အများဆုံး ..၊ စိတ်ပူရတာ .. ဒေါသထွက်စရာရှိလို့ ထွက်စောင့်နေရင်တောင် လက်ထဲက ပါလာသမျှကိုတော့ ပြောင်းယူလိုက်သေးသည်။ ဒီမှာတော့ ဒီလိုမဟုတ် ..။

တစ်ခါတစ်ခါကျတော့လည်း ကိုယ့်အိမ်ရောက်နေပြီဆိုပေမယ့် တံခါးဝရောက်တာနဲ့ ပုံလှဲပံစ်လိုက်ချင်အောင် ပင်ပန်းလာတာတွေ ရှိသည်။

အဲလိုအခါမှာ တံခါးဝကနေ ပစ္စည်းလေး ပြေးယူကြိုဆိုမယ့်သူကို အလိုရှိလေသည်။

"နှစ်ယောက် ဆုံမှာ မဟုတ်ဘူးဆိုတော့ ဖွယ်ဖွယ်ရာရာတွေ မပြင်ရတော့ဘူးပေါ့၊ အဲဒီမှာ ထမင်းတော့ ထည့်ပြီးသား၊ ခူးခပ်စားလိုက်တော့ .."

အကျိုလဲနေတာကို တံခါးဝကနေ လာရပ်ပြောသည်။

"ဟုတ်ကဲ့ ဒေါ်လေး ရတယ် .."

ဒေါ်ခင်ခင် ရောက်လာတာ တစ်နှစ်လောက်ပဲ ရှိသေးသည်။ ဒီမှာ လာမနေခင်တည်းက ရောက်လာတိုင်း ဟိုစပ်စပ် ဒီစပ်စပ် ပြောသွားတတ်တာတွေ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကတော့ ကိုယ့်အတွက် အမြင်မတော်ရင် ပွဲပြင်ဆုံးမပေးနိုင်မည့် လူကြီးသူမအဖြစ်တောင် ရွေးချယ်ခဲ့မိသေးသည်။

ဒါပေမယ့် အိမ်မှာ အပြီးခေါ်ထားဖို့ ပြောတုန်းက မောင်က လက်မခံခဲ့ပါ။ အားလုံးကို သူမကိုယ်တိုင်ပဲ ဦးဆောင် ဆုံးဖြတ်ခဲ့တာဖြစ်၏။

ခုကျမှ ဘယ်လိုပုံစံတွေဖြစ်လာလာ ဘယ်သူ့ကိုမှ ယိုးမယ်ဖွဲ့ဖို့ မဖြစ်နိုင်တော့ပေ ..။

ဖြစ်သမျှအကြောင်း မကောင်းပေမယ့် ..၊





## အခန်း (၃)

"ဖြစ်သမျှအကြောင်းက ကောင်းမှ မကောင်းလာဘဲ..၊ အဲဒီက သတင်း ကြားလိုက်ရတိုင်း ကိုယ့်ကိုယ်ကိုယ် မီးပုံထဲ ပြေးခုန်ချချင်သလိုလို .."

"သြော် .. ဒုက္ခပါပဲ .."

"တကယ်ပြောတာ .. ရှိသမျှ ခံစားနေတဲ့စည်းစိမ်တွေ၊ သာယာမှုတွေအားလုံး ဘာမှမဟုတ်တော့သလို ဘာမှကို မကိုင်ချင်တော့ဘဲ လျှောက်ပြေးချင်တော့တယ် .."

"အဲဒီလောက် ခံစားနေရရင်လည်း .."

"ပြန်ခေါ်လိုက်ပါလားလို့ ပြောဦးမလို့လား မမ .."

"မပြောပါဘူး ရှင့်ကို .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီဂီမြင့် ကိုယ်တိုင်ကိုက အစ်မကြီးဖြစ်ပေမယ့် ညီမဖြစ်တဲ့သူ့ စိတ်အစွဲကြီးတတ်တာကို သိထားသဖြင့် ဒီကိစ္စကို သိပ်တော့ မပြောချင် ...။

သို့သော် ...

"အခု သူတို့အင်အားနဲ့ ဟန်ဟန်ပန်ပန်လေးလည်း ဖြစ်နေပါပြီ .."

"ဘာဟန်ပန်တာလဲ မမ ...၊ နို့ဆီခွက်လောက် တိုက်လေးထဲဝင်ပြီး နန်းတော်ကြီးထက် သာပါတယ်လို့ ထင်နေတဲ့ သမီးမိုက်ရဲ့ လုံ့လ ဝီရိယတွေလား .."

"ဒါကတော့ သိနေပြီးသားပဲ နှင်း ရယ် .. ခဏခဏပြောနေလည်း သူများကြားတော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်မယ်၊ ပြောတိုင်း အသစ်ကြီးဖြစ်ပြီး နင်ပဲ စိတ်ညစ်ရတာ .."

"ဒါဆိုလည်း မမ ဘာမှလာမပြောနဲ့ပေါ့ .."

ဒေါ်သီဂီမြင့် ရှုံ့မဲ့မဲ့ဖြစ်သွားသည်။

ကိုယ့်တူမလေးကို မြင်ရတိုင်းလည်း စိတ်မချမ်းသာပါ။

တကယ်လို့များ သူ့အမေမြင်ရင် ရင်ကျိုးရှာမယ်လို့ တွက်ပြီး တိုက်လေးတစ်လုံး ဆောက်ပေးထားခဲ့တဲ့အထိ ဒီသောကတွေကို ဖုံးဖိပေးဖို့ သူမ ကြိုးစားခဲ့သည်။

ဒီငွေ ပြန်ဆပ်ပါရစေဆိုလို့ ခုဆို ကြေတောင် ကြေတော့မည်..။ ခက်နေတာက ဖြူ တို့ ဘယ်လိုတိုးတက်နေပါပြီပြောပြော 'ဒါတွေကို ငါ့သမီးလေး ကုန်းကျုံးရှာနေရတာ'ဆိုပြီး မအေဖြစ်တဲ့သူက ရင်ဘတ်





ထုနေ၏။

"ဖအေကတော့ သူ့သမီးကြီးကို အားထားလိုက်တာ ...၊ သားယောကျ်ားလေးမမွေးပေမယ့် သားရှိရင်တောင် သူ့သမီးလောက် တော်ပါ့မလား မသိဘူးတဲ့၊ ဖအေနဲ့ ဟိုနိုင်ငံရောက် ဒီနိုင်ငံရောက်၊ ချေးကွက်ပညာတွေ သင်၊ သင်တန်းအောင်လက်မှတ်တွေ တစ်သီကြီးရ၊ ပြန်လာပြီး သားအဖနှစ်ယောက် ဖက်စပ်လုပ်ငန်း လုပ်ကြမလို့တဲ့ ...၊ မိဘယုံအောင် ယုန်တစ်ကောင်လုံး ငုံပြီး အပြောကောင်းသွားတဲ့ သမီးမိုက် .."

ပြောနေရင်း ဒေါ်နှင်းပွင့်ဖြူ အံကြိတ်ရင်း မျက်ရည်ဝေ့၏။

"တော်ပါတယ်ဆိုလို့ ယောက်မမြင်းစီးထွက်တယ်ဆိုတာ ကိုယ့်သမီးကျမှ သေချာ နားလည်ခဲ့တယ် ...၊ မိဘကတော့ ငါ့သမီးလေးရဲ့ ဖူးစာရှင်ဟာ ဘယ်လိုတော်မှ .. ဘယ်လိုထက်မှနဲ့ စိတ်ကူးထဲမှာ ရွေးချယ် ရှာဖွေနေလိုက်ရတာ၊ သင်းက ကောက်ယူပစ်လိုက်တော့ ကိုယ့်အိမ်က ဒရိုင်ဘာနဲ့ .."

"ကဲ .. တော်ပါပြီ နှင်း ရယ် .. မမ တောင်းပန်ပါတယ်၊ မင်္ဂလာမရှိတဲ့စကားတွေ မပြောစမ်းပါနဲ့ .."

"မမလည်း နှင်း ကို မင်္ဂလာမဟုတ်တာတွေ လာလာမပြောနဲ့ .."

ဘယ်နေရာမှာ ခန့်ထည်နေနေ ဒီအစ်မရှေ့မှာတော့ ဒေါ်နှင်းပွင့်ဖြူ က ညီမငယ်လေးလို ဆိုးနေဆဲပါ ...။

ပြောလိုက်ကာမှ မျက်ရည်က ကျချင်သည်။ ငိုသံတွေပါနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကိုယ့်ကိုယ်ကိုယ် မကျေနပ်ချင် ..။

ထို့ကြောင့် ဆတ်ခနဲ ထရပ်ကာ မျက်နှာမော့ အံကြိတ်၏။

"ဒီယောက်ျားကိုယူပြီး ဘဝကို တိုးတက်မြင့်မားအောင် ကြိုးစားပြနေတာ ..၊ မိဘစကား နားမထောင်ရင် ဒုက္ခတွေ့မယ်ဆိုတဲ့ စကား နားမဝင်ဘဲ 'ဒီလိုရုန်းထွက်ခဲ့တာ ဒီလိုဖြစ်ထွန်းတယ်'ဆိုပြီး မြင်းမိုရ်တောင်ထိပ်မှာ စာတက်ရေးပြချင်နေတဲ့ မိန်းမ .."

"မဟုတ်ပါဘူး နှင်း ရယ် .."

"ဟုတ်ကိုဟုတ်တယ် .. 'ကြက်မ'တွန်လည်း မိုးလင်းတာပဲ ဆိုတဲ့အသံတွေ မိဘနားထဲ ရောက်အောင်လို့ .."

"နင် လွဲနေပြီ ညီမလေး .. တစ်ခါတွေ့တုန်းက ခဏလေးပဲ၊ သူ မေမေ နေကောင်းလားလို့ပဲ အူယားဖားယား မေးတာ .."

"ဟွန့် .."

"သူ မဟုတ်တာ လုပ်သွားမိတာ သူ့ကိုယ်သူ သိနေပါတယ် နှင်း ရယ် .. နောက်ဆို ပိုပြီး နားလည်လာမှာပါ ..၊ ငါတို့ ကိုယ့်ကလေးကို ကိုယ် ဒုက္ခရောက်မယ့်စကားမျိုးတွေ ပြောမိ ဆိုမိနေပါ့မယ် .."

သူ့ယောက်ျားနဲ့ ဖုန်းထဲမှာ ပြောလိုက်မိပါသည်။

ဘယ်လိုလေသံမျိုး ဖြစ်နေမလဲဆိုတာ အကဲခတ် မရလောက်အောင် 'ဟလို'တစ်ခွန်းက လွဲပြီး ဘာမှမပြော ..။

ကြောက်နေတာလား .. မလေးစားတာလား ..၊

ဘာမှန်း မသိပေမယ့် ကိုယ့်တူမနဲ့ မပြောလိုက်ရတော့လည်း





သူ့ကိုပဲ မှာခဲ့ရသည်။

နွေမွှန်းတည့် ဆိုတဲ့ လူငယ်ဟာ အိမ်မှာ ကားမောင်းနေတုန်းတည်းက မျက်နှာကတည်တည်၊ စကားက နည်းသေးသည်။

ရုပ်လေးက သနားကမားဆိုတော့ မသိတဲ့လူဆို ဒီကောင်လေး ဒရိုင်ဘာပြောရင် ယုံမှာတောင် မဟုတ် ..။

"လှတာကို ထိုင်ကြည့်နေရုံနဲ့ ဘဝမှာ ပြည့်စုံမလာဘူးဆိုတာ သင်း ခုချိန်ထိ နားမလည်သေးဘူး .."

ဒေါ်နှင်းပွင့်ဖြူ တစ်ခွန်းချင်း ဆက်ပြောနေ၏။

"အေးလေ .. ဘယ်သိပါ့မလဲ ..၊ သူက ပညာတတ်တဲ့မိန်းမပဲ၊ မိဘသင်ပေးတဲ့ပညာတွေနဲ့ ဒီယောက်ျား မျက်နှာမငယ်ရအောင် ရှာကျွေးနိုင်တာကိုး .."

"တော်ပါဆိုမှပဲ နှင်း ရယ် .. ခက်ပါလား .."

"ဒါပေမယ့် 'ချွေးဖြူ လူတောမတိုး'ဆိုတာ တစ်နေ့တော့ သိလာမှာပါ၊ တစ်ယောက်တစ်လမ်း ဘယ်လိုမှ မဆုံနိုင်တဲ့ မျဉ်းပြိုင်နှစ်ကြောင်းကို မဆုံဆုံအောင် ကြိုးစားထားလည်း ဘယ်လိုမှ လှပတင့်တယ်လာမှာ မဟုတ်ဘူး၊ ပညာမတတ် စိတ်ဓာတ်က အောက်ဆုံးထိ ထိုးဆင်းနေခဲ့ရင် ဒီလူကို ကိုယ့်အသိုင်းအဝိုင်းထဲ ဘယ်လိုဆွဲခေါ်မှာလဲ .."

ဘာတွေလုပ်နေကြမှန်း သေချာမသိပေမယ့် အခု တစ်လုပ်ပြီး တစ်လုပ် ပြောင်းလုပ်နေတာကတော့ လရိပ်ဖြူ ပဲ ဖြစ်၏။ ဒါကို ဒေါ်သိင်္ဂီမြင့် သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဖြစ်လို့ ဦးမြင့်ထွန်း ကုမ္ပဏီကနေ ပြောင်းသွားရတာလဲ .."

"မသိပါဘူးအေ .. ငါလည်း ခဏပဲတွေ့ရတာ .."

နောက်ထပ်တွေ့ဖြစ်တာနဲ့ ဒီတစ်ခါ မွန်းတည့် နဲ့ပဲ ဖုန်းပြောခဲ့ရတာကို ထည့်မပြောဖြစ် ...။

"ဒီတစ်ခေါက် ရန်ကုန်ရောက်ရင်တော့ ငါ သူ့ဆီ သွားတွေ့ဦးမယ် နင်း၊ နင် မတားနဲ့ .."

"အို .. မဟုတ်တာ ...၊ မသွားရပါဘူး .."

"တားမှာပဲဆိုတာ သိတယ် ...၊ နင် တားတား မတားတား ငါ အလုပ်လုပ်ရင်း သွားလာနေတာ၊ ဘယ်အချိန် ဝင်တွေ့တွေ့ ရတယ်၊ ဒါပေမယ့် နင် မှန်တယ် .. သမီးက မှားနေတာ၊ အဲဒါကြောင့် နင် မသိအောင် မလုပ်ချင်လို့ .."

ဒေါ်သီဂီမြင့် ကလည်း ပြောနေရင်း ထရပ်လိုက်ကာ ...

"ငါလည်း သမီးကြီးကို နမြောတာပဲ နင်း .. ကိုယ့်တူမ ပညာတတ် ချောချောလှလှလေးကို ဒရိုင်ဘာတစ်ယောက်နဲ့ ဘယ်လိုမှ မနှစ်မြို့နိုင်ဘူး၊ ငါ့မှာ သားထောက်သမီးလည်း မရှိတော့ သမီးနှစ်ယောက်စလုံး ငါ့သမီးလေးတွေပါ၊ သမီးကို နင် ပစ်ထားခဲ့တာလည်း ကြာပြီပဲ .."

"ဘာ!... မမက .."

"မဟုတ်ဘူး .. ပြန်ခေါ်ဖို့ပြောတာ မဟုတ်ဘူး၊ ဒီလို မကြည့်ရက်လို့ ပြန်ခေါ်ထားရလောက်အောင်လည်း သမီးကြီး အခြေ





အနေက မဆိုးသေးပါဘူး၊ ငါပြောတာက ကိုယ့်ကလေးက အခြေမဲ့အနေမဲ့ မဟုတ်ဘူး၊ အခု ဟိုကုမ္ပဏီ ဒီကုမ္ပဏီမှာ ကူးပြောင်းလုပ်နေတော့ သူ့အဖေ ငါတို့တစ်တွေရဲ့ ဂုဏ်သိက္ခာက ရှိသေးတယ်လေ .."

"ဒရိုင်ဘာကို ယူလိုက်ကတည်းက ဘယ်သူ့မှာ ဘာဂုဏ်သိက္ခာမှ မရှိတော့ဘူး .."

"ဒါကလည်း ဒါပေါ့ နင်း ရယ် .. သားသမီးက တောင်းစုတ်ပလုံးစုတ်မှ မဟုတ်ဘဲ၊ သူတို့အခြေအနေကိုတော့ သိရအောင်ကြည့်မှဖြစ်မယ် .."

ဒေါ်နှင်းပွင့်ဖြူ အသံတိတ်သွားသည်။ ဒေါ်သီဂီမြင့် က ဆိုဖာတွေထဲကနေ လျှောက်ထွက်သွားကာ ...

"နောက်တစ်ခု အရေးကြီးတာ ရှိသေးတယ် .."

ပြောပြီးတော့ ဒေါ်နှင်းပွင့်ဖြူ နဲ့ မျက်လုံးချင်းဆုံအောင် စောင့်သည်။

ပြီးမှ ...

"ရှေ့တစ်ယောက်ကို သည်းမညည်းနေပဲနဲ့ နောက်တစ်ယောက်ကို လွှတ်သွားမယ် နင်း .. သမီးငယ်ကို ဂရုစိုက်ဦး .."

"သမီးက ကလေးဆန်ပေမယ့် တည်တည်တံ့တံ့နဲ့ တစ်ပတ်လည့်ထွက်သွားတဲ့သူလောက် ခေါင်းမမာဘူး၊ ပြီးတော့ ကြောက်တတ်တယ် .."

"အင်း .. ကြောက်တတ်လို့ အားကိုးရာထားတာလား မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ်ဆိုတဲ့တစ်ယောက်နဲ့ဂဲ့စွက ပြောရင်းဆိုရင်း အတည်ဖြစ်လာပြီ ..”

“သမီး ဖွင့်ပြောထားတယ် မမ၊ သူ့အစ်မလို လုပ်သွားမှာမဟုတ်ဘူးဆိုတာ နှင်း ယုံတယ် ..”

“သြော် .. သူ့လူကတော့ ပညာတတ် သူဌေးသားပဲဆိုပြီး စိတ်ပြောင်းပြီး ပါသွားမှာစိုးလို့ ..”

“နှင်း က သူ့အလုပ်အကိုင်ကို လုံးဝ သဘောမကျဘူးလို့ ပြောထားပြီးသား ..”

“အလုပ်ပြောင်းရင်တော့ ဖြစ်တယ်ပေါ့ ..”

ဒေါ်နှင်းပွင့်ဖြူ က အစ်မဖြစ်သူကို ပြန်ကြည့်၏။

“မမက တစ်ခုခု သိနေလို့လား ..၊ သမီးငယ် တစ်ခုခု ကြံစည်နေတယ်ပေါ့ ..”

“သြော်.. အတွေးက ချော်ပြန်ပြီ၊ တကယ်လို့ အဲဒီလို လျှော့ဖို့ပေါ့ဖို့များ စကားပစ်ထားရင် အခွင့်အရေးရှိသေးတယ်လို့ ကလေးက တွေးနေမှာပေါ့၊ ခိုးရာတော့ လိုက်မပြေးဘူးဆိုပြီး ဆက်ချစ်နေကြရင် ဘယ့်နှယ်လုပ်မလဲ ..”

“ကောင်လေးကို နှင်း စုံစမ်းပြီးပါပြီ၊ နှင်း တို့လောက် မဟုတ်ရင်တောင် ပညာတတ် ဂုဏ်သရေရှိ အသိုင်းအဝိုင်းပဲ ..”

“အဲဒါကိုပြောတာ ..၊ သူ့အလုပ်ကိုပဲ ငါတို့က လက်မခံနိုင်တာလေ ..၊ ပစ်ခတ် သတ်ပုတ်ပြီး နေ့စဉ် ရင်ဘတ်ဖိနေရမှာမို့လား ..’

“ဟုတ်တယ် ..”

“အေး ..၊ ဒီကောင်လေးကမှ တကယ်ကို မိဘကို ကန့်လန့်





တိုက်ခဲ့တာ .. ရာဇဝင်နဲ့ ..”

“ဟင်!...”

မမက သိနေပါလားဆိုသည့်မျက်လုံး ရောက်လာတော့ ဒေါ်သီရိမြင့် က ဆတ်ခနဲ ခေါင်းညိတ်သည်။

“တို့ ဟိုတစ်ခါ တင်ဒါကိစ္စမှာ ပြဿနာအကြီးအကျယ် ရှင်းရတာလေ .. အဲဒီတုန်းက ရဲမှူးဦးကျော်လှ ကို နင် မှတ်မိလား ..”

“မှတ်မိတယ် ..”

“သင်တန်းတက်တုန်းက သူ့တပည့်ပဲလေ”

“ဟုတ်လား ..”

“အဲဒီရဲမှူးနဲ့ သူ့အဖေက ငယ်သူငယ်ချင်းတဲ့ ..၊ သူ့သားကို ဒါလုပ်ဖြစ်အောင် တိုက်တွန်းတဲ့ပုံနဲ့ စကားများကြလို့ လူကြီးချင်းတောင် ခပ်တန်းတန်းဖြစ်သွားကြတာ၊ သူ့အမေကလည်း ဒါကို ဘယ်လုပ်စေချင်မလဲကွယ်၊ မိဘအမွေအနှစ်နဲ့ ဒီစီးပွားရေးပဲလုပ်ပြီး ချမ်းချမ်းသာသာ နေစေချင်တာပေါ့၊ သင်တန်းစတက်ကတည်းက မိဘသဘောမတူဘဲ ဖွတ်လုပ်တာတဲ့ ..၊ ပေပေတေတေ ဒါကိုပဲ အရမ်းကြိုးစားနေလို့ နောက်ဆုံး မိဘကပဲ ကြည်ဖြူပေးခဲ့ရတာ ..”

“မမ တော်တော် သိထားတာပဲ ..”

“ငါ့အလိုဆို မစပ်မိပါဘူး .. ရဲမှူးရဲ့အစ်မက ငါ့ဝယ်နေကျ စိန်တိုက်ကလေ၊ ပြောရင်းဆိုရင်း ဆွေမျိုးစပ်ပြရင်းနဲ့ ပြောမိသွားတာ ..”

“ကောင်လေးကို မမ မြင်ဖူးလား ..”



www.burmeseclassic.com

www.burmeseclassic.com



"မမြင်ဖူးပါဘူး .. ကိုယ်က အလေးအနက်ကြီး လိုက်ကြည့်နေရင် ကိုယ့်ကလေးက အလေးအနက်တွေ တွေးတော့မှာပေါ့၊ ယုံကြည်မှုဆိုတာ ရိုးသားသူတွေအတွက်က ပြစ်မှုတစ်ခုပဲ နှင်း ရဲ့ .. နေရာတကာ သံသယနဲ့ကြည့်နေရင် ကိုယ့်သံသယက ကိုယ့်ကို ပြန်ပြီး ဒုက္ခပေးတာတွေ ဖြစ်တတ်တယ်၊ လာပါ .. ပြန်ထိုင်ပါဦး၊ ငါတို့ သမီးကြီး အိမ်ထောင်ရေးကိုပဲ ဆက်ပြောရအောင် .."

"လုပ်ပြန်ပြီ မမ .."

"ဟဲ့ .. မပြောလို့မှ မပြီးတာ .."

စလိုက်မိပြီဆိုတာနှင့် သမီးကြီး လရိပ်ဖြူ မျက်နှာလေးကို ပြေးမြင်မိ၏။

ဆံပင်ရှည်ရှည် ဖြူဖြူနွဲ့နွဲ့လေးနဲ့ သိပ်ကျက်သရေရှိတဲ့ သမီး..၊ ရင်ထဲမှာ နင့်ခနဲ စူးလေသည်။

မလွှမ်းဘဲတော့ ရှိပါ့မလား ..၊





## အခန်း (၄)

"မလွှမ်းဘဲနေပါ့မလား မမရယ် .. ဖုန်းဆက်ဖို့ အဆင်ပြေတော့လည်း မမက ဖုန်းမကိုင်တာ များတယ်လေ၊ ပြီးတော့ .."

"ဘာလဲ .. ပြောလေ ညီမလေး .."

"မမလူကြီးကို ကာရံ မှ ခဲအို မတော်ချင်တာ .."

ဖုန်းပြောရင်း ပြုံးနေသည့် ဖြူ့ မျက်နှာလေး နည်းနည်းတော့ ပျက်သွား၏။ ရေချိုးခန်းထဲဝင်သွားသည့် မောင့်ကို မလုံမလဲ လှမ်းကြည့်မိလျက် ...

"ညီမလေးကလည်းဟာ .."

"မဟုတ်ပါဘူး .. ကာရံ က မေမေတို့လိုမျိုး အဆင့်အတန်းခွဲတဲ့စိတ်နဲ့ ပြောတာ မဟုတ်ဘူး၊ ကိုနွေ မမအပေါ်မှာ ဘယ်လိုဆက်ဆံမယ်ဆိုတာ သိနေလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"မိန်းမသားချင်းပဲ မမရယ် .. မမက အကုန်မပြောပေမယ့် ကာရံ သိတာပေါ့၊ ကိုနွေ က တည်တည်ကြီးနေတယ်၊ မမက ဒါကို ဆင်းရဲပေမယ့် မာနရှိတာလို့မြင်ပြီးတော့ အထင်ကြီးဖို့ အကြောင်း ရှာတာ ..၊ ဒီပုံစံမျိုးနဲ့ မမနဲ့ယူသွားတာ မမကို ကျောနေမှာပဲ ညီမလေး သိတယ် .."

ဒီအကွာအဝေးအရ မကြားနိုင်ဘူးဆိုတာ သိပေမယ့် ဖုန်းကိုင် ရင်း ဝရန်တာကို ထွက်ခဲ့မိ၏။

"မမ .."

"ဟင် .."

"မမကို မေးချင်တယ်၊ ဒီအခြေအနေရောက်မှတော့ မမ မညာ ဘူးမို့လားဟင် .."

"ဘာလဲ ညီမလေးရဲ့ .. မေးလေ .."

ဘယ်လိုမေးခွန်းမျိုးလဲ မသိပေမယ့် ကာရံ အသံလေး ခဏ တိတ်သွား၏။

ပြီးမှ ...

"မမနဲ့ ကိုနွေ ဒီအဆင့်ထိ ရောက်သွားကြတာ ကာရံ မယုံနိုင် ဘူး သိလား ..၊ အဲဒီအချိန်တည်းက ကာရံ ဒါကိုပဲ တွေးနေမိတာ၊ ကိုနွေ ကတော့ မမကို စွန့်စားကြရအောင်ပါ မမဖြူ ရယ်လို့ ပြောမှာ မဟုတ်ဘူး .."

ဖြူ့ မျက်နှာ ဒီဘက်မှာ ဖျန်းခနဲ နီသွားတာကို ကာရံ ကတော့





မြင်မှာမဟုတ် ..၊

ဒါပေမယ့် ဖြူ့ ဘက်က အသံတိတ်သွားတာကိုတော့ နားလည် ပုံ ရကာ ...

"မမက ကာရံ့ ထက် အသက်ကြီးပေမယ့် ဒါမျိုးက ကာယကံ ရှင်ကိုယ်တိုင် မသိနိုင်ဘူး မမ .."

"ဘာလဲဟင် .."

"အဲဒီလို ဟိုမရောက် ဒီမရောက် လူတွေက သူတို့နဲ့တန်တဲ့ဘဝ မှာပဲ ကောင်းတာ ..၊ အိမ်ထောင်ဦးစီးဖြစ်လာရင် ဦးစီးနိုင်တဲ့အရည် အချင်းကလည်း မရှိ၊ ငါ အိမ်ထောင်ဦးစီးဆိုပြီး လက်မကလည်း ထောင်ချင် .. အဲဒီအချိန်မှာ နေရာလုတော့တာပဲ၊ ဥပမာ .. မမတို့ အိမ်ထောင်ရေးမျိုးပဲ၊ မမက ကိုယ်တတ်လို့ ကိုယ်လုပ်မှဖြစ်လို့ လုပ် နေရတာတွေ ရှိမယ် ..၊ သူ့ကို ရှေ့တန်းတင်လို့ မရတာတွေကြောင့် ကိုယ်ပဲ ရှေ့ကထွက်နေရတာပေါ့"

ဒါတွေ ညီမလေး ဘာဖြစ်လို့ ဒီလောက်ထိ နားလည်သွားရတာ လဲ ..။

"ကိုနွေ့ လို ပုံစံမျိုးနဲ့လူက မြို့စိစိ၊ ရုပ်လေးချောတော့ မာနက မိုးထောင်၊ မမနဲ့သူ ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူး၊ အဲဒါ လုံးဝ သေချာတယ် .."

"နေပါဦး .. ညီမလေးက လူကြီးလေးကျနေတာပဲ၊ ဒါတွေ ဘယ်လိုနားလည်နေရတာလဲ .."

"တီလေး ပြောပြတာလေ .. သိပ်တော့ နားမလည်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်ထားရင်း ဖြူ ပြုံးလိုက်မိသည်။

"မမ .. ကိုနွေ့ ကို ကာရံ ပြောတာတွေ စိတ်မဆိုးနဲ့နော် .."

"မဆိုးပါဘူး .. ညီမလေးပြောတာတွေ မှန်ပါတယ်၊ အိမ်ထောင်ရေးဆိုတာ ကိုယ်တိုင်ကြုံမှ သိတာကိုး၊ ပြီးတော့လည်း ကာယကံရှင်ကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် မသိတာတွေ ရှိတယ်ဆိုတာလည်း ဟုတ်တာပဲ၊ ဒါပေမယ့် ညီမလေးရယ် .. တီလေးကိုလည်း ပြောလိုက်ပါနော် .. မေမေတို့နားတဲရောက်အောင် အဲဒီလိုသုံးသပ်ချက်တွေကို ပြောမပြလိုက်ပါနဲ့လို့ .."

"တီလေးက ကာရံ့ ကိုပဲ ပြောဖူးတာပါ၊ အဲဒါတောင် မမတို့ လက်ထပ်သွားကြတော့ ကာရံ က ငိုနေလို့ .."

"ညီမလေးရယ် .."

"မမ .."

"ဟင် .."

"မမ မရှိတော့လေ ကာရံ သင်တန်းမှာ မရတဲ့စာတွေ ဘယ်သူ့ကို မေးရမှန်း မသိဘူး ..၊ မမက အခု ကိုနွေ့ ကို ပြန်သင်ပေးနေပြီ မို့လား .."

"ဟင့်အင်း မသင်ပေးပါဘူး .. ညီမလေး မမဆီ အလည်မလာချင်ဘူးလား .."

"လာချင်တယ် .. မေမေ့ကို ပြောလို့မရဘူး ..၊ တီလေးကတော့ သွားရမယ် ခဏစောင့်တဲ့၊ ကာရံ က မမဆီကို ခဏတော့ မလာချင်ပါဘူး၊ နေမယ်ဆို နှစ်လ သုံးလဖြစ်ဖြစ် ကြာကြာနေချင်တာပေါ့၊





အဲဒါကြောင့် ခိုးချောင်ခိုးဝှက်နဲ့ ခဏတစ်ဖြုတ်လေး မလာချင်သေးလို့ .."

"ဟုတ်ပါပြီ .. နောက်ဆိုရင် ဖုန်း ခဏခဏဆက်နော် .."

"မမကဖြင့် အလုပ်လုပ်ရင် ဖုန်းမကိုင်တတ်ဘဲနဲ့ .."

အလုပ်တစ်ဖက်နဲ့ ဖုန်းမပြောတတ်ပေမယ့် မောင့်ရဲ့ဖုန်းဆိုရင်တော့ တတ်နိုင်သမျှ မအားဘဲလည်း ကိုင်ပေးခဲ့တာပါ..၊ ဒါပေမယ့် မောင်ကတော့ ...

"ညပိုင်းတွေ ဆက်လေ နော် .."

"မမ ကိုနွေကြီး က အခု ဘာလုပ်နေလဲ .."

ဒါတွေကို ဦးလှည့်လာမှာစိုးလို့ စကားလွှဲနေတာလည်း မအောင်မြင် ..။

"သူ .. သူကတော့ ဘာလုပ်ရဦးမှာလဲ ညီမလေးရယ် .. မမတောင်မှ အလုပ်က အခြေမကျသေးဘူး .."

တော်ပါသေးသည်။ ဒါကို ဆက်မပြောဖြစ်တော့ဘဲ ဟိုပြောဒီပြောနဲ့ပဲ ဖုန်းချသွားလို့ ..။

"ငါ့တူရဲ့ အတင်းအဖျင်းလေးတွေ တော်တော်မှ ပြောလိုက်ကြရဲ့လား .."

"ဒေါ်လေး .."

အိမ်ထဲလှည့်ဝင်လိုက်တာနှင့် ဒေါ်ခင်ခင့် မျက်နှာကြီးနဲ့ တန်းတိုးသည်။

သူများဖုန်းပြောတာကို ဒီလိုနားထောင်နေတာ ယဉ်ကျေးမှု မရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာကျမှန်း နားမလည်တာလား ..၊

ဒီတိုင်း ပြောကို ပြောတတ်တာလား ..။

"ငါက နိုးနားထောင်နေတာ မဟုတ်ပါဘူး၊ အလုပ်လုပ်ရင်း ဒီနား ရောက်လာတာ ..၊ ဒါပေမယ့် ကိုယ့်တူအကြောင်း ပြောနေမှန်း သိတော့လည်း မနေနိုင်ဘူး .."

"ဒါကတော့ ဒေါ်လေးရယ် .. ရေချိုးခန်းထဲဝင်ကြရင် အဝတ်ချွတ်ကြတယ်၊ အပြင်ထွက်လာတော့ လုံလုံခြုံခြုံ ဝတ်ရတာပဲမို့လား၊ ဒါကို ဘယ်ယောက်ျား မိန်းမကမှ သဘာဝချင်းအတူတူပဲဆိုပြီး လာပြီး ၎တ်တုတ်ထိုင် မကြည့်ပါဘူး၊ ကွယ်ရာမှာဆိုတာ ကောင်းတာရော မကောင်းတာရော အားလုံး ပါမှာပဲ .."

"ဒါကတော့ .."

"မဟုတ်ဘူးလေ .. ဖြူ က မိသားစုနဲ့ စကားပြောနေတာ ..၊ ဖြူ့ မိသားစုက ဖြူ့ ကိုတောင်မှ ကြည်လင်သေးတာ မဟုတ်ဘူး"

"ဟုတ်ပါတယ် .. ငါကပဲ နိုးနားထောင်လို့ ကြားတာပေါ့"

ဖြူ ခေါင်းခါနေတာကို လေ့ကားထိပ်မှာ ဖုန်းပြောရင်းတက်လာသည့် မွန်းတည့် က မြင်နေရ၏။

"ဟုတ်ပါတယ် .. သူ ဖုန်းပြောနေလို့ပါ"

"ဒါဆို ကျွန်တော် စောင့်နေပါ့မယ်၊ သူနဲ့ အလုပ်ကိစ္စပြောစရာ ရှိလို့ ခင်ဗျ .. တခြားလူကို မှာရမှာ မဟုတ်လို့ပါ၊ နာရီဝက်ကြာမှ ပြန်ဆက်နော် .. သင့်ခ်ယူ .."

တခြားလူကို မှာရမှာ မဟုတ်လို့ပါ တဲ့ ..၊





အလုပ်ကိစ္စဆိုတော့ ဒေါ်လရိပ်ဖြူ မှ သိမှာပေါ့ .. ဒါမျိုးလား..၊ ဖုန်းကိုင်လျက် သူ ဆက်လျှောက်ခဲ့သည်။

ဒေါ်လေးနဲ့ သူမ ဘာတွေပြောနေကြသည်ကို သူ စိတ်မဝင်စားပါ ..။

"မင်း ကိုယ့်ဖုန်းကိုတော့ အနား ယူထားသင့်တယ် ဖြူ .."

"မောင် အခုပြောလိုက်တယ်မို့လား .. ပြီးတာပဲ မောင်ရယ်..၊ ဘယ်သူတဲ့လဲ .."

"အလုပ်ကိစ္စမို့လို့ မင်းနဲ့ပြောမှ ဖြစ်မယ်တဲ့ ..၊ ဦးမြင့်မောင်.."

ဖုန်းကို လက်ထဲထည့်၍ ချာခနဲ လှည့်ထွက်သွားသည်။

ဒါ ဘာမှမဟုတ်ဘဲ မောင့်မျက်နှာ ဘာဖြစ်လို့ မကောင်းရတာလဲ ..၊

ဒီလိုညတိုင်းမှာ ဖြူ ငိုနေချင်တယ် မောင်ရယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဟင် .. အဲဒါ ဘာလုပ်မလို့လဲ .."

"ပြန်ရောင်းမလို့လေ .. ဒီလောက် ခဏခဏ ပျက်နေတာကို.."

"အို .. မဟုတ်တာ ဒေါ်လေးကလည်း ..၊ ပျက်ရင် ပြင်လို့ရတာပဲ .."

ရေချိုး ခေါင်းလျှော်ထားတာတောင် တဘက်နဲ့ ပြီးအောင် မသုတ်နိုင်ဘဲ ယောက်ျားတွေ ရုတ်ရုတ်သဲသဲကြားထဲ ဖြူ တိုးဝင်လိုက်သည်။

အဝတ်လျှော်စက် ဝယ်ဖို့ လာကြတာ အိမ်ဖြိုတော့မယ့်အတိုင်း၊ လူတွေက မနည်းမနောနှင့် ..၊ အိမ်ရှေ့မှာလည်း ပစ္စည်းသယ်တဲ့ကားကြီးက ငုတ်တုတ် ..။

"နေဦး .. နေဦး .. ဒါကို မရောင်းဘူး .."





"ဟင်!..."

"ဟား .. သေချာ ဖုန်းဆက်ခေါ်ပြီးမှဗျာ .."

အားလုံး ရှုံ့မဲ့ လက်ခါကုန်၏။

"ဘာဖြစ်နေတာလဲ ဖြူ .. ဒီစက် ခဏခဏပျက်နေလို့ ကိုယ် ရောင်းဖို့ ဖုန်းဆက်လိုက်တာ .."

"မောင် ဆက်လိုက်တာဆို ပိုပြီး အံ့ဩဖို့ကောင်းနေပြီ မောင်၊ ဖြူ့ ကို ဘာမှလည်း မပြောဘူး .."

"ဟ .. ပြောစရာလား၊ စက်ပျက်တိုင်း ဒေါ်လေးက အိုကြီးအိုမနဲ့ လက်နဲ့ လျှော်နေရတာ .."

"ဟင့်အင်း .. ဖြူ ပင်မင်းပေးလိုက်တာပါ .."

ဖြူ က ဒေါ်ခင်ခင့် ကို လှည့်ကြည့်လိုက်ပေမယ့် ဒါကို ဆက် မပြောတော့ဘဲ ...

"စက်က ကချိကချောက်လောက်ပဲ ဖြစ်သေးတာပါ၊ အိမ်မှာ ခေါ်ပြင်လိုက်လို့ ရနေသေးတာကို ရောင်းထုတ်ပစ်ဖို့ မလိုပါဘူး"

"ဒါပေမယ့် ကိုယ်က ဖုန်းဆက်ခေါ်ပြီးနေပြီလေ .."

"ခေါ်လည်း မရောင်းဘူးဆိုရင် ပြန်သွားကြပေါ့၊ သူတို့လည်း ကြည့်ဦးမှာ .. ဈေးဖြတ်ဦးမှာ၊ ဘယ်သူ့ဘက်ကမှ နှုတ်လွှန်လက်လွှန် မဖြစ်သေးတဲ့ဟာ .."

"ဘယ်လိုလဲ ငါ့ညီ ..၊ မင်းစကား နားထောင်ရမှာလား .. သူ့စကားနဲ့ ပြီးရမှာလား .."

"အို .. ဒီမှာ ဘယ်သူ့မှ မေးမနေပါနဲ့ .. ဒါ ကျွန်မပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



အကောင်းကြီးရှိသေးတာ မရောင်းပါဘူး"

"ပြီးရောဗျာ ..၊ လာ .. သွားမယ် .."

"ဒီလူကလည်း ကိုယ်ပိုင်တဲ့ပစ္စည်း မဟုတ်ဘဲနဲ့ .."

"အလစ်ကို ရောင်းထုတ်ဖို့ နေမှာပေါ့၊ ဟိုအမျိုးသမီးနဲ့ မိသွားလို့ .."

"တော်သေးတယ် .. ဒီလောက်ပြောရဲတဲ့မိန်းမမျိုး၊ ငါတို့ အသာလေး 'မ'သွားမိရင် ခိုးရာပါပစ္စည်းဆိုပြီး လိုက်သိမ်းမှာ သေချာတယ်.."

ပြောသွားကြတာ အကျယ်ကြီး ..၊ အားလုံး ထွက်သွားကြမှ မောင့်ဘက်ကို ဖြူ သတိရသည်။ ထို့ကြောင့် ပျာပျာသလဲ လှည့်ရှင်းပြမိ၏။

"ဒီစက် သုံးသိန်းခွဲပေးထားရတာ မောင်၊ နောက်ပေါ်တဲ့ပစ္စည်းတွေ တစ်သိန်းခွဲ တစ်သိန်းနဲ့ ပေါသောနေပေမယ့် ဒီလိုကောင်းတာ မရတော့ဘူး၊ ရုံးက မမသီ တို့ ဆိုရင် ပနစိုးနစ် မလေးရှားမိတ်ဒ်ကို အဟောင်းဆိုင်တွေမှာတောင် လိုက်ရှာနေကြတာ၊ အခု ပေးဝယ်ရင် နှစ်သောင်းသုံးသောင်း အလွန်ဆုံးပဲ ..၊ ပျက်တဲ့ဒဏ် မခံနိုင်တာလေးနဲ့ ပစ္စည်းကောင်း ဆုံးရှုံးမှာ စိုးလို့ပါ .."

"ဘာပဲဖြစ်ဖြစ် ညည်း အခု ငါတို့တူဝရီးအရှက်ကို ခွဲလိုက်တာပဲလေ ..၊ ယောကျ်ားလုပ်တဲ့လူက ဘာမှသုံးစားမရတဲ့ သူခိုး ဘိန်းစားဖြစ်သွားပြီ .."

"ဒေါ်လေးရယ် .. ကျေးဇူးပြုပြီး ရင့်ရင့်သီးသီးစကားတွေ ဝင်





မပြောပါနဲ့ .. ဖြူ တို့လင်မယား ဆွေးနွေးပါရစေ .."

"အမလေး .. ပြီးရော .. ပြီးရော .."

ဒေါ်ခင်ခင် ကလည်း ဖြူ သိရင် လက်ခံမှာ မဟုတ်ဘူးဆိုတာ သိလို့ ချက်ချင်းရောင်းဖို့ စီစဉ်တာပါ။

မထင်မှတ်ဘဲ ဖြူ က ဒီနေ့မှ ခေါင်းမကြည်လို့ နားဦးမယ်ဆိုတာနှင့် တိုးသွားလို့ ..၊ ဖြူ က တရားခံကို မသိလို့ မဟုတ်ပေ ..၊ မပြောအပ်တဲ့စကားမို့ မျိုသိပ်ထားလိုက်တာ ဖြစ်သည်။

ဒါပေမယ့် ဒေါ်ခင်ခင် ပြောသွားသည့် စကားလုံးတို့၏ တွန်းအားကြောင့် မောင်က လှည့်ထွက်သွားပြီ ..။

"မောင် .."

"ဘာပြောမလို့လဲ ဖြူ .. မင်းပစ္စည်း မင်း ဘာလုပ်လုပ် ကိုယ်နဲ့ မဆိုင်ပါဘူး၊ နောက် ဆင်ခြင်ဖို့ သင်ခန်းစာရသွားတာပေါ့ .."

"မဟုတ်ဘူး မောင် .. ဖြူ ဒီလိုပြောလိုက်တာ ဟိုလူတွေ ဘာမှ ထပ်မပြောနိုင်အောင်လို့ပါ၊ ဒီတစ်အိမ်လုံးမှာ ရှိသမျှပစ္စည်းတွေက မောင်နဲ့ ဖြူ တို့ နှစ်ယောက်စလုံး ပိုင်တယ်လေ မောင်ရဲ့ .."

ဖြူ က လက်ကို အတင်းလိုက်ဆွဲ ..၊ မွန်းတည့် က ဖယ်ချပစ်နှင့် အိပ်ခန်းထဲ ပြန်ရောက်လာကြ၏။

"ဖြူ .. ကိုယ် မင်းကို တောင်းပန်ပါတယ်၊ ကိုယ်က မိန်းမလို မိန်းမရ စိတ်ကောက်နေမိသလို ဖြစ်နေလို့လား၊ မင်း တကောက်ကောက် လိုက်နေလောက်အောင် ကိုယ်က စိတ်ကောက်ပြနေတာနဲ့ များ တူနေသလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ ဘာလုပ်လုပ် ဘာပြောပြော မောင် ဘာဖြစ်လို့ တလွဲချည်းပဲ တွေးနေတာလဲ မောင်ရယ် .."

"ဟုတ်တယ် ဖြူ .. ငါချည်းပဲ လွဲနေတာ၊ အစကနေ ခုချိန်ထိ လွဲနေတာက ငါပဲ .."

"မောင် .."

ဖြူ့ မျက်နှာလေး သွေးဆုတ်သွားဘလိုပင် ..။

ကိုယ့်အားနည်းချက်နဲ့ကိုယ် မျက်နှာမှာ ဖျန်းခနဲ ပူနွေးသွားသလိုရှိကာ ပြောမယ့်စကားတွေလည်း ဆွံ့အသွားခဲ့၏။

ရှက်ရွံ့သိမ်ငယ်ခြင်းသည် ထိုအချိန်မှ စတင်ခဲ့၍ ..၊





## အခန်း (၆)

အိပ်မရလို့ တစ်ဖက်စောင်းလေး လှဲရင်း မျက်လုံးတွေ မှိတ်ထားမိစဉ် မွေ့ရာက သိမ့်ခနဲ လှုပ်သွား၏။

ပြီးတော့ ဆပ်ပြာမွှေးနံ့ တစ်ချက် ဝေ့လာ၏။

"အိပ်နေပြီလား .."

နောက်နားမှာ မွန်းတည့် က ကပ်လှဲလိုက်ပြီး ဖြူ့ ကိုယ်လေးကို သိမ်းပိုက်ဖက်ထားလိုက်၏။

"မအိပ်သေးဘူးမို့လား ဖြူ .. ကိုယ့်ဘက်ကို လှည့်ကွာ .."

အတင်းဆွဲလှည့်လိုက်သဖြင့် ဖြူ သူ့မျက်နှာရှေ့မှာ ပက်လက်ကလေး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပခုံးတစ်ခြမ်းကနေ ရင်ဘတ်ပေါ် ဖြတ်ဆင်း ခွေကျနေသည့် ဆံနွယ်တွေကို မွန်းတည့် က အသာလေး ဆွဲဖယ်လိုက်ပြီး ဖြူနုသည့် လည်တိုင်လေးကို နမ်းသည်။

"ကိုယ့်ကို စိတ်ဆိုးသွားတာလားဟင် ..၊ တစ်နေကုန် ရှောင်ဖယ်ဖယ်နဲ့ .."

"မဟုတ်ပါဘူး .. မနက်တည်းက ခေါင်းသိပ်မကောင်းလို့ ကုမ္ပဏီကိုတောင် မသွားဘဲနဲ့ တစ်ရက်နားလိုက်ရင် တစ်ရက် အလုပ်တွေ ပိတယ် မောင် ..၊ ညနေက လာပို့ခိုင်းလိုက်တဲ့စာရင်းတွေ စစ်လိုက်ဦးနော် .."

"အင်း .."

မွန်းတည့် က အနမ်းမုန်တိုင်းနဲ့ လွင့်ပါချင်နေသည်။

ဖြူ့ ကိုယ်လေးကို ဖက်ထားရင်း မီးပိတ်ဖို့ လက်လှမ်းလိုက်သည်နှင့် ...

"မောင် .."

"ဟင် .."

"ဖြူ သိပ်နေမကောင်းလို့ အလုပ် သွားလုပ်လိုက်ပါ .."

"ကိုယ်က အလုပ်မပြီးဘဲ မိန်းမနား ကပ်ခွင့် မရှိဘူးလား"

"မဟုတ်ပါဘူး မောင်ရယ် .. မောင် အလုပ်လုပ်နေတုန်း ဖြူ အိပ်လိုက်ရင် တစ်ရေးရမယ်လေ၊ နိုးလာရင် စိတ်ကြည်သွားမလားလို့ပါ ..၊ နော် .. မောင် .. တစ်ရေးလောက်ပဲ အိပ်ချင်လို့ .."

မွန်းတည့် ဖက်ထားသည့်လက်တွေ ပြေကျသွားသည်။





ပြီးတော့ သူ့နေရာမှာ ပက်လက်လှန်လှဲလိုက်ပြီး ဘာစကားမှ လည်း မပြောတော့ ..။

တော်တော်ကြာမှ သူ ထသွားကာ စားပွဲပေါ်က မီးခြစ်နဲ့ စီးကရက် ကောက်ယူလိုက်တာ တွေ့၏။ ပြီးတော့ ထွက်သွားလေသည်။

ဖြူ သက်ပြင်းလေးချရင်း မျက်လုံးတွေ ပြန်မှိတ်သည်။

မချစ်ရဲ ချစ်ရဲနဲ့ ကိုယ့်ဘဝနဲ့ကိုယ် နေတတ်တဲ့သူကို သူမကပဲ အခွင့်အရေး ပေးခဲ့သည်။

လက်ထပ်ဖြစ်ခဲ့တဲ့အထိ အခွင့်အရေးပေးနေမိခဲ့တာလည်း သူမပဲ ဖြစ်၏။

မောင်က ဒါကို မကျေနပ်တာလား .. ဒါမှမဟုတ် နောင်တတွေနဲ့ နင့်နေတာလား ..၊

ဘာဖြစ်လို့လဲ ..၊ ဖြူ မောင့်ကို ငွေနဲ့ပေါက်ယူတာလည်း မဟုတ်ဘူး ..၊

အရှက်မရှိ သိမ်းပိုက်ခဲ့တာလည်း မဟုတ်ဘူး ..။ နှစ်ဦးသဘောတူ ချစ်ခင်ကြင်နာလို့ လက်တွဲခဲ့ကြတာပါ ..။

ဖြူ က မောင့်နောင်တရမိလောက်အောင် ဘာတွေမှားခဲ့လို့လဲ မောင် ..၊

ဒီစကားမျိုးတွေ မောင် လေသံလေးလောက် ဟလိုက်တာနဲ့ ဖြူ့ ရဲ့ဂုဏ်သိက္ခာ ဘယ်လောက်ထိ ထိုးဆင်းသွားနိုင်သလဲဆိုတာ နည်းနည်းလေးမှ မတွေးမိဘူးလား ..။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အိမ်မှာ နေရာတကာ စောင့်ကြည့်ကဲ့ရဲ့နေသည့် ဒေါ်ခင်ခင် ရှိနေသည်။

မောင်သာမက ဒေါ်ခင်ခင့် ပါးစပ်ကသာ ဒီစကားမျိုး ထွက်လာခဲ့လျှင် ...

ဖြူ မောလျှစွာ ပင့်သက်ရှိုက်မိ၏။

ဒီလိုမွန်းကျပ်နေတဲ့စိတ်တွေနဲ့ မောင့်ရင်ခွင်ထဲဝင်ပြီး ဖြူ ဘယ်လို သာယာနိုင်တော့မှာလဲ ..။





## အခန်း (၇)

"တကယ်ဆိုရင် စိတ်တူ ဝါသနာတူချင်းပဲ တင့်တယ်တာနော်.."

"ဟုတ်တယ် ရွှေ ရဲ့ .. ငါဆိုရင် သူတို့နှစ်ယောက် အတူရှိနေတိုင်း အရမ်းကို အားကျတာပဲ၊ ကိုမြင့်မောင် ကလည်း ခန့်ခန့်ချော ချော .. သူ့လိုပဲ အရမ်းတော်တယ်လေ၊ လရိပ်ဖြူ ကလည်း ဖြူဖြူနုနု လေးနဲ့ အရမ်းတော်တာ .."

လရိပ်ဖြူ ဆိုသည့်နာမည် ပါလာမှ စီးကရက်သောက်ရင်း မျက်နှာမှောထားသည့် မွန်းတည့် ဆတ်ခနဲ မတ်သွားသည်။ ကုမ္ပဏီထဲက ထွက်လာကြသည့် အမျိုးသမီးနှစ်ယောက်..၊

ဖြူ့ ထက်တော့ အသက်ကြီးကြပုံ ပေါ်သည်။ အစတည်းက လှမ်းမြင်လိုက်ပေမယ့် အမှတ်တမဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ အကြောင်း ပြောနေမှန်းသိလိုက်မှ ကြည့်တော့ သူ့ဘေးက ကားနားမှာ တစ်ယောက်က ကားတံခါးဖွင့်ထားပြီး မဝင်သေးဘဲ နေသည်။

တစ်ယောက်ကလည်း ဒီကားထဲဝင်မှာ မဟုတ်ဘဲနှင့် စကားပြောလို့ကောင်းနေသဖြင့် မသွားနိုင် ..။

"ဟဲ့ .. ခုတစ်လော သူတို့လည်း တော်တော်တွဲတာနော် .."

"တွဲမှာပေါ့ .. သူတို့နှစ်ယောက်စလုံးကို သူဌေးက စင်ကာပူလွှတ်ဖို့ ရှိတယ်လေ .."

"လရိပ်ဖြူ က အိမ်ထောင်ရှိတယ်မို့လား .."

"ဟုတ်တယ်လို့ ကြားတာပဲ၊ 'သူ့ယောက်ျားအကြောင်း မေးရင် မကြိုက်ဘူး၊ သွားမမေးနဲ့' လို့ မမသီ က မှာထားတာနဲ့ ငါလည်း မစပ်စုရဲပါဘူး၊ တော်ကြာ သူဌေးက သိတယ်မို့လား အဲဒီလိုပြဿနာမျိုးပေါ်လာရင် ခွင့်လွှတ်မှာ မဟုတ်ဘူး .."

"ကဲ .. တို့ သွားတော့မယ်၊ နင် ဈေးဝင်ဦးမှာလား .."

သူတို့ချင်း နှုတ်ဆက်ကြတဲ့အချိန်မှာ မွန်းတည့် ၏မျက်လုံးတွေက ကုမ္ပဏီတံခါးဝဆီ စူးစိုက်နေပြီ ဖြစ်၏။ လူတွေ အလျှိုအလျှိုထွက်လာကြပေမယ့် ဖြူ မပါသေးပေ ..။

ကိုမြင့်မောင် ..၊

ကိုမြင့်မောင် ဆိုတာ သူ ကြားဖူးသည်။ ဟိုတစ်ခါ မမသီ ဆိုတဲ့ အမျိုးသမီး ကားနားထိလာပြီး ချီးမွမ်းခန်းဖွင့်နေတဲ့သူ ..၊

အဲဒီတုန်းက ကြားလိုက်ရတာ ဦးမြင့်မောင် ဖြစ်နေသဖြင့် သူ





ရုတ်တရက် ရှုပ်ထွေးသွားတာ ဖြစ်သည်။ ကိုမြင့်မောင် နဲ့ ဦးမြင့်မောင် အတူတူပဲဆိုတာက သေချာပါပြီ ..။

သူကြည့်နေတုန်းမှာပဲ ဖြူ အထဲက ထွက်လာ၏။ ဒါပေမယ့် တစ်ယောက်တည်းတော့ မဟုတ် ..၊

ဖြူ က ဆင်စွယ်ရောင်ဝတ်စုံလေးနှင့် ကြက်သွေးရောင် ကုတ်အင်္ကျီလေးကို ထပ်ဝတ်ထားသည်။ ဆံပင်ရှည်တွေက ခါးကျော်နေသည်မို့ ဖြန့်ချထားတော့ ကျောထက်မှာ ဝဲဖြာနေ၏။

မကျဉ်းမကျယ် နဖူးပြေပြေလေးနှင့် ဆံပင်ကို ဘေးခွဲလေး သိမ်းလှန်ထားပုံက ဖြူ နဲ့ အလိုက်ဖက်ဆုံး ဖြစ်သည်။

သူမကို ချစ်မိသည့်နောက်ပိုင်းမှာ နွေမွန်းတည့် ဆိုတဲ့ဘဝက ပိုပြီး ပူပြင်းလောင်မြိုက်နေသလိုပင်။ အစတုန်းက 'ငါက ဒရိုင်ဘာ' ဆိုသည့် အသိစိတ်နဲ့ ကိုယ့်ဘဝအဆင့်အတန်းကို သတ်မှတ်ကျေနပ်နေလို့ ရသည်။ ခုကျတော့ သူ့ကိုယ်သူ ဘာမှန်းမသိ ..။

"မောင် .."

ဘေးကိုရောက်လာတဲ့အထိ သူ နှုတ်ဆိတ်နေခဲ့ပေမယ့် မျက်လုံးတွေကတော့ ခပ်လှမ်းလှမ်းမှာ ဖုန်းပြောရင်း ရပ်ကျန်ရစ်သည့် ကိုမြင့်မောင် ဆီမှာ ဖြစ်၏။

"မောင် .."

"ဟင် .."

"မောင် ဒီမှာပဲ စောင့်နေမလား .. ပြန်မလား၊ ဖြူ တို့ အလုပ်ကိစ္စ သွားစရာလေးရှိလို့ .. နာရီဝက်လောက် ကြာမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဖြစ်စေချင်တာကို ပြောပါ"

"မောင် ဒီမှာ တစ်ယောက်တည်း အကြာကြီးစောင့်နေရမှာ မကောင်းပါဘူး .. ပြန်လိုက်တော့နော် .."

"မင်း ပြန်ရင်ရော .."

"ရပါတယ် မောင်ရဲ့ .. တက္ကစီစီးလည်း ရတယ်၊ အဆင်ပြေပါတယ် .."

"ပြီးရောလေ .."

သွားစရာရှိတာကို ကိုယ့်ကားနဲ့သွားရင်ရော မရဘူးလား ..၊

နှစ်ယောက်တည်း သွားမှာကို သိသာအောင် လူလုံးပြပြီးမှ ယောက်ျားဖြစ်သူကို ပြန်ပါတော့လို့ လာပြောလိုက်သေးသည်။

တစ်နေကုန် တစ်ရုံးတည်း အတူတူ အလုပ်လုပ်ခဲ့ကြတာလည်း မကြာသေးဘူး ထင်သည်။

သူဌေးက နိုင်ငံခြားလွှတ်ဖို့ထိ ဖြစ်သွားတယ်ဆိုတာက မထူးဆန်းပေမယ့် ဒီလောက်အချိန်ကာလအတွင်းမှာ သတင်းထွက်လာတဲ့အထိ တပူးတွဲတွဲ လုပ်နေကြတာက ဒီလိုနေထိုင်ကြမှ ဒီလို အောင်မြင်မှာလား ..။

ရင်ထဲမှာ တနုံ့နုံ့ နာကျင်လာတာ ဘယ်လိုခံစားချက်နဲ့မှ မတူ၊ တကယ်ဆို သူ့ဘက်က ဘယ်လိုချုပ်ချယ်လွှမ်းမိုးနိုင်ခွင့်မှ မရှိတဲ့သူပါ။

သူမ ဦးဆောင်ရှာဖွေနေသည့် စီးပွားရေးဆိုတာကို သူ စိတ်လည်း မဝင်စား၊ သိလည်း မသိချင် .. ဒါပေမယ့် ဖြူ့ကို သူ ချစ်သည်။





ကိုယ်က ယောက်ျားပီသခန့်ညားချင်ပေမယ့် ဘဝအစတည်းက သေးသိမ်ယိမ်းယိုင်လာခဲ့သည့်ဘဝကို ဘယ်လို ခန့်ညားစေမှာလဲ..၊

ဒါကြောင့် ဖြူ နဲ့ လက်တွဲဖို့အတွက် သူ အများကြီး စဉ်းစားခဲ့သည်။ စဉ်းစားရင်းနဲ့ပဲ ရှေ့ဆက်တိုးခဲ့မိ၏။

ကိုယ့်ချစ်သူက 'သတ္တိကြောင်လိုက်တာ'လို့ ပြောလာမှာကို မကြားလိုသောဆုံးဖြတ်ချက်တစ်ခုကြောင့် သူ့ဘဝတစ်ခုလုံး သတ္တိမဲ့စွာ ဖြတ်သန်းရတော့မည်ဆိုတာ ခုချိန်ကျမှ သိခဲ့ရခြင်းအတွက် ..။

"ဖြူ .."

"ရှင် .."

"ငိုင်လှချေလား .. လိုက်ဖို့ အဆင်မပြေရင် ကိုယ်တစ်ယောက်တည်း သွားလိုက်မယ်လေ၊ ကိုယ့်ဘာသာ အဆင်ပြေအောင် လုပ်လိုက်မယ်"

"ဟင့်အင်း .. ရပါတယ် ကိုမောင်၊ ဘာမှမဖြစ်ပါဘူး .."

ဖြူ့ စိတ်တွေကလည်း လှည့်ပြန်သွားသည့် မှန်းတည့် မျက်နှာကို မြင်ယောင်ရင်း စိတ်က လူနဲ့မကပ်မိ ..။

မင်း ဘယ်သူနဲ့သွားမှာလဲ ..၊ ဘာလုပ်ဖို့လဲ ..၊ မောင် လိုက်ပို့လို့ မရဘူးလား .. စသဖြင့်သော မေးခွန်းတစ်စုံတစ်ရာမျှ မောင် မမေးခဲ့ပေ ..။

မောင့်ကို တမင် မခေါ်ဘဲနေခဲ့လိုက်ပေမယ့် မောင်က လိုက်ပို့ချင်နေတာလေးတော့ မြင်ချင်မိ၏။ ခုကျမှ သူမ ဘာဖြစ်လို့ မျိုသိပ်တတ်လာမှန်းလည်း မသိတော့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို အရင်လို ပွတ်ကပ်ချွဲနွဲ့မနေချင်တော့သလို မောင် စိတ်ကြည်ကြည် မကြည်ကြည် ပြောချင်တာ ထိုင်ပြော..၊ စနောက် ရယ်မောနေဖို့လည်း အရင်လို တက်ကြွမနေတော့ပေ ..။

ဒါတွေဟာ မောင်နဲ့ ဒေါ်ခင်ခင့် ပါးစပ်က ထွက်လာသည့် စကားလုံး တချို့ကြောင့်များလား ..၊

ရင်းနှီး နေထိုင်လိုခြင်းတွေ ပျောက်ဆုံးသလို ဖြစ်သွားခဲ့တိုင်း ဒီစကားသံတွေကိုပဲ သတိရလာမိတာကတော့ အမှန်ပါ ..။

အချစ်မှာ ပကာသန .. မာနဆိုတာ မရှိဘူးဆိုပေမယ့် အချစ်ရဲ့ ဂုဏ်သတ္တိကိုက မာနပဲ မောင် ..၊

အချစ်က မာနကြီးတယ်၊ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာကို စော်ကားခံလိုက်ရပြီဆိုရင်တော့ ..၊

"ဒုန်း .."

"အား!..."

ကားချင်းလွတ်အောင် အတင်းဆွဲလှည့်လိုက်သဖြင့် လမ်းဘေးပလက်ဖောင်းနဲ့ အရှိန်ပြင်းစွာ တိုက်မိသွား၏။

ကားထဲမှာ အဲရ်ဘက် ပါသောကြောင့် အကြီးအကျယ် ဒဏ်ရာမဖြစ်လိုက်ပေမယ့် ..၊





## အခန်း (၈)

"ဖြူ .."

"ရှင် .. ဒေါ်လေး .."

"အပြင်မှာ ဧည့်သည်တွေ ရောက်နေတယ် .."

"ဟုတ်ကဲ့ .."

ခြေထောက်နာနေတာကို အခန်းထဲမှာပဲ လမ်းလျှောက်ကျင့်နေတုန်း ဒေါ်ခင်ခင် လာခေါ်သဖြင့် အပြင်ထွက်ခဲ့၏။

"ဟင်.. မမသီ တို့ပါလား .. ကိုမောင် လည်း ပါတယ်၊ လက်တံတောင်ဆစ်လွဲသွားတာကြီးက သက်သာသွားပြီလား .."

"သက်သာသွားပြီလေ ဖြူ ရဲ့ .. အဲဒါ ဖြူ က ဒီနေ့ထိ ရုံးကို မလာဘူးဆိုလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. မနက်ဖြန်ဆို လာလို့ရပါပြီ၊ အလုပ်တွေ အရမ်းပိနေပြီ ထင်တယ် .."

"ဟာ!... မဟုတ်ဘူး .. မဟုတ်ဘူး .. စိုးရိမ်လို့ တမင်လာတာပါ၊ ကားက ကျွန်တော်မောင်းတာဆိုတော့ ကိုယ့်အပြစ်လို့ပဲ တွေးမိနေတာ၊ လုပ်ပါဦး .. မသီ ရှင်းပြပေးပါဦး၊ ဖြူ ကျွန်တော့်ကို တစ်မျိုးထင်နေပြီ .."

ကိုမောင် က ရှင်းပြရင်း သို့ ကိုလည်း အကူအညီ တောင်းသည်။

သီ က ခြေထောက် ခပ်ထော့ထော့လေးနှင့် ရောက်လာသည့် ဖြူ့ ပုံစံလေးကို မော့ကြည့်ကာ ...

"ဟုတ်ပါတယ် ဖြူ ရယ် .. ကိုမောင် က ကုမ္ပဏီကိုရောက်လာတည်းက ဖြူ မလာသေးဘူးဆိုလို့ ပျာယာခတ်သွားတာ၊ ဖြစ်ကြတာချင်းအတူတူဆိုရင် ဖြူ လည်း ဆင်းနိုင်ပြီ ထင်တာလေ၊ အခု ဒဏ်ရာပြင်းသွားလို့ မလာတာပဲဆိုပြီး .."

"ဒဏ်ရာပြင်းလို့ မဟုတ်ပါဘူး ကိုမောင် ရယ် .. ဖြူ ကိုကပျော့တာ ထင်ပါတယ်၊ ဖြည်းဖြည်းတော့ သွားနိုင်ပေမယ့် ဒီလိုပုံစံကြီးနဲ့တော့ အလုပ်ထဲ မလာချင်ဘူး"

ဖြူ က တစ်ယောက်ထိုင် ဆိုဖာလေးနားမှာ ထိုင်လိုက်မလို့ပြင်ပြီးမှ ...

"ခဏလေးနော် .. ဖြူ စားစရာ သွားလုပ်လိုက်ဦးမယ် .."

"ဟာ .. မလုပ်နဲ့ .. ဘာမှမစားနိုင်တော့ဘူး၊ ခုပဲ စားသောက်ပြီး





မှ ထလာတာ၊ ဒီမှာ ဖြူ့ အတွက် ဝယ်လာတာ .."

"အများကြီးပဲ .. ဖြူ က လူမမာကြီးမှ မဟုတ်ဘဲ .."

"ဒါပေမယ့် လူနာမေးတဲ့သူက ကိုယ့်လူနာအတွက်တော့ သတိရကြတာပဲလေ၊ အဲဒါ ဖြူ ဘာကြိုက်မှန်းလည်း မသိတာနဲ့ တော်မယ်ထင်တာတွေ ဝယ်လာတာ .."

"အားနာစရာကောင်းနေပြီ မမသီ ရယ် .. လူမမာက ရှုမမာပြန်လာမေးရတယ်လို့ .."

စားပွဲပေါ်မှာ အထုပ်ကြီးနှစ်ထုပ်က ဖောင်းကားနေလျက် ဘာတွေမှန်းတော့ မသိ ..၊ ဖြူ က သူမကိုပါ လှည့်ပြောသဖြင့် သီ က ပြုံး၍ ...

"ကဲ .. နောက်မှ အားနာ .. အခု ထိုင်ပါဦး၊ ကိုမောင် က ဖြူ့ အမျိုးသားနဲ့ပါ မိတ်ဆက်ချင်တာနဲ့ လိုက်လာတာ .."

"ဟင်!..."

ဖြူ အခက်တွေ့သွားသည်။

မရှိဘူး ပြောပြီးမှ မောင် ထွက်လာလိုက်လျှင် သွားပြီး ..၊

ရှိပါတယ်ပြောပြီး သွားခေါ်ရင်ရော မောင် လိုက်ပါ့မလား ..၊

ကိုမောင် နဲ့ လိုက်သွားမိသည့်ကိစ္စကို ထိုနေ့က ဘာမှမပြောခဲ့ပေမယ့် ဖြူ ဒဏ်ရာအနာတရ ဖြစ်လာတာတောင် မောင် က စကားဟဟ မပြော .."

"ဟို .. သူ အိပ်နေတယ်ထင်တယ်၊ ခဏလေး .. သွားကြည့်လိုက်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နေပါစေ၊ ဖြူ က ခြေထောက်လည်း သိပ်မကောင်းဘဲနဲ့ ကိုယ်တိုင်ထမယ်ဆိုတာချည်းပဲ၊ သိပ်အရေးမကြီးတဲ့ဟာကို .."

"ဩော် .. အိမ်မှာ ကိုယ်ခွဲလက်ခွဲမှမရှိတာ ကိုမောင် ရယ်.."

ဒေါ်ခင်ခင် တစ်ယောက်လုံး ရှိနေပေမယ့် ဖြူ ထမင်းစားမယ် ဆိုရင်တောင် တစ်ချက်လေးမှ လှည့်ကြည့်တဲ့သူ မဟုတ်ပေ ..၊

မောင်နဲ့ အတူတူစားတဲ့အချိန်တွေမှာပဲ ဖွယ်ဖွယ်ရာရာ ခူးခပ်ပေးဖော် ရ၏။

"ဖြူ နေကောင်းရဲ့လား .. ခြေထောက်ကိုပဲထိတာ ဟုတ်ရဲ့လား ဟင် ..၊ မျက်နှာချောင်သွားသလားလို့ .."

"ဟုတ်တယ် .. တော်တော်လေး ချောင်ကျသွားတာ .. မမသီ လည်း သတိထားမိတယ် .."

"လိုအပ်တာရှိရင် ပြောပါ ဖြူ ရယ် .. ကိုယ်တို့က လုပ်ငန်း မောင်နှမတွေ ဖြစ်နေပြီပဲ၊ ဒီလိုလုပ်ပါလား .. ဖြူ ထိုင်မလွယ် ထ မလွယ်ဖြစ်နေတုန်း နှစ်တစ်ယောက် ဒါမှမဟုတ် အိမ်အကူ ခေါ်ထားမလား၊ ကိုယ် ချက်ချင်းစီစဉ်ပေးမယ် .."

ကိုမောင် လည်း ကိုယ်တွေ .. ကျွန်တော်တွေ .. ရှုပ်ထွေးစ ပြုလာ၏။

"ဟုတ်သားပဲ .. အလုပ်ကိုလည်း စိတ်ရောက်မနေပါနဲ့၊ ကျန်းမာရေးထက် ဘာမှ အရေးမကြီးပါဘူး .."

ကိုမောင် တို့ ပြန်သွားကြတော့မှ ဒေါ်ခင်ခင် က ခြံထဲက တက်လာ၏။





မျက်နှာက ခနိုးခနဲ့ လှောင်ရိပ်တို့နှင့် ...

"မွန်းတည့် ကို ဘာဖြစ်လို့ ခေါ်မပေးလိုက်တာလဲ ဖြူ ..၊ အပေါ်ထပ်မှာ စီးကရက်သောက်နေတာ တစ်ဘူးလုံးတောင် ကုန်ပြီလား မသိဘူး .."

ဖြူ ထောင်းခနဲ စိတ်တိုသွားသည်။

သူများ စကားပြောတိုင်း ထောင့်ကွယ်တစ်နေရာရာမှာ အမြဲ ရှိနေတတ်သော နိုးချောင်းနိုးဗ်ာက် အကျင့်တွေကို ပြောတော့လည်း ဝန်မခံချင် ..။

ဒါပေမယ့် ဖြူ ဘာမှလည်း ပြောချင်စိတ် မရှိတော့ပါ။ ထို့ကြောင့် နေရာမှ ထရပ်လိုက်ပြီး ...

"ကိုယ့်အကြောင်းနဲ့ ကိုယ် အဆင်ပြေသလို ပြောလိုက်တာပါ.."

ဒါပဲပြောပြီး ရှောင်ထွက်လာခဲ့၏။

ဒါပေမယ့် ဒီဘက်လှည့် လိုက်တော့လည်း မွန်းတည့် မျက်နှာနှင့် ပက်ပင်းတိုး၏။

စီးကရက် လက်ကြားညှပ်လျက်ပဲဖြစ်ကာ ကိုယ့်ဆီကို လာတာလည်း မဟုတ် ..။

"မောင် ဘယ်ကိုလဲ .."

"ကားပြင်ထားတာ သွားယူမလို့ .."

"မောင် .."

မွန်းတည့် လက်ကို ဖြူ က လှမ်းဆွဲလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားလဲဖို့ ဖြူ ပြောထားတယ် သိလား .. အခု တစ်လက်စ တည်း မောင် သွားကြည့်လိုက်ပါလားဟင် ..၊ အဲဒီရှိုးရှန်းလိပ်စာ ဖြူ ပေးလိုက်မယ် .."

"မင်း လိုက်မှာလား .."

"ဖြူ မှ လမ်းလျှောက်လို့ မကောင်းသေးတာ မောင်ရဲ့ .."

"ဒါဆိုလည်း ကောင်းမှပဲ သွားတာပေါ့ .."

မောင် စတင်နှုတ်ဆိတ်လိုက်ခြင်းက ဖြူ့ တစ်ဘဝလုံးကို မီး ပြင်းတိုက်ခံလိုက်ရသလိုပင် ..။ တခြိမ်းခြိမ်း ရန်ဖြစ်နေကြရင်တောင် ပြန်တည့်ကြဖို့ ရှိသေးသည်။

ခုတော့ ရန်ဖြစ်တာလည်း မဟုတ်၊ ဘာမှလည်း မပြော ..၊

"ဒီလိုယောကျ်ားမျိုးလည်း ရှိသေးတာပဲ .. အံ့ပါ့ .."

ဒေါ်ခင်ခင် ကောက်ခါငင်ခါနဲ့ ဘာထပြောလိုက်မှန်း မသိ ..။ ဖြူ လှည့်ကြည့်လိုက်ကာမှ ...

"ယောကျ်ားက သစ်ငုတ်တိုလို၊ မိန်းမက ထင်သလို လုပ်၊ ပြော ချင်တာ ပြော .."

"ဒေါ်လေး ဘာကိုပြောတာလဲ"

"သြော် .. ကိုယ့်ယောကျ်ားကို လူရာသွင်းတဲ့အကျင့်လေး လုပ် ပါဦးလို့ သတိပေးချင်တာပါ၊ ဒီအိမ်မှာ ညည်းပဲ စီးပွားရှာနေရတာ ဆိုပေမယ့် အိမ်ထောင်ရှိမိန်းမတစ်ယောက်ဟာ လင်ယောကျ်ားရဲ့ အရိပ်နဲ့ နေရတာ .."

"ဖြူ နားလည်တယ် ဒေါ်လေး .. ဖြူ တို့ အိမ်ထောင်ရေး





အခြေအနေက တစ်ခုခုမှ အတိမ်းအစောင်းမခံနိုင်တဲ့ အနေအထားမို့ လို့ နေရာတကာ ဖြူ သတိထားနေရတယ်၊ ဒေါ်လေး ဖြူ့ ဘက်ကို နည်းနည်းပါးပါး စာနာစိတ်နဲ့ ကြည့်ကြည့်ပါ .."

"ငါက မစာမနာပြောနေတာ မဟုတ်ဘူး၊ ညည်းက ငါက မွန်းတည့် ရဲ့အမေ မဟုတ်ဘဲ လာကပ်စားနေတဲ့ အဒေါ်တစ်ယောက် လို့ပဲ သဘောထားနေတာကိုး ..၊ အဲဒါကြောင့် ဆုံးမတာကို ဆုံးမမှန်း မသိတာ .."

"ယောက္ခမဖြစ်ဖြစ် .. အဒေါ်ဖြစ်ဖြစ် ကိုယ့်ရဲ့အုပ်ထိန်းသူ ရှိရ အောင်ဆိုပြီး ဖြူ က ကိုးကွယ်ချင်တာပါ၊ ဒေါ်လေးကို လာနေပေးဖို့ ဖြူ ကိုယ်တိုင်ပဲ ခေါ်ခဲ့တာ .."

"အဲဒီတော့ အခု မှားပြီဆိုရင် ပြောလေ ..၊ တစ်ခါတည်း ဆင်း သွားမယ် .."

"ဖြူ ပြောတာ အဲလောက်မကြီးပါဘူး၊ ဒေါ်လေး ဖြူ တို့ လင် မယားကြားမှာ ထိန်းထိန်းသိမ်းသိမ်းလေး ပြောဆိုနေပေးဖို့ပဲလိုတာ.. မောင် သူ့ကိုယ်သူ အားငယ်စိတ်တွေဝင်နေတာ ဖြူ သိတယ်၊ အဲဒါ ဖြူ က လုပ်နေတာ မဟုတ်ဘူး ..၊ သူ့ကိုက ဒီတိုင်းထင်နေတာ"

"ညည်းရဲ့ ပြောဆို ထားသိုပုံတွေကရော ..၊ လင်ကို လင်နေရာ ထားလို့လား .."

"ထားခဲ့တာပဲလေ ..၊ ဖြူ မောင့်ကို အမြဲ ရှေ့တန်းတင်သွားခဲ့ တာချည်းပဲ၊ ဒါပေမယ့် မောင့်ပုံစံက ရှေ့ကလည်း မသွားဘူး၊ နောက် ကလိုက် ဆိုတော့လည်း မလိုက်ချင်ဘူး၊ အဲဒီ နားလည်မှုလွဲနေတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကလွဲရင် ဖြူ နဲ့ မောင့်မှာ ဘာပြဿနာမှမရှိဘူး ဒေါ်လေး၊ အရှင်းဆုံးပြောရရင် ဒေါ်လေး တစ်ခါတစ်ခါ ဝင်ပြောလိုက်တဲ့စကားတွေကသာ ဖြူ တို့ကို မွန်းကျပ်စေတာ .."

"သြော် .. သြော် .. လူကြီးက ကြိုမြင်လို့ ပြောဆိုဆုံးမနေတာကို မွန်းကျပ်စေတယ်တဲ့၊ အေးပါ .. ညည်းစိတ်ဓာတ်လေး သိရတာပေါ့"

ရင်ဘတ်ထု မဲ့ရွဲ့သွားတာကို ဒီတိုင်းပဲ ကြည့်နေလိုက်မိသည်။ ကိုမောင် နဲ့ အလုပ်ကိစ္စ ပါသွားတာကို သူ ပိုပြီး မကျေနပ်ဖြစ်သွားတာကိုပါ ပြောလိုက်ချင်သေးသည်။

အိမ်ထောင်ရေးက အဲဒီလို စိုးရိမ်ဖွယ်ဖြစ်နေတာ မသိလို့လား ..၊ သိရက်နဲ့ တမင် ဖိအားပေးနေတာလား ..၊ ဒီအိမ်ထောင်ရေး ပြိုကွဲသွားပြီဆိုရင် ဘယ်လို အမြတ်ထွက်မှာမို့လဲ ..။

ရင်ထဲမှာ ဖြောင်းဆန်ကျန်ရစ်၏။ မောင့်ကို သူများက ဒရိုင်ဘာလားလို့ ကောက်မေးလိုက်မှာ နောက်ထပ် မကြားချင်လို့ပါ မောင်..၊

မောင့်ကို ထားရစ်ခဲ့တာကလည်း ကိုမောင် နဲ့ ဖြူ မောင် မောင်းနေတဲ့ကားကို မစီးရက်လို့ပါ ..၊

အဲဒီလို မောင် သပ်သပ်နုတ်ထွက်နေလိုက်တာတွေက မောင့်စိတ်ကို ပိုပြီးသိမ်ငယ်စေတာ ..၊ လူတွေ အဲဒီလို ခွဲခြားမြင်စရာ ဖြစ်လာခဲ့တာ .. သိရဲ့လား ..၊

ပြောချင်တာတွေကို ဘာမှပြောခွင့်မရဘဲ မျက်ရည်တွေသာ စိမ့်ဝေခဲ့၏။

မောင် မေးလာရင် အဲဒါတွေကို ရှင်းပြမလို့ပါ မောင်ရယ်..၊





မျက်ရည်ကျလာမှာစိုးလို့ မျက်နှာမော့လိုက်တော့ အိမ်ကြီးရဲ့ မျက်နှာကြက်ဖွေးဖွေးကို မြင်သည်။ ဒီအိမ်ကြီး ပြင်ဆောက်ပြီးတည်းက မောင့်မျက်နှာမှာ အပြုံးအဲရယ်တွေ နည်းသွားခဲ့သည်။

ခုဆို သူ့ကိုယ်သူ မောင် လို့ ထည့်မပြောတော့ဘဲ ကိုယ်ဆိုတာက ပင်တိုင်ဖြစ်လာ၏။ ဟိုတစ်နေ့ကတော့ 'ငါ'လို့တောင် ပြောခဲ့ပါသေးသည်။

ကိုယ် ဘာမှားခဲ့လို့လဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဒီနာရီက ဒီကိုးမှာပဲ ဘာဖြစ်လို့ ရပ်ရပ်နေတာလဲ .."

ဒါပါနဲ့ဆို ဘယ်နှစ်ခါရှိပြီလဲ မသိ ..၊

နာရီကို လှမ်းဖြုတ်တာ မမီတော့ ခွေးခြေခုံလေးတစ်လုံး ယူပြီး တက်ဖြုတ်လိုက်၏။

ခါတ်ခဲလဲထားရဲ့လားဆိုပြီး သေချာကြည့်မိရင်း နာရီကို အချိန်ကိုက် ပြန်ရွှေ့ထားလိုက်သည်။

ပြီးမှ နေရာမှာ ပြန်ချိတ်လိုက်ပြီး ...

"မောင် ဟိုနေ့က ခါတ်ခဲမလဲလိုက်ဘူး ထင်တယ် .."

"ကိုးနာရီမှာ ရပ်နေတာနဲ့ပဲ ရပ်တိုင်း လဲနေရမှာလား .."

"မောင် .."





မောင် ကိုယ့်အောက်ရောက်နေတာ သိလိုက်သည်နှင့် အမှတ်တမဲ့ လှည့်ကြည့်လိုက်လျှင် ခွေးခြေခုံသေးသေးလေးပေါ်ကနေ ဖြူ ချော်ကျလေသည်။

"အား!..."

လန့်ဖျပ်သွားပေမယ့် ခြေလှမ်းတ်လက်လွတ် ချော်ကျမသွားခဲ့ဘဲ ဆီးပွေ့လိုက်သည့် မောင့်ရင်ခွင်ထဲမှာ ..၊

"မောင် .."

လွှတ်ချပေးလိုက်မှာစိုးလို့ ဖြူ မောင့်လည်ပင်းကို ဖက်ထားလိုက်မိသည်။

"မောင် ဘယ်တုန်းက ရောက်နေတာလဲဟင် .."

"ခုပဲ .."

မွန်းတည့် က ဖြူ့ ကိုယ်လေးကို မတ်တပ်ရပ်လေး ချထားလိုက်လျှင် ဖြူ မောင့်ရင်ခွင်ထဲ ပြန်တိုးဝင်၍ ...

"ည ည မောင် ဝင်မအိပ်တာ ကြာပြီ .. ဘာဖြစ်လို့လဲဟင် ..၊ ဖြူ့ ကို စိတ်ဆိုးနေတာလား .."

"စိတ်ဆိုးစရာရှိနေလို့ မင်း အဲလိုထင်တာပေါ့ ..၊ မင်း ဘာလုပ်ခဲ့လဲ ကိုယ့်ကိုယ်ကို ပြန်မေး .."

"ဖြူ စီးပွားရေးလုပ်နေတာလေ ..၊ ဖြူ့ ကိုယ် ဖြူ အပြစ်လို့ မထင်မိတာမျိုးကို မောင့်ဘက်က အပြစ်လို့မြင်ထားရင် အဲဒါကို သိချင်တယ် .."

"မရှိပါဘူး .. မင်း မှန်ပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"မောင် .."

ဖြူ့ ကိုယ်လေးကို တွန်းထားခဲ့ပြီး မွန်းတည့် က လှည့်ထွက်သွား၏။

ဖြူ အတင်းပြန်ဆွဲထားကာ ...

"လင်နဲ့မယား အဲဒီလို မျှိုသိပ်မှုတွေရှိနေကြရင် မကောင်းဘူး မောင် ..၊ ဖြူ တို့ ဆွေးနွေးကြရအောင်နော်၊ ဟိုလေ .. မောင်လည်း မကျေနပ်တာရှိရင် ပြော၊ ဖြူ ကလည်း ဟုတ်တာ မဟုတ်တာ မောင် လက်ခံလာအောင် ရှင်းပြပါ့မယ် .."

"ဖယ်ပါကွာ .. အဲဒီအိမ်ထောင်ရေးကစပြီး ကိုယ့်ဘဝအဆုံးထိ ဘာဖြစ်ဖြစ် ထားလိုက်ချင်တယ် .."

"ဘယ်လို!..."

"မင်းပြောသမျှ မင်းရဲ့အလုပ်အကြောင်းတွေနဲ့ ပတ်သက်သမျှ ဘာဖြစ်ဖြစ် ကိုယ် ဘာမှနားမလည်ဘူး၊ အဲဒီတော့ မင်းပြောသမျှ လက်ခံဖို့လည်း လွယ်မှာမဟုတ်ဘူး ဖြူ၊ ကိုယ် ပြန်ပြောတာတွေကို လည်း မင်း နားဝင်ချိုမှာ မဟုတ်ဘူး ..၊ မင်းနဲ့ကိုယ် ဒီတိုင်းပဲ နေသင့်တယ် .."

ကျောခိုင်းနေသည့် မောင့်ကျောပြင်ကို နောက်ကနေ သိမ်းကျုံးဖက်ထားရင်း ဖြူ ပါးပြင်လေးနဲ့ ပွတ်တိုက်နေမိသည်။

ပြီးတော့ ...

"ဘာတွေဖြစ်ကုန်တာလဲ မောင်ရယ် .. ဖြူ တို့ အိမ်ထောင်ရေး ဘာဖြစ်လို့ ဒီလိုဖြစ်လာခဲ့တာလဲ .."





"မညားသင့်တဲ့ လင်မယားမို့လို့ပေါ့ .."

"ဘာ!..."

"ဟုတ်တယ် .. မင်းက သူဌေးသူကြွယ် မင်းစိုးရာဇာနဲ့ပဲ ထိုက်တန်တဲ့ မိန်းမပါ၊ ကိုယ်က အနူလက်နဲ့ ရွှေခွက်နှိုက်မိတာ .."

"မောင် အဲဒီစကားကိုပြောတာ မောင့်ကိုယ်မောင် ဒေါသဖြစ်နေတာလား ..၊ ဖြူ့ ကို မကျေနပ်တာလား .."

"မင်းနဲ့ မဆိုင်ပါဘူး .. ကိုယ်က မင်းလိုမိန်းကလေးကိုမှ ချစ်ခဲ့မိတာကိုး .."

"ဟင်!... မောင် ဘယ်လို .. ဖြူ့ ကို ချစ်တယ် ဟုတ်လား၊ ချစ်သေးတယ်ပေါ့ .."

ဖြူ မေးလိုက်တာကို စိတ်တိုသွားသလိုကြည့်တော့ သူ့လက်မောင်းကို ဖြူ က ဖက်ထားလိုက်ကာ ...

"ဖြူ့ ကို ချစ်တယ်ဆိုရင် မနှိပ်စက်ပါနဲ့ မောင်ရယ် .. မောင်က လွဲရင် ဖြူ အရာအားလုံးကို စွန့်လွှတ်ရဲပါတယ်၊ ဖြူ့ အတွက် မောင်ကလွဲရင် ဘာမှအရေးမပါမှန်း သိရဲ့သားနဲ့ .."

"ဟုတ်တယ် .. မင်း အဲဒီလိုတွေ ရှိခဲ့ဖူးတယ်၊ ခုလည်း ရှိရင် ရှိနေမှာပါ၊ ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လဲဟင် .."

"မင်းအသိုင်းအဝိုင်း ပတ်ဝန်းကျင်ကို ငါ လက်ခံလို့ မရဘူး.."

"မောင့်မိန်းမက ဖြူ ပဲလေ ..၊ မောင် ဘာလို့ အများကြီး ထည့်တွေးနေတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. မင်းနဲ့ငါ ထင်ခဲ့သလောက် အိမ်ထောင်ရေးဇယားက မရှင်းဘူး၊ ဖယ်စမ်းပါကွာ .. မင်းနဲ့ ဘာပြဿနာမှလည်း ထပ်မဖြစ်ချင်ဘူး .."

"မောင် .."

"ငါ ပြောပြီးပြီပဲ .. မင်းနဲ့ငါ ဒီတိုင်းနေကြတာ ကောင်းတယ်"

ဖြူ ဒီတိုင်းပဲကျန်ရစ်ခဲ့တော့ မျက်ရည်စတွေ ဝေ့တက်လာခဲ့သည်။ ဒီအိမ်ထောင်ရေးကို မောင် တကယ်စိတ်ပျက်နေခဲ့ပြီလား ..၊

ဖြူ ကတော့ သိပ်ချစ်ပါတယ်. မောင် ..၊





## အခန်း (၁၀)

"ဟလို .. ဟလို .."

"... ... ..."

"ဟုတ်ကဲ့ ပြောပါ"

ဒေါ်ခင်ခင် ဖုန်းပြောတိုင်း တစ်အိမ်လုံးကြားနိုင်သည့်အသံမျိုးနဲ့ပဲဖြစ်ကာ ဖုန်းသံကြောင့် ဖြူ အပြင်ပြန် ထွက်လာခဲ့သည်။ သို့သော် ...

"အဲဒီတိုင်းပဲ မသွယ် ရေ .. ဒီအိမ်မှာ လရိပ်ဖြူ တစ်ယောက်ပဲ အသက်ရှိတာ ..၊ အားလုံးက ဘာမှမဟုတ်တဲ့လူတွေ .."

"သူ့ကိုမေးတဲ့ ဖုန်းလား .."

"ဟုတ်တယ် .. မရှိဘူးပြောလိုက်တာနဲ့ နောက်မှပြန်ခေါ်မယ်ဆိုပြီး တန်းချသွားတယ်၊ မွန်းတည့် နဲ့ တစ်နေ့မှ မတည့်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေပဲ၊ ဒါပေမယ့် ဟိုကောင်က နှုတ်နည်းပါ့အေ၊ ဘာဆို ဘာမှ မပြောဘူး ..''

''ဟုတ်လား .. အိမ်ထောင်ရေးဆိုတာ နှစ်ဖက်စလုံးကောင်းတာ သိပ်မရှိပါဘူး၊ ဒီလိုပါပဲ .. ကိုယ်က ကောင်းရင် သူကဆိုးနေမယ်၊ သူက တအားကောင်းနေရင်လည်း ကိုယ်ပဲ လူဆိုးဖြစ်ရတာ ..''

''အဲဒီသဘောတွေ ရှိနေရင်လည်း ကိုယ်က အရင်ဆိုးထားလိုက်ပေါ့ မဟုတ်ဘူးလား ..၊ ခုတော့အေ.. မိန်းမအလုပ်သွားတာကို သွားပို့ပြန်ကြိုနဲ့ တကယ့်ကို ဒရိုင်ဘာကြီး ကျနေတာပဲ ..''

''သူ့မိန်းမက အလုပ်တွေထဲ တွဲမခေါ်ဘူးလား၊ ဒီကောင်လေးကလည်း အ,လိုက်တာ၊ သူဌေးသမီး ယူထားပြီးတော့ သူဌေးသမက်လည်း မဖြစ်၊ ကိုယ့်လုပ်ငန်းလေးကိုယ် လုပ်တာတောင် တတ်အောင်မသင် ..''

သူများတွေ စကားပြောနေတာကို ချောင်းနားထောင်တာ မကောင်းမှန်း တွေးမိလိုက်ကာ ပြန်လှည့်ထွက်ခဲ့ပေမယ့် ...

''အရမ်းအေးတာအေ .. သူသာလုပ်ရင် ခုလောက်ဆို ယောက္ခမနဲ့ နိုင်ငံခြားထိတောင် ပါသွားလောက်ပြီ၊ ပြီးတော့ ငါ သူ့အခန်းထဲဝင်ပြီး ဒိုင်ယာရီ ခိုးဖတ်လိုက်တယ် ..''

''ဟုတ်လား .. ဘာတွေ ရေးထားလို့လဲ ..''

ဖြူ့ ခြေလှမ်းတွေ တုံ့သွားသည်။

အခန်းထဲဝင်ပြီး ဒိုင်ယာရီ ခိုးဖတ်တယ်ဆိုတော့ ဖြူ တို့ အိပ်ခန်းထဲထိ ဝင်ခဲ့တာပေါ့ ..။





''အချိန်သိပ်မရလို့ သေချာမဖတ်လိုက်ရပါဘူး၊ ဒါပေမယ့် ဖြူ က ငါ့တူကို မြူဆွယ်ခဲ့တာတော့ သေချာတယ်အေ့ ..''

''ဟယ်!... ဟုတ်လား ..''

ဖြူ့ တစ်ကိုယ်လုံး ဖျင်းခနဲ ပူထူသွားသည်။ ဘယ်ကစည့်သည် ရောက်နေလို့ ဒီလိုစကားတွေထိ ထုတ်ဖော် အတင်းတုပ်နေတာလဲ..။

''ကြည့်ပါလား .. မိန်းမပုံစံက လှတပတ အိသျှောင့် အိသျှောင့်နဲ့၊ မွန်းတည့် ကို ဘာမှမက်စရာမရှိဘဲ သာယာချင်တာတစ်ခုတည်းနဲ့ ခိုးထုတ်လာတာလေ .. မိဘက အမွေဖြတ်လည်း ဂရုမစိုက်ဘူး၊ ဘယ်ဂရုစိုက်မလဲ .. သင်းက မိန်းမလည်ဥစ္စာ ..''

''ဟုတ်လား .. အင်း .. အပြင်မှာ နှစ်ခါလောက်တော့ မြင်ဖူးလိုက်ပါတယ်၊ ဒါပေမယ့် မွန်းတည့် ပုံစံကလည်း ရုပ်ချောရုပ်မျိုးရယ်လို့ သိပ်ခေါ်ချင်ပုံမပေါ်တာနဲ့ ကျွန်မ နှုတ်တောင်မဆက်လိုက်ဘူး၊ ခုတောင် ခင်ခင် က ခေါ်လို့ရယ် ..''

''အမလေး .. လာလည်စမ်းပါအေ၊ ငါ့မှာ ဒေါသထွက်ဖော်မရှိတော့ အံကြိတ်နေရတာ ..''

''ဘာဖြစ်လို့လဲ ..၊ သူတို့လင်မယားနဲ့နေတာ ကိုယ်တောင်စရိတ်ငြိမ်းသေးတာကို ..''

''အဲဒီလိုပဲ လရိပ်ဖြူ က ထင်နေမှာပေါ့၊ ဟွန်း .. လူနေတော့ ချုံကြား၊ စိတ်နေတော့ဘုံဖျားဆိုတာ မကြားဖူးဘူးလား၊ ငါကလည်း အဲဒီလိုလူပဲ၊ ကိုယ့်တူလေးကို အရုပ်တစ်ရုပ်လို လိုသလို အသုံးချနေတာများ မြင်နေရတာ ရင်ထဲမကောင်းလွန်းလို့ ..''



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ချင်းတော့ ကျေနပ်လို့မို့လား .."

"ဘယ်ကလာအေ .. တစ်နေ့မှ မတည့်ပါဘူးဆိုမှ၊ လရိပ်ဖြူကချည်း တကောက်ကောက် လိုက်ချော့နေတာ ..၊ အဲဒီမိန်းမက ညဘက်ဆို ယောက်ျားနား တကပ်ကပ်နဲ့ .. ဘာမှအပြစ်ပြောစရာ မရှိအောင်ပဲ၊ ဟော .. မိုးလင်းတာနဲ့ ပုံစံ တစ်မျိုးဖြစ်သွားရော .. ညဆို မွန်းတည့် က သူ့လင်၊ မိုးလင်းတော့ ဒရိုင်ဘာ .."

ခါးသီးသောစကားလုံးတွေကို မကြားနိုင်တော့ဘဲ ဖြူ လှည့်ထွက်လာခဲ့သည်။ ဒူးတွေချောင်ကာ လက်ဖဝါးတွေကို ဆုပ်လို့တောင် မရချင် ..။

သူမပုံစံ တကယ်ပဲ ဒီတိုင်းဖြစ်နေပြီလား ..၊ မောင့် ဒိုင်ယာရီထဲမှာရော ဒီတိုင်း ရေးထားတာလား ..၊ ရက်စက်လိုက်ကြတာ ..။

ကိုယ့်ယောက်ျားကို ချစ်လို့ လိုက်လျောခဲ့သမျှဟာ သာယာမှုအတွက်တဲ့လား ..၊

မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့၏။ ဘယ်လောက် ချစ်ပါစေ .. ဂုဏ်သိက္ခာဆိုတာတော့ ရှိရမည်။

မျက်ရည်စက်တွေကို ပွတ်ဖျက်ပစ်လိုက်ရင်း ကိုယ့်စိတ်ကို ပြန်တင်းသည်။

ဒီနေ့ကစပြီး သူမ အနေအထိုင် ပြင်ရတော့မည်။

ဒါက အချစ်ရဲ့ဂုဏ်သိက္ခာအတွက် ..၊





## အခန်း (၁၁)

နှစ်ယောက်တည်း အပြင်ထွက်မိတုန်း ရင်ထဲမှာ မွန်းကျပ်နေတာတွေကို ရင်ဖွင့် ပြောပြမိ၏။

မမသီ က အံ့သြလျက် ...

"တစ်ယောက်နဲ့တစ်ယောက် ချစ်ကြလို့ အတူတူ စွန့်စားခဲ့ကြတာကို ဒီလိုပြောရလားဟယ် .. အံ့သြစရာပဲ၊ ဟိုနေ့က တို့ ရောက်လာတုန်းကလည်း အဲဒီမိန်းမကြီး မျက်နှာသိပ်မကြည်ဘူး၊ ဖြူ ကချည်း အလုပ် ထလုပ်မယ်ပြင်နေတည်းက အခြေအနေကို တို့ ရိပ်မိတယ် .."

"ဖြူ လည်း အဲဒီလိုစိတ်တွေ ရှိနေလိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ မောင့်အဒေါ် ဆိုပြီး ဖြူ အများကြီး သည်းခံနေခဲ့တာပါ မမသီရယ်.."



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်ကွယ် .. ကိုယ့်လူမို့ ကိုယ်ပြောတာ မဟုတ်ဘူး၊ ဖြူ အရမ်းကို အေးချမ်းတည်ငြိမ်တာ တို့အားလုံး သိကြပါတယ်၊ ဒါနဲ့ သူက ဘယ်လိုစိတ်ကူးတွေနဲ့ ဖြူ ကို မကြည်လင်နေတာလဲ..၊ တကယ်ဆို သူ ဖြူ ကိုတောင် သင့်မြတ်အောင် နေရဦးမှာ .."

"ခုနပြောသလိုပေါ့ မမသီ .."

"ဘာဆိုင်လို့လဲ .. ချစ်လို့ စွန့်စားခဲ့ကြတဲ့ချစ်သူတွေမှ အများကြီး၊ ဘယ်သူက ဘယ်သူ့အတွက်ပဲ စွန့်စားစွန့်စား ပိုတယ်လိုတယ် ဆိုတာ မရှိဘူး၊ ကိုယ်ကစွန့်စားမှ သူနဲ့ပေါင်းခွင့်ရှိမှာမို့လို့ စွန့်စားခဲ့ရတယ်၊ ဒါကို ဘယ်လို ဘယ်ချမ်းသာ လျှော့ကျော့ရဲ့နေဖို့ လိုသလား၊ ကိုယ်တောင် သူ့အရိပ်မှာခိုနေရတယ်ဆိုတာတော့ နားလည်သင့်တာပေါ့ .."

"မောင့်ကို ဖြူ အရမ်းချစ်တယ် မမသီ ..၊ ဒါပေမယ့်လေ ဒေါ်လေးရဲ့စကားတွေအတိုင်းပဲ မောင်ကလည်း ဖြူ ကို နားမလည်ဘူး ထင်တယ် .."

"သူကတော့ တကယ်ကို အားငယ်စိတ်တွေပဲ မွေးမြူနေတာ ဖြစ်မှာပေါ့ ဖြူ ရယ် .. လူတိုင်းမှာ အတ္တကိုယ်စီ ရှိကြတာပဲလေ..၊ တစ်ခုတော့ ရှိတာပေါ့ .. ကိုယ့်လင်မယားနှစ်ယောက်အပြင် အားကိုးမရှိတဲ့အချိန်မှာ သူ့ရဲ့အထင်မြင်လွဲမှုပါ ခံနေရတော့ ဖြူ အရမ်းပင်ပန်းမှာပေါ့ .."

"ပင်ပန်းပါစေ မမသီ ရယ် .. ဖြူ က စိတ်ချမ်းသာချင်တဲ့သူပါ၊ မောင့်ပုံစံ .. မောင့်ရဲ့တည်ငြိမ်မှုတွေနဲ့ တစ်နေ့နေ့ ဒီလိုပြောင်းလဲလာ





နိုင်တယ်ဆိုတာ ဖြူ လုံးဝ ထင်မထားခဲ့ဘူး .."

"လင်မယားချင်းပဲ .. စိတ်ရှည်ရှည်ထားပြီး စည်းရုံးကြည့်ပါဦး ဖြူ ရယ် .."

"အစက ရချင်ရမယ် .. ခု သိပ်မလွယ်တော့ဘူး မမသီ၊ ဒေါ်လေးက .."

ဘာထပ်ပြောရမှန်းလည်း မသိတော့ပါ ..။

"လူပေါင်းများတယ်ဆိုတာလည်း ပေါင်းမိမှ သိတာ ဖြူ ရဲ့..၊ ဒါ ကိုယ့်အပြစ်ချည်းပဲလည်း မဟုတ်ပါဘူး ..၊ ကိုယ်က ခေါ်ယူကျွေးမွေးထားတဲ့သူပဲ .. ဒေါ်ခင်ခင် ဒီလိုပုံစံဖြစ်လာမယ်လို့ ဘယ်တွေးမိပါ့မလဲ ..၊ ရှားလည်း ရှားပါတယ်ဟယ် .. ဒီလိုမျိုး လာပြီး မှီခိုကြပြီဆိုရင် ဘယ်ဆွေမျိုးဖြစ်ဖြစ် မှီခိုရတဲ့လူက မျက်နှာငယ် အောက်ကျ ပေါင်းကြတာပဲ၊ ခုလို တစ်ခါမှကို မကြားဖူးဘူး ..၊ ဒီ လင်မယား ကွဲပြဲကုန်ကြရင် ဘယ်သူ့မှာမှလည်း အကျိုးရှိမှာ မဟုတ်ဘူးလေ .."

"မမသီ က သားသမီးနှစ်ယောက်ရှိပြီဆိုတော့ ဖြူ ဘာလုပ်သင့်လဲဟင် ..၊ နည်းနည်းလောက် ပြောကြည့်ပါလား .."

"အတွေ့အကြုံရှိပြီးသားလူတွေကတော့ ငယ်တဲ့လူတွေကို သာဓက အမျိုးမျိုးပြပြီး မှားကွက်တွေကို ရှာပြကြတာပါပဲ၊ ဒါပေမယ့် လူချင်းတူပြီး စိတ်ချင်းက မတူဘူးလေ ..၊ ဒီအတွေ့အကြုံတွေက လူမျိုးဆက်တွေရှိလာတဲ့အချိန်တည်းက ဖြစ်ပျက်နေကြတာ၊ ခုချိန်ထိလည်း ဖြစ်နေကြတုန်းပဲ၊ အမှားမြင်လို့ အမှန်ပြင်တိုင်းသာ ရနေရင်



www.burmeseclassic.com

www.burmeseclassic.com



မှားနေကြပါဦးမလား ..”

“အင်း ..”

“မိန်းကလေးတွေအတွက် အိမ်ထောင်ရေးဆိုတာက ကံတရားပါပဲ ဖြူ ရယ် .. ရွေးချယ်တိုင်းလည်း မှန်တတ်တာ မဟုတ်သလို မရွေးချယ်ရဘဲ အလုံးစုံ သင့်တော်ကောင်းမွန်နေတဲ့ အိမ်ထောင်ဖက်က ကိုယ့်ရှေ့ထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြတာတွေလည်း ရှိတယ်၊ အဓိကကတော့ ကံကိုချည်းပဲလည်း မပုံနဲ့ ..၊ လူကိုလည်း မယုံနဲ့ပေါ့ ..”

“ဖြူ့ အဖြစ်ကို ဘယ်လိုပြောမလဲဟင် ..”

“ဒါမျိုး မမှားဘူးကြတာမှ မဟုတ်ဘဲ ဖြူ ရဲ့ .. ဖြူ့ ထက်ဆိုးတဲ့ လူတွေလည်း တကယ့်ကို အများကြီးပဲ၊ တို့ဆိုရင် အမျိုးသားက ကိုယ့်ထက် အဆင့်အတန်းမြင့်တယ်၊ ကိုယ့်ယောကျ်ားက ကြင်နာပေမယ့် ယောက္ခမ ယောက်မတွေရဲ့ တစ်ယောက်တစ်ပေါက်၊ အဲ .. တစ်ယောက်တစ်မျိုး လက်ညှိုးထိုးတာတွေ အသေခံရတာ၊ တို့ သူ့ အရင်က ရည်းစားထားခဲ့ဖူးတာကို အပြစ်တွေ့တိုင်း ထည့်ပြီး ထေ့တာ ငေါ့တာ ကလေးနှစ်ယောက်ရပြီးမှပဲ နည်းနည်း အပြောရပ်တာ ..”

ဖြူ က ခေါင်းညိတ်သည်။

ဟိုတယ်လ်၏ မြေညီထပ် ရှေ့ဆုံး ထောင့်ခန်းမှာ မှန့်ထိုင်စားနေကြတာမို့ မျက်နှာစာရှေ့ကျ ပန်းပင် ဥယျာဉ်တွေကို မြင်နေရသည်။

ဒါပေမယ့် သူမရင်ထဲမှာ မသာယာပါ ..။





“ခုဆို ဖြူ အိမ်ပြန်ချိန် ရောက်မှာတောင် စိတ်ညစ်မိတယ် ..”

“အဲဒါ ဖြူ က ရှုပ်ထွေးနေလို့ပါ .. အိမ်ပြန်ရင် ကိုယ့်ယောကျ်ားနဲ့ ကိုယ် အေးအေးချမ်းချမ်းနေကြဖို့ပဲ စဉ်းစား ..၊ ဒေါ်ခင်ခင့် ကို ခေါင်းထဲ ထည့်မနေနဲ့ ..”

“မထည့်လို့ မရဘူး မမသီ ..၊ မောင်နဲ့ ဖြူ အဆင်မပြေတာတွေ ပိုပိုများလာခဲ့တာ သူရောက်လာမှ ပိုဖြစ်လာတာ ..၊ ဒါ ဟုတ်တယ်ဆိုတာ အခု ပိုရှင်းသွားပြီ ..၊ ဖြူ မရှိနေတဲ့အချိန်မှာ မောင့်ကို သူ ..”

“သူ့ရဲ့ တစ်ဖက်သတ်စကားတွေလည်း ဖြစ်နိုင်ပါတယ်၊ ဒိုင်ယာရီကို ခိုးဖတ်တယ်ဆိုတည်းက ကိုမွန်းတည့် ဆီက သူ သိချင်တာ ဘာမှမသိရလို့ မဖြစ်နိုင်ဘူးလား ..၊ ကိုမွန်းတည့် ပုံစံ ကြည့်ရတာ အဲဒီလို စကားများနေမယ့်ပုံစံ မဟုတ်ပါဘူး၊ ညီမတို့မှာ ခုမှ ကလေးတောင် မရသေးဘူး၊ ကိုယ်လင်မယား နားလည်မှုယူဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်၊ အဲ .. တစ်ခုတော့ ရှိတယ် ..”

“ဟင် .. ဘာလဲ ..”

“လင်မယားနှစ်ယောက်ကြားမှာ ဘေးလူ အနီးကပ်ရှိနေရင် အဲဒီလင်မယား တခြိမ်းခြိမ်း ဖြစ်နေရမှာပဲ”

“ခုဟာက သူ့အဒေါ်အရင်း ဖြစ်နေတော့ ..”

“တို့ပြောတာ အားလုံးပါတယ် ညီမရဲ့ ..၊ ဘယ်သူ့ဘက်က ဆွေမျိုး ဖြစ်ဖြစ် .. ဒါမှမဟုတ် တခြား လူစိမ်းတစ်ယောက်ယောက်ပေါ့၊ မယားပြော တစ်ညဆိုတာက နောက်မှ၊ သွေးထိုးစကားဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဖြစ်ဖြစ် ထင်ယောင်ထင်မှား ရှိလာကြတာပဲ၊ ဒေါ်ခင်ခင် နဲ့ ညီမ မကာင်းနိုင်သေးဘူးဆိုရင်တော့ ညီမဘက်က ပုံစံ နည်းနည်းလေး ပြောင်းနေမှဖြစ်မယ်၊ လူ့သဘာဝ လိုက်ရင် ပြေးတယ်၊ ကိုယ်က ပျော့နေရင် သူက မာနေမှာပဲ .."

"ဟုတ်တယ် .."

"ပစ္စည်းတစ်ခု ဝယ်ရင်တောင် ဈေးကြီးရင် ဈေးဆစ်ချင်တာ မှန်တယ်၊ ဈေးနည်းလွန်းရင်လည်း ဒီပစ္စည်း ကောင်းမှကောင်းရဲ့လား လို့ သံသယရှိလာပြန်ရော ..၊ တို့ ပြောတာ ညီမ သဘောပေါက် လား.."

"ဟုတ်ကဲ့ .."

ဖြူ့ မျက်နှာလေးက သုန်မှုန်နေသည်။

'စစ်ရေးထက် ဝမ်းရေးခက်' ဆိုတာ ဒါမျိုးလား ..။





## အခန်း (၁၂)

"အဖြူလိုချင်ရင် ဒီဘယ်လ်တာလေး ကောင်းသားပဲ၊ ကားပုံ လေးလည်း စမတ်ကျတယ် .."

"အင်း .. ဟုတ်တယ်နော် .. ဈေးကလည်း မများဘူး .."

မောင် ပြတဲ့ကားလေးကို ဖြူ က သေချာကြည့်နေစဉ် ...

"ဟော .. ရောက်လာပြီလား .."

"ဦးသာယာ .."

"ဟုတ်ပ .. ခုနကတောင် မြင့်မောင် လာသွားသေးတယ်၊ သူ လည်း လရိပ်ဖြူ အတွက်ဆိုပြီး .. ဟော .. မပြန်သေးဘူး၊ ဟိုမှာ လာပြီ .."

ကိုမောင် က နံ့သာရောင် ရှပ်လက်တိုပွပွနှင့်၊ အရပ်ကတော့ မနိမ့်မမြင့်လောက်ပဲ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့် နဲ့ယှဉ်လိုက်တော့ ပုတဲ့စာရင်းဝင် ဖြစ်သွား၏။

သူက မွန်းတည့် ကို လှည့်ကြည့်ပြီးမှ ဖြူ့ ဆီ လျှောက်သွားကာ ...

"ဇနီးမောင်နှံ လာကြတာလား .."

"ဟုတ်တယ် ကိုမောင် .. မောင့်ကို သွားကြည့်ပါဆိုတာ ဖြူ ပါမှ ဆိုလို့လေ၊ ခုမှပဲ လာဖြစ်ကြတာ .."

ကိုမောင် က ရယ်ရင်း လှမ်းကြည့်လိုက်ကာ ...

"ဇနီးအကြိုက် ဖြစ်စေချင်လို့ နေမှာပေါ့ဗျာ ..၊ ကျွန်တော်လည်း မိတ်ဆွေတစ်ယောက်ကို လာရှာရင်း ဖြူ ကားလာကြည့်သေးလားလို့ မေးနေတာ .."

စကားပြောရင်း ကိုမောင် က မွန်းတည့် ကိုပဲ တကြည့်ကြည့် လုပ်နေသဖြင့် ...

"ကိုမောင် .. သူက နွေမွန်းတည့် .. ဖြူ့ ခင်ပွန်း၊ မိတ်ဆက်ပေးချင်တာ ကြာပါပြီ .. မဆုံဖြစ်ကြလို့"

"ဟုတ်ကဲ့ပါ .. ကျွန်တော်က မြင့်မောင် ပါ .."

ကိုမောင် က သူ့ကိုယ်သူ မိတ်ဆက်ကာ လက်ကမ်းပေး၏။ မွန်းတည့် က တစ်ချက်မှ မပြုံးဘဲ လက်ပြန်ကမ်းကာ ...

"တွေ့ရတာ ဝမ်းသာပါတယ် .."

"ဟုတ်ကဲ့ပါ .. ကျွန်တော်တို့အားလုံးကို ဖြူ နဲ့လိုပဲ မိတ်ဆွေတွေလို့ သဘောထားပါ .."

ကိုမောင် က အပြုံးမပျက်ပြောနေပေမယ့် မောင့်မျက်နှာ ပုံစံ





ကြောင့် ဖြူ အားနာနေမိသည်။

"အခု ကားလာကြည့်တာဆိုတော့ စိတ်ကြိုက် တွေ့ပြီလား.."

"ဟုတ်ကဲ့ ကိုမောင် .. သိပ်အများကြီးလည်း မလိုက်နိုင်တော့ ဒီ ဘယ်လ်တာလေးလောက်ဆို သိပ်မဆိုးဘူးလားလို့ .."

"ဟာ .. ဖြူ နဲ့ဆိုရင်တော့ ဘယ်လ်တာလောက်နဲ့ မဟုတ်သေးပါဘူးကွာ ..၊ ကားတွေ ဒီလောက်အများကြီးရှိတာ .. အတွင်းဂရိတ် ကောင်းကောင်းနဲ့ မာတာလေးတွေ ကိုယ် ရှာပေးပါ့မယ် .."

"ဟုတ်သားပဲ လရိပ်ဖြူ .. မြင့်မောင် လို မိတ်ဆွေမျိုးရှိနေသားနဲ့ ဘယ်လ်တာလောက်တော့ မစီးပါနဲ့ .."

ဖြူ မောင့် မျက်နှာကို လှမ်းကြည့်လိုက်တော့ ဟိုဘက်လှည့်၍ စီးကရက် မီးညှိနေ၏။

"လာ .. ဒီဘက်မှာ မက်ခ်တူးရှိတယ်၊ ရုပ်ပြောင်းလေးတွေဆို တော်တော်လှတာ .."

ဦးသာယာ က ခေါင်းဆောင်ကာ ကိုမောင် က ဖြူ့ ကို အပါ ခေါ်သည်။

ဖြူ က မောင့်ကို ပြန်လှည့်ကြည့်ကာ ...

"မောင် လာလေ .."

"သူလည်း ကြည့်မှာပေါ့ ဖြူ ရဲ့ .. နှစ်ယောက်စလုံး ကြိုက်တာချင်း ပြန်စစ်လို့ ရတာပဲ .."

မောင်ကလည်း ကားတွေဆီ စိတ်ရောက်သလို မျက်နှာငေးနေတာမို့ ဖြူ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကားကြည့်နေတုန်း မောင် အနားရောက်လာပါသည်။

"အဖြူလေးပဲ မောင် .. ဒီမှာ မလှဘူးလား .."

"လှပါတယ်"

"ဖြူ က လှလို့ လိုက်ပြောနေတာလား ..၊ မောင်ရော ဘယ်လိုနေလဲ .."

"မင်းစိတ်ကြိုက် ဖြစ်စေချင်လို့ မင်းနဲ့မှ လာတာပဲဟာ .."

ဦးသာယာ က ကိုမောင် နဲ့ စကားပြောနေရာကနေ လှည့်ကြည့်ကာ ...

"ကြိုက်တာကို ရွေးနော် .. ငွေရေးကြေးရေးက ပြောဖို့မလိုဘူး၊ ဘဏ်အရစ်ကျတွေ ဘာတွေနဲ့လည်း ဓယားရှုပ်ဖို့ မရှိဘူး .. အေးဆေး .."

"သူများပိုက်ဆံ ကြွေးတင်သွားရင် အေးဆေးလို့ မရတော့ဘူးလေ ဦးသာယာ၊ တော်ပါပြီ .. ရုပ်ပြောင်းက လေးဆယ်နီးပါးတောင်ပိုတာ၊ ပုံဟောင်းပဲ .."

"ဟာ .. ရုပ်ပြောင်းဆိုတာ ရုပ်ပဲပြောင်းတာ မဟုတ်ဘူးနော် လရိပ်ဖြူ .."

ဦးသာယာ တို့ နှစ်ယောက်စလုံး ဖြူ တို့နားကို ပြန်ရောက်လာကြသည်။

"မောင်က ဒါလေးကိုပဲ မျက်စိကျတာ .."

မွန်းတည့် က ကားဘော်ဒီကို လက်နဲ့ခေါက်ကြည့်နေသဖြင့်





ဖြူ က လိုက်ငုံ့ကြည့်ကာ ...

"ကားကြောလေးလည်း မာတယ် ဆိုတော့ ..."

"ကားကြောမာတာတစ်ခုပဲ ကောင်းနေလို့ မရဘူးလေ ဖြူ ရဲ့.."

ကိုမောင် က ကားဘွန်းနက်ကို လက်ထောက်ရပ်ကာ ...

"အတွင်းဂရိတ်လည်း အရေးကြီးတယ်၊ ကားအကြောင်း သိပေမယ့်လည်း နောက်ဝင်တဲ့ကားတွေဆို မော်ဒယ်အရမ်းမြင့်လို့ အရင်ဝပ်ရှော့ရုံတွေတောင် သိပ်ကိုမတတ်ကြဘူး၊ လာ .. ဖြူ ဒီမှာ လာကြည့် .."

ဖြူ ရှေ့တိုးပြီးမှ မောင့်ကို ပြန်ကြည့်မိသည်။

"ဖြူ က မသိဘူး ကိုမောင် ရဲ့ .. မောင်ပဲ ကြည့်တတ်မှာပဲ"

"ဩော်.. ဖြူ ကလည်း ဒါ ကျွမ်းကျင်နားလည်တဲ့လူမှ ကြည့်လို့ ရတာ မဟုတ်ပါဘူး၊ ဒီမှာကြည့် .. ထိုင်ခုံ မော်တာနှစ်လုံး ပါတယ်၊ ရှေ့တစ်ခန်းလုံး ကျွန်းကွက်တွေနဲ့ ရဲနေတာပဲ၊ တံခါးဖွင့်လိုက်တာနဲ့ ဘယ်လောက်လှသလဲ .."

"ဟုတ်တယ်နော် .."

"ဘယ်ကမလဲ .."

ဦးသာယာ ကပါ တံခါးတစ်ဖက်ဖွင့်ထားသည့်နားမှာ လာငုံ့ကြည့်၍ ...

"တီဗွီထားပုံကလည်း အဆင်ပြေတယ်၊ ဘက်ခ်ကင်မရာလည်း ပါတယ်၊ ဒီမှာတပ်တဲ့ကင်မရာတွေ မဟုတ်ဘူးနော် .. ဟိုက အော်ရီဂျင်နယ် ပါလာတာ ..၊ မိန်းကလေးတွေမောင်းရင် အရမ်း အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



တယ် ..''

''ဟုတ်ပါပြီ .. ဦးသာယာ တို့ မွှမ်းတာနဲ့ပဲ လုံးဝမယူတော့ဘူး ထားပြီးကာမှ လိုချင်စိတ် ပေါက်လာပြီ ..''

''မဟုတ်ဘူး ဖြူ .. ဦးသာယာ က အမှန်ပြောတာပါ၊ ကိုယ်လည်း ဒီကားလေးတော့ ဖြူ နဲ့ အဆင်ပြေမှာပဲဆိုပြီး ပြောထားဖူးလို့ သူ တမင် ဘေးကပ်ထိုးထားတာ ..''

မောင့် မျက်လုံးတွေ ကျဉ်းမြောင်းသွားတာကို ဖြူ မြင်လိုက်သည်။

ကိုမောင့် ကို စူးစူးရဲရဲ စိုက်ကြည့်ပြီးမှ မျက်နှာလွှဲ၏။ ကိုမောင်ကတော့ ဘာမှဂရုမစိုက်မိသလို စကားပြော မပျက်..။

''မက်ခ်တူးချင်းတူပေမယ့် အတွင်းဂရိတ်က အရမ်းကွာတာ ဖြူ ရဲ့ ..၊ နေဦး .. ဒီကောင် ဘယ်လောက်မောင်းထားသလဲ၊ ကိုယ် ဖြူ့ ကို မိုင်းလစ်ပြမယ်''

ကားဒက်ရှ်ဘုတ်ဘေးမှာ ကပ်ထားသည့်စာရွက်ကို ဖြူ့ မျက်နှာရှေ့မှာ ဖြတ်ပြ၏။

''တွေ့လား .. ဒီကောင် မိုင်းလစ် ငါးသောင်းတောင် မပြည့်သေးဘူး၊ ဟိုဘက်က မက်ခ်တူးကို ဖြူ သွားကြည့် ..၊ ကိုးသောင်းကျော်ရှိတယ်၊ စဉ်းစားမနေပါနဲ့ကွာ .. ဖြူ က ကိုယ့်ကိုယ်ကိုယ် ဒီဈေးနဲ့ မနိုင်လို့ချည်း ထင်နေလို့ပါ၊ ဖြူ ရှေ့လျှောက် အများကြီး တိုးတက်လာတော့မှာ .. ကိုယ့်အရည်အချင်းကို ယုံစမ်းပါ၊ ကိုယ်တို့လည်း ရှိနေကာပဲ ..''





ပြန်လှည့်ကြည့်လိုက်တော့ မောင်က အအေးဆိုင်တွေရှိရာ လျှောက်သွားနေတာ တွေ့၏။ မောင့်ပုံစံကို ကိုမောင် တို့ သိနေကြလောက်ပါပြီ ..။

ဒါပေမယ့် ဘယ်သူကမှ ဘာမှမပြောခဲ့ပေ ..။

ကိုမောင် ကရော ဒီမှာ ဖြူ ကားလာကြည့်မှာသိလို့ တမင်လာစောင့်နေတာများလား ..၊ ဒီလိုတော့ မဟုတ်လောက်ပါ ..။

ဒီနေ့ ကားကြည့်မှာလို့ ဖြူ ဘယ်သူ့ကိုမှမပြောခဲ့မိတာ သေချာသည်။

ဒါမှမဟုတ် ဒီနေ့ ကုမ္ပဏီကို ဖြူ ရောက်မလာလို့ ကားသွားကြည့်မှာပဲဆိုပြီး တွက်မိခဲ့တာလား ..၊

စိတ်က ဟိုရောက်ဒီရောက်နှင့် ကားဝယ်ဖြစ်ခဲ့တာတောင် စိတ်မလှုပ်ရှားနိုင် ..။

နင် ဘာတွေတွေးနေတာလဲ ဖြူ ..၊

ကိုမောင် က သူဌေးသား လူပျို ..၊ နင့်မှာ အိမ်ထောင်ရှိနေမှန်း သိသားနဲ့ ဟိုလိုဒီလိုစိတ်တွေ မွေးပါ့မလား ..။

အတွေးများနေသည့် ကိုယ့်ကိုယ်ကိုယ် ပြန်ဆုံးမနေရ၏။

ဒါဆိုလည်း ဖြူ့ ကိုပဲ ဂရုစိုက်နေတဲ့စကားမျိုးတွေ ဘာဖြစ်လို့ ပြောနေရတာလဲ ..။ မောင့်ရှေ့မှာမှ ဒီလိုစကားတွေကို လွတ်လွတ်လပ်လပ်ကြီး ပြောနေတာလဲ ..၊

တရားခံ ဘယ်သူမှန်းမသိပေမယ့် ဖြူ စိတ်ဆင်းရဲနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာ မောင် လုံးဝ စကားမပြောတော့ပေ ...။

"ဗိုက်ဆာတယ် .. တစ်ခုခုစားရအောင် မောင် .."

ခေါင်းညိတ်၍ နီးတဲ့ဆိုင်ကို တစ်ခါတည်း ကွေ့ဝင်၏။

ဆိုင်မှာ မှာလိုက်တော့လည်း ကန်စွန်းပလိန်းနဲ့ ထမင်းဖြူ တစ်ပွဲ ...။

"ထမင်းစားကြတာပဲ မောင်ကလည်း ဒီမှာ အသားတွေလည်း စားပါဦး ...၊ ကန်စွန်းရွက်တစ်မျိုးတည်းနဲ့"

ဖြူ ထည့်ပေးတော့ လက်နဲ့ပြန်ကာထားကာ ...

"နေပါစေ၊ နောက်ဘဝ ခုလို ကံမဆိုးရအောင် သက်သတ်လွတ် စားပြီး ကောင်းမှုကုသိုလ်လေးပြုချင်လို့ .."

ဖြူ့ မျက်နှာလေး မှိုင်ကျသွားသည်။

မောင့်ရင်ထဲမှာ နောက်ထပ် အုံဖွဲ့ခြင်းတစ်ခုလား ...၊





## အခန်း (၁၃)

"မင်းက ဘာဖြစ်လို့ အရက်တွေသောက်နေတာလဲ မွန်းတည်"

မွန်းတည် က ဒေါ်ခင်ခင့် ကို မျက်လုံးတစ်ချက် စွေကြည့်ပြီး ဘာမှ မပြောဘဲနေ၏။

ပြီးတော့ နောက်တစ်ခွက် ...။

"မိန်းမကလည်း အပြောအဆို မရှိဘူး"

"ဒေါ်လေး .."

"ဘာလဲ .. ငါ့ကို နှင်လွှတ်မလို့လား၊ ဒီမှာ မွန်းတည် .. မင်းကို ငယ်ငယ်တုန်းက ငါပဲ ချီပွေ့ ထိန်းကျောင်းခဲ့ရတာနော်၊ မင်းအဖေ လာခေါ်လို့ မြို့ကိုပါသွားမှ ငါ့လက်က လွှတ်တာ၊ အခု မင်းမှာ မိဘဆွေမျိုး ဘာမှမရှိတော့ဘူး၊ ငါ့ကို ကိုယ့်အမေလို မင်း သဘော ထားလိုက်၊ ငါ ပြောသမျှ နားဝင်ချီသွားလိမ့်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင် က မွန်းတည့် ရဲ့ရှေ့ကို တည့်တည့်ရွှေ့ရပ်လိုက်ကာ ...

"ညနေက ဖုန်းလာတယ်၊ သူ့ညီမ လာမယ်ဆိုတာ မင်းကို ပြောသလား ..."

မွန်းတည့် ဘာမှမဖြေ ..၊ ဒါပေမဲ့ အံ့ဩမသွားပုံထောက်တော့ သိပြီးသားလို့ပဲ ယူဆလိုက်ကာ ...

"တစ်ယောက်တည်းတောင်မှ မင်း အရက်သမားဖြစ်နေပြီ၊ နှစ်ယောက်ဆိုရင် ဘယ်လိုလုပ်မလဲ ..၊ လရိပ်ဖြူ က မင်းကို ဘာတစ်ခုမှ လွန်ဆန်ရဲတဲ့မိန်းမ မဟုတ်ဘူး၊ အိမ်ရောက်ပြီဆို လင်ကို အပိုးကျိုးနေတာပဲ၊ ဒါနဲ့တောင် မင်း မပြောရဲဘူးလား၊ လုံးဝ မလာစေနဲ့ .. လက်မခံနိုင်ဘူးလို့ ပြောလိုက်ပါလား .."

"ဒုန်း .."

မွန်းတည့် ဖန်ခွက်ကို ဒုန်းခနဲ ဆောင့်ချလိုက်သံက ကျယ်လောင်စွာ မြည်သွား၏။ ထို့ပြင် မော့လာသည့်မျက်နှာတစ်ပြင်လုံးက နီရဲ တင်းမာနေလျက် ...

"ဘာတွေလာပြောနေတာလဲ ..၊ ခင်ဗျားကပါ ကျွန်တော့်ကို သင်ပေးမှတတ်တဲ့ကောင်လို့ ထင်နေတာလား .."

ဒေါ်ခင်ခင် ပါးစပ်အဟောင်းသားနှင့် မျက်လုံးတွေ ပြူးနေပေမယ့် ဘာမှမပြောနိုင် ..။ ကိုယ့်တူသားမို့ သင်ပြဆုံးမတာကို ဒီလောက်ထိ ဒေါသထွက်စရာလား ..။

"လာမပြောနဲ့ .. နွေမွန်းတည့် ဆိုတဲ့ကောင် အားလုံးကို သိ





တယ်၊ သင်ပေးမှတတ်တာ မဟုတ်ဘူး .. ဒါပေမယ့် ကိုယ်တတ်ထားတာတွေက သုံးလို့မရတဲ့ အလကားဟာတွေ .."

မျက်နှာကို လက်ဝါးနဲ့ဖိအုပ်ပြီး ပွတ်သပ်နေသည်။ ပြောသံတွေက ငိုသံ ပါနေ၏။ ခုနက ဝုန်းခနဲ ခုန်ထလိုက်သည့်ဒေါသတွေက သူ့ဆီကဖြစ်ခဲ့တာ မဟုတ်သလိုလို ..။

"ကားမောင်းတက်နေတာတောင် ကျွန်တော် စာတတ်ခဲ့တာတွေက အလကား .. အားလုံး တော်ကြတယ်၊ ကျွန်တော် တစ်ယောက်တည်း အသုံးမကျတာ၊ ဟုတ်ပါတယ် .. ငါက အလကားကောင်ပါ"

စားပွဲကို လက်သီးနဲ့ ဒုန်းခနဲ ထိုးချပြန်ကာ တရှုံ့ရှုံ့ငို၏။

"ငါ ပြောတယ် .. မင်းကို ငါ ပြောခဲ့ပါတယ်၊ ငါက အညတြမို့ လက်မထပ်ပါရစေနဲ့လို့ ..၊ ခုတော့ မင်းပဲ .. မင်းပဲ ငါ့ကို နှိပ်စက်နေတာ .. ဟား .. ဟား .. အင့် ..."

ရယ်ချလိုက်ပြီးမှ ငိုပြန်သည်။ ဒေါ်ခင်ခင် အားလုံးကို ရိပ်မိသွားကာ ခါးနှစ်ဖက်ထောက်၏။

"ဒါဆို မင်းက မလိုချင်ဘဲနဲ့ ဇွတ်လက်ထပ်ခိုင်းတာ သူပေါ့.."

"ဒေါ်လေး စကားပြောတာ မရိုင်းပါနဲ့ .."

ဘယ်လိုမှ နားမခံသာအောင် ဆူညံနေကြသဖြင့် ဖြူ အပြင်ထွက်လာခဲ့တာ ဖြစ်သည်။ ရင်ဖွင့်တဲ့သူက ဖွင့်လို့ ..၊ လက်သီးလက်မောင်းတန်းတဲ့သူက တန်းသည်။

ဖြူ ဒေါသဖြစ်လာတာလောက်ကို ဒေါ်ခင်ခင် ကလည်း ဂရုမစိုက်စွာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရိုင်းတယ် .. ငါတို့က အခြေအမြစ်မရှိတဲ့ အောက်တန်းစားတွေပဲ၊ ညည်းယူထားတဲ့ ယောက်ျားကလည်း အဲဒီလိုလူပဲ၊ အထက်တန်းဆန်တဲ့စကားတွေ မပြောတတ်တော့ ရိုင်းတယ်ပေါ့ .."

"အထက်တန်းဆန်ဖို့ မလိုဘူး ဒေါ်လေး၊ နှုတ်စည်း လက်စည်းတဲ့ .. စည်းကမ်းလေး နည်းနည်းပဲရှိလိုက်ရင် ရပြီ၊ အခုလိုမျိုး သူများလင်မယားကြား နေရာတကာ စည်းကမ်းမရှိ ဝင်ပြော.. ဝင်ပါ၊ ဖြူတို့က လူငယ်တွေပေမယ့် လူကြီးကို မရိုင်းချင်ပါဘူး၊ ဒေါ်လေးလည်း ကိုယ့်နေရာနဲ့ကိုယ် နေသင့်တယ် .."

"ငါ့နေရာကနေ အမြင်မတော်လို့ ဝင်ပြောနေရတာ လရိပ်ဖြူ..၊ ညည်း ကိုယ့်ယောက်ျားကို နည်းနည်းမှ ဂရုမစိုက်တာတွေ အခု ကြည့်..၊ ဟိုကောင် ပုလင်းထောင်နေပြီ .."

"အဲဒါလည်း သူ့စိတ်ဆိုင်ရာ သူ့ခံစားချက်ပဲ၊ ဖြူ နဲ့ ဆိုင်နေရင် ဖြူ ရှင်းမယ်.. ဒါ ဒေါ်လေး ဝင်ပါရမယ့်အပိုင်းမှ မဟုတ်တာ၊ ခုလို စကားတွေပြောတာ ပိုဆိုးတယ် .."

"ဘာ!..."

"မောင့်အဒေါ်မို့လို့ ဒေါ်လေးတောင် အိမ်ပေါ်ရောက်လာသေးတာ .. ဖြူ ရှိတဲ့နေရာ ဖြူ့ ညီမ လာတာ ဘာဖြစ်လို့လဲ .."

"ဩော် .. သူများစကားကျတော့ ချောင်းနားထောင်တယ်ပေါ့"

"ချောင်းရအောင် ဒါ ဖြူ ပိုင်တဲ့အိမ်ပဲ ..၊ မသွားအပ်တဲ့နေရာ ဘယ်နေရာမှ မရှိဘူး၊ မောင် အရက်သောက်နေတာ သိလို့ ဖြူ လာတာ .. ဒေါ်လေးက ဖြူ့ ထက်အရင် ရောက်နေတာလေ၊ နေရာ





တကာ မပါမပြီး ရောက်နေတတ်တာ ဘယ်သူလဲ .."

"အမလေးလေး စွာလှချေလား လရိပ်ဖြူ၊ လူလေး အေးပုံအေးပန်းနဲ့ ကြည့်ပါဦး .."

ဒေါ်ခင်ခင် ရင်ဘတ်ထုပြီး မွန်းတည့် ကို လှည့်ကြည့်၏။

မွန်းတည့် က ဘယ်ကိုမှမကြည့်ဘဲ ပုလင်းကို လက်တစ်ဖက်နဲ့ ဆုပ်ကိုင်၍ ငိုင်တိငိုင်တိုင်ကြီး ထိုင်နေသည်။

"ညည်း ငါတို့တူဝရီးကို လုံးဝ လူရာမသွင်းချင်တာ ငါသိတယ်၊ ဒါပေမယ့် ..."

"ဒေါ်လေး ဘာဖြစ်လို့ မောင့်ကို ထည့်ထည့်ပြောနေတာလဲ.."

"ဩော် .. ဒါဆို လူရာမသွင်းချင်တာက ငါ့ကိုပဲပေါ့"

"ဖြူ တို့ လင်မယား ချစ်လို့ လက်ထပ်ခဲ့ကြတာ ..၊ မောင် မျက်နှာမငယ်ရအောင် ဖြူ့ မိဘဆီတောင် ဖြူ ပြန်မသွားဘူး၊ ဒါပေမယ့် ဒေါ်လေးကို မောင့်အဒေါ်မို့လို့ အိမ်ပေါ်ခေါ်တင်ပြီး တလေးတစား ကိုးကွယ်ခဲ့တာ .."

"အင်း .. လင့်မျက်နှာ မရှိရင် ကန်ချပစ်မှာပေါ့ .."

"ဒါကတော့ ဒေါ်လေး ကိုယ့်အဆင့်အတန်းကို သတ်မှတ်နေတာပဲ၊ သေချာတာက ဒေါ်လေးကို မောင်နဲ့လက်ထပ်ပြီးမှ တွေ့ဖူးတာ..၊ ငါတို့ တူဝရီးဆိုတဲ့စကားမျိုးနဲ့ မောင့်ကို ဆွဲသွင်းမပြောပါနဲ့.."

"အေးပါ .. ရှင်းပါပြီ၊ မကြည်ဖြူတဲ့အိမ်မှာ ငါကလည်း မနေပါဘူး"

ဒေါ်ခင်ခင် ထဘီတစ်ဖက် 'မ' ၍ ထွက်သွား၏။ ဖြူ့ အကြည့်



www.burmeseclassic.com

www.burmeseclassic.com



တွေ မောင့်ဆီ ရောက်သွားခဲ့သည်။

"ကဲ.. ပြောလို့ရပြီ မောင်၊ ခုနက စကားတွေ မောင် ဖြူ ကိုပဲ ပြောရမှာ .. ဘာဖြစ်လို့ ဘေးလူကို သွားပြီး ရင်ဖွင့်နေတာလဲ၊ ဖြူ မှားခဲ့တာရှိရင် .. ဖြူ ကို မကျေနပ်ရင် .."

"လရိပ်ဖြူ ..၊ မင်း .. မင်း .. သွားတော့ .."

"ဖြူ ကို မောင်က ဘာမှမပြောဘူး .. ဖြူ ဘာမှမဟုတ်ခဲ့တာတွေကို မောင့်ဘာသာ ကြိတ်ခံစားနေတာ၊ ရှေ့ဆက် ဘာတွေဖြစ်လာမှာမို့လဲ ..၊ ဒီတိုင်းသွားရင် ဖြူ တို့ အိမ်ထောင်ရေး အဆင်ပြေနိုင်မှာ မဟုတ်ဘူးဆိုတာ သိရက်နဲ့ .."

"မပြောတော့ ဘာဖြစ်လဲ ..၊ မင်းအတွက် မင်းရဲ့ဘေးမှာ ငါ့ ထက်သာတဲ့ကောင်တွေ ဝိုင်းဝိုင်းလည်လို့ပါ .."

"ဘာ!... မောင် ဘယ်လိုပြောလိုက်တာလဲ .."

မွန်းတည့် ခေါင်းငိုက်စိုက်ကျသွားတာကိုမြင်ကာ ဖြူ ဆက်မမေးတော့ဖို့ ဆုံးဖြတ်၍ ရှေ့တိုးလိုက်သည်။

"မောင် မူးနေပြီမို့လား .. ဖြူ လည်း မပြောတော့ဘူး၊ ထပါ.. အိပ်တော့နော်၊ မနက်ကျမှ ..."

"ဖယ် .."

ဖြူ ကို ဆောင့်တွန်းပစ်လိုက်သဖြင့် ဘေးက ထိုင်ခုံပေါ်မှာ နောက်ပြန်ထိုင်ကျသွားကာ ခေါင်းတွေ မိုက်ခနဲ ဖြစ်သွားသည်။ ထို့ပြင် ...

ညဝတ်အင်္ကျီဆို အဖြူရောင်တွေကိုပဲ ဝတ်တတ်သည့် ဖြူ ရဲ့





အင်္ကျီလက်ရှည်ပွပွက စားပွဲပေါ်မှာ ပေကျံနေသည့်အရက်တွေ စိုစွတ်၍ စွန်းထင်းကုန်၏။

"ငါ မမူးဘူး .. မင်းပြောတာတွေရော .. ဒေါ်လေးပြောတာတွေရော အားလုံး သိတယ်၊ အားလုံး ကြားတယ်၊ မင်း မှန်တယ် .. သူ မှားတယ်၊ ဒါပေမယ့် ဒေါ်လေးမှာ နေစရာမရှိဘူး၊ မင်း သူ့ကို မောင်းမထုတ်ပါနဲ့ .."

"ပြောပါ .. အဲဒီလို ပြောလိုက်ပါ၊ မောင် ဘာဖြစ်ချင်သလဲ..၊ ဖြူ ဘာလုပ်ပေးရမှာလဲ ..၊ မောင့်သဘောကျ မဖြစ်ဘူးဆိုရင် ကြိုက်သလို ပြော ..၊ အခု မောင် ဘာမှမပြောဘူး .."

"ဘာလဲ .. ငါက ဘာတွေကို ပြောရမှာလဲ .."

"မောင့်အဒေါ် နေစရာမရှိတာကိုတောင် ပူတတ်သေးရင် မောင်နဲ့ ဖြူ တို့ရဲ့ အိမ်ထောင်ရေး .."

"တော်တော့ .."

"ခွမ်း .."

မွန်းတည့် က စားပွဲမျက်နှာပြင်ပေါ်ကို လက်နဲ့ပွတ်ရမ်းပစ်လိုက်သဖြင့် ရှိသမျှ လဲပြိုကုန်ကာ အောက်ကျ ကွဲရှကုန်၏။ ပြီးတော့ ထိုင်ရာကနေ ယိုင်ခနဲ ထရပ်လိုက်ကာ ...

"မင်းက ဒီအိမ်ထောင်ရေးကိုပဲ ထည့်ထည့်ပြောနေပါလား ဖြူ..၊ ဘာလဲ .. ငါ နေချင်သလို နေခွင့်မရှိတော့ဘူးလား ..၊ ဒီတိုင်း မပြုပြင်ရင်တော့ မပေါင်းနိုင်ဘူးလို့ မင်း ပြောချင်တာလား .."

"မောင် .."



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ .."

ဖြူ ထရပ်လိုက်တာနှင့် မွန်းတည့် က ဘာကိုမှ နားမထောင်ချင်သည့်မျက်နှာနှင့် လက်ကာပြလိုက်၏။

"ဘာမှမပြောနဲ့ .. မင်းပိုင်တဲ့ဘဝကို မင်းကြိုက်သလို ရှက်လွှင့်၊ ငါ့ဘဝကိုတော့ ငါ ပိုင်ဆိုင်ခွင့်ရပါစေ .. မင်း လိုချင်သလို ချုံ့ချဲ့ပြီး ဘောင်မသွင်းပါနဲ့ .. ဟုတ်ပြီလား၊ သွားတော့ .."

"မောင် ပြောတာတွေ မူးလို့ပြောတာ မဟုတ်ဘူးဆိုတာ သေချာလား .."

"လုံးဝ သေချာတယ် .. မင်း လိုသလို ငါ့ဘဝကို အဖြစ်မခံနိုင်ဘူး၊ ကိုယ့်ဘဝနဲ့ ကိုယ်ပေါ့ .."

"ဖြူ ဒါကို မေးနေတာ မဟုတ်ဘူး မောင် .."

"ဘာလဲ ..၊ ဘာကိုလဲ .."

"ဖြူ့ ကြောင့် လက်ထပ်ခဲ့ရတယ်ဆိုတာတွေ .. ဖြူ က နှိပ်စက်နေတယ်ဆိုတာတွေ .. မောင် တကယ်ပဲ ဖြူ့ ကို မလိုချင်ဘဲ လက်ထပ်ခဲ့ရတာပေါ့ .."

ရီဝေနေသည့်မျက်လုံးတွေ ဖြူ့ မျက်နှာထက်မှာ ငေးစိုက်သွားသည်။ ပြီးတော့ အကြာကြီး ကြည့်နေပြီးမှ ဆတ်ခနဲ ခေါင်းညိတ်ကာ ...

"ဟုတ်တယ် .. မင်းကြောင့်လေ ..၊ ဖြစ်ပါတယ် .. ကြိုးစားကြမယ်ဆိုတဲ့ ဖိအားတွေပေးပြီး မင်း ဦးဆောင်ခဲ့လို့ ခုလိုဖြစ်ရတာ .."

ဖြူ မျက်နှာလေးတစ်ခုလုံး တရှိပ်ရှိပ် ရဲတက်လာ၏။





မွန်းတည့် က စားပွဲခုံမှာ လက်နှစ်ဖက်ထောက်၍ ပခုံးတွေလှုပ်အောင် ရယ်နေသည်။ အသံကျယ်ကျယ်တော့ မထွက် ..။

"မင်းက မင်း လိုသလို အသုံးချဖို့ ငါ့ကိုယူခဲ့တာပဲ၊ ခင်ပွန်းကောင်းအဖြစ် ဦးဆောင်ဦးရွက်ပြုစေချင်တာ မဟုတ်ဘူး .."

ဖြူ ဘာစကားမှ မပြောနိုင်ဘဲ မျက်ရည်တွေ တစ်ရစ်ချင်းတက်လာ၏။

"ဒေါ်လေး ပြောသွားတာ သူ့ဘက်က မပြောသင့်တဲ့စကားတွေပေမယ့် မှားတာ တစ်ခုမှ မပါဘူး၊ ဒီအိမ်မှာ မင်းကလွဲရင် .."

စကားတစ်ခွန်းမှမပြောဘဲ ရပ်ကြည့်နေသည့် ဖြူ့ ကို သူက ဖျတ်ခနဲ ငဲ့ကြည့်သည်။

"ပြောပါ .. မောင် ပြောချင်တာတွေ အားလုံး ပြော .."

"မင်းက ဘာဖြစ်လို့ ငိုရတာလဲ ..၊ ငိုရမယ့်ကောင်က ငါလေ၊ မင်းက ပျော်ရမှာပါ ဖြူ ရဲ့ .. ဟား .. ဟား .. ဟား .. ယောကျ်ားဖြစ်ပြီး လုံးလုံး အသုံးမကျလို့ ချောင်ထိုးခံထားရတဲ့ ငါက ငိုရမှာ .."

ပြောပြီး ရယ်လက်စနဲ့ပဲ မျက်ရည်တွေ မျက်ဝန်းထဲမှာ ပြည့်လာသည်။

"နောက် မခေါ်ပါနဲ့တော့ .. မင်း ဘယ်သွားသွား ဘာလုပ်လုပ် ငါ့ကို မခေါ်ပါနဲ့ ..၊ ပရိသတ်ဗိုလ်ဘုံအလယ်မှာ ငါ့ကို ဆွဲထုတ်ပြီး သိက္ခာမချပါနဲ့တော့ .. တောင်းပန်ပါတယ်"

"မောင် ပြောနေသမျှစကားတွေ အားလုံး ရှေ့နောက် ညီနေသားပဲ .."



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်သံလေးနဲ့ပြောရင်း မျက်ရည်နှစ်စက် ပါးပြင်ထက်သို့ လျှောဆင်းသွားသည်။ လက်သီးဆုပ်ထားတာတောင် ၢာက်တို့က တုန်ယင်လျက် ...

"ဒီစကားတွေအားလုံးကို မောင် တကယ် အတည်ပြောနေတာ ဆိုတာ ဖြူ လက်ခံသွားပြီ .."

"ဟုတ်တယ် .."

"ကောင်းပါပြီ .. မောင့်ကို ဖြူ ဘာမှ ဒုက္ခမပေးတော့ပါဘူး၊ ဖြူ လုပ်ခဲ့သမျှအားလုံး မောင့်ဘက်မှာ နက်ဂတစ်ဗ်ဖြစ်နေတယ်ဆို တော့ ရှင်းဖို့မှ မလိုတော့တာ .."

ဖြူ မောင့်ရှေ့ကနေ လှည့်ထွက်လာခဲ့စဉ် မျက်ရည်စက်တွေ မိုးရွာသလို ပြိုဆင်းလာကြ၏။ မှန်တင်ခုံရှေ့မှာ ထိုင်ပြီး အားပါးတရ ငိုပစ်လိုက်တော့လ ်း မျက်ရည်တွေက မကုန်နိုင် ..။

နောက်ဆုံး စိတ်ကိုတင်းကာ နေရာမှထရပ်ရင်း မျက်ရည်တွေ ကို သုတ်ပစ်လိုက်မိ၏။ လက်နဲ့ နှာခေါင်း နီးစပ်သွားကာမှ အရက် တွေ ပေလာသည့် အင်္ကျီလက်ဝကို သတိရသည်။

ဗီရိုဆီသွားကာ ညဝတ်အင်္ကျီတစ်ထည် ထပ်ထုတ်ပြီး လဲဝတ် နေစဉ် ...

"အို!... မောင် .. မောင် .. မလုပ်နဲ့လေ .."

အင်္ကျီလဲလို့ မပြီးသေးသဖြင့် ဖြူ အင်္ကျီရင်ဘတ်ကို အတင်းဆွဲ ဆေ့ကာ ...

"ဖြူ အင်္ကျီလဲနေတာ မောင် .."





မှန်းတည့် က ဘာမှစကားမပြန်ဘဲ ဖြူ့ ကိုယ်လေးကို တင်း ကျပ်စွာ ပွေ့ဖက်ကာ အတင်းအကျပ် နမ်း၏။

ကိုယ်ချစ်တဲ့သူပေမယ့် ရင်မခုန်နိုင်ဘဲ ဖြူ ရှက်ရှက်နှင့် အတင်း ပြန်ရုန်းနေမိသည်။ သို့သော် ...

"အမေ့!..."

သူမတစ်ကိုယ်လုံးကို ဓွေ့ခနဲ ပွေ့ယူလိုက်ကာ ...

"မောင်နော် .. ဖြူ မအိပ်သေးဘူး၊ ဟင့်အင်း .. လွှတ် .."

မွေ့ရာပေါ်ကို နှစ်ယောက်စလုံး ရောထွေးကျသွား၏။

ပြီးတော့ အရိုင်းဆန်သော ကြမ်းရှသည့်အနမ်းများနှင့် နှိပ်စက် လေသည်။ အချစ်ဖြင့်အတိပြီးသော နူးညံ့ညင်သာသည့် ထိတွေ့မှုမျိုး မဟုတ်ဘဲ သွေးဆူနေသည့်အနမ်းတွေမို့ ရုန်းလို့မရသည့်အခါ ဖြူ မျက်ရည်တွေ စီးကျလာ၏။

ယူပါတော့ .. လိုရာယူပါ မောင် ...၊

ခုချိန်မှာ မောင် ပြောသွားသလို ဖြူ ကသာ လိုသလို အသုံးချ ခံနေရတဲ့သူပါဆိုရင် မောင် ဟားတိုက်ရယ်ဦးမှာလား ...၊

ကိုယ့်မှာတော့ မရယ်နိုင် .. မျက်ရည်မိုးဇွေလျက် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ထပ်ပြောပြန်ပြီလား ကာရံ .."

"မေမေကလည်း ကိုယ့်အစ်မနဲ့ နေမယ့်ဟာကို .."

"ကိုယ့်အစ်မနဲ့မို့လို့ ပြောနေတာ ..၊ သမီး အဲဒီလို ကျန်နေခဲ့မှန်းသိရင် သမီးဖေဖေ မေမေ့ကို ဘာပြောမလဲ .."

"သြော် .. နှင်း ကလည်း သူ့အဒေါ်နဲ့ ကျန်ခဲ့တာလို့ ပြောလိုက်ပေ့ါ၊ ဟိုမှာ တစ်နှစ်လောက်ကြာမှာဆိုတော့လည်း ကလေးက ဘယ်နေချင်ပါ့မလဲ .."

ဒီသမီးနှစ်ယောက်နဲ့ ပတ်သက်လို့ ပြောရတိုင်း မမ အမြဲတမ်း ကာဆီး ကာဆီးနဲ့ပါ ..။

ဖျတ်ခနဲ လှည့်ကြည့်လိုက်သည့်အကြည့်ကို ဒေါ်သီဂီမြင့် ကလည်း သိသည်။





"ပြောပြတာပါ နှင်း ရယ် .. ငါလည်း အိမ်စောင့်ကျန်ခဲ့ရမှာဆိုတော့ တို့တူဝရီး နေခဲ့တယ်ဆိုတာ သဘာဝကျပါတယ်"

"သဘာဝကျတာ မကျတာကို ထားလိုက်ဦး မမ၊ ဖြူ နဲ့ဆက်သွယ်မှာကို မလိုလားတာ ..၊ ပြီးတော့ ဟိုမှာ သွားနေဦးမယ်တဲ့၊ မွန်းတည့် က အစက ကိုယ့်ရဲ့ဒရိုင်ဘာ .. အခု ခဲ့အိုလို ဆက်ဆံရတော့မယ် .."

"ကိုယ့်အစ်မနဲ့ ညားနေပြီကိုး .."

"သူတို့လင်မယားချင်း ဘယ်လိုနေနေ .. ဘယ်လိုခေါ်ခေါ်လေ.. သမီးငယ်ကို ထပ်ပြီး လေးစားသမှုတွေ မပြုနိုင်းနိုင်ဘူး .."

"ဒါကတော့ ကိုယ့်ဒရိုင်ဘာလည်း ကိုယ့်ထက်အသက်ကြီးရင် 'ကို'တပ်ခေါ်ရမှာပဲ ..၊ ခုလည်း ဒီတိုင်း ပြောဆိုသွားရုံပါပဲ၊ ဖြူကလည်း ငါ့ယောက်ျားကို ဘယ်လိုလေးစားပါ၊ ဘယ်လိုနေပါနဲ့ ပြောမှာ မဟုတ်ဘူး၊ သူ့ညီမလေးကို ချစ်လိုက်တာ တုန်နေတာပဲ၊ ညီမစိတ်ကြိုက် ထားမှာပါ၊ မိုနိုရအောင် သွားနေတာလည်း မဟုတ်ဘဲနဲ့ နှင်း ရယ် .."

"အို .. နှင်း မကြိုက်ဘူး .."

"မကြိုက်ပါနဲ့ .. ထားကြည့်လိုက်ပါဦး ..၊ မွန်းတည့် က ယောက္ခမ ကြည်ဖြူတော့မယ်ထင်ပြီး သူ့ခယ်မကို မျက်နှာသာပေးပြီးတော့တောင် ဆက်ဆံဦးမှာ .."

"ကလေးတွေကို ဆူပြီဆို မမက တစ်မျိုး .."

"တစ်မျိုးကလည်း တစ်မျိုးပါပဲ နှင်း ရယ် .. နင့်ကို ဘယ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ကများ အလွယ်တကူ ပြောဆိုရဖူးလို့လဲ ..၊ ယောကျ်ားဖြစ်တဲ့သူက ဒေါသကြီးတယ်၊ မိန်းမဖြစ်တဲ့ နင်က ခေါင်းမာတယ်၊ အဲဒါ သမီးကြီး က နင်နဲ့တူတာ .."

"အံ့မယ် .."

"ဟုတ်တယ်လေ .. အေးအေးလေးနဲ့ လုပ်စရာရှိတာ ပြတ်ပြတ် သားသား လုပ်သွားတာ .."

"သူ့အကြောင်း မပြောနဲ့ မမ .. သူ့လိုမိန်းမ သူပဲရှိတာ၊ နှင်း သာ သူ့လို ပြတ်သားနိုင်ရင် .."

"အေးပါ .. အဲဒါကြောင့် ပြောတာပေါ့၊ မိဘက သားသမီးကို စိတ်နာတယ် .. စိတ်ကုန်တယ်ဆိုတာ မရှိပါဘူး၊ နင်တို့လင်မယား စိတ်ဆိုးနေကြတာ နေပါ၊ ညီအစ်မချင်းတော့ ပေးတွေ့လိုက်ပါ နှင်း ရယ် .. ငါကလည်း စောင့်ကြည့်နေမှာပါ .."

"ဖအေက မေးလာရင် ဘယ်လိုပြောမလဲ ..၊ ဒီက သမီးကြီးရဲ့ ပြဿနာတွေကြောင့် တစ်အိမ်လုံး စိတ်ရှုပ်ထွေးနေကြမှန်းသိလို့ စိတ် ပြေလက်ပျောက် လာနေပါလို့ ခေါ်တဲ့ကိစ္စ .."

"မဖြစ်ဘူး မမ .. သမီးကြီးနဲ့ ပတ်သက်နေတယ်ဆိုရင် သူ့အဖေ ခွင့်လွှတ်မှာ မဟုတ်ဘူး .."

"အစက သမီးငယ်ကိုယ်တိုင် သူ့အစ်မကို စိတ်ဆိုးနေသေးတာ နှင်း ရယ် .. နင် ပြောတတ်ရင် ဖြစ်ပါတယ်၊ ပြောမယ့်သာပြောနေတာ သူ့အဖေကလည်း သူ့အားထားရဆုံး သမီးကြီးကို ဒေါသတွေကြားထဲ က နှမြော တမ်းတနေမှာပါ .."





"မမနော် .. အဲဒီလိုစကားတွေကို သမီးကြီးကို နည်းနည်းမှ သွားမဟပါနဲ့ .."

"သြော် .. ငါ နားလည်ပါတယ် နှင်း ရယ် .. နင့်ထက် အသက် ကြီးလို့ အစ်မကြီးဖြစ်နေတာ သတိရစမ်းပါ၊ ကဲ .. ဒါဆို ခရီးသွား ဖို့အတွက် ကောင်မလေးတွေကို ပြင်ထားဖို့ သွားပြောလိုက်တော့ မယ် ..၊ အဲ .. မဟုတ်သေးပါဘူး .. ငါကိုယ်တိုင် ထည့်လျှို့ပေးမှ ဖြစ်မှာပါ"

ဒေါ်သီဂီမြင့် ထထွက်သွားသည်နှင့် ဒေါ်နှင်းပွင့်ဖြူ က နှင်း ကာရံ ကို ကြည့်၍ ...

"သမီးနဲ့ ဟိုကောင်လေး အခြေအနေရော .."

"ဘယ်သူလဲ မေမေ .."

"တိမ်တိုက် .."

"သြော် ..."

ကာရံ မျက်နှာ ကွက်ခနဲ ပျက်သွားတာကို ဒေါ်နှင်းပွင့်ဖြူ က အမိအရဖမ်းကာ...

"မေမေ သဘောမတူဘူးလို့ ပြောပြီးသားနော် ..၊ ဒါမျိုးဆိုရင် ရွှေထွက်အောင် ချမ်းသာနေပစေ လုံးဝ သဘောမတူဘူး .."

"ဟုတ်ကဲ့ပါ .."

"မိဘကွယ်ရာမှာ ထင်ရာလုပ်ဖို့ စိတ်ကူးရှိနေရင် ကြိုသတိပေး လိုက်မယ် .. နောက်ထပ် မိဘနှစ်ပါးရဲ့မျက်နှာကို ဘယ်တော့မှ မမြင် ရတော့ဘူး မှတ် .."



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက် အတူတူ အိပ်ချင်ပါတယ်လို့ ပြောတာတောင် သူမ ခေါင်းမညိတ်နိုင်တာကို ညီမလေး ဝမ်းနည်းသွားမလား မသိ ..။

"ကာရံ က စတာပါ မမရဲ့ .. ဒီလောက်တော့ ကာရံ သိတတ်ပါတယ် .."

ဖြူ မျက်နှာပျက်သွားတာကို ကာရံ က ပါးလေးတစ်ဖက်ကို နမ်းလိုက်ပြီး ပြန်ချော့သည်။

တကယ်တော့ မမ မျက်နှာလေး ဟိုအရင်လို တင်းပြည့် ဖြူနုမနေတော့ဘဲ ခပ်ချောင်ချောင် နွမ်းလျှသည့်ပုံ ဖြစ်နေတာကို ကာရံ သတိထားမိနေသည်။

မမရဲ့အိမ်ထောင်ရေး အဆင်ပြေရဲ့လား ဖွင့်မေးဖို့ မလိုအောင် လူကြီးတွေ ပြောနေကြတာတွေက နားရည်ဝနေပြီမို့ သူမ မေးလည်း မမေးချင်တော့ပေ ..။

အစက သဘောတူတူ မတူတူ ဘယ်လိုသဘောပဲ ထားခဲ့ပါစေ.. မမ စိတ်ချမ်းသာနေတယ်ဆိုရင် တော်သေးသည်။

ခုတော့ ...

"ညီမလေး ဘာဖြစ်သွားတာလဲ ..၊ ကားထဲမှာ တစ်ခုခု မေ့ကျန်ခဲ့လို့လား .. မမ သွားယူလိုက်မယ် .."

"ဟင့်အင်း .. မဟုတ်ပါဘူး၊ အိမ်အဝင်ဝမှာ တွေ့လိုက်တဲ့ အဒေါ်ကြီးက မမပြောတဲ့ ကိုနွေ့ အဒေါ် ဆိုတာလား .."

ကာရံ စကားလွှဲပြောလိုက်တော့ ဖြူ က ခေါင်းညိတ်ပြသည်။





"ဟုတ်တယ် .. အိမ်မှာ လူကြီးသူမလဲ ရှိ၊ အစစအရာရာလည်း စိတ်ချရတယ်လေ၊ ဟို .. ညီမလေးကိုလည်း မမ တစ်ခုတော့ တောင်းပန်ပါတယ်"

"ဟင် .. ဘာလဲ မမကလည်း ..၊ လန့်တောင်လန့်တယ် .."

"လန့်စရာ မဟုတ်ပါဘူး ..၊ ဒီလိုလေ .. မောင်က မမရဲ့ ယောကျ်ားဆိုတော့ ညီမလေးရဲ့ခဲအို ဖြစ်သွားပြီလေ၊ ဟိုတုန်းက ကိုယ့်ရဲ့ဒရိုင်ဘာ ဖြစ်ခဲ့တဲ့လူဆိုတာကို .."

"မမရယ် .. ကာရံ နားလည်ပါတယ် ..၊ သူ့ကို ဒရိုင်ဘာလို ဆက်ဆံရင် ကာရံ က ကိုယ့်အစ်မခေါင်းကို နင်းသလို ဖြစ်နေမှာပေါ့၊ သူ့ရဲ့ဂုဏ်သိက္ခာကို ချနေလို့လည်း ကာရံ တို့ ဂုဏ်တက်လာမှာမှ မဟုတ်တာ .."

"အပွန်း .. ညီမလေးက မမထင်တာထက်တောင် လိမ္မာနေသေးတယ်၊ ဒါပေမယ့်လေ .. ဒေါ်လေးကိုတော့ အရမ်းလေးစားနေဖို့လည်း မလိုဘူး၊ မလေးစားတဲ့ အပြုအမူမျိုးနဲ့လည်း မဆက်ဆံပါနဲ့၊ ကိုယ့်ဘာသာ မှန်မှန်ပဲနေ၊ ကိုယ်စားချင်တာရှိရင် လုပ်စား၊ သူ့ကို မခိုင်းနဲ့ .. မမ ရှိနေရင် မမ လုပ်ပေးမယ် .. ဟုတ်ပြီလား .."

ညီအစ်မနှစ်ယောက် အပေါ်ထပ်ကိုကြည့်ပြီး ဆင်းလာကြရင်း စကားပြောကောင်းနေကြသည်။

ဖြူ က ဖြူနွဲ့နွဲ့ ဆံပင်ရှည်လေးနဲ့ဖြစ်ကာ ကာရံ ကတော့ ဖွံ့ထွားသည့်ကိုယ်လုံးလေးနဲ့ အရပ်လည်း ပိုမြင့်သည်။

ပြီးတော့ မျက်နှာလေးချိုသလောက် ပခုံးအောက်ဆံပင်ဖြီး



www.burmeseclassic.com

www.burmeseclassic.com



ကို အောက်ဖျားလေးတွေ ခွေထားသဖြင့် ချစ်ဖို့ကောင်း၏။

မျက်နှာအရ ဖြူ့ လောက် မလှပေမယ့် ချစ်စရာကောင်းတာလေးကြောင့် ပေါ်လွင်နေသူ ဖြစ်သည်။

"ကာရံ .."

"ရှင် .. မမ .. ပြောလေ .."

"သင်တန်းတက်မယ့်အစား မမနဲ့ ကုမ္ပဏီကို လိုက်ခဲ့ပါလား..၊ စီးပွားရေး ပညာရေး လူမှုရေးနယ်ပယ်ပါ ညီမလေး လေ့လာလို့ရတာပေါ့"

"မလိုက်ချင်ပါဘူး မမကလည်း ..၊ အဲဒါ ဝါသနာပါတယ်ဆိုရင် ကာရံ မမထက်တောင် တော်နေလောက်ပြီ .."

"အင်း .. မမ သိပါတယ်၊ ဒါပေမယ့် ..."

ဖြူ့ မျက်နှာမကောင်းတာကို သိနေသဖြင့် ကာရံ မမေးဘဲ မနေနိုင်တော့ဘဲ ဖြစ်လာကာ ...

"မမ တစ်ခုခု ပြောရခက်နေတာ ရှိလို့လားဟင်.. မမတို့ အဆင်မပြေကြဘူးလား၊ ကာရံ လာနေတဲ့အတွက် .."

"အို .. မဟုတ်တာတွေ ညီမလေးကလည်း၊ မမက ကုမ္ပဏီမှာပဲအနေများတော့ ညဘက်လေးကျမှ ညီမလေးနဲ့ဆုံရမှာလေ၊ ညီမလေးကို တစ်ယောက်တည်း ငေါင်နေမှာစိုးလို့ပါ၊ မောင် နေတာထိုင်တာလည်း သိသားနဲ့၊ သူက စကားအရမ်းနည်းတာ .."

"ကာရံ ကလည်း သူနဲ့ စကားပြောရဖို့ မျှော်လင့်နေမှာမှ မဟုတ်တာ၊ သင်တန်းချိန်တွေကို တတ်နိုင်သမျှ မမနဲ့ ပြန်ချိန်တူ





အောင် ညှိပြီး တက်မယ်၊ နောက်ပြီး တီလေးက ကားထုတ်ပေးမယ်တဲ့၊ မမနဲ့ မနေချင်ဘူးဆိုရင်လည်း .."

"အို .. မသွားရပါဘူး၊ မေမေတို့ နိုင်ငံခြားမှာရောက်နေတဲ့ဟာ.. ညီမလေးက မမဆီမှာပဲ နေရမှာပေါ့ .."

"တီလေးကလည်း သိပါတယ် မမရဲ့ .. ကာရံ လိုက်မသွားချင်ဘူးဆိုတည်းက မမနဲ့ နေတော့မှာမှန်း သိတယ် .."

"မေမေကတော့ မမနဲ့နေမှာ စိုးရိမ်မှာပဲနော် .."

"စိုးရိမ်နေမှာတော့ မဟုတ်ပါဘူး .. မေမေက သိပ်အ,တာမှ မဟုတ်တာ မမကလည်း ..၊ ဒီပုံစံဖြစ်လာမှာပဲဆိုတာ ရိပ်မိမှာပါ၊ တမင်ထားခဲ့တာကလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ မိဘပဲ မမရယ် .. ဒေါသ ဘယ်လောက်ထွက်ထွက် ရင်ထဲမှာတော့ အမြဲရှိနေမှာပါ၊ မမကသာ မိဘကို လာလည်း မတောင်းပန်ဘူး၊ ဖုန်းလေးတောင် မဆက်ဘူး .."

မမကို သနားတော့ ဖုံးဖိပြီး မညာရက်ပါ။

ဒီကိုလာတာ မေမေ သိနေတာပဲမို့ မုသားလွှတ်ရုံတော့ ပြောပြလိုက်မိသည်။

ဖြူ့ က သက်ပြင်းချလိုက်ရင်း လေ့ကားရင်းရောက်မှ ရပ်လိုက်၏။

"မမ လုပ်ခဲ့တဲ့အပြစ်က မေမေတို့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့အပြစ်ပါ ညီမလေးရယ် .. ခွင့်လွှတ်တယ်ဆိုရင်တောင် တစ်သက်လုံးအရှက်ရ မျက်နှာပူသွားရမယ့်အပြစ်မျိုး ..၊ တြိဂံနဲ့စက်ဝိုင်းကို ထပ်တူ



www.burmeseclassic.com

www.burmeseclassic.com



ပြုလို့ ဘယ်လိုမှ မရနိုင်သလိုပေါ့၊ လူကြီးတွေ ပြောကြဖူးတယ်လေ.. အသက်အရွယ် အရမ်းကွာရင်လည်း အိမ်ထောင်ဖက် အသက်မရှည်တဲ့၊ အဆင့်အတန်း အရမ်းကွာပြန်တော့ အနူလက်နဲ့ ရွှေခွက်နှိုက်သလိုပဲလေ .."

"မမ အခု စိတ်ညစ်နေရပြီလားဟင် .."

"အင်း .. ဒါတွေ ညီမလေးကို မပြောသင့်ပေမယ့် ညီမလေးက ဒီမှာ အကြာကြီးနေမှာဆိုတော့ တဖြည်းဖြည်း သိလာမှာပဲ၊ ညကျရင် မမ ပြောပြမယ်နော် .. ဒါပေမယ့် တီလေးကို လုံးဝ မပြောရဘူး၊ တီလေး သိရင် မေမေ သိမှာပဲ .."

တီလေးက မေမေ့ထက်အကြီးပေမယ့် တီလေးလို့ပဲ ခေါ်ကြတာက ချစ်စနိုးနဲ့ပါ။

တီလေးလို့ ပြောကာမှ မေမေ့ကို သတိရမိကာ ...

"မမက မေမေ့ဆီကို ဘယ်တော့မှ မလာတော့ဘူးလား၊ ငါမှားတာပဲဆိုပြီး ဒီတိုင်း နေတော့မလို့လား .."

"ဒါက ..."

"ဘာဖြစ်လဲ မမရယ် .. မေမေက မမမျက်နှာ မြင်လိုက်ရင် ဒေါသတစ်ဝက်တော့ ပြေမှာပါ၊ ကိုယ့်မိဘအိမ်ပဲ မေမေ မကြည်သေးရင်လည်း ဝင်ထွက်နေပေါ့ မမရယ် .. နောက်တော့ အဆင်ပြေသွားမှာပါ၊ နောက်ပြီး သူဌေးတိုင်းလည်း သူဌေးနဲ့ချည်းပဲ ညားသွားကြတာ မဟုတ်ပါဘူး၊ ဒီလိုအဖြစ်မျိုးတွေ ဟိုးရှေးရာဇဝင်တွေထဲမှာတောင် ရှိခဲ့တာပဲ .. မဟုတ်ဘူးလား .."





"အေးပါ .. အဲဒါတွေကို ထားလိုက်ပါဦး၊ ညီမလေးကရော မမဆီမှာ တကယ်ကြာကြာ နေနိုင်ပါ့မလား .. တော်ကြာ တီလေးဆီပဲ သွားနေတော့မယ်ဆိုပြီး ပြန်မပြေးနဲ့နော် .."

"အဲဒါ မမက ပြောမှာပါ .. ဒီကောင်မလေး နေရာတကာ ဝင်ပါတယ်ဆိုပြီးတော့ .."

"လုံးဝ မပြောဘူး .."

"ဒီကလည်း လုံးဝ မပြန်ဘူး .."

နှစ်ယောက်သား ပခုံးဖက် ခါးဖက်နှင့် ရယ်မိကြသည်။

ညီမလေး နှစ်ရက် သုံးရက်လောက် နေလိုက်တာနှင့် စိတ်ညစ်သွားမှာကို တွေးမိကာ ဖြူ စိတ်မကောင်းနိုင် ...။

အရာရာဟာ ကိုယ်ဖန်ဆင်းခဲ့တာမှ မဟုတ်ဘဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ကိုကို .."

"ဟုတ်တယ် ခင်ဗျားရဲ့ ကိုကို ...၊ ဘာဖြစ်လို့ မပြောမဆိုနဲ့ ထွက်သွားတာလဲ .."

"ဩော် .. ကိုကိုပဲ ပြောတယ်နော် .. အရေးအကြောင်းရှိတိုင်း ပြေးပြောရအောင် ကိုကိုက အချိန်တိုင်း အိမ်မှာရှိနေလို့လား ...၊ ဖုန်းဆက်တော့ရော ရလို့လား .. ဖုန်းနံပါတ်တွေ တစ်သီတစ်တန်းကြီးနဲ့ ဘယ်ဖုန်း ကိုင်ထားမှန်း မသိ ...၊ ဘယ်အချိန်မှ ကိုင်မှာလဲ မသိ ...၊ ကိုယ့်ကိုယ်ကိုယ် ရည်းစားထားနေရတာလား၊ ဝရမ်းပြေး ဖမ်းနေရတာလားတောင် မသိတော့ဘူး .."

"ဟား .. ဟား .. ဟား ..."

ဖုန်းထဲကရယ်သံ ကြားတော့လည်း ကာရံ ငိုမဲ့မဲ့လေးနှင့် လိုက်ပြုံးမိပြန်သည်။





"ကိုယ် တစ်ခုပဲ မေးရသေးတယ်၊ ရန်ကွေ့လိုက်တာကွာ .. စက်သေနတ်ပစ်တာ ကျနေတာပဲ၊ မင်းရဲ့ရည်းစားက ဝရမ်းပြေး ဖမ်းနေရတာလေ၊ အဲဒီတော့ ဖမ်းနေရတဲ့လူကလည်း ဝရမ်းပြေးလိုပဲပေါ့၊ နောက်ဆုံး ရန်တွေ့လိုက်တာ မှန်တယ် .."

"ကိုကိုနော် .. စိတ်တိုတိုနဲ့အော်ပစ်လိုက်ရရင် အိမ်မှာ ရှိသမျှလူတွေ နိုးကုန်တော့မယ် .."

"မအော်နဲ့လေ .. အခု ကိုယ် လိုက်လာမယ်၊ ဘယ်လိုလဲ .."

"တကယ်လား .."

"တကယ်ပြောတာပေါ့ .."

"အင်း .. ဒါပေမယ့် ကိုကိုက ဘယ်မှာတည်းမှာလဲ .."

"ချာတိတ်နဲ့ နီးတဲ့နေရာ ...၊ အဲ .. ဒါမှမဟုတ် ချာတိတ်ကို မြင်နေနိုင်မယ့်နေရာပေါ့ .."

"ဟာ .. အဲဒါဆို စဉ်းစားမိပြီ ...၊ မမတို့လမ်းထိပ်လောက်မှာ ဟိုတယ်လ်အကြီးကြီး ရှိတယ် .."

"ရွှေဝါချိုင် တဲ့ .."

"ဟင်!... ကိုကို ဘယ်လိုလုပ် သိနေတာလဲ .."

"ဒီလိုပဲပေါ့ .."

"ကိုကိုနော် .. သူနဲ့စကားပြောပြီဆို ဘာဖြစ်ဖြစ် သိနေတာချည်းပဲ၊ ဒီက သိချင်လို့မေးရင် ဘာမှပြန်မပြောဘူး .."

"လူကြီးတွေ သိတိုင်း ကလေးတွေ ဘယ်သိမလဲကွ၊ မင်းက ချာတိတ်လေးပဲဟာ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အဲဒါပဲပြောနေရတာ အံရသာရှိလား .."

"ဟာ .. ဟော့ .. ငိုသွားတာလား .. ဆောရီးပါကွာ၊ ချစ်လို့စမှန်း လည်း မသိဘူး .."

"ချစ်တာလည်း မယုံပါဘူး၊ စတယ်လို့လည်း မထင်ဘူး၊ ကိုကို့ ကို ကာရံ က တကောက်ကောက် လိုက်ကြိုက်ရတာ .."

"အဲဒါတွေ မပြောရဘူး .."

"ပြောမှာပဲ .. လူကြီးတွေကတော့ သဘောမတူဘူး၊ မကြိုက် ရဘူးနဲ့ တကယ်တမ်းကျတော့ ဒီက လိုက်ကြိုက်ရတာကို ဘယ်သူမှ မသိဘူး .."

"ချာတိတ်ရာ .. ဘာဖြစ်လို့ စိတ်ကောက်တိုင်း အဲဒါကို ထည့် ထည့်ပြောရတာလဲ၊ ကိုယ် မင်းကို ဘယ်လောက်ချစ်သလဲဆိုတာ သက်သေမပြနိုင်ပေမယ့် ဟန်ဆောင်တာကိုတော့ လုံးဝ မုန်းတယ်၊ ဒါကြောင့် ကိုယ် ဘယ်တော့မှ ဘယ်သူ့ကိုမှ ဟန်ဆောင်ပြီး မဆက် ဆံဘူး .."

ဆိုးလို့ရလို့ ဆိုးနေတာလည်း မှန်သည်။

ဒီအကြောင်း တွေးမိတိုင်း ကိုကိုက ငါ့ကို တကယ်ချစ်ရဲ့လား လို့ တွေးမိလာတတ်တာလည်း တကယ်ပဲ ဖြစ်သည်။

ဒါပေမယ့် ကိုကို ပြောတိုင်းပဲ အသည်းထဲပေါက်အောင် စွဲနေ တတ်တာ ယုံကြည်တာပဲ မဟုတ်လား ..။

"ဟော့ ဘာလုပ်တာလဲ ..၊ အိပ်ငိုက်သွားတာလား .."

"မငိုက်ပါဘူး .. ဒီည ကိုကို့ကို နှိပ်စက်မှာ .."





"ဘယ်လိုနှိပ်စက်မှာလဲ .. ပြောပါဦး"

"တစ်ညလုံး ဖုန်းပြောမယ် .."

"အိုခေ .. ဖုန်းအရင်ချတဲ့သူကို ဘယ်လိုဒဏ်ခတ်ရမလဲ ..၊ အဲဒါပါ ထည့်ပြော .."

"ကိုကိုပဲ အရင်ချမှာဆိုတော့ .."

"မင်း တကယ် သေချာတယ်နော် .."

"ဘာလို့ မသေချာရမှာလဲ .."

"ဟုတ်ပြီ .. ဒါဆို ကိုယ် သတ်မှတ်မယ်၊ ဖုန်းအရင်ချတဲ့သူကို နိုင်တဲ့သူက ငိုသွားအောင် နမ်းကြေး .."

"ဟာ .. ကိုကိုနော် .."

"ဟား .. ဟား .. ဟား .. တွေ့လား .. ရှုံးမှာသေချာတဲ့လူက ကြောက်နေပြီ၊ ကိုယ်ကတော့ မကြောက်ပါဘူး၊ ရှုံးလည်း မင်းကြိုက် သလောက် နမ်း .. ကိုယ် လုံးဝ မငိုဘူး .."

"ကြည့်ပါလား .. သွား .."

ကာရံ အနားမှာ သူ တကယ်ရှိနေသလိုမျိုး စိတ်လွတ်ကာ လက် သီးဆုပ်၍ ထုပစ်မိတော့မလိုတောင် ဖြစ်သွားခဲ့၏။ တစ်ယောက် တည်းနေရင်း ပါးပြင်လေးတွေလည်း ရဲတွတ်နေလေသည်။

"ဘယ်လိုလဲ .. အရှုံးပေးနေတာလား၊ ဒါဆိုလည်း မြန်မြန်ပြန် ပြောကွာ .. နမ်းမလို့"

"အံမယ် ..၊ မရဘဲနဲ့များ .. ဟွန်း .."

"ဟား .. သိပ်ရတာပေါ့၊ ဖုန်းထဲမှာဆို မင်းကို ကြိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



တောင် ဖက်ထားလို့ ရသေးတယ်၊ မယုံရင် အဲဒီအတိုင်း မျက်လုံးတွေ မှိတ်ပြီး ငြိမ်ငြိမ်လေး တစ်မိနစ်လောက် နေပေး ..”

“ဟာ .. မသိဘူး၊ ကိုကိုနော် .. သွား ..”

ကိုကို့ရယ်သံတွေကြောင့် ရင်ခုန်နေရတာ အတူတူ တွေ့နေရတဲ့ အတိုင်း ..။

“ကိုကို ..”

“ဟင် ..”

“အရမ်းလွမ်းတယ် ..”

“ကိုယ်လည်း လွမ်းတယ် ..၊ အဲဒါကြောင့် ခုနလို ခဏ ..”

“ကိုကိုနော် ..”

“မပေးချင်ဘူးလား ..”

“ဟင့်အင်း ..”

“အေးပေါ့လေ .. မပေးတော့လည်း ခွဖော်ယူလို့မှ မရတာ ..”

“ကိုကို့ ..”

“ပြော ..”

“စိတ်ဆိုးသွားတာလား ..”

“ဟုတ်တယ် .. ခင်ဗျား စိတ်ဆိုးတာပဲ ချော့နေရတော့ ကိုယ်လည်း ဆိုးကြည့်ချင်တယ် ..”

“ကာရံ ကလည်း ကိုကို ကျေနပ်အောင် ချော့နိုင်ပါတယ်၊ ဒါပေမယ့် ဝေးနေကြတဲ့ဟာကို ..”

စိတ်ဆိုးသလိုပုံဖမ်းထားသည့် သူ့လေသံ ပျော့ကျသွားကာ ရယ်





သံသဲ့သဲ့ကို ကြားရ၏။

“အလကား ချစ်လို့ စကြည့်တာ ..၊ ကိုယ့်ချာတိတ်ကိုပဲ စိတ်ကောက်ဆိုးနွဲ့ဖို့ ပါမစ်ပေးထားတာ၊ ကိုယ်က ဘာဖြစ်လို့ စိတ်ကောက်ရမှာလဲ ..၊ ချာတိတ် ကြိုက်သလို ဆိုး .. ကိုယ် ချော့မယ်”

“တကယ်ဟုတ်လို့လား ကိုကိုရယ် .. ကိုကို့အလုပ်အကိုင်နဲ့ ကိုကို့စိတ်ဓာတ် မာကျောကျောနဲ့ ကာရံ က အဲဒီလိုမထင်ဘူး ..”

“ဘယ်လိုထင်လဲ ပြော ..”

“စိတ်ဓာတ်ခက်ထန်မှာပဲလို့ .. ပြီးတော့ သည်းခံတတ်မှာ မဟုတ်ဘူး .. ဒေါသကြီးမယ်၊ လက်မြန်မယ်လို့ ..”

“အဲဒါတွေ မင်းအပေါ်မှာ ကိုယ် ရှိခဲ့ဖူးလား ..”

“ဟင့်အင်း ..”

“ဒါဆို မတွေးနဲ့တော့ .. အထင်တစ်ခုခုကို လက်တွေ့ဘောင် ဝင်လာအောင် ပုံဖော်ကြည့်နေရတာ အရမ်းပင်ပန်းတယ်၊ ပြီးတော့ အချိန်တွေ ကုန်တယ် ..”

“ဒါပေမယ့် ကိုကိုက ဘယ်လိုလူပါဆိုတာကော့ ကိုကိုကိုယ်တိုင် အာမခံတာလေး ကြားချင်တာပေါ့ ..”

“ကိုယ့်အသက်ကိုတောင် အာမမခံနိုင်တာ ချာတိတ်ရာ .. မင်းတစ်ဘဝလုံး လုံခြုံအောင် စောင့်ရှောက်ပါ့မယ်လို့ ကိုယ့်အသက်နဲ့ ရင်းပြီး အာမခံရင်ရော .. မင်းကို လက်ထပ်ပြီးတာနဲ့ ကိုယ် သေသွားခဲ့ရင် ...”

“ဟာ!... တော်ပြီ .. တော်ပြီ .. အဲဒါ မပြောနဲ့တော့ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မပြောနဲ့တော့ .. အချစ်ကို အာမခံထားမှ ယုံတယ်ဆိုတာလည်း မကောင်းဘူး၊ ကိုယ်ဆိုရင် ဒီကောင်မလေး ငါ့အပေါ် တစ်နေ့ အခါနှစ်ဆယ်လောက် စိတ်ကောက်နေမလားလို့လည်း မစိုးရိမ်ဘူး၊ လူကြားထဲရောက်မှ ရှုံ့ရှုံ့ပါချင်တယ်ဆိုပြီး ခြေဆင်း ငိုမလားဆိုတာလည်း .."

"ကိုကို့ .."

"ဗျာ.."

"ကိုကို ကာရံ့ကို ကလေးသူငယ်တစ်ယောက်လို့ပဲ တစ်ချိန်လုံး မြင်နေတာလား .."

"အင်း .. ဘယ်လိုပြောရမလဲ ..၊ ကြီးရင်မှီ ငယ်ရင်ချီ ဆိုတဲ့ စကား ရှိတယ်လေ .. ကိုယ့်အသက်အရွယ်နဲ့ မင်းနဲ့ဆိုရင် .."

"ဟုတ်ပါတယ် .. ကာရံ တို့ ညီအစ်မကိုက ဘယ်လိုကျိန်စာ တွေသင့်ပြီး မွေးထားခဲ့မှန်း မသိဘူး .."

"လုပ်ပြီ .."

"ကိုကို ကာရံ့ကို ဂရုမစိုက်ဘဲနေခဲ့တာတွေက အသက်အရွယ် ကွာလို့ပဲ မဟုတ်ဘူးလား .."

"ဒါကြောင့်ချည်းပဲတော့ မဟုတ်ဘူးကွ .. ကိုယ်က ..."

"မာနကြီးတာလည်း ပါတယ်လေ .."

"မကြီးပါဘူး .."

"ကြီးတယ် .."

"ဟား .. ဟား .. ဟား ..."





"ကိုကို မရယ်နဲ့ .."

"မရယ်တော့ဘူး .."

"မမကျတော့လည်း သူချစ်တဲ့သူက အဆင့်အတန်းချင်း ကွာတယ်ဆိုပြီး သတ္တိမဲ့ခဲ့လို့ .."

"ကွဲသွားကြတာလား .."

"ဟင့်အင်း .. သူနဲ့ပဲ လက်ထပ်ခဲ့တာ၊ ဒါပေမယ့် မိန်းကလေး ဘက်မှာ ရုပ်ဆိုးတာပေါ့ .."

"ချာတိတ်တို့ဘက်က သဘောမတူသေးဘူးပေါ့ .."

"ဟုတ်တယ် .. ဒါပေမယ့် ..."

"ပြောလေ .. ဘာဖြစ်လို့လဲ .."

"စည်းစိမ်ဥစ္စာကြောင့် မဟုတ်ပါဘူး၊ ကိုယ့်ဒရိုင်ဘာမို့လို့ ရှက်နေကြတာ .."

"ဘာဖြစ်လဲကွာ .. ဒရိုင်ဘာလည်း သူ မပြည့်စုံတဲ့အချိန်မှာ တတ်တဲ့ပညာနဲ့ ရှာဖွေစားတာပဲ၊ ပြည့်စုံလာရင်တော့ ပြည့်စုံသလို တင့်တယ်သွားမှာပဲ .."

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့ပုံစံကတော့ .."

ကာရံ ရှေ့ဆက်မပြောချင်တော့ပေ ...။

မနက်ကနေ ညအိပ်ချိန်အထိ မွန်းတည့် နဲ့ သူမ စကားမပြောဖြစ်သေးပါ ...။ ဒါပေမယ့် ဖျတ်ခနဲ လှမ်းမြင်လိုက်တာတော့ နှစ်ခါ။

လူပုံစံက ဟိုအရင်လို မဟုတ်တော့ဘဲ ချောမွေ့ ထည်ဝါနေသည်။ မှုန်ကုတ် အေးစက်စက်ပုံစံကတော့ ဒီအတိုင်း မပြောင်းလဲပါ။



www.burmeseclassic.com

www.burmeseclassic.com



မမပြောပြသည့် စိတ်ညစ်စရာတွေနဲ့ တိုက်စစ်ကြည့်တော့ ကိုနွေကိုယ်တိုင်က ဘဝကို ဒီ့ထက် တိုးတက်ကောင်းမွန်အောင် ကြိုးစားချင်ပုံ မပေါ်တော့ဘဲ သူ စိတ်ဖွဲနေတာ တစ်ခုကိုပဲ တစိုက်မတ်မတ်တွေးတော ခံစားနေတာ သိသာနေသည်။

မမရဲ့အိမ်ထောင်ရေးကြီးက ဒီတိုင်း တအုံ့နွေးနွေးသွားမယ် ဆိုရင်တော့ ..၊

"ကာရံ .."

"ဟင် .. ကိုကို .."

"ဘာဖြစ်သွားတာလဲ .."

"ဟင့်အင်း .."

"စိတ်ညစ်စရာတွေ တွေးနေတာလား၊ ထားလိုက်ပါကွာ .. တော်ကြာ ကိုယ့်အတွက် ရှားရှားပါးပါး ဇနီးလောင်းလေး အိမ်ထောင်ရေးကိစ္စတွေ စိတ်ကုန်သွားလို့ ကိုယ်ပါ လူပျိုကြီးလုပ်နေရဦးမယ်"

"ဟုတ်လောက်တယ် .. တော်တော် လူပျိုကြီးလုပ်မယ့်မျက်နှာဆိုတော့ .."

"ဟော့ .. ဟော့ .. မစော်ကားနဲ့နော် ..၊ တစ်သက်လုံးမှာ ဒီတစ်ခါပဲ ရည်းစားထားဖူးတာ .."

ဟုတ်မှာပါ ..၊ ကိုကိုနဲ့နီးစပ်ဖို့ ကာရံ ကပဲ ကြိုးစားခဲ့ရတာ..။

ဒါပေမယ့် ကိုကိုက အရုပ်အမောင်း မြင့်မြင့်မားမားနှင့် အသားလတ်ရုံလောက်ပဲရှိတာတောင် မိန်းကလေးတွေ သတိထားကြည့်မိလောက်အောင် ဆွဲဆောင်မှုရှိသည်။ ကိုကိုနဲ့ စတွေ့တုန်းကလည်း





သကြင်္ကန်ရေကစားတုန်း မဏ္ဍပ်ရဲ့ဘေးမှာ ဖြစ်သည်။

နေ့လယ် ထမင်းစားပြန်ကြမလို့ တစ်ယောက်ကို တစ်ယောက်စောင့်နေစဉ် မူးနေကြသည့်လူတစ်သိုက် နှောင့်ယှက်ကြ၏။

ရေစိုစိုနှင့် ဝင်းထိန်နေသည့် ကာရံ့ တစ်ကိုယ်လုံးကိုကြည့်ကာ မကြားဝံ့မနာသာတွေ ပြောကြသဖြင့် ကာရံ ကလည်း စိတ်မြန်သလို လက်က မြန်သည်။

ပါးရိုက်ပစ်လိုက်တာ တစ်ချက်တည်းမဟုတ် ..၊ တစ်ဖက်က မူးရူးနေကြတာမို့ စိုက်ခနဲ စိုက်ခနဲ ယိမ်းယိုင်သွားပြီးမှ ဒေါသတကြီးတုံ့ပြန်ဖို့ ကြိုးစားတော့သည်။

ဒီအချိန်မှာ ကိုကို ရောက်လာခဲ့သည်။

အစက ပြေပြေလည်လည် ပြော၍ ပြန်သွားဖို့ပြောတာပဲ ဖြစ်သည်။ ဒါပေမယ့် လူငယ်တွေက အုပ်စုတောင့်နေတော့ ကိုကို့ကို ဂရုမစိုက်ကြဘဲ ရန်ပွဲတစ်ပွဲ ဖြစ်သွားခဲ့၏။

ထိုနေရာမှာ ကိုကို လှုပ်ရှားသွားတာ သေသေသပ်သပ်လေးနှင့် မြန်လည်း မြန်သည်။

ထို့ပြင် သွားကျိုး နှုတ်ခမ်းကွဲသွားတာထက် ပိုပြီး ဘာမှလည်း အကြီးအကျယ်မဖြစ်ခဲ့ဘဲ တစ်အုပ်စုလုံး ဖရိုဖရဲဖြစ်ကုန်ကြတာ အားလုံးပဲ အံ့သြနေကြ၏။

"သူတို့ မူးနေလို့ပါ"တဲ့ ..။

ကိုကို့ပုံစံကို အာရုံထဲမှာ ဘယ်လိုမှ ဖျောက်ဖျက်မရတော့ဘဲ လှစ်ခနဲ မြင်လိုက်တာနှင့် ကာရံ က မီအောင် လိုက်သည်။ ရအောင်



www.burmeseclassic.com

www.burmeseclassic.com



စကားပြောသည်။

မျက်မှောင်ကုတ်ကြည့်တတ်တဲ့ ကိုကိုက စကားပြောတာကျတော့ ယဉ်ကျေးမှုရှိသူပါ။ ပြီးတော့ ဧည့်ခံပွဲတစ်ခုမှာ ..၊ ပြီးတော့ ကားနဲ့ လမ်းမှာ ..၊

ကာရံ က ကိုကို့ကို မြင်လိုက်လို့ကတော့ ကိုယ့်ကားပါနေလည်း ရောက်တဲ့နေရာမှာ ရပ်ထားခဲ့ပြီး ကိုကို့ကားနဲ့ မရမက လိုက်ဖြစ်အောင် ကြိုးစားသည်။

ကိုကိုနဲ့ ကာရံ ရင်းနှီးတဲ့အဆင့်ထိ မရောက်ခင် ကာရံ့ ကြောင့် ကိုကို ရန်ဖြစ်ရတာ နှစ်ခါ ..။ နှစ်ခါစလုံး ကိုကိုပဲ အနိုင် ..၊

"ဒီကောင်တွေ နောက်ကြောင်းမအေးဘဲ ထွက်ပြေးကုန်လို့ပါ" တဲ့ ..။

ကိုကို အနိုင်ရလို့ ချီးကျူးတိုင်းလည်း ဂုဏ်ယူဝင့်ကြွားတဲ့ပုံစံ ကိုကို့မှာ မရှိပေ ..။ ထိုစဉ်တုန်းကတော့ ကိုကို့အလုပ် ဘာလဲဆိုတာ ကာရံ မသိခဲ့သေး ..။

"ကိုကို .."

"ဟုတ်ကဲ့ .. နားထောင်နေတယ်"

"ကိုကိုကလည်း အိပ်ငိုက်နေတာမို့လား .. ဒီက ခေါ်လိုက်မှ"

"မဟုတ်ဘူး .. စီးကရက်မီးညှိနေတာ ..၊ မင်းစိတ်ကူးတွေ ပျက်သွားမှာစိုးလို့ မခေါ်ဘဲ တိတ်တိတ်လေး လှုပ်ရှားပေးနေတာ ကျေးဇူးတင် .."

"ကာရံ ဘာစိတ်ကူးနေလဲ .. ကိုကို သိလို့လား .."





"ကိုယ့်အကြောင်းတွေပဲ နေမှာပေါ့၊ မင်းနဲ့ကိုယ် ဘယ်လိုစတွေ့ခဲ့တာကအစ ဘာညာသာရကာ အဆုံး .."

"ကိုကိုက ဘာဖြစ်လို့ ကာရံ့ စိတ်ကူးတွေသိ လိုက်သိနေရတာလဲ .."

"ချာတိတ်လေးတွေအကြောင်း လူကြီးတွေက သိနေတတ်တယ် .."

"ကိုကို ကာရံ့ ကို စနေတာလား၊ အဲဒီတိုင်းကို တကယ်ပြောချင်တာလား .."

"ဟား .. ဟား .. ဟား ..."

သူ ရယ်ပြန်ပါပြီ ..။

"မကြိုက်မှန်းသိရင် ပိုစချင်တာ မသိဘူးလားကွ၊ နောက်ဆိုရင် ကိုယ် မကြိုက်တာတွေလည်း ထုတ်မပြောနဲ့ ..၊ ကြိုက်နေရင်လည်း နည်းနည်း မျိုသိပ် .."

"မမျိုသိပ်နိုင်ပါဘူး .. မျိုသိပ်နေခဲ့ရင် ကာရံ ကိုကို့ကို ဘယ်လိုလုပ် ချစ်ခွင့်ရမလဲ .."

"တွေ့လား .."

"ပြောတာ ကိုကိုက မကြိုက်ဘူးလား .."

"ကြိုက်တယ် .. နှစ်ယောက် အတူတူနေတော့မှ ပြောရမှာလေ၊ ကိုယ့်စိတ် ကိုယ့်ဆန္ဒကို လူမသိအောင် နေတတ်ရတယ်၊ မျိုသိပ်ခြင်းကြောင့် အောင်မြင်မှု ရတယ်၊ သည်းခံနိုင်မှုကြောင့် အနိုင်ရတယ်"

"အောင်မြင်တာနဲ့ အနိုင်ရတာ မတူဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တူမလဲ.. နောက်ဆို ချာတိတ် နားလည်လာမှာပါ၊ ခုနက ကိုယ်တို့ ပြောလက်စ စကားနေရာမှာ မင်း အသံတိတ်သွားတာကို ဆက်စပ်ကြည့်လိုက်ရင် ဘာတွေးမိသွားလဲဆိုတာ သိသာနေတာပဲ ဟာ .."

"ကိုကိုက တော်တာပါ .."

"မင်းကိုလည်း တော်အောင် သင်ပေးမယ် .."

"ကိုကို့ .."

"ပြော .."

"ကာရံ့ ကို လက်ထပ်ဖို့ထိရော စဉ်းစားထားရဲ့လား .."

"ကိုယ့်အရွယ်က အပျော်တမ်း ရှည်းစားထားရမယ့်အရွယ်လား ကွ .."

"ဒါဆို လက်ထပ်ပြီးရင်ရော ခုလို ဆုံးမစကားတွေပဲ ထိုင်ပြော နေမှာလား .."

"ချာတိတ်က ဘယ်လိုစကား ကြားချင်တာလဲ .."

"ကာရံ့ ကို ဘယ်လောက်ချစ်ပါတယ်ဆိုတာတွေ .."

"တစ်နေကုန် ရေသောက် ပြောပေးမယ် .."

"ကိုကိုနော် .. သူများစကားကို .."

"ဟုတ်တယ်လေ .. စကားဆိုတာ ပြောတိုင်းရတယ်၊ ကိုယ် မင်းကို ဘယ်လောက်ချစ်သလဲဆိုတာ တကယ်လက်တွေ့ချစ်ပြမှ သိမှာပေါ့၊ ဘယ်လိုလဲ .. ပေါင်းကြည့်မလား .."

"အဟွန်း .."





"ဘာရယ်တာလဲ .. ချာတိတ်မ သူ့ဘက်လှည့်လာတော့ ရှောင် ထွက်တော့မယ် .."

"ဟင့်အင်း .. မရှောင်ပါဘူး၊ ကာရံ က ကိုကို့ကို ချစ်ရတဲ့သူပဲ ဟာ .. ကိုကိုနဲ့ဆို ဘယ်လိုဘဝမျိုးဖြစ်ဖြစ် နေရဲတယ်၊ ဒါပေမယ့် ကိုကို့အလုပ်ကို မေမေတို့က ကြည်ဖြူမှာ မဟုတ်ဘူး .."

"ကြည်ဖြူမယ့်အချိန်ကျမှ ကိုယ်က တောင်းယူမှာပါ၊ သူများ သားသမီးကိုလည်း ခိုးမယူဘူး၊ ကိုယ်ချစ်တဲ့ ဇနီးလေးကိုလည်း မိဘ နဲ့ ခင်ပွန်းကြားမှာ စိတ်မညစ်စေရဘူး"

"ဒါဆို .. ကိုကိုက ..."

"လျှောက်မမေးနဲ့ကွာ .. ကိုယ်တို့ လိုချင်တဲ့ အခြေအနေမျိုး တစ်နေ့နေ့တော့ ပေးလာမှာပါ .."

မေးချင်သေးပေမယ့် မမေးတော့ဖို့ ဆုံးဖြတ်လိုက်ရကာ ...

"ကိုကို ဘယ်နေ့လာမှာလဲဟင် ..၊ ကို့ကိုဆီ ဖုန်းဆက်လို့လည်း မရဘူး၊ အဲဒီဖုန်းကိစ္စလည်း ကိုကို့ကို ကာရံ မကျေနပ်သေးဘူး"

"အဲဒါကတော့ ဆောရီးပါ ချာတိတ်ရာ .. ဒါက အလုပ်နဲ့သက် ဆိုင်နေတော့ ကိုယ် ချာတိတ်ကို အလိုလိုက်လို့ မရဘူးကွ၊ ကိုယ် အချိန်ရတာနဲ့ တန်းဆက်မယ်နော် .. လာဖြစ်ဖို့ကတော့ ဒီတစ်ပတ် အတွင်းလောက်ပဲ၊ တစ်ရက်နှစ်ရက်အတွင်း ဖြစ်ချင်လည်း ဖြစ်မယ်၊ တစ်ပတ်ကြာမှလည်း ဖြစ်နိုင်တယ် .."

"တစ်ပတ်တော့ မကျော်ဘူးမို့လားဟင် .. ကိုကို လာဖြစ်မယ့် နေ့ ဖုန်းကြိုဆက်မှာလား .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း မသေချာဘူး .. ချာတိတ်ကလည်းကွာ .. စုလောလောဆယ် ချာတိတ်ရှိတဲ့နေရာ ကိုကို ရောက်အောင်လာခဲ့တယ်ဆိုရင် ကျေနပ်လေ .. နော် .. မဆိုးရဘူး"

ကိုကို့အခက်အခဲကို နားလည်ပေးဖို့ပဲ ကြိုးစားရတော့မှာပါ။ ဒါပေမယ့် မမနဲ့ ကာရံ့ အဖြစ် ဆင်ဆင်တူနေတာကို ရင်ထဲမှာ နှိုင်းယှဉ်ကြည့်နေမိ၏။

ကိုနွေ့ ကိုတော့ သဘောမတူရတဲ့အကြောင်းက နိုင်လုံနေသည်။ ကိုကို့ကိုကျတော့ စီးပွားရေးဝါသနာမပါဘဲ သည်းထိတ်ရင်ဖိုတွေ လှုပ်ရှားနေရတာ နောင်ရေး စိတ်မအေးရတဲ့လူလို့ ဆို၏။

လူတစ်ယောက်ဟာ သူ ဝါသနာပါတာကို လုပ်ခွင့် မရှိလို့လား..။

သူ့ရဲ့လက်တွဲဖော်ဖြစ်မယ့်သူက နားလည် လက်ခံပေးနိုင်တယ်ဆိုရင်ရော မပြီးဘူးလား ..।

ကိုကိုပြောတဲ့ ခိုးပြေးစရာလည်း မလို ..। မိဘ သဘောတူကြည်ဖြူမယ့်အချိန်ဆိုတာ ဘယ်တော့များမှလဲ ..။

ရင်မောနေရသည့် ညတာက ရှည်လွန်းလှကာ ..।





## အခန်း (၁၇)

"ဟင် .. ကိုနွေ က ခုမှ ထမင်းစားတာလား .."

ထမင်းစားခန်းတံခါးဝကို မျက်လုံးတစ်ချက် လှမ်းကြည့်သည်။ မျက်လွှာပြန်သိမ်းလိုက်ပြီးမှ ခေါင်းညိတ်၏။

ကိုယ်မေးလိုက်တာ စကားလုံးတွေ အများကြီး ..। ပြန်ဖြေတော့ 'အင်း' တစ်လုံးတောင် မပါဘဲ ခေါင်းညိတ်ရုံ ..။

မမနဲ့ ကာရံ ထမင်းစားကြတော့ ကိုနွေ အိပ်နေသည်တဲ့ ..।

ထမင်းစားတိုင်းပဲ အိပ်နေလိုက် .. အပြင်သွားနေလိုက်နှင့် ကာရံဒီရောက်မှ တစ်ခါမှ ထမင်းလက်ဆုံ မစားဖြစ်သေး ..။

အပေါ်တက်လာခဲ့တော့ မမ ရေချိုးခန်းထဲက ထွက်လာတာနှင့်တွေ့ကာ ...

"မမ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

"ကိုနွေ က ကာရံ ရောက်လာမှ ဒီပုံစံ ဖြစ်သွားတာလားဟင်.."

"အို .. မဟုတ်ပါဘူး ညီမလေးရယ် .. မမ အားလုံး ပြောပြီးပြီလေ ..၊ ကိုယ့်အတွေးနဲ့ကိုယ်ပဲ .. အစကတော့ မမက နွေးထွေးကြဖို့ ကြိုးစားပါတယ်၊ နောက်တော့လည်း တစ်ယောက်တည်း မောလာလို့ .."

ကာရံ့ ကို ကျောခိုင်းဖြစ်အောင် ကိုယ်ပေါ်ကရေကို စင်အောင် မသုတ်ရသေးဘဲ ဗီရိုကို ဆွဲဖွင့်လိုက်မိသည်။

အထည်ရွေးသလိုလို စဉ်းစားသလိုလိုနှင့် ရုတ်တရက် အင်္ကျီတစ်ထည်မှလည်း လက်ကမရောက် ..။

စိတ်ထဲမှာ တကယ်ရှိတာက ညီမလေး မေးလိုက်သည့်မေးခွန်းပဲ ဖြစ်သည်။

မောင်နဲ့ အကြီးအကျယ် စကားများပြီးတဲ့ညက သူ မူးမူးနဲ့ လူကို ရိုင်းစိုင်းစွာ ဆက်ဆံခဲ့သည်။

မူးနေလို့ အသိစိတ်လွတ်တာလားဆိုပြီး သည်းခံဖို့ ကြိုးစားပေမယ့် မနက်မိုးလင်းတော့ သူကိုယ်တိုင် ကိုယ့်ရှေ့ ရောက်လာပြီး ပြောသွားသည်။

"ညက ငါ လွန်သွားတယ်၊ ဆောရီး" တဲ့ ..။

လင်ရယ် မယားရယ်လို့ တစ်ခါတစ်ခါ မှားဖူးကြတာပါပဲ ..။

ဒါပေမယ့် ကျေနပ်အောင် ချော့ကြ ..၊ စိတ်ကောက်ကြနှင့်ပဲ ကျေအေးလိုက်ရတာ ဘယ်လောက် ကြည်နူးစရာကောင်းသလဲ ..။





သူမကျတော့ ဒီလိုမဟုတ်ခဲ့ပေ..။

ဆောရီး အပြောခံရတဲ့အပြင် ထိုနေ့ကစ၍ ဖြူ့ ကို စကားလေး တစ်ခွန်းတောင် မဟခဲ့တော့ ..။

ထို့ကြောင့် ဖြူ ရှက်မိသည်။

နာလည်း နာ၏။ စိတ်ဆိုးတာထက် စိတ်နာတာကို ကုစားရခက်သည် ..။

သူ့လိုပဲ နေတတ်အောင် ကြိုးစားရင်း ဖြူ့ ရင်ထဲမှာ နေသာထိုင်သာ ရှိလာခဲ့၏။

ဒါဟာ နာကြည်းမှုတွေပဲ ထင်သည်။ အားလုံးဟာ ညီမလေးနဲ့ ဘာမှမသက်ဆိုင်ခင်ကာလမှာပဲ ဖြစ်၏။

ဒေါ်ခင်ခင် လည်း ထွက်လည်း မသွား ..၊ ဖြူ့ ကို စကားလည်း မပြောဘဲ စားသောက်စရာတွေကိုတော့ ခါတိုင်းလိုပဲ ချက်ပြုတ်သည်။

ပြီးတော့ သူ့တူနဲ့အတူ သူမလည်း ပျောက်သွားခဲ့တာပင် ..။ ညီမလေးသာ ရောက်မလာခဲ့ရင် ဖြူ ဒီအိမ်မှာ တစ်ယောက်တည်း ဘယ်လိုနေရမလဲ ..။

နာကျင်တတ်ခဲ့ခြင်းဟာ အရမ်းချစ်ရလွန်းလို့ပဲ ဖြစ်ပါလိမ့်မည်..။

မောင့်ကိုချစ်လွန်းလို့ ဖြူ့ ရင်ထဲမှာ လွမ်းစရာတောင် မကျန်တော့ဘူးလား ..။

"မမ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

"ဒီလိုကြီးတော့ မနေကြပါနဲ့ .. အစက နေကြပေမယ့်လည်း ကာရံ ရောက်လာမှ ဒီလိုဖြစ်နေကြတာ ကာရံ မနေတတ်လို့ပါ .."

ဖြူ ဘာအင်္ကျီမှ မထုတ်ရသေးဘဲ ကာရံ့ ဘက် လှည့်လိုက်သည်။

အင်္ကျီမပါလာတာမြင်တော့ ကာရံ က ဗီရိုနားသွားကာ သူကိုယ်တိုင် ဖြူ့ အတွက် အင်္ကျီ ထဘီ ရွေးထုတ်နေရင်း ...

"သူက ဘယ်လိုလူပဲဖြစ်ခဲ့ဖြစ်ခဲ့ အခု ကိုယ့်ယောကျ်ား ဖြစ်နေပြီပဲ မမရယ် .. အောက်ကျတယ် မထင်ပါနဲ့၊ ပြန်တွက်ကြည့်ရင် သူ့ခမျာ မျက်နှာငယ်ရတဲ့သူကိုး ...၊ မာနရှိတဲ့ယောကျ်ားတွေက ဒီတိုင်းပဲလေ .."

အတွင်းခံအင်္ကျီကအစ အားလုံးထုတ်ပေး၍ ဖြူ အင်္ကျီဝတ်တာတောင် ကာရံ က အားလုံး ဝိုင်းကူပေး၏။

ညီအစ်မနှစ်ယောက် အိမ်မှာ အတူရှိနေကြတုန်းတည်းက ဒီတိုင်းပါပဲ ...။

ကိုယ့်ချစ်သူနောက် ကိုယ်လိုက်ခဲ့တဲ့အခါ မိဘမောင်ဘွားကို မေ့လျော့နေလောက်အောင် ချစ်သူ့အကြင်နာမှာ နစ်မျောသွားကြသည်တဲ့ ...။

ဖြူ့ အတွက်ကတော့ အကြင်နာဆိုတာ ခြင်းကျားကြီးနဲ့ ရေခပ်ရသလိုပါ ...၊ ဒါမှမဟုတ် အိတ်ပေါက်နဲ့ ဖားကောက်နေရတာမျိုးလား ...။





ကာရံ ပြောနေသည့်စကားတွေကို ပြန်ပြောစရာ သူမအတွက် စကားလုံး ရှားနေခဲ့သည်။

ပေးလိုက်ရတဲ့ အောက်ကျို့လိုက်လျောမှုတွေ၊ ချော့လိုက်ရတာလည်း ကိုယ့်ကိုယ်ကိုယ် ယောကျ်ားမှန်း မိန်းမမှန်းတောင် မသိတော့ပေ ...။

ထို့ကြောင့် သက်ပြင်းချရင်း ကာရံ့ လက်ဖဝါးလေးကို ထွေးဆုပ်ထားလိုက်ကာ ...

"အင်းပါ .. စိတ်ထဲမှာ ဘာမှမထားနဲ့၊ အိမ်မှာနေသလို ကလေးလိုပဲ နေစမ်းပါ ညီမလေးရယ် .. ဒီအိမ့်မှာ ညီမလေး ဘယ်သူ့မျက်နှာကိုမှ ကြည့်နေဖို့ မလိုဘူး၊ ကိုယ် ဘယ်သူ့ကိုမှ ပုတ်ခတ်စော်ကားမနေရင် ပြီးတာပဲ၊ ပြောရေးဆိုရေးရှိလာတော့လည်း လိုအပ်သလိုခေါ်ပြောပေါ့၊ အဲဒီအချိန်မှာ သူ စကားပြန်ပြောပြော မပြောပြော ညီမလေး ကြောင့်ကြနေဖို့ မလိုပါဘူး .. ဟုတ်ပြီလား၊ လုံးဝ သေချာတာက ညီမလေးနဲ့ မမတို့အိမ်ထောင်ရေး ဘာမှမဆိုင်ဘူးဆိုတာပဲ.."

ခေါင်းညိတ်လိုက်သည့် ကာရံ့ ပုံစံလေးက အင်တင်တင်မို့ ပါးလေးတစ်ဖက်ကို လိမ်ဆွဲကာ ...

"အင်း .. မေးမလို့ဟာ မေ့မေ့သွားလို့ ...၊ မနေ့ညက ညီမလေး ဘယ်သူနဲ့ဖုန်းပြောနေတာလဲ .. မှန်မှန်ပြော .."

"ဟင်!... မမ သိတယ် .."

"သိတာပေါ့ .. မမက ညညဆို ညီမလေးအခန်းကို နှစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



လောက် အနည်းဆုံး လာလာကြည့်တာ .."

"ဟုတ်လား .."

ကာရံ့ မျက်နှာလေး နီမြန်းမြန်းလေး ပြောင်းသွားကာ ဆံပင်လေး တစ်ဖက်သိမ်းထားရင်း ရယ်၏။

"ကိုကိုဆိုတာ ဘယ်သူလဲ ..၊ ရန်ကုန်ကို လာတာ ရှီးရဲ့လား ညီမလေးရယ် .. မေမေ့ကို တစ်ပတ်ရိုက်ပြီး အကြံအစည်တွေနဲ့ နေခဲ့တာတော့ မဟုတ်ဘူးမို့လားဟင် .."

"ဟာ!... မဟုတ်ပါဘူး မမကလည်း .. ကာရံ မေမေတို့ကို စိတ်ဆင်းရဲအောင် ဘယ်တော့မှမလုပ်ဘူး .."

"အင်း .. မမကတော့ လုပ်ခဲ့မိပါတယ်၊ ဒါကြောင့်လည်း မမ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတာထင်တယ်၊ 'မိဘမျက်ရည် တစ်စက် သားသမီး ဆင်းရဲတစ်သက်' တဲ့ .."

"မမကလည်း အဲဒါတွေက ပြီးခဲ့ပြီလေ .. ကြာပဲကြာပြီဥစ္စာ၊ ပြီးတော့ အပြစ်သိတဲ့လူက ကျူးလွန်မိရင်လည်း အကျေမြန်တယ်တဲ့၊ အပြစ်မသိတဲ့ လူမိုက်တွေဆိုရင်သာ သံသရာပါတာတဲ့ မမရဲ့ .."

"အပွန်း .. ငါ့ညီမလေးက လူကြီးလေးကျနေတာပဲ ကြည့်စမ်း ..၊ အင်းလေ .. ရည်းစားတောင် ထားနေပြီကိုး"

"မမကလည်း .. မမနဲ့ ညီမလေး သိပ်မကွာပါဘူး .."

"ဘယ်လို!... ဘာပြောလိုက်တယ် ညီမလေး .."

"ဟိုလေ .. ကိုကို့ကို မေမေတို့ သိတယ် မမရဲ့ .."

"ဟုတ်လား ..၊ တို့နဲ့ တစ်မြို့တည်းလား .."





"ဟုတ်တယ် .. ဒါပေမယ့် ကိုကိုက ဒုရဲအုပ်ဖြစ်နေလို့ .."

"ဟုတ်လား .. ညီမလေးနဲ့ ဘယ်လိုတွေ့ကြတာလဲ၊ မမ လုံးဝကို မသိခဲ့ဘူး ကြည့်စမ်း .."

"မမ မရှိတော့မှ တွေ့တာလေ၊ ဟိုလေ .. မမနဲ့တူတယ်ဆိုတာက ကိုကိုက သူ့အလုပ်ကို အရမ်းအလေးထားတာ၊ ကာရံ့ ကိုလည်း ဂရုမစိုက်ခဲ့ဘူး .. အဲဒါ ကာရံ ကပဲ .."

ပြောလက်စနဲ့ ဖြစ်ကြောင်းကုန်စင် ပြောဖြစ်တော့သည်။

ဖြူ က ကာရံ့ လက်ကလေးကိုဆွဲ၍ ခုံပေါ်မှာ ထိုင်လိုက်ရင်း စိတ်ဝင်တစား နားထောင်သည်။

"အဲလိုမျိုး တူတာလေ .. ပြီးတော့ မေမေကလည်း သဘောမတူတာ .."

"သူတို့က အရမ်းချမ်းသာတယ်ဆို .. အဆင့်အတန်းအားဖြင့် လက်ခံနိုင်စရာပဲဟာ ..၊ ပြီးတော့ ရာထူးရာခံနဲ့ .."

"အဲဒီရာထူးကြီးကိုပဲ ဘယ်သွားလှွင့်ပစ်နိုင်းရမှန်း မသိတာ ..၊ ကိုကိုကလည်း မိဘချမ်းသာတာတောင်မှ ဂရုစိုက်တာ မဟုတ်ဘူး၊ သူ့ဝါသနာကို ဘယ်လိုစွန့်မှာလဲ .."

"ဒါပေမယ့် သူ အဆင်ပြေအောင်လုပ်မယ်လို့ ပြောတယ်မို့လား ..၊ ခိုးမယူပါဘူးလို့လည်း ပြောတယ်ဆိုတော့ မဆိုးပါဘူး .."

"ကာရံ လည်း ကိုကို့ကို ချစ်တယ် .."

"ဟော .. ဟော .."

"အဲ .. အပွန်း .. မမကလည်း .."



www.burmeseclassic.com

www.burmeseclassic.com



ကာရံ ရှက်ရှက်နဲ့ မျက်နှာကို လက်ဝါးလေးအုပ်ရယ်တော့ ဖြူက နဖူးလေးကို ခပ်ဖွဖွထု၏။

"မမ စကားပြောလို့ကောင်းနေတော့ မရပ်ချင်သေးဘူး၊ ကာရံ့ အခန်းကို လိုက်ခဲ့ပါလား .."

"ဘာဖြစ်လို့လဲ .."

"ဒါက မမတို့အိပ်ခန်းကြီးဆိုတော့ .."

"သူ ဒီထဲဝင်မအိပ်တာ ဆယ်ရက်လောက်ရှိပြီ .."

"ဟင်!..."

တစ်နေ့တခြား နာရီပိုင်းလောက်လေးမှာ ပိုပို သိလာရသည့် မမတို့ အိမ်ထောင်ရေးအကြောင်းက စိတ်ချမ်းမြေ့စရာ တစ်ကွက်မှ မရှိ ...။

ဒီလိုဆို ဘယ်လိုရှေ့ဆက်မှာလဲ ...၊





## အခန်း (၁၈)

"ကိုနွေ မမ ပြန်မရောက်သေးဘူး .. သွားကြိုပေးပါလား .."

စီးကရက် လက်ကြားညှပ်လျက် အိမ်ပေါ်တက်လာသည့် မွန်းတည့် မျက်နှာက ဒေါသရောင်သမ်းသွားသည်။

သို့သော် သူ ဘာမှမပြောရသေးမီ ...

"မွန်းတည့် က ဒရိုင်ဘာမှ မဟုတ်တာ ဘယ်သူ့ကို သွားကြိုရမှာလဲ .."

ကာရံ လှည့်ကြည့်လိုက်တော့ ဒေါ်လေးဆိုတဲ့ မိန်းမကြီး ...၊

အသားဖြူဖြူ မျက်နှာက ရှည်ချင်ချင်နှင့် မျက်လုံးပေါက်က ကျဉ်းပြီး ရှည်သေးသည်။ နှုတ်ခမ်းပေါက်ကျယ်ကာ အပေါ်ထူ အောက်ထူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘီးစပတ် ခပ်မြင့်မြင့် ပတ်ထားသည့်ပုံစံနှင့် ခြုံငုံပြောရပါလျှင် တော်တော်လေး အပြောဆိုးကာ စိတ်ထားကြမ်းတမ်းမည့် မျက်နှာပုံမျိုး ဖြစ်သည်။ သူမကလည်း ကာရံ့ ကို စူးစူးရဲရဲကြည့်ရင်း လျှောက်လာလျက် ...

"ညည်းအစ်မ ကားအသစ်ဝယ်ပြီးကတည်းက ဒရိုင်ဘာ မလိုတော့ဘူးဆိုပြီး လင်ကို ချောင်ထိုးခဲ့တာ .."

"မမက အဲဒီလို ပြောလို့လား .."

"အဲဒီအတိုင်း သူလုပ်တာပဲလေ ..၊ တစ်သက်လုံးက ချော့မော့ပေါင်းသင်းလာပြီး သူ့မှာ အသိုင်းအဝိုင်းရလာလေ မာန်တက်လေ..၊ အခု ညီမရောက်လာတော့ တစ်ယောက်က သင်တန်းပြန် ..၊ တစ်ယောက်က အလုပ်ပြန် ..၊ အခန်းထဲဝင်ပြီး တွတ်ထိုးလို့ အားလုံးကို ပြည့်စုံနေတာပဲ .."

"အန်တီ စကားပြောတာ အရမ်းရင့်သီးတာပဲ ..၊ ကာရံ ပြောလိုက်တာ သူတို့လင်မယားချင်း ပုံမှန် ဆောင်ရွက်သင့်တဲ့ကိစ္စလေး တစ်ခုပါ .."

"ပုံမှန်ဆိုတာ မရှိဘူး .. ဒီမှာ ဆောင်ရွက်စရာမှန်သမျှ လရိပ်ဖြူချည်းပဲ ခေါင်းဆောင်သွားတာ ..၊ ဟိုအရင်တုန်းကရော .. ခုရော.."

ဘယ်လိုအဓိပ္ပာယ်တွေနဲ့ ပြောနေမှန်း မသိတော့ ကာရံ ရုတ်တရက် ဘာမှပြန်မပြောနိုင်ပေ ..။

ထိုစဉ် မမရဲ့ကားလေး ပေါ်တီကိုအောက်ကို ထိုးဝင်လာ၏။

"ဟွန်း .. စလာပြီ ..၊ ဒါ အိမ်ထောင်ရှင်မိန်းမ ပြန်တဲ့အချိန်





တဲ့ .."

ဒေါ်ခင်ခင် က မဲ့ရွဲ့ပြောကာ ထဘီတစ်စ 'မ' ၍ ချာခနဲ လှည့်ဝင်သွား၏။ မွန်းတည့် ကလည်း နေရာမှ ထွက်သွားလေသည်။

သုံးပွင့်ဆိုင် ရပ်နေတာကို ကားမရပ်ခင်တည်းက လှမ်းမြင်လိုက်သဖြင့် ကာရံ အတွက် စိတ်ပူကာ ဖြူ ကားပေါ်ကနေ ကတိုက်ကရိုက်ဆင်းသည်။

ထပ်ကိုင်ထားသည့် ပစ္စည်းတချို့ ပြုတ်ကျ ကျန်ရစ်တာကိုလည်း ပြန်မကောက်မိ ..။

"ညီမလေး ဘာဖြစ်နေတာလဲ .."

"ဘာမှမဟုတ်ဘူး မမ .. မမ မိုးချုပ်နေလို့ ကိုနွေ့ ကို ဆင်းမေးကြည့်တာ .."

ကာရံ က ဘာမှမဖြစ်သည့်မျက်နှာနှင့် ဖြူ ကိုင်ထားတာတွေကို ပြောင်းယူလိုက်ပြီး လက်မောင်းတစ်ဖက်ကို ဖက်ထားကာ ...

"ဒီနေ့ မမ နောက်ကျလို့ ကာရံ က ပြန်ကြိုရပြီနော် .."

သင်တန်းစတက်တဲ့နေ့က ကာရံ နောက်ကျနေလို့ မမ ခြံတံခါးဝထိ ထွက်စောင့်နေတာကို ပြောချင်တာမို့ ပေ့ါပါးသည့်အပြုံးနှင့် ...

"နောက်ဆို အတူတူပြန်မယ်လေ မမရဲ့ .. ကာရံ အိမ်ကို စောရောက်နေတော့လည်း ပျင်းစရာကြီး၊ ကာရံ ကပဲ စောမှာပါ၊ မမကို ဝင်စောင့်မယ် .. ဘယ်လိုလဲ .."

"အင်း .. နေဦး .."

"ဘာလုပ်မှာလဲ ..၊ လာပါ .. မောတာကို အခန်းထဲရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



နားပေါ့ ..”

ဖြူ ရိပ်မိတာကို ကာရံ ကလည်း သိသည်။ ကိုယ့်အတွက်နဲ့ မမတို့ ပြဿနာပိုကြီးသွားမှာကို မလိုချင် ..၊

ဖြူ ကလည်း ကာရံ ဖုံးကွယ်လိုက်ကာမှ မောင့်ကို မေးကိုမေးမယ်လို့ ဆုံးဖြတ်လိုက်ပြီးဖြစ်ကာ ...

“ညီမလေး သွားနှင့် ..”

ကာရံ ကို ဂရုမစိုက်တော့ဘဲ မွန်းတည့် ဝင်သွားသည့်နောက်ကို လိုက်လာခဲ့၏။

“မောင် ..”

မွန်းတည့် ကလည်း သူအိပ်နေကျ အိပ်ခန်းလေးထဲကို ဦးတည်သွားပေမယ့် အခန်းတံခါးဝမှာပဲရပ်ကာ စီးကရက် သောက်နေ၏။ ဖြူ ခေါ်လိုက်တော့ ကျောခိုင်းနေရာကနေ တည့်တည့်ပြန်လှည့်၏။

“ညီမလေးနဲ့ ဘာဖြစ်ကြတာလဲ ..”

“မင်းညီမ မပြောဘူးလား ..”

“ဖြူ တို့ ညီအစ်မတွေက ဖေဖေ ရိုက်ရင်တောင် မေမေ့ကို ပြန်တိုင်တဲ့အကျင့် မရှိဘူး၊ အဲဒါတွေ မောင် သိပါတယ်၊ ဖြူ တို့ မိသားစုတွေ အားလုံးအကြောင်း မောင် အသိဆုံး ..”

မွန်းတည့် မျက်နှာ ဖြူဝင်းဝင်းက မီးရောင်အောက်မှာ ရဲခနဲဖြစ်သွားသည်။

ဒီစကားဟာ ‘ရှင် ဒရိုင်ဘာလုပ်ခဲ့တဲ့အိမ်ပဲ’လို့ ပြောလိုက်တာနဲ့ ဘာမှ မထူး ..။ ခုတော့ ဓာတ်ရိုက်ပေါ်သွားပြီလား ဖြူ ..၊





မင်း အထင်မကြီးနိုင်ခဲ့တဲ့ကောင်ကို ဘယ်တုန်းကမှ အထင်ကြီးလို့ မရခဲ့ဘူးဆိုတာ ပြလိုက်တာလား ..။

ရင်ထဲမှာ ဆူးတစ်ချောင်းလို နင့်၏။

ကိုယ်ကတော့ နာကျင်နေတဲ့ ရင်ဘတ်ကြီးနဲ့ မင်းနားမှာပဲ ကပ်တွယ်နေခဲ့တဲ့ ကပ်ပါးကောင်..။

အေးစက်စက် စူးရဲနေသည့်မျက်ဝန်းတွေကို မော့ကြည့်၍ ဖြူ ကလည်း ကိုယ့်တွေးနဲ့ကိုယ် နာကျင်နေခဲ့သည်။

မမ နောက်ကျနေပြီလို့ ညီမလေး ပြောတော့ သူ ဘာပြန်ပြောခဲ့သလဲ ..၊ တွေးကြည့်စရာမလိုဘဲ သိနေတယ် မောင် ..၊ ဖြူ့ အတွက် မောင် စိုးရိမ်နေမှာ မဟုတ်ဘူးဆိုတာ ..။

မျက်ဝန်းနှစ်စင်း အဖြိုင်လင်းရင်း အသံတိတ်စကားတွေ ဆိုနေခဲ့ပြီးမှ ...

“ဖြူ့ ကို မောင် ပြောပါ၊ ဖြူ ရှိတဲ့အချိန်မှာ ဖြူ့ ကိုရော ညီမလေးကိုရော မောင် ဘာဖြစ်ဖြစ် ပြောလို့ရတယ်၊ ဖြူ မရှိနေတဲ့အချိန်မှာ မောင်တို့နှစ်ယောက် ညီမလေးကို ဘယ်လိုစကားလုံးတွေနဲ့ နှိပ်ကွပ်နေခဲ့သလဲ ..”

မွန်းတည့် နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားပေမယ့် ခပ်မဲ့မဲ့ ..။

“ညီမလေးက ဖြူ့ တစ်မျက်နှာတည်းနဲ့ လာနေတာ၊ ဖြူ ရယ်.. မောင်ရယ် .. ညီမလေးရယ် .. အခု မောင် ရင်မဆိုင်ချင်ဘူးဆိုတဲ့ ဖြူ့ မိဘတွေရယ် .. အားလုံး အားလုံးက မောင့်မိသားစုတွေပါ မောင်၊ ခင်ခင်မင်မင် ရင်းနှီး ရယ်မောခဲ့ကြတဲ့လူတွေပါ၊ စိမ်းသက်ကြတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း မဟုတ်ဘူး၊ မောင် ညီမလေးကိုတော့ ပစ်ပစ်ခါခါ မဆက်ဆံသင့်ဘူး သိလား .."

ဖြူ ခဏတိတ်နေပြီး စောင့်ပေမယ့် မွန်းတည့် က ဘာမှလည်း မပြော .. ဖြေလည်း မဖြေရှင်း ..။

"မောင် မပြောရင်တောင် ဒေါ်လေး တစ်ခုခု ပြောလိုက်တာ ဖြူ မြင်တာနဲ့ သိတယ်၊ အဲဒါလည်း မောင့်ညီမလေးပါ၊ မောင် ကာကွယ်ရမှာပဲ၊ ဖြူ့ ကို မောင် မချစ်တော့ဘူးလား၊ မေတ္တာစိတ် နည်းနည်းမှကို မရှိတော့တာလား .."

"ဟုတ်တယ် .. ငါ့ရင်ထဲမှာ အချစ်မရှိတော့ဘူး .."

"သြော် .."

ဖြူ မျက်ရည်တွေ ဝေ့လာသည်။ အရာအားလုံး ပြီးဆုံးသွားခဲ့သလို ကိုယ်ခန္ဓာဟာ ကြိုးဆွဲရုပ်တစ်ရုပ်ကို ကြိုးလွှတ်လိုက်သလို အပုံလိုက် ခွေကျသွားနိုင်၏။

"ဒါကြောင့် ဖြူ့ ကို အရှက်သိက္ခာမရှိတဲ့မိန်းမလို အပြောခံရတာကိုး ..၊ ကျေးဇူးတင်တယ် မောင် .. နောက်ထပ် မောင့်ဆီက ဖြူ ဘာမှမတောင်းဆိုမိအောင် ကြိုးစားပါ့မယ် .."

ဖြူ လှည့်ထွက်လာခဲ့သည်။ ကိုယ်လိုချင်တာ အချစ်တစ်ခုတည်းပေမယ့် ....။





## အခန်း (၁၉)

"ဟင် .. တီလေး .."

ညည့်သည်ဆိုလို့ သူမ ထွက်လာလိုက်တော့ တီလေး ဖြစ်နေသည်။

"ဘယ်မှာထိုင်မလို့လဲ ဖြူ ..၊ ညည့်သည်ကို နားနေခန်းထဲ ခေါ်သွားလိုက်ပါ .."

"သြော် .. ဟုတ်ကဲ့ .."

ဒေါ်သီဂီမြင့် က ဖြူ နဲ့ ကိုမောင့် ကို အကဲခတ်ကြည့်ရင်း ရပ်စောင့်နေသည်။ တီလေးနဲ့ အပြင်ထွက်ပြီး တစ်ခုခုစားမလို့ ခြေလှမ်းတွေက ကိုမောင့် တိုက်တွန်းချက်ကြောင့် နားနေခန်းဘက်ကိုပဲ ဦးတည်ခဲ့ရသည်။

"ဘာလဲ .. သမီးက နားနေခန်းတောင် သုံးခွင့် မရှိဘူး ..



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မဟုတ်ပါဘူး တီလေးကလည်း ..၊ ဒီနေ့မှ ကိုမောင် တမင်စောင့်ကြည့်ပြီး ပြောနေတာ .."

"ဘယ်လို .. ဘာကို စောင့်ကြည့်တာလဲ .."

အခန်းထဲမှာ နှစ်ယောက်အတူ ထိုင်မိကာမှ ဖြူ က ရယ်၍ ...

"ဒီညနေ ကိုမောင် က ဒါရိုက်တာတွေအားလုံးကို သူ့အိမ်မှာ ဒင်နာကျွေးမှာလေ ..၊ ဖြူ က မလိုက်ချင်တဲ့ပုံစံဖြစ်နေလို့ အပြင်ထွက်ရင်း လစ်ပြန်မှာ စိုးလို့ပါ .."

"ဩော် .. ကောင်လေးက ခန့်ခန့်သန့်သန့်လေးပဲ၊ သူက အိမ်ထောင်နဲ့လား .."

"မဟုတ်ဘူး .. လူပျိုပါ"

ဒေါ်သီဂီမြင့် နာကျင်သည့်မျက်နှာနှင့် ခေါင်းညိတ်မိသွားသည်။ နေရာတကာ မကောင်းတဲ့မျက်လုံးနဲ့ ကြည့်နေတာ မဟုတ်ပေမယ့် ကိုယ့်တူမလေး အလုပ်လုပ်နေရင်း ဒီလိုကောင်လေး အဆင့်လောက်နဲ့ ငြိသွားတယ်ဆိုရင်တောင် ခွင့်လွှတ်စရာရှိသေးသည်။

ပညာ သို့မဟုတ် ဥစ္စာရတနာ တစ်ခုခု ကြွယ်ဝနေတယ်ဆိုရင် မပြည့်စုံပေမယ့်လည်း ခွင့်လွှတ်နိုင်သည်။

ခုတော့ ...

"တီလေး .."

"ဟင် .."

"တီလေး ကုမ္ပဏီကို ဘာလို့လာတာလဲဟင် ..၊ ဘယ်လိုလုပ်တန်း သိတာလဲ ..၊ အိမ်ကိုလာရင် အေးဆေးနေလို့ ရရဲ့သားနဲ့ .."





"ညည်းအိမ်ကို မလာချင်ပါဘူး သမီးရယ် .. တီလေး ဘယ်လိုပဲလာဖို့ ကြိုးစားကြိုးစား မသွားချင်ပါဘူးဆိုတဲ့အဖြေပဲ ထွက်နေတယ်၊ ဘယ်လိုလဲ သမီးငယ် အဆင်ပြေရဲ့လား .."

"ပြေပါတယ် တီလေးရဲ့ .. ညီမလေးက ပျော်နေတာ .."

"သမီးကရော .."

"ဟင်!..."

ကိုယ့်ဘက်လှည့်လိုက်တော့ ဖြူ မျက်နှာပျက်သွားသည်။

ဒေါ်သီဂီမြင့် က ပင့်သက်ရှိုက်၏။

"ပိန်သွားလိုက်တာ သမီးရယ် .. ညည်းဖြေမယ့်အဖြေကို စောင့်နေစရာ မလိုဘူး၊ ငါ့တူမမျက်နှာကို လှမ်းမြင်လို့ရတဲ့နေရာ ရောက်လာတည်းက တီလေး သိလိုက်တယ်၊ အိမ်ထောင်ရေးသောက ဖိစီးနေတဲ့ မိန်းမတစ်ယောက်ရဲ့ရုပ်ရည်ဟာ မိတ်ကပ် သနပ်ခါးဖုံးနေလည်း မီးမြိုက်ခံနေရတဲ့ ဖယောင်းလုံးကြီးလိုပဲ .."

"ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ပဲ တီလေးရယ် .. ဟိုလေ .. မေမေတို့ကိုတော့ တီလေး မသာယာစရာစကားတွေ ဘာမှ သွားမပြောလိုက်ပါနဲ့နော် .."

"အင်း .. အခု ဘယ်လောက်ထိအောင် အခြေအနေဆိုးကြပြီလဲ၊ လက်ခုပ်က တစ်ဖက်တည်းတီးလို့ မမြည်ဘူး သမီး၊ အဲဒီစကားက သမီးတို့ရန်ဖြစ်ရတဲ့အကြောင်းကိုပဲ ရည်ရွယ်တာ မဟုတ်ဘူး၊ သမီးတစ်ယောက်တည်း စီးပွားရှာနေရတာကိုလည်း ဆိုချင်တာ မဟုတ်ဘူး၊ အားလုံးအတွက် ပါတယ်၊ 'ကြက်မတွန်လို့ မိုးမလင်းဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း ခုခေတ်မှာ ကြက်ထီးကြက်မ အားလုံးတွန်နေကြရတာပဲလေ၊ ပြောချင်တာက အားလုံး အစ ခပ်သိမ်းအတွက်ပဲ"

ဒေါ်သီဂီမြင့် ရင်ထဲမှာ မကောင်းနိုင်လွန်း၍ မျက်ရည်တွေ ဝေ့သီလာသည်။

"ဘာပဲဖြစ်ဖြစ် တစ်ဖက်သတ်တည်း ပေးနေလို့မရဘူး၊ ပေးမယ့်သူမရှိဘဲလည်း ကိုယ်လိုချင်နေတာတွေကို မရနိုင်ဘူး၊ အဲဒါ တစ်ခြမ်းပဲ့နေတဲ့ ပုံဆောင်ခဲတစ်ခုပဲ သမီး .. အခု ကိုယ့်အားကိုယ်ကိုးကြမယ်ဆိုပြီး ကြိုးစားထူထောင်ခဲ့တဲ့ စီးပွားရေးက အောင်မြင်နေပေမယ့် ပျော်ရဲ့လား ...၊ ပရိသတ်မရှိ ပြိုင်ဘက်မရှိ ပန်းဝင်ကြိုးဖြတ်နိုင်ခဲ့တဲ့ အပြေးသမားလိုလေ .."

တီလေးရဲ့စကားတွေက နှလုံးသားထဲထိ တစိမ့်စိမ့် တိုးဝင်ကာ အက်စစ်အလောင်းခံနေရသလို ခံရခက်အောင် ပြင်းရှနေခဲ့သည်။

မျက်ဝန်းနဲ့အပြည့် မျက်ရည်တွေ ဖြစ်လာသည့်အခါ မျက်နှာကို ငုံ့ထားလိုက်လျှင် မျက်ရည်စက်တို့က ပေါင်ပေါ်သို့ အင်တိုက်အားတိုက် ခုန်ဆင်း၏။

တူဝရီးနှစ်ယောက်စလုံး သတိလက်လွတ် မျက်ရည်ဝေနေမိကြလျက် ...၊ ဒေါ်သီဂီမြင့် က ဦးဆုံးသတိရကာ လက်ကိုင်ပဝါနှင့် မျက်ဝန်းတို့ကို အသာတို့သုတ်၏။

"ကဲ .. ကဲ .. တီလေး လာတာ ဒါတွေ တူးဖော်ဖို့ မဟုတ်ပါဘူး၊ အိမ်ထောင်ရေးကို သမီးစိတ်ကြိုက် ရွေးချယ်သွားခဲ့တာ ခုလည်း သမီးပဲ ဆုံးဖြတ်ရမှာ၊ 'ဆေးမှင်ရည်စုပ်ထိုး၊ အိမ်ထောင်မှုဘုရားတည်'





ဆိုတာ မမေ့သင့်ပေမယ့် 'အတောင့်ရှည်တော့ အခေ့များတယ်' ဆိုတဲ့စကားလည်း ရှိတယ်၊ တွေဝေလွန်းတာ မကောင်းဘူး သမီး၊ သမီးရှေ့တိုးလို့လည်း ရတယ်၊ နောက်ဆုတ်လို့လည်း ဖြစ်တယ်၊ တီလေးတို့က သမီးကြီးကိုပဲ စိတ်ချမ်းသာစေချင်တာ .."

"ဟုတ်ကဲ့ပါ .. ဖြူ နားလည်ပါတယ် .."

"အေး ...၊ အဆိုးဆုံးက ငါ့မိုက်ပြစ် ငါခံရမယ်ဆိုတဲ့စိတ်နဲ့ သေတဲ့အထိ စိတ်ဆင်းရဲခံနေဖို့ မလိုဘူး၊ ဒါမှမဟုတ် စိတ်ချမ်းသာအောင်ကိုယ့်ဘာသာ မွေးမြူဆိုရင်လည်း ကောင်းပါတယ်၊ သမီး ပြတ်သားမှဖြစ်မယ်၊ တီလေး ညည်းအမေနဲ့လိုက်မသွားဘဲ သမီးငယ်ကိုထိန်းရင်းနေခဲ့တယ်ဆိုတာ သမီးငယ်ကိုပဲ ထိန်းမှာမဟုတ်ဘူး ...၊ သမီးကိုလည်း စိတ်မချလို့ .."

"ဟုတ်ကဲ့ .. ဖြူ အရမ်းဝမ်းသာပါတယ် တီလေးရယ် .. အားလည်း ရှိပါတယ်"

"ဘာလို့အားငယ်ရမှာလဲ သမီးရဲ့ .. သမီးမှာ မိဘအသိုင်းအဝိုင်းငွေကြေးနေ အပြည့်အစုံရှိတယ်၊ 'လင်ဆိုးမယား တဖားဖား'ဖြစ်နေဖို့အကြောင်းမရှိဘူး၊ ကိုယ့်မှာ ကျောထောက်နောက်ခံရှိတယ်ဆိုတာပြန်ကြည့်၊ ဘာဖြစ်ဖြစ် ယုံကြည်ချက်နဲ့ လုပ် .. တီလေးက သမီးကိုပြန်လာခဲ့ပါ၊ ကွဲလာခဲ့ပါလို့ ပြောတာမဟုတ်ဘူးနော်၊ မိဘက စိတ်ဆိုးနေတယ်ဆိုပြီး သမီး ဝမ်းနည်းနေမှာစိုးလို့ .."

"ဖြူ သိပါတယ် တီလေးရယ် .."

"အေး .. အခု သမီးငယ်က အဲဒီမှာဆိုတော့ နွေမွှန်းတည့်အ



www.burmeseclassic.com

www.burmeseclassic.com



ပြေပြေလည်လည် ရှိရဲ့လား၊ သမီးက သိပ်တော့ ကလေးမဆန်ပါဘူး၊ တော်ကြာ ကလေးက အပြောအဆိုမပြေပြစ်လို့ သမီးကြီး စိတ်ညစ်ရမှာလည်း စိုးတယ်"

ဖြူ ရင်နင့်သွားသည်။

ညီမလေးက ပြေပြေလည်လည် ပြောရှာပေမယ့် မပြေလည်ချင်တဲ့လူတွေက ဘက်တိုက်နေကြတာ တီလေး မသိ ..။

ဒါကိုပြောလိုက်ရင်တော့ ညီမလေးကို တီလေး ပြန်ခေါ်သွားတော့မှာပါ ..။ ညီမလေး မရှိတော့ရင် ဖြူ ဘယ်လိုနေရမလဲ ..၊

လင်မယားချင်းလည်း မကျေလည် ..၊ ဒေါ်ခင်ခင် က ရန်လိုနေသည်။

ခုလို ကိုယ် အိမ်ပြန်တဲ့အချိန် ညီမလေးနဲ့အတူတူ ဒါမှမဟုတ် ညီမလေးကို ထွက်ကြိုရတဲ့ ပျော်ရွှင်ကြည်နူးမှုလေးတွေကိုတောင် ဆုံးရှုံးရဦးမည်ဆိုလျှင် ...

"ပြောလေ သမီး .. သမီးငယ်က အပြောအဆို အဆင်ပြေရဲ့လား ..၊ သူကလည်း သူ့အစ်မကို ဒီလူနဲ့ သဘောတူခဲ့တာ မဟုတ်ဘူးလေ၊ အဲဒါကြောင့် တီလေး စိုးရိမ်နေတာ .."

"ဟင့်အင်း .. ဘာမှမဖြစ်ဘူး၊ အားလုံး အဆင်ပြေပါတယ်"

"သူ့ချစ်သူအကြောင်းရော သမီးကို ပြောပြသေးလား .."

"ပြောတယ် တီလေး .."

ဖြူ က မျက်ရည်စက်တို့ကို သုတ်၍ မျက်နှာလေး မော့လာကာ ...





"မေမေတို့က သဘောမကျဘူးဆို .."

"ဟုတ်တယ် .. အဲဒါလေးတော့ သမီး နည်းနည်းဂရုစိုက်ဦး၊ သူ့အမေကို ဘယ်လိုကတိတွေ ပေးထားထား တီလေးက အပြင်မှာ သွားလာနေတာ တီလေး သိတယ်၊ ကောင်လေးကို သမီးငယ် တော်တော် စွဲလမ်းနေတာ .."

"ဒါတော့ မပူပါနဲ့ တီလေးရယ် .. ညီမလေး အဲဒီလိုလုပ်မှာ မဟုတ်ဘူးဆိုတာ ဖြူ ယုံတယ်၊ တိမ်တိုက် ဆိုတဲ့လူကလည်း နိုးမယူပါဘူးလို့ ပြောထားတယ်တဲ့ .."

"အင်း .. သူ့ရာထူးဂုဏ်ဒြပ်နဲ့ ဒီလိုတော့ မလုပ်လောက်ပါဘူး၊ တီလေး လာတွေ့တာကို မပြောပြနဲ့တော့နော် ..၊ တော်ကြာ အိမ်ကို လာတွေ့လို့ တစ်မျိုးတွေးနေလိမ့်မယ်၊ သမီး ကျန်းမာရေးကို ဂရုစိုက်ဦး၊ အရမ်းကျသွားတာပဲ .."

"ဟုတ်ကဲ့ပါ .."

"သမီး လိုအပ်တာ ဘာရှိသေးလဲ.. တီလေးကို ပြောလေ၊ သမီးမေမေ ဘာမှမသိစေရဘူး၊ တီလေး ပိုင်သမျှ သမီးတို့ သုံးလို့ရတယ်"

ဖြူ စိတ်မကောင်းဖြစ်လာရင်း တီလေး ရင်ခွင်ထဲ မျက်နှာလေး အပ်ထားလိုက်မိသည်။ ဒီလို ဂရုစိုက် ယုယခြင်းတွေကို မောင့်ဆီကသာ ရနေခဲ့လျှင် သူမ ခုလိုအချိန်မှာ မျက်ရည်ကျနေရမှာ မဟုတ်..။

"ဒေါက် .. ဒေါက် .."

"ဝင်ခဲ့ပါ .."

တံခါးက စေ့ထားတာမို့ ခွင့်ပြုလိုက်တာနှင့် ပွင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ကိုမောင် .. စားစရာတွေနဲ့ .."

"အားနာစရာကြီးကွယ် .. အန်တီက ခုပဲပြန်တော့မှာ .."

ရှေ့မှာ စားစရာတွေ လင်ဗန်းနှင့်ကိုင်ထားသည့် ကောင်လေး တစ်ယောက်က စားပွဲပေါ်မှာ တည်ခင်းပေးသွား၏။ ကိုမောင် က ဖော်ရွေသည့်အပြုံးနှင့် ဖြူ တို့ရှေ့မှာ ထိုင်လိုက်ကာ ...

"ဒီအချိန်က နေ့လယ်စာစားတဲ့အချိန်ဆိုတော့ လန့်ချ်အတွက် စီစဉ်လိုက်ရတာ နည်းနည်းကြာသွားတယ်၊ ခဏလေး စောင့်ပေးနော်၊ လာဦးမှာ .."

"ရပါတယ်ကွယ် .. ကျေးဇူးပဲနော်၊ ဒါနဲ့ .."

"သြော်.. ကျွန်တော်က မြင့်မောင်ပါ၊ ဒီမှာတော့ ဦးမြင့်မောင် လို့လည်း ခေါ်ကြတယ်၊ ကိုမောင် လို့လည်း ခေါ်တာပဲ၊ ဖြူ နဲ့ ကျွန်တော်တို့က တွေ့ကြတာ နှစ်ရှည်ကြာတာ မဟုတ်သေးပေမယ့် ရင်းနှီးကြပါတယ် .."

"အေးပါကွယ် .. အရမ်းကို ကျေးဇူးတင်ပါတယ်၊ သမီးရဲ့ မိတ်ဆွေဆိုတော့ အန်တီ့ကိုလည်း ကိုယ့်အဒေါ်သားရင်းလို ခင်မင်နိုင်ပါတယ် .."

တီလေးက နာမည်ပြော၍ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေသွားကြတာ ဖြူ ဘာမှ ဝင်မပြောလိုက်ရပေ ..။

မမသီ တို့တောင် မပါဘဲ ကိုမောင် ဘာဖြစ်လို့ ဒီလောက်ထိ ဖော်ရွေနေတာလဲ ..၊

စိတ်ညစ်နေသည့်ကြားကနေ ကိုမောင့် မျက်နှာကို နားမလည်





နိုင်စွာ ငေးကြည့်နေမိသည်။ နောက်ထပ် အချစ်နဲ့နီးစပ်လိုသူ တစ်ယောက်လား ..၊

အချစ်ကြောင့် သေလုအောင် ခံစားနေရပါသည်ဆိုလျှင် ကဲ့ရဲ့ ကြမည် ..၊ လှောင်ရယ်တဲ့သူက ရယ်မည် ..၊ ခံစားဖူးသူမှ သိမှာပါ..။

ကိုမောင့် ကို ကြည့်နေသည့်မျက်ဝန်းတွေမှာ တဖြည်းဖြည်း မှိန်ဖျော့အားနည်းလာခဲ့လျက် ဖြူ မျက်နှာလွှဲလိုက်မိသည်။

ပိုးဖလံကောင်လေးတွေကိုပြပြီး မကြောက်ဘူးလားလို့ မေးပြန် ရင်လည်း 'ဒါက သူ့သဘာဝနဲ့သူ' လို့ ဖြေတဲ့သူက ဖြေမည်သာ ..။

အေးချမ်းနေသည့် ကိုမောင့် ဘဝလေးကို နှမြောတသရင်း ဒီမီး ထဲကို ခုန်မဆင်းမိဖို့ သတိပေးချင်မိ၏။

"ဒါနဲ့ မောင်မြင့်မောင် က အိမ်ထောင်မရှိဘူးလားကွယ် .."

"ဟုတ်ကဲ့ .. ကျွန်တော့်မိဘတွေကလည်း အနားမှာမရှိတော့ မိဘကွယ်ရာမှာ ထင်သလိုနေထိုင်တယ်လို့လည်း မဖြစ်ချင်ဘူးလေ၊ ဒီအသက်အရွယ်လည်း ရောက်နေပြီဆိုတော့ အိမ်ထောင်ပြုဖြစ်မယ် တောင် မထင်ပါဘူး .."

ဒေါ်သီဂီမြင့် က လူကြီးပီပီ အားလုံးကိုနားလည်နေကာ ညှိုးလျ နေသည့် ဖြူ့ ဆီကို မျက်လုံးတစ်ချက်ဝေ့၍ ...

"ဒီလိုလေးနေတာကပဲ ကောင်းပါတယ်လို့ အကြံပေးရင် ကိုယ့် ချင်းမစာရာများ ကျမလားကွယ်၊ အန်တီတို့ကတော့ ကိုယ့်သားသမီး တွေမတွေက စပြီး ဒီအရွယ်လေးတွေ အကုန်လုံးကို မိဘရင်ခွင်ရိပ်မှာပဲ အေးအေးချမ်းချမ်းရှိနေကြတာကို မြင်ချင်တာ .."



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင် က ပြုံး၍ ခေါင်းညိတ်နာခံသည်။

"အိမ်ထောင်ရေးဆိုတာလည်း အဘက်ဘက်က ပြည့်စုံခဲ့ပါတယ်၊ ဪ .. ဟို အန်တီပြောတာ ဘောင်ကျော်သလိုများ ဖြစ်သွားသလား မသိဘူး၊ ရင်းနှီးသွားလို့ အကြံပေးတာပါ"

"မဟုတ်တာ အန်တီကလည်း၊ ကျွန်တော် ရန်ကုန်မှာ ဦးလေးဝမ်းကွဲတစ်ယောက်နဲ့ နေတာ၊ ဦးလေးကလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတော့ ဒီလိုဆုံးမစကား ကြားရခဲ့ပါတယ်၊ အန်တီ့ကို ကျေးဇူးတင်ပါတယ်"

'ငါ့တူမလေးကိုမှ မင်း သဘောကျနေတာကတော့ စိတ်မကောင်းစရာပဲကွယ် ..'

ရင်ထဲမှာပြောမိရင်း ဒေါ်သီဂီမြင့် ပင့်သက်ရှိုက်မိသည်။

ရှုပ်ထွေးလှတဲ့ ချစ်ခြင်းကမ္ဘာပါလား ..။





## အခန်း (၂၀)

"ကဲ .. အားလုံး ရယ်မောပျော်ရွှင်နေကြတာနော် ..၊ လှုပ်လီလှုပ်လဲ့ မပြုံးမရယ်နိုင်တာ တစ်ယောက်ပဲ ရှိတယ် .."

စားပွဲရှည်ကြီးတစ်လုံး ဟိုဘက် ဒီဘက် အပြည့်ရှိနေတဲ့လူတွေ တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ကုန်ကြသည်။ ပြီးတော့ ဟိုကြည့်ဒီကြည့် မျက်လုံးတွေက ပြောလိုက်တဲ့သူ မျက်လုံးရောက်နေတဲ့ဆီကိုပဲ ကြည့်ဖြစ်ကြ၏။

လရိပ်ဖြူ ..၊

သီ က သူပဲ စလိုက်ပြီး ဖြူ မနေတတ်သလို ဖြစ်သွားတော့လည်း အားနာသွားကာ ...

"ဆောရီးနော် .. တို့က ဖြူ့ မျက်နှာလေး **သိပ်မကြည်**တာကို ရယ်စေချင်လို့ပါ၊ ဖြူ က ပြုံးရယ်နေရင် အရမ်းချစ်ဖို့**ကောင်း**တာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဒီပွဲက ဖြူ နဲ့ ကိုမောင် တို့ ပွဲလို့လည်း ပြောလို့ရတယ်နော်၊ နိုင်ငံခြားသွားကြမယ့် မိတ်ဆုံစားပွဲ .."

"ဟုတ်တယ် .. ဟုတ်တယ်၊ သူဌေးကလည်း ဖြူ ရဲ့အရည်အချင်းကို အရမ်းကိုယုံကြည်တာ .."

"ဟိုမှာ မြန်မာနိုင်ငံက စီးပွားရေးပညာရှင်တွေနဲ့ ဆွေးနွေး လေ့လာခွင့်ရမယ်ဆိုတာ နည်းတဲ့အခွင့်အရေးမှ မဟုတ်တာ ..၊ ပြန်လာလို့ကတော့ ဟဲ .. ဟဲ ..."

"ပညာတော်သင် မောင်နှမပေါ့ကွယ်၊ ပြန်လာရင် နည်းပညာအသစ်တွေ .. စီးပွားရေးအမြင်တွေ တို့ကုမ္ပဏီမှာ ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့နိုင်ပြီပေါ့ .."

သီ က သူ့စကားသူ ပြန်ပိတ်ဖို့ ကြိုးစားပေမယ့် ကိုမောင် က ဖြူ့ မျက်နှာလေးကို စိုက်ကြည့်နေလျက် ...

"ဟုတ်တယ် .. ဖြူ နေ့လယ်တည်းက မျက်နှာ သိပ်မကောင်းဘူး၊ ဘာဖြစ်လို့လဲ .. နေမကောင်းလို့လား .."

ကိုမောင် က ပြောလိုက်တာနှင့် ပြောလက်စတွေ အားလုံး တိတ်ကျသွားကာ ဖြူ့ မျက်နှာကို ဝိုင်းကြည့်လာကြ၏။

ဖြူ က ပြုံးပြုံးရွှင်ရွှင်ဖြစ်နိုင်ဖို့ ကြိုးစားရင်း ခါးလေးတောင့်မတ်ကာ ...

"ဘာမှမဖြစ်ပါဘူး .. နေ့လယ်က အဒေါ်ရောက်လာတော့လေ၊ အဲဒါ .. နေပါဦးဆိုတာလည်း မနေဘူး၊ ချက်ချင်းကြီး ပြန်သွားတော့ စိတ်က သူ့အကြောင်းကိုပဲ တွေးမိနေလို့ .."





ဖြူ့ အိမ်ထောင်ရေးအခြေအနေကို မသိကြတဲ့လူတွေက ပြုံးရယ်သွားကြပေမယ့် သီ နဲ့ ကိုမောင် က မျက်နှာတွေ မကောင်းကြပေ ..။

ပြန်ကြမယ်ဆိုတော့ အားလုံးပဲ ကားနှစ်စီးပေါ်မှာ လူခွဲတက်ကြကာ ဖြူ က သီ ကို ခေါ်တင်ထား၏။ ကိုမောင် က ဖြူ တို့ကားနောက်က ပါလာ၏။

"ကိုမောင် ပါလာတယ် .. သူ ဒီအချိန်ကြီး ဘယ်သွားမလို့လဲ မသိဘူး .."

"သြော် .. သူ ထွက်လာကတည်းက ပြောတယ်လေ၊ တို့ကို ဝင်ပို့ပြီးရင် ဖြူ တစ်ယောက်တည်း ဆက်သွားရမှာ စိတ်မချလို့တဲ့..၊ ဘာဖြစ်လဲ ဖြူ ရယ် .. သူ့ကားနဲ့သူပဲဟာ၊ အိမ်ဝင်ခါနီးကျရင် သူ နေခဲ့မှာပါ .."

"သိပါတယ် မမသီ ရယ် .. အားနာလို့ပါ .."

သီ့ မျက်ဝန်းမှာ နားလည်နေသည့်အရိပ်တချို့ ဖြတ်ပြေးသွားပေမယ့် ဒါက မဖြစ်နိုင်သည့်အတူတူ ..၊

"ကိုမောင် က အရမ်းကို ရည်မွန်ယဉ်ကျေးပြီး အလိုက်သိတဲ့လူ ဖြူ ရဲ့ .. တို့က ဖြူ့ အိမ်ထောင်ရေး သိပ်အဆင်မပြေတာလည်း.."

"ဟင် .. မမသီ ပြောပြလိုက်တယ် .."

ကားမောင်းရင်း ဖြူ က ထိတ်ထိတ်ပျာပျာ မေးတော့ သီ ကလည်း လန့်သွားသလို လှည့်ကြည့်၏။

"မပြောဘူး .. တို့က ဘာမှမပြောဘူး၊ သူက လာမေးတာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူနဲ့တို့ အခု ဖြူ ရောက်လာတဲ့နောက်ပိုင်းမှ ရင်းနှီးလာခဲ့တာ၊ ကိုမောင် က အရမ်းတည်ငြိမ်တဲ့သူပါ၊ သူကိုယ်တိုင် ဘယ်သူ့အကြောင်းကိုမှ မစပ်စုခဲ့ဘူး၊ ဒါပေမယ့် ဖြူ အကြောင်း သူ မေးလာတယ် ..."

ဖြူ မျက်နှာလေး ရှုပ်ထွေးသွားပုံပေါက်သွားသဖြင့် သီ က တောင်းပန်သလိုကြည့်ကာ ...

"တကယ်ပါ .. သူက အဲဒီလိုအနေအထားမျိုးလားလို့ မေးလို့ တို့က ဟုတ်တယ်လို့တော့ ပြောလိုက်မိတယ်၊ အဲဒါကြောင့် ဖြူ ကို သူ ကရုဏာဖြစ်သွားတာ ထင်ပါတယ်၊ ဖြူ ရယ် .. ပြောရမယ်ဆိုရင် ဖြူ ခင်ပွန်း လိုက်လာကြိုနေတဲ့ကာလတွေမှာတည်းက ဖြူ တို့ အခြေအနေကို အကဲခတ်ကြည့်တဲ့လူက သတိထားမိနိုင်ပါတယ်၊ စိတ်တော့မဆိုးနဲ့နော် .. ဖြူ ခင်ပွန်းက လူမှုရေး အရမ်းနည်းတယ်လေ .."

ဖြူ ခေါင်းမညိတ်လိုက်ခင် ကားက တုံ့ခနဲ ထိုးရပ်သွားသည်။

"ဘာဖြစ်သွားလဲ မသိဘူး .."

"ဘာဖြစ်စရာရှိလို့လဲ ဖြူရယ် .. ကားက အသစ်ကြီးဟာကို"

သူမတို့ တစ်ဖက်စီကနေ ဆင်းလိုက်ကြသည်နှင့် ကိုမောင့် ကားလေးက နောက်မှာရောက်လာကာ ...

"ကား ဘာဖြစ်သွားတာလဲ .."

"မသိဘူး ကိုမောင် .."

"စက်နှိုးကြည့်ပါဦး .."





မှောင်မည်းနေသည့် လမ်းယောင့်ချိုးတစ်ခုမှာ ကိုမောင် သာ နောက်ကပါမလာခဲ့ရင် ဒါမှမဟုတ် တစ်ယောက်တည်း ထွက်လာမိကာမှသာ ဒီလိုဖြစ်လျှင် သွားပြီ ...။

"စက်ကအကောင်းပဲ ဖြူ ရဲ့ .. ကားမှာ ဆီတွေဘာတွေရော ရှိရဲ့လား .. ကြည့်ပါဦး .."

"ဟင် .. အယ် .. ဟုတ်တယ်၊ ဖြူ အိမ်ကထွက်လာတည်းက ဆီစစ်ကြည့်ဖို့ သတိကိုမရဘူး၊ ဟုတ်တယ် .. ဆီကုန်ခါနီးနေတာ ဟိုနေ့တွေက တွေ့တယ် .."

ကိုမောင် သတိပေးမှ ပြန်ကြည့်လိုက်တော့ တကယ်ကို ဆီကုန်နေတာ ဖြစ်သည်။

ခရီးဝေးသွားကြတာမဟုတ်တော့ ဟိုကားဒီကား ဆီပြောင်းထည့်ဖို့ကလည်း အဆင်မပြေ ...။

ထို့ကြောင့် ကံကြမ္မာ၏ ဖြစ်စေလိုသောဆန္ဒအတိုင်း ဖြူ နဲ့ မမသီ ကိုမောင့် ကားနဲ့ပဲ ရှေ့ဆက်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ညီမလုပ်တဲ့သူက ညကိုးနာရီ ဆယ်နာရီမှ အိမ်ကိုပြန်တယ်၊ အခု ရှင်ဘုရင်မက ခြေလှမ်းကျဲလာပြန်ပြီ၊ ကြည့်ဦး .. ရှစ်နာရီထိုးတော့မယ် .. ခုချိန်ထိ ပြန်မရောက်ဘူး၊ ဒါမျိုး စဖြစ်လာတည်းက ငါ ပြောသားပဲ .."

"ဒေါ်လေး ဘယ်သူ့ကို ပြောနေတာလဲ .."

"ဟင်!..."

တစ်ယောက်တည်း တံခါးနားမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဒေါကန်နေတုန်း စာအုပ်တစ်အုပ်နှင့် ငြိမ်သက်စွာ ရှိနေခဲ့သည့် မွန်းတည့် ၏မေးသံက ငေါက်ဆတ်ဆတ် ..။

အံ့ဩသွားပြီးမှ ဒေါ်ခင်ခင် က မျက်မှောင်ကုတ်ကာ ...





"မင့်မိန်းမလေ .. အိမ်က ရှင်ဘုရင်မ .. ဒါ အိမ်ထောင်ရှင်မ သွားလာနေရမယ့်အချိန်လား ..၊ ငါ စီးပွားရှာနေတာပဲဆိုပြီး ဒီလို ထင်တိုင်းသွားလာနေလို့ .."

"ဒေါ် .. လေး .."

"ခုန်း .."

ပစ်ပေါက်လိုက်သည့်စာအုပ်က စားပွဲကို တစ်ချက်ထောက်ပြီးမှ ကြမ်းပေါ် ဖွားခနဲ ပြန်လန်ကျ၏။ မွန်းတည့် မျက်နှာတစ်ပြင်လုံးက ခရမ်းချဉ်သီးမှည့်လို နီရဲညိုမှောင်နေကာ ...

"အဲဒီမိန်းမကို လိုက်ကြည့်ပြောနေရတာ ခင်ဗျား မပင်ပန်းဘူးလား .."

"မင်းက ငါ့ .. ငါ့ကို .."

"နေသာသလို နေ .. ပြဿနာမရှာပါနဲ့ .."

"ဘာ!..."

ဒေါ်ခင်ခင် ပြူးပြဲ အံ့ဩနေလည်း မွန်းတည့် မျက်နှာပေါ်က ဒေါသတွေက အရောင်ဖျော့မသွားခဲ့ပေ ..။

ထို့ပြင် အကြောတွေထောင်နေအောင် ဖိဆုပ်ထားသည့် လက်သီးနှစ်ဖက်က မသိမသာ တုန်ယင်နေ၏။

"တောက် .."

မရိုတရို တက်ခေါက်သံကြောင့် ဒေါ်ခင်ခင် ခပ်မဲ့မဲ့ပြုံးကာ 'ဟို မိန်းမ ပြန်လာရင်တော့ ဒီကဒေါသတွေနဲ့ တွေ့ကြပြီပေါ့' ..။

စိတ်ထဲက ရေရွတ်ရင်း အိမ်ထဲ လှည့်ဝင်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ကားမီးရောင် ဝင်းထိန်သွားသဖြင့် ဒေါ်ခင်ခင်ခြေလှမ်းတုံ့သွားသေးသည်။ ပြီးမှ အထဲကိုပဲ ဆက်ဝင်သွား၏။

မွန်းတည့် ရဲ့မျက်လုံးတွေက ခြံဝကနေ ကားမီးရောင် ပြန်ကွယ်သွားတာကို စူးစူးရဲရဲ ကြည့်နေသည်။ သိပ်မကြာခင် လမ်းလျှောက်လာသည့် ဖြူ့ မျက်နှာလေး တံခါးဖွင့်နေတဲ့အထိ သူ စိုက်ကြည့်၏။

ဖြူ ကတော့ ခါးထောက်ရပ်ကြည့်နေတာ မြင်ကတည်းက ဟိုအရင်ကလို ပြုံးပြနှုတ်ဆက်ဖို့လည်း ဆန္ဒမရှိတော့ဘဲ ဖြစ်သွားသည်။

ဟိုတုန်းကဆို သူ့မျက်နှာ ကြည်ကြည်မကြည်ကြည် ဖယ်ထုတ်နေနေ ရှောင်ထွက်သွားသွား မောင် ခံစားနေရတာကို သူမ အမျိုးမျိုးနားလည်ပေးခဲ့သည်။

ကိုယ့်အတွက် သူ့ရင်ထဲမှာ အချစ်မရှိတော့ပါဘူးလို့ ကြေညာနေကာမှတော့ ...

♪... တကယ်ပဲလည်း နင်မချစ်ဘဲနဲ့ .. ခံစားချက် ထပ်မပေးပါနဲ့...

... ဟိုအရင်တုန်းကလို .. အချစ်မျိုးလည်း .. ပုံပြင်တွေလို .. ပျောက်သွားပြီ ...♪...

သူမ အိမ်ထဲဝင်လိုက်သည်နှင့် ဖုန်းမြည်သံက ဒိုချင်ရက် လက်တို့ ...၊ ဖွင့်ကြည့်လိုက်တော့ ကိုမောင့် ဆီက ဖြစ်နေသည်။

မောင် ရပ်ကြည့်နေတာမို့ မကိုင်ချင်ပေမယ့် ခုပဲ ကိုယ့်အိမ်ရှေ့က ပြန်သွားတာမို့လို့ မကိုင်လို့ မကောင်း ..။

"ဟလို .."





"... ... ..."

"သြော် .. ဟုတ်တယ် ကိုမောင် ..၊ ခါတိုင်းဆို ပြန်ခေါက်ပြီး အိတ်ထဲထည့်နေကျဆိုတော့ ကောက်မလာခဲ့မိဘူး .."

"... ... ..."

"ရပါတယ် ပြန်လာမပေးပါနဲ့ .. ညဉ့်နက်နေပြီ၊ ကိုမောင် ပြန်ပါ"

"... ... ..."

"မနက်၊မဆုံဖြစ်ရင်လည်း ရပါတယ်၊ ကိုမောင့် ဆီ မနက်ပိုင်းတော့ မမသီ ရောက်ဦးမှာလေ၊ ဖြူ့ အပေါ်ထပ်အကျီလေး ယူလာခဲ့ပေးပါဆိုရင် ဖြစ်တာပဲ .."

"... ... ..."

"ဟုတ်ကဲ့ .. ကိုမောင် သွားစရာရှိတာ သွားပါ၊ ကားလည်း ဖြူ့ ဘာသာ လာယူပါ့မယ် .."

"... ... ..."

"ဒီတစ်ည ဖြူ့ ကားကြောင့် ကိုမောင် အလုပ်ရှုပ်တော့မှာပဲ၊ အားနာလိုက်တာ .."

"... ... ..."

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ဖြူ ဖုန်းချလိုက်တာနှင့် မွန်းတည့် က တစ်လှမ်းချင်း ရှေ့တိုးလာ၏။

"ဒီည တော်တော် အခြေအနေကောင်းလာခဲ့တယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဘာပြောတာလဲ .."

"ဟွန်း .."

မွန်းတည့် မျက်နှာပေါ်က ရာသီဥတုကို မြင်လိုက်တာနှင့် ဖြစ်လာမည့်အခြေအနေကို သူမ တွက်လိုက်မိသည်။ ထို့ကြောင့် ...

"ပြောပါ .. ဒါပေမယ့် ခဏလေး .."

ဖြူ နောက်ပြန်ခြေလှမ်းဆုတ်၍ ကာရံ့ ဆီကို ဖုန်းခေါ်လိုက်သည်။ ညီမလေး နေ့ဘက် သင်တန်းပြီးတဲ့အချိန် အိမ်မှာ တစ်ယောက်တည်းရှိမနေရအောင် သူမ စီစဉ်ထားပေးတာ ဖြစ်သည်။

ဒီလမ်းထိပ်တစ်ဖက်က ကွန်ပျူတာသင်တန်းမှာ အကူဂိုဒ်အဖြစ် လုပ်အားပေးသဘောမျိုး အပျင်းလည်းပြေအောင် အပ်ပေးထားလိုက်သည်။

ကိုယ်နဲ့ခင်မင်သည့်ဆရာတွေ ရှိသောကြောင့် ကာရံ သင်တန်းတွေ ပြီးတာနဲ့ ဝင်လိုက်ရုံပဲဖြစ်ကာ သွားတာပြန်တာအတွက်လည်း နောက်ကျတာ စောတာ ဘာမှပြဿနာမရှိ ...။

ကွန်ပျူတာကျွမ်းကျင်နေသည့် ကာရံ့ အတွက် အပမ်းမကြီး သလို စိတ်လည်း ချရသည်။

"ညီမလေးလား .."

"... ... ..."

"အင်း .. အခု ပြန်မသွားနဲ့ဦး၊ မမ အပြင်မှာပဲရှိသေးလို့နော်၊ မမ လာခေါ်မယ် သိလား .."

ကိုယ့်ဘာသာ ပြန်လာလည်း ငါးမိနစ်လောက်နဲ့ အိမ်ရောက်မှာ





ပါ။ ဒါပေမယ့် ညီမလေးမှာ ကားပါသည်။

"ကိုယ့်အစီအစဉ်တွေနဲ့ကိုယ် မင်း တော်တော်ခေါင်းဆောင်ပီသတာပဲ ဖြူ .."

ဖုန်းပြောနေတုန်း မွန်းတည့် က စလာသည်။

ဖြူ ဖုန်းကို ပိတ်လိုက်ရကာ ဟိုဘက်ကမေးခွန်းတွေ မေးနေဆဲနှင့် ကျန်ခဲ့သည့် ကာရံ ဘယ်လိုတွေ တွေးနေမလဲ ..။

"မောင့်ဆီကထွက်လာဖို့ ဖြူ မျှော်လင့်ခဲ့တာ ဒီစကားတွေ မဟုတ်ဘူး မောင် .."

"မင်း မျှော်လင့်တာတွေ ပေးပါ့မယ်လို့ ငါ ကတိပြုမိခဲ့သလား.."

ဖြူ မျက်နှာလေး ဖွေးခနဲ ဖြစ်သွားသည်။

"မင်း တော်တော် စီစဉ်မှု ကျွမ်းကျင်ပါတယ်၊ ဟွန်း .."

"မောင် ဘာကိုပြောတာလဲ .."

"မင်းကို ဘာပြောရမှန်း ငါ့ကိုယ်ငါတောင် မသိတော့ဘူး လရိပ်ဖြူ၊ ငါက မင်းနဲ့ ဘာတော်သလဲ ..၊ မင်း ဘယ်သူတွေနဲ့ရော ဘာတွေ တော်စပ်နေသလဲ .. မင်းကို ငါ ဘာမှမသိတော့ဘူး .."

"မသိတော့ရင် အဲဒါ မောင် ကန်းနေလို့ပဲ .."

"ဟုတ်တယ် ကန်းနေပြီ .. မင်း ချကျွေးခဲ့တဲ့ မာယာအဆိပ်တွေကို စားပြီး ငါ လူဖြစ်ရှုံးခဲ့တာ၊ အသက်မသေသေးဘဲ တစ်ဘဝလုံး ဆုံးသွားခဲ့တာ .."

ဖြူ့ မျက်တောင်ဖျားလေးတွေ ပင့်တက် ပြားကပ်နေတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်သွားသည်။

သူမ တောက်လျှောက် သည်းခံ မြတ်နိုးခဲ့ရသည့် ယောကျ်ား တစ်ယောက် ရင်ထဲမှာ ဒါတွေ ရှိနေခဲ့တာလား ..။

"ယောကျ်ားတွေကို မင်းကျွေးတဲ့ မာယာအဆိပ်တွေနဲ့ မင်း ပြုစားနိုင်တယ်၊ မင်းလိုသလို အသုံးချဖို့ သုံ့ပန်းတွေလိုဖမ်းပြီး ကျကျ နန ကြိုးကိုင် စီစဉ်နိုင်တယ် .."

"လောကမှာရှိနေတဲ့ယောကျ်ားတွေက နွားတွေ မဟုတ်ဘူး မောင် ..၊ မောင် ဘယ်သူ့ကို ထည့်သွင်းပြောနေမှန်း မသိပေမယ့် အဲဒီလူတွေရော မောင်ရော နွားတွေမဟုတ်ဘူး .. နွားတွေကိုမှ ကြိုး ကိုင်ရတာ၊ သုံ့ပန်းဆိုတာလည်း စစ်ပွဲမှာပဲ ရှိတယ်၊ ဖြူ ဘယ်သူ့ကိုမှ ကြိုးတုပ်မထားဘူး .. အကျဉ်းချမထားဘူး၊ ဖြူ့ကို ပြောဖို့အတွက်နဲ့ ရှင် ကိုယ့်ကိုယ်ကိုယ် နွားဖြစ်မခံပါနဲ့၊ ဝက်စက်ရင့်သီးတဲ့စကား ဆိုတာ ပြောတဲ့လူမှာလည်း ကျက်သရေယုတ်တာပဲ .."

"ဘာကျက်သရေလဲ .. ဒီအိမ်မှာ ကျက်သရေမဲ့နေခဲ့တာ ကြာ ပြီ .."

"အဲဒါလည်း ဖြူ့ ကြောင့်ပဲလား .."

"သိပ်မှန်တာပေါ့ ..၊ အကျင့်ပျက်တဲ့မိန်းမ .."

"ဘာ!..."

"မင်းက တစ်နေ့ ယောကျ်ားနှစ်ယောက်နဲ့ အကွက်ရွှေ့ကောင်း တဲ့ ကွက်စိပ်ဆရာမကြီးပါ .."

"ရှင်!... ရှင် .. .."





ဖြူ့ မျက်ဝန်းမှာ မျက်ရည်တွေ လှုပ်လီလှုပ်လဲ့ ပြည့်တက်လာ ကြသည်။ ထိုမျက်နှာလေးကို အလွန်အမင်း စက်ဆုပ်သည့်အကြည့် တို့နှင့် စူးစိုက်လျက် ...

"မနက်ပိုင်းကျတော့ ဂုဏ်သရေရှိ ယောကျ်ားတစ်ယောက်နဲ့ ပွဲတက် လူမြင်ခံ၊ ညဘက်ကျတော့ မင်း သာယာပျော်ရွှင်ဖို့ လူမြင် မခံဝံ့တဲ့ယောကျ်ားက အရံသင့် .."

"ရှင် .. ပြောဦး .."

"ဖြန်း .."

"ဖြန်း .."

ဘယ်ပြန်ညာ ပြန်ရိုက်ချလိုက်သည့် လက်ဝါးအရှိန်ကြောင့် မွန်း တည့် တစ်ကိုယ်လုံး ယိမ်းယိုင်သွား၏။

"တော်တော်ယုတ်ညံမ်းတဲ့ပါးစပ် ..၊ ရှင့်လို သံချေးတက်နေတဲ့ လူကို ကျွန်မက ကြေးလို သံလို သဘောမထားဘဲ ရွှေနဲ့ရောဖို့ ကြိုး စားခဲ့တာ၊ တကယ်တော့ အဆင့်အတန်းနဲ့လိုက်ပြီး အောက်တန်းကျ တဲ့လူတွေ ရှိတယ်ဆိုတာ ဂရုမစိုက်ခဲ့တာ ကျွန်မအမှား .."

ဖြူ မျက်ရည်တွေစီးကျရင်း မွန်းတည့် မျက်နှာကို လက်ညှိုးထိုး၍ မျိုသိပ်ထားရသမျှ ရင်ထဲကစကားတွေ ပွင့်ထွက်ကုန်၏။

"လူယုတ်မာ .. ရှင်ဟာ ကိုယ့်သားမယားကိုလည်း သားမယား လို မဆက်ဆံဘူး၊ မိုးကိုမျှော်ပြီး ဓောက်ထိုးဆင်းနေတာ ကိုယ့်ကိုယ် ကိုယ် မသိတာ ရှင်ပဲ ..၊ ရှင့်ကို .. ရှင့်ကို ကျွန်မ ဆွဲတင်ဖို့ ဆုံးဖြတ်ခဲ့ တယ်၊ ကြိုးစားခဲ့တယ်၊ တစ်လတည်း တစ်နှစ်ဘည်းလည်း မဟုတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါလည်း ရှင် ကျွန်မကို နားလည်မလာတဲ့အပြင် ယုတ်ယုတ်မာမာတွေ ပြောသေးတယ်၊ ကြီးပွားချမ်းသာလာလေလေ ရှင် ကျွန်မကြိုးစားနေတာကို ဂုဏ်ယူအားကျလေ ဖြစ်ရမှာ သိရဲ့လား ..”

ဖြူ တရှိုက်ရှိုက်ငိုရင်း စကားလုံးတွေကလည်း တုန်ခါနေ၏။

“ရှင်ကတော့ .. ရှင်ကတော့ နေ့ရှိသမျှ ကျွန်မကိုပဲ မုန်းတီးရွံရှာနေခဲ့တာကိုး ..၊ ကျွန်မ ဘာမှားခဲ့လို့လဲ .. ရှင့်ထက်ချမ်းသာတဲ့သူ ဖြစ်ခဲ့လို့လား၊ ရှင်နဲ့ ပေါင်းနေပေမယ့်လည်း ဒီအခြေအနေထိ ဖြစ်အောင် လုပ်နိုင်တဲ့မိန်းမဆိုပြီးတော့လား ..၊ ပြောစမ်းပါ .. ပြောစမ်းပါ နွေမွှန်းတည့် ..”

သူ့ရင်ဘတ်ကို စိတ်ရှိလက်ရှိ ဆောင့်တွန်းပစ်လိုက်တော့ မွှန်းတည့် ပက်ခနဲ နောက်ပြန်ယိုင်သွား၏။ ဒါပေမယ့် နောက်ထပ်တစ်ခွန်းတစ်ပါဒမျှ မပြောတော့ဘဲ နေ၏။

သူ့မျက်နှာ ဘာဖြစ်နေနေ ..၊ သူ ဘယ်လိုမျက်လုံးတွေနဲ့ပဲကြည့်ကြည့် ဖြူ့ အသိစိတ်တွေက သူ့ခံစားချက်တွေကို စူးစမ်းဖို့မဟုတ်တော့ဘဲ ကိုယ် ခံစားရသမျှသည်သာ ..၊

“အလကားယောကျ်ား .. အဆင်းသာရှိပြီး အချင်းမရှိတဲ့လူ၊ ရှင့်ရင်ထဲကို ကျွန်မ ခုမှ မြင်ခွင့်ရလိုက်တာ ရင်နာတယ် သိလား..၊ ရှင် ဒီလောက်ထိ ရွံမုန်းနေတဲ့မိန်းမ ဒီလောက် အထင်သေးနေတာကို ဘာဖြစ်လို့ မျိုသိပ်နေခဲ့တာလဲ၊ ကျွန်မနဲ့ကွဲသွားရင် အခြေအနေမဲ့သွားတော့မှာ ကြောက်နေသေးတယ် ဟုတ်လား ..”

ဖြူ က အံကြိတ် မျက်မှောင်ကုတ်ကြည့်နေသည့် မွှန်းတည့်





မျက်နှာကို လက်ညှိုးထိုးကာ ...

“မပူနဲ့ နွေမွှန်းတည့် ..၊ ဟောဒီခြံနဲ့ တိုက်လောက်ကတော့ ကျွန်မအတွက် ပွန်းရာရှရာလောက်ပါ၊ အဲဒါတွေကို ရှင်တို့အတွက် ထားပေးခဲ့မယ်၊ ရှင့်အဒေါ်လည်း ဒါတွေအပိုင်ရမယ်ဆိုတာ ကြားပြီး ခုလောက်ဆို ထောင့်ကွယ်တစ်ခုခုမှာ ဝမ်းသာလုံးဆို့ပြီး သွေးတက်နေလောက်ပြီ ..”

မျက်ရည်တွေကြောင့် မှုန်နေသည့်မျက်ဝန်းတွေကို လက်နဲ့ ဖိပွတ်ပစ်ကာ ဖြူ က မေးဖျားလေးပင့်၍ ...

“ဒါတွေပိုင်သွားပြီဆိုတော့ ရှင် နောက်ထပ် ကိုယ်နဲ့တန်မယ့် မိန်းမကို ရှာယူပေါ့ ..”

“မတန်မရာကို ငါ ယူခဲ့တာမဟုတ်ဘူး လရိပ်ဖြူ ..၊ အဲဒါတွေ မင်းပဲ စခဲ့တာ .. ဒါပေမယ့် မင်းစိတ်ကြိုက် အဆုံးသတ်ဖို့ ငါ ခွင့်မပြုဘူး ..”

“အား!...”

လက်ကိုဆောင့်ဆွဲပစ်လိုက်သဖြင့် ဖြူ့ ကိုယ်လေး စိုက်ခနဲ ငိုက်ဆင်းကာ လက်ထဲကဖုန်းပါ လွတ်ကျသွားသည်။

ပြီးတော့ အိပ်ခန်းထဲထိ ဒရွတ်တိုက်သလို ဆွဲချခေါ်သွား၏။

“ရှင် .. ရှင် ဘာလုပ်တာလဲ ..၊ လွှတ်နော် .. အား!...”

ဖြူ့ ကိုယ်လေး မွေ့ရာပေါ် လုံးထွေးပုံကျသွားသည်နှင့် မွှန်းတည့် က သူ့ရဲ့ဂျာကင်အင်္ကျီကို ချွတ်လိုက်၏။ ဒီတစ်ခါ လူမဆန်စွာ ပြုမူဦးမှာလားလို့ တွေးမိကာ ဖြူ သွေးပျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လဲနေရာမှ ကမန်းကတန်း လူးလဲထလိုက်လျှင် သူ့ရဲ့ လက်ပြန်ရိုက်ချက်အာ ပါးတစ်ဖက် ပြုတ်ထွက်ပါသွားပြီလား ထင်ရလောက်ကာ ...

"အ!..."

ဖြူ အသံပင် မထွက်နိုင်ဘဲ ခွေခနဲ ပြန်ကျသွား၏။ ဒါပေမယ့် မွန်းတည့် လှုပ်ရှားနေသမျှကို သူမ သိနေသည်။

မူးဝေထွေပြားနေသည့် အာရုံတို့ကို သတိလစ်မသွားအောင် စုစည်းထားရင်း သူ ဘာလုပ်နေသလဲဆိုတာ မြင်နိုင်ဖို့ ကြိုးစားပေမယ့် မအောင်မြင်နိုင် ..။

ငါ သတိမလစ်ဘူး ..၊ သတိလစ်လို့ မရဘူး ..။

ကိုယ့်စိတ်ကို သံပတ်တင်း၍ ညီမလေးကို သတိရလိုက်တော့ စိတ်ပူသွားသည်။

. လင်မယား အကြီးအကျယ် ဖြစ်ရတော့မှာကို သိလို့ ညီမလေး ပြန်လာရင် မြင်မသွားအောင် လာကြိုမယ်လို့ ပြောထားခဲ့၏။

ခုလောက်ဆို ညီမလေး သင်တန်းပြီးလောက်ပြီလား ..၊

မျက်လုံးတွေကို ကြိုးစားဖွင့်ကာ ခေါင်းကို ခါထုတ်ပစ်လိုက်မိသည်။

ကျောပေါ်မှာ ဖားလျားပြန့်ကျနေခဲ့သည့် ဆံပင်တွေက ခါထုတ်လိုက်မှ ပို၍ ဖွာလန်ကျဲ၏။

မောင် .. မောင် .. ဘယ်ရောက်သွားလဲ ..၊

ချွတ်ထားခဲ့သည့်ဂျာကင်ကို ခုတင်ခြေရင်းမှာ အပုံလိုက် တွေ့ရ





ပေမယ့် မောင် အခန်းထဲမှာ မရှိ ..။

တံခါးက ဟလျက်သားမို့ ညီမလေးဆီ အချိန်မီသွားဖို့ ဖြူ ခုတင်ပေါ်က ဆင်းလိုက်သည်။

သို့သော် ...

"မင်း ဘယ်ကိုမှသွားလို့မရတော့ဘူး .."

"ချောက် .."

တံခါးကို လက်ပြန်ပိတ်၍ လော့ခ်ချပစ်လိုက်၏။

မွန်းတည့် ပုံစံက သားကောင်ကို အလွတ်ပေးမှာ မဟုတ်တော့သည့် ကျားရဲတစ်ကောင်နဲ့တူနေကာ အဖွင်းခံအင်္ကျီဝတ်မထားသည့် ရင်ဘတ်တစ်ပြင်မှာ ကြမ်းရှသော မွေးညင်းတို့နှင့် ပို၍ ခက်ထန်ပုံပေါက်နေ၏။

ပြီးတော့ လောင်းကုတ်မိုးကာရှည်ကြီးကို ဒီတိုင်း ရင်ခွဲစွတ်ထားကာ လက်ထဲမှာ ဓားနှင့် ..၊

"ရှင် .. ရှင် .. ဘာလုပ်တာလဲ .."

အိပ်မက် ..၊

ဖြူ့ တစ်ကိုယ်လုံး တုန်ခနဲ ခါသွားသည်။

အိပ်မက်ထဲမှာ ဖြူ့ ကို မောင် လိုက်သတ်နေတာ ဒီအတိုင်း..၊

ဒါ .. သူမ အိပ်မက်မက်နေတာလား ..၊

တကယ်လား ..။

အိပ်မက်နေတာပဲ ဖြစ်ပါစေ ..၊

"မောင် .. လင်မယားချင်း စကားများကြတာ ဓားကြီးပါရို့



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး၊ ချထားလိုက်ပါ မောင်ရယ် ..”

မီးရောင်အောက်မှာ မောင့်မျက်နှာ သွေးမရှိတော့သလို ဖြူဖွေးနေသည်။

မျက်ဝန်းတွေက ခံစားချက်မဲ့နေသလိုရှိလျက် ဘာစကားမှ မပြောဘဲ ရှေ့ကိုတိုးလာသည့် ခြေလှမ်းတွေက အတွန့်အဆုတ် မရှိ..၊

“မောင် .. ဖြူ ပြောပါရစေဦး၊ လင်မယား ဘာဖြစ်ဖြစ် တစ်ဖက်က လျှော့လိုက်ရင် ပြီးသွားတာပါပဲ၊ ဖြူ ပြောခဲ့တာတွေကို မောင် စိတ်ဆိုးသွားတာလား .. မောင့်ဘက်ကလည်း ချို့ယွင်းချက်တွေ ရှိခဲ့တာ ပြန်တွေးကြည့်ပါဦး မောင်ရယ် .. မောင်က ...”

“တောက် ..”

သူ့တက်ခေါက်သံက သူမ တောင်းပန်သမျှကို အယူခံ ပယ်ချလိုက်တာမျိုး ..၊

ကိုယ့်ကိုယ်ကိုယ် သေမိန့်ကျခဲ့ပြီမှန်း ဖြူ နားလည်သွားသည်။

ဒီလောက်ထိ စိတ်ဓာတ်ပြင်းထန်သူကိုမှ သူမ နူးညံ့နွေးထွေးဖို့ ကြိုးစားနေခဲ့မိသည့် ကိုယ့်အဖြစ်ကို နာကျင်သွားမိ၏။

ထိတ်လန့်ခြင်းနှင့် ကြေကွဲရခြင်းက ရင်ကို တနုံ့နုံ့ ဖြစ်စေကာ မွှန်းတည့် ဓားကိုင်ထားသည့်ဓားကို မိုက်တိမိုက်ကန်း ပြေးလုသည်။

“အား!...”

သူ့လက်ကို မကိုင်မိသေးမီ ဓားကိုင်လက်က လက်ခနဲ မြောက်တက်သွားသည်။

ဖြူ့လည်ပင်းမှာ ပူခနဲ နာကျင်သွားကာ လက်နှစ်ဖက်နဲ့ အုပ်





ကိုင်လိုက်မိ၏။

သူမလက်ထဲမှာ ပူနွေးစေးထန်းသည့် သွေးတွေ ..၊

“အ .. အ!...”

ဖြူ ကိုယ့်ကိုယ်ကိုယ် ထိန်းနေရင်း စာကြည့်စားပွဲစွန်းပေါ်ကို ဘေးတိုက် ယိုင်ကျသွား၏။

စားပွဲပေါ်မှာရှိနေသည့် အရာဝတ္ထုပစ္စည်းတချို့က သူမလက်နဲ့ တိုက်ခတ်မိကာ ဘေးကို လွင့်ကျကုန်၏။

ထို့နောက် သူမခန္ဓာကိုယ်သည် တအိအိ ပြိုလဲကျသွားရာ အိပ်ရာထက်သို့ ကွေးကွေးလေး ပုံကျသွားခဲ့၏။

နာကျင်မှုဝေဒနာကို အသည်းခိုက်အောင် ခံစားလာရစဉ် သူမ မျက်နှာရှေ့မှာ စားပွဲပေါ်က လိပ်ကျနေသည့်နာရီလေးက နင် သတိရ ရဲ့လားလို့ မေးနေသလိုပင် ..။

‘ကိုးနာရီ .. ကိုးမိနစ် .. ကိုးစက္ကန့် ..’

ဒီအချိန်ဆို ညီမလေး ပြန်လာနေပြီ ..၊

ဖြူ့ အသိတရားတွေ ခန္ဓာကိုယ်ကနေ ထာဝရ ခွာအံ့ဆဲဆဲ အချိန်ဟာ မိဘနှစ်ပါးနှင့် ညီမလေးအတွက် တမ်းတ ပူပင်နေခဲ့လျက် ..၊

“မင်း သွားလို့ မရသေးဘူး .. မင်းရဲ့ဝိညာဉ်ကို ထိုင်ကြည့်ပြီး ငါ နာကျင်ခဲ့ရသမျှ ကျေနပ်ချင်သေးတယ် ..”

မတ်တတ်ကနေ ငုံ့မိုးကြည့်ရင်း နှုတ်ခမ်းလှုပ်ရုံ စကားတို့က အေးစက်ပြတ်သားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမဘေးမှာ တင်ပါးလွှဲ ဝင်ထိုင်လိုက်သည်။

မျက်နှာပေါ်မှာ ဖုံးလွှမ်းကာကွယ်နေကြသည့် ဆံပင်ရှည်တွေကို လက်တစ်ဖက်နဲ့ အသာလေး သိမ်းဖယ်ကြည့်၏။

ဖွေးနုလှပသော မျက်နှာလေးသည် မျက်လုံးအစုံ ပြူးနေလျက် အတိုင်းရှိကာ မဟတဟ နှုတ်ခမ်းသားလေးတွေက ပန်းနုရောင် မဟုတ်တော့ဘဲ ဖြူဖျော့နေ၏။

ထိုနှုတ်ခမ်းလေးတွေကို သူ့လက်ခုံဖျားတို့နဲ့ ပွတ်သပ်ထိတို့ရင်း လက်ခနဲ လက်ခနဲ စင်ကျလာသည့် မျက်ရည်စက်တွေက သူမဆံပင် တွေပေါ်သို့ ...၊

"ငါ မင်းကို သိပ်ချစ်တယ် ဖြူ .. မင်းစိတ်ကြိုက် ဘယ်လိုမှ ငါ ဖြစ်မလာနိုင်တဲ့အတွက် တစ်နေ့နေ့မှာ မင်း ဒီစကားတွေ ပြောလာ မှာပဲဆိုတာ သိနေခဲ့တယ်၊ ငါဟာ ဒရိုင်ဘာဘဝနဲ့ပဲ ပျော်မွေ့နိုင်တဲ့ သူပါ၊ မင်းကြောင့် ငါ့ဘဝ ပျက်ခဲ့ရတယ်၊ မင်းဖြစ်စေချင်သလို ပုံသွင်း တဲ့နောက်လိုက်ရင်း ငါက လူစင်မမီတဲ့ကောင် ဖြစ်လာခဲ့တယ် .."

"ဒါကြောင့် မင်းရဲ့ဆန္ဒတွေထဲက ငါ အပြီးအပိုင် ရုန်းထွက်ပြီး ငါ့ဘဝနဲ့ငါ ပျော်သလိုနေဖို့ ဆုံးဖြတ်ခဲ့တာ၊ မင်းနဲ့ငါ ပိုပိုပြီး ဝေးကွာ လာတာကို ခံစားရတိုင်း တစ်နေ့နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ငါ သိတယ်၊ သိလို့ ငါ မင်းကို သွားခွင့်မပြုနိုင်ဘူး၊ ဒါကြောင့် ငါ ဖြေ ရှင်းရမယ့်နည်းလမ်းကို ငါ အစကတည်းက ရှာခဲ့တာပဲ .."

မျက်ရည်တွေ တသော်သော ခုန်ဆင်းနေကြခြင်းသည် ပြိုးပြိုး ပြက်ပြက်လက်နေခဲ့လျက် ...





"ငါချစ်တဲ့ မိန်းမ .. ငါ သိပ်မုန်းတဲ့ မိန်းမ .."

လည်ပင်းမှာ အတင်းဖိကပ်နေသည့် သူမလက်ကလေးတွေကို ခွာချလိုက်ရင်း လက်ဖဝါးလေးတစ်ဖက်ကို ဖိဆုပ်ထားလိုက်မိသည်။

ထိုအခါ သူ့လက်မှာပါ သွေးတွေ စိုရွှဲသွားလေသည်။

ခဏကြာမှ သူ တဖြည်းဖြည်း ထရပ်ကာ သူမကိုယ်လေးကို ပွေ့ယူလိုက်၏။

ဆံပင်တွေဖားလျားအတိုင်း ဝဲဖြာကျကုန်ကာ လည်ပင်းက သွေး စက်တွေက သစ်ပင်ကအစေးတွေလို တတောက်တောက်နှင့် အတန်း လိုက် ကျနေတာလည်း ရှိ၏။

သွေးအလူးလူးနှင့် ညသည် ...။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

မမ လာကြိုမယ်ဆိုတာကို စောင့်နေရင်းနဲ့ ကိုးနာရီခွဲသွားသည်။ ဖုန်းဆက်တော့လည်း မကိုင် ..၊ သင်တန်းက နောက်ဆုံးဆက်ရှင်မို့ ကျောင်းသားတွေလည်း မရှိတော့ပေ ..။

"ဘာဖြစ်လို့လဲ သမီး .. ကားနဲ့ပဲဟာ အိမ်လည်း နီးတယ်မို့လား .."

ရုံးစောင့်က တံမြက်စည်းလှည်းရင်း လှည့်မေး၏။

"ဒေါ်တုတ် ကလည်း ဘာလို့မေးနေတာလဲ၊ သူ့အစ်မ ဖုန်းဆက်ထားလို့ စောင့်နေတာ၊ အဲဒါ အိမ်ကလာမကြိုမချင်း ဒေါ်တုတ် စောင့်ပေးလိုက်နော်၊ သမီး အေးဆေးထိုင်စောင့် သိလား ..၊ မမမူ က သား စာမေးပွဲရှိလို့ ပြန်ရဦးမယ် .."

"ဟုတ်ကဲ့ မမမူ .."



BURMESE CLASSIC .com



သင်တန်းရှေ့ ထိုင်ခုံမှာ ထွက်ထိုင်ရင်း ပြန်သွားရကောင်းမလား ..၊ ဆက်ထိုင်နေရမလား စဉ်းစားနေမိသည်။ ခါတိုင်းဆို ကိုယ့်ဘာသာပြန်ခဲ့ဖို့ ပြောချင်မှ မမ ဖုန်းဆက်တာ ဖြစ်သည်။

ဒီညကျမှ ပြန်မသွားနဲ့လို့ သေချာမှာခဲ့သည်။ မမကရော ဘာဖြစ်လို့ ခုချိန်ထိ အပြင်မှာရှိနေသေးတာလဲ ..၊ ကာရံ့ ကို မပြန်နဲ့ဦးလို့ တားတာက ဘာလဲ ..၊

မမတို့အိမ်ထောင်ရေးကြောင့်ပဲဆိုတာ ကာရံ တွေးမိလိုက်သည်။ ဒီပုံစံနဲ့ဆို မမနဲ့ ကိုနွေ တို့ နိုင်မြဲပါ့မလား ..၊ မမ ဘယ်လောက်ထိ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေပြီလဲ ..။

အချိန်တွေ တရွေ့ရွေ့ ကုန်လာတော့ ကာရံ နေရာမှထရပ်လိုက်မိသည်။ နောက်ဆုံး ဖုန်းခေါ်ကြည့်လို့မှ မကိုင်သေးရင် ပြန်ဖို့ပါ။

ဒါပေမယ့် စိုးရိမ်မိသည့်အတိုင်း ဖုန်းက ကိုင်မယ့်သူ မရှိ၊ မမ ဒီအချိန်ထိတော့ အပြင်မှာ မဖြစ်နိုင်ပေ ..။

"ကာရံ ပြန်တော့မယ်နော် အန်တီ .."

"အေး .. သမီး .. ထိုင်စောင့်မယ်ဆို ရတယ်နော် သမီး၊ အထဲမှာ ဆရာမတစ်ယောက် ရှိနေသေးတယ် .. တံခါးမပိတ်သေးဘူး"

"ရတယ် .. ပြန်တော့မယ် .."

မပြန်နဲ့ဦးလို့ တားထားသည့်လမ်းမို့ ပြန်ဖို့ ဆုံးဖြတ်လိုက်ပေမယ့် ခြေလှမ်းတွေက လှုပ်လီလှုပ်လဲ့ ဖြစ်နေ၏။ ကားနားရောက်တော့ မတက်ဖြစ်သေးဘဲ ခြေလှမ်းတွေရပ်သွားပြန်သည်။

လူတွေကတော့ မျက်စိနောက်နေမှာပါ။ အိမ်က နီးနီးလေး..၊



www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့လူကို လာကြိုတဲ့လူကလည်း ကားနဲ့ ...၊

'ဒီညီအစ်မနှစ်ယောက်တည်းရှိတာကို မောင်နဲ့မည်းမည်းထဲမှာ လာကြိုရမယ့်မိန်းမသားကရော ကားနဲ့မလာလို့ ရမလား' တဲ့ ...။

မမကတော့ ဂရုမစိုက်စွာ ပြောခဲ့၏။ ကာရံ ဂရုစိုက်နေတာက လည်း ပတ်ဝန်းကျင်ဆိုတာထက် မမအိမ်က လူနှစ်ယောက်ဆိုရင် ပိုမှန်မှာပါ။

သူတို့တွေ ဒါကို မျက်စိစူးပြီး မကျေနပ်တာတွေကို စုပြုံ ခံစား နေနိုင်သည်။ မမ အိမ်မှာ ရန်တွေဘာတွေများ ဖြစ်နေသလား ...၊ ဒါကြောင့် ကာရံ ကို ပြန်မလာနဲ့ဦးလို့ ပြောတာလား ...၊

ဖျတ်ခနဲ တွေးမိလိုက်တာနှင့် ကာရံ ကားပေါ်ကို ကမန်းကတန်း တက်လိုက်သည်။

"ဒုန်း .."

"အား!..."

ကားထဲကို ငုံ့ဝင်လိုက်စဉ် ခေါင်းနဲ့ကား ဆောင့်မိသွား၏။

"နာလိုက်တာ .. ကျွတ် .. ကျွတ် ...၊ ဟင်!..."

နဖူးကိုပွတ်ရင်း ကားထဲဝင်ထိုင်လိုက်လျှင် ပွတ်နေသည့်လက် မှာ စိုစိုစွတ်စွတ် စေးထန်းထန်းဖြစ်လာသဖြင့် အတွင်းမီး ဖွင့်၍ လက်ကို ကြည့်လိုက်၏။

သွေးတွေ ...၊ သွေးမြင်လိုက်တော့ လန့်သွားသည်။ ငယ်ငယ် တည်းက ကားစီးလာတာ သက်တမ်းနဲ့အမျှပါ။ တစ်ခါမှ ဒီလိုမဖြစ်ခဲ့ ဘူးပေ ...၊ ကားထဲက တစ်ရှူးတစ်စ ဆွဲထုတ်ကာ နဖူးကို ကမန်း





ကတန်း ဖိကပ်ထားလိုက်မိသည်။

ဖယ်ကြည့်လိုက်တော့ သွေး သိပ်အများကြီးမထွက်သည်မို့ အိမ် ကို ချက်ချင်း ပြန်လှည့်မောင်းခဲ့၏။ စိတ်ထဲမှာ သွေးမြင်လိုက်တည်း က လန့်နေမိကာ မမ ပေးထားသည့်သော့နဲ့ ခြံတံခါး ဆင်းဖွင့်ရတာ တောင် လက်တွေ တုန်နေသည်။

ကားမောင်းဝင်လာတော့မှ အိမ်တံခါးဝမှာ မမကို လှမ်းမြင် လိုက်ရ၏။ ဆင်စွယ်ရောင်လို ဖြူနုနုဝတ်စုံနှင့် လည်ပင်းမှာ ပဝါအနီ ပတ်ထားတာလား ...၊ အင်္ကျီက လည်စီးလား မသိ ...။

မမ ပြန်ရောက်နေသားနဲ့ ဘာဖြစ်လို့ လာလည်း မကြို၊ ဖုန်း လည်း မကိုင်ရတာလဲ ...။ မြင်လိုက်ရလို့ စိတ်အေးသွားပေမယ့် စိုးရိမ် စိတ်က ဝင်နေပြန်၏။ ကိုဇွေ နဲ့ ရန်များဖြစ်နေကြလို့လား ...၊

"ဒုန်း .."

"အား .."

ပေါ်တီကိုအောက်ကို ကွေ့လိုက်ကာမှ အစွန်းထွက်နေသည့် ပန်းအိုးတစ်လုံးနဲ့ ဘယ်လိုဆောင့်မိသွားသည် မသိ၊ ညဉ့်နက်နေပြီမို့ အသံက အကျယ်ကြီးပဲ ဖြစ်သည်။

ဒါပေမယ့် ကာရံ လှမ်းကြည့်လိုက်တော့ မမက မရှိတော့ပေ။ ကားရပ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေတာလဲလို့ ပြန်တွေးရင်း ဒေါသဖြစ်၏။

မမတို့သာ ရန်ဖြစ်နေကြတာမှန်လျှင် ကိုယ်က အချိန်မတော်မှ ပြန်လာပြီး သံစုံမြည်နေတာ ပြောစရာ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကာရံ အိမ်ထဲရောက်တော့ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွား၏။

သူမ ထင်တာ မှန်ခဲ့ပါပြီ။ မမရဲ့ဖုန်းက ဆိုဖာနဲ့ စားပွဲခုံကြားမှာ ရှိနေကာ မမ ကုမ္ပဏီကပြန်တိုင်း ပါလာတတ်သည့် လက်ပ်တော့ပ် ထည့်သည့်အိတ်နဲ့ ဖိုင်တွေက စားပွဲပေါ်မှာ ဒီတိုင်း ...။

အလုပ်ကို အလွန်လေးစားသည့် မမဟာ သူမ အလုပ်ကပြန် လာတာနှင့် ပါလာသမျှကို နေရာတကျ သိမ်းဆည်းထားသိုပြီးမှသာ လုပ်စရာရှိတာကိုလည်း လုပ်သည်။

အပြင်မှာ ဒီလိုထားခဲ့တာလည်း မရှိ ...၊ ဖုန်းကို ကြမ်းပေါ်ချထား တာကတော့ ...၊

"ဟဲ့ .. ဒီမှာ .."

မကြားဖူးခဲ့သည့်လေသံမို့ ကာရံ ဆတ်ခနဲ လှည့်ကြည့်လိုက် သည်။

"အဲဒါတွေယူပြီး ဘာလုပ်မလို့လဲ .."

ဒေါ်ခင်ခင့် မျက်နှာကြီးက မြန်မြန်ပြန်မဖြေရင် ပြေး၍ သတ် ပုတ်တော့မလို နီမြန်း တင်းမာနေခဲ့လျက် ...

"ညည်းက ဒီအချိန်မှပြန့်ပြန်လာတာ ဘာလုပ်နေလို့လဲ .."

ခပ်မိန့်မိန့် လက်ပိုက်ပြီး တစ်လှမ်းချင်းလျှောက်လာရင်း မေးပုံ က ပြန်ဖြေချင်စရာ မရှိပါ။ ဒါပေမယ့် အခြေအနေကို နားလည်နေ သဖြင့် မမမျက်နှာကို သတိရကာ ကာရံ စိတ်ကို ချိုးနှိမ်ထားလိုက် သည်။

စားပွဲပေါ်ကနေ ကောက်ယူထားပြီးသည့် အိတ်နဲ့ ဖိုင်အထပ်ကို





ပြန်ငုံ့ကြည့်လိုက်ရင်း ...

"မမကို သွားပေးမလို့ .."

"ငါမေးတာကို ဖြေပါဦး .. ညည်းတက်တဲ့သင်တန်းက သန်း ခေါင်ကျော်သင်တန်းလား .."

စိတ်ကတော့ တိုနေပါပြီ။ မမအခန်းဆီ တစ်ချက်လှမ်းကြည့်မိ ကာ ပင့်သက်ရှိုက်၍ ...

"သင်တန်းမှာ ကာရံ က ဂိုက်ဒ်လုပ်တာပါ၊ မမ မရှိတဲ့အချိန် အိမ်မှာပျင်းလို့ လုပ်အားပေးသဘောပါပဲ .."

"ဪ .. ဪ .. ဒါရိုက်တာမကြီးက စီစဉ်တာပဲကိုး၊ အေး ပေါ့လေ .. ငါတို့နဲ့ သူ့ညီမကို စိတ်မချလို့ပေါ့ .."

"အဲဒီသဘော မဟုတ်ပါဘူး၊ မမက .."

"တော်ပါပြီအေ .. ညည်းအစ်မ စကားတတ်လွန်းလို့ ပြိုင်ဆိုင် ပြီးတော့လည်း မပြောနိုင်ပါဘူး၊ ဒီမှာ ညည်း သူ့အခန်းကို မသွားနဲ့.."

"ဘာဖြစ်လို့လဲ .."

"လင်မယား ရန်ဖြစ်နေတာ ဝုန်းဒိုင်းကြဲပဲ၊ အဲဒါတွေ ဒီမှာ ပြန်ချထားပြီး ကိုယ့်အခန်း ကိုယ်ကြွ .."

ကာရံ ရင်ထဲမှာ နင့်သွားသည်။ ဝုန်းဒိုင်းကြဲဖြစ်ကြတယ်ဆို တော့ သတ်ပုတ်ကြတဲ့အထိလား ...၊ မမကို ကိုနွေ ရိုက်နှက်ပစ်လိုက် သလား ...၊

မခံချင်စိတ်က ထောင်းခနဲဖြစ်၏။ ကိုယ့်ကို မော်တောင်မကြည့် ရဲခဲ့သည့် ဒရိုင်ဘာက မမကို တကယ်ရိုက်ခဲ့တာသာ မှန်လျှင် ...၊



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ဘာလုပ်မလို့လဲ .."

"ကာရံ မမနဲ့တွေ့မှ ဖြစ်မယ် .."

ကာရံ က ဖွတ်တရွတ် ရေ့တိုးသည်။ ဒေါ်ခင်ခင် က ရှေ့ကနေ ရပ်ပျက်ဆင်းပျက် လိုက်ပိတ်ရပ်သည်။

အခန်းထဲမှာ ကိုယ့်တူက ရိုက်နှက်နေပြီမှန်း သိကတည်းက ဝမ်းသာလိုက်ရတာ ပြစရာမရှိ ..။

ခုလောက်ဆို ဟိုမိန်းမ မေ့မြောနေပြီလားပဲ ..၊

ဒီအခြေအနေထိ ဖြစ်ထားပြီးမှ လင်ကို ပတ်ချွဲနှပ်ချွဲလည်း လုပ်နိုင်မှာမဟုတ်ပေ။ မွန်းတည့် ရဲ့စိတ်ကလည်း ဒီလောက်ထိတော့ ပျော့ညံ့မှာ မဟုတ် ..။

ဒါကြောင့် ကိုယ့်လူက ဖိနှိပ်နိုင်နင်းနေတုန်း ညီအစ်မနှစ်ယောက် ပေါင်းပြီး အင်အားဖြစ်သွားလို့ မဖြစ် ..။

"မသွားနဲ့ .. ဖြစ်ပြီးကာစဆိုတော့ လင်မယားသဘာဝ ပြန်ချော့ကြ ပြန်တည့်ကြရယ်၊ သူတို့ ဘာလုပ်နေကြမှန်း မသိဘဲနဲ့ .."

ဒေါ်ခင်ခင် က အပျော့ဆွဲနဲ့ ပြန်စည်းရုံးသည်။ ပြီးတော့ တွေဝေသွားသည့် ကာရံ့ မျက်နှာလေးကိုကြည့်ပြီး ရင်ထဲမှာ ကြိတ်မဲ့မိ၏။

တိတ်ဆိတ်နေသည့် အခန်းဆီကို နားစွင့်ငေးရင်း ကာရံ့ ခြေလှမ်းတွေ ရှေ့မတိုးမိတော့ပေ။ ဒီလူကိုမှ မမ ဘာဖြစ်လို့ မခွဲနိုင်မခွာနိုင် ဖြစ်နေရတာလဲ ..။

သူမမှာတော့ မမ အရိုက်ခံလိုက်ရပြီလားလို့ တွေးမိတာနဲ့ တောင် မျက်ရည်ဝဲမိသည်။





တကယ်ဆို သူမ စောစောကတည်းက ပြန်လာရမှာပါ။ သူမ ရှိနေရင် မမ ဒီလိုခံရမှာ မဟုတ် ..။

ကိုယ့်အိပ်ခန်းဆီ ခပ်ဖြည်းဖြည်း လှမ်းလာခဲ့ရင်း ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။ မမ တံခါးဝထိ ထွက်လာခဲ့သေးသည်။

ခါတိုင်းဆို ကာရံ ဘယ်သူနဲ့စကားပြောနေနေ 'ဘာလဲ ..၊ ဘာပြောတာလဲ'ဆိုပြီး စိုးရိမ်သောမျက်နှာနှင့် ထွက်လာနေကျ။ ခုတော့ ထွက်မလာပါလား ..။

ဘာပဲဖြစ်ဖြစ် ပြန်လာတာမြင်ပြီမို့လို့ စိတ်အေးသွားပြီး ပြန်ဝင်သွားတာလည်း ဖြစ်နိုင်တာပဲ။ ကိုယ့်စိတ်ကိုယ်ဖြေရင်း အခန်းထဲ ပြန်ဝင်ခဲ့ရသည်။

စိတ်တွေကတော့ လေးလံနေပါ၏။ မမနဲ့ စကားပြောချင်တာမို့ ကာရံ အခန်းကူး၍ ရေထွက်ချိုးလိုက် ..၊ ကော်ဖီထွက်ဖျော်သောက်လိုက် ..၊

သူမ ည ဆယ်နာရီကျော်အထိ လှုပ်ရှား စောင့်မျှော်နေသော်လည်း မမကတော့ လုံးဝ ထွက်မလာခဲ့တော့ဘဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ညတုန်းက ခြေသံကြားရင်း ထကြည့်ရင်းနှင့် တော်တော်နှင့်အိပ်မပျော်ခဲ့ပေ။

အိပ်ရာကနိုးတော့ မနက် ရှစ်နာရီထိုးတော့မည်။

မမလည်း ငါ့ကို လာမနှိုးပါလား ...၊

ကာရံ အိပ်ရာထဲကနေ ကမန်းကတန်းထကာ လုပ်စရာရှိသမျှ အမြန်ဆုံး ပြီးအောင် လုပ်လိုက်၏။

တစ်အိမ်လုံး တိတ်ဆိတ်ခြောက်ကပ်နေကာ မီးဖိုခန်းထဲက အသံတစ်ချက်ကြားလိုက်သဖြင့် သွက်သွက် လျှောက်ခဲ့သည်။

"အန်တီ .. မမ ကုမ္ပဏီကို ထသွားပြီလားဟင် .."

"မသိဘူး .."





ညကနဲ့ လုံးဝမတူဘဲ ဒေါ်ခင်ခင့် ပုံစံက စကားပြောချင်ပုံလည်း မရှိ ...။

ကြော်ထားတာတွေက ကြက်ဥပေါင်မုန့်ကြော်နှင့်ဝက်အူချောင်း ရယ် .. ကြက်သားရယ် ...၊

မမက ကြက်သားကြော်ကို ပေါင်မုန့်မီးကင်ထဲ ထည့်လိပ်ပြီး စားသည်။

ဒီတိုင်းလည်း ဖွဲ့စားတတ်ကာ ပြီးမှ ကော်ဖီသောက်သည်။

ဒါဆို မမ ထွက်မလာသေးတာ သေချာပြီ ...။

ညက အကြီးအကျယ် ဖြစ်ထားကြသလားလို့ တွေးမိပြန်ကာ ရင်ထဲမှာ ပူလောင်သွား၏။ မထနိုင်လောက်အောင်များ မမ အရိုက်အနက် ခံထားရသလား ...၊

ဒေါ်ခင်ခင် ဆိုတဲ့ မိန်းမကြီးက မမအတွက်တောင်မှ စားသောက်ဖို့ ဖွယ်ဖွယ်ရာရာ လုပ်ပေးချင်တာ မဟုတ်ပေ။

ခုမှ လုပ်ပေးနေပုံ ကြည့်ရတာ သနားသဖြင့် ကျွေးမွေးခြင်းလို့ အဓိပ္ပာယ်ကောက်ကာ ကာရံ မမ အခန်းရှိရာကို ပြန်လှည့်လာခဲ့သည်။

မမကို မရမက ခေါ်ထုတ်မည်။ ဒါမှမဟုတ် သူမ အထဲကိုဝင်၍ မမကို ကြည့်မှ ဖြစ်မည်။

"ကာရံ .."

အခန်းရှေ့ရောက်ကာနီးမှ ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့် မျက်နှာက မို့အစ်အစ် နီကျင်ကျင်ဖြစ်နေကာ ရေချိုးခန်းဘက်ကနေ အေးဆေးစွာ လျှောက်လာ၏။

"မင်းအစ်မ မရှိဘူး .."

"ဟင်!... ဘယ်လို .."

ကာရံ အလန့်တကြား ဖြစ်သွား၏။

ပြီးတော့ ယုံလည်း မယုံ ..။

"ကိုနွေ ဘာပြောလိုက်တာလဲ .."

မွန်းတည့် က ဘာမှမဖြေသေးဘဲ သူမရှေ့ထိ လျှောက်လာ၏။ ပြီးမှ အခန်းဘက်ကို ကြည့်သလိုနှင့် မျက်နှာကို ခပ်လွှဲလွှဲနေလျက် ...

"ညက ငါတို့ စကားများကြပြီး သူ ထွက်သွားတယ် .."

"ဟာ!... မဖြစ်နိုင်တာ .."

ကာရံ ခေါင်းတခါခါ ဖြစ်သွားသည်။ သူမ ပြန်လာမှ မမကို လှမ်းမြင်လိုက်သေးသည်။

"ညက မမ ရှိတယ်၊ ကာရံ့ ကိုတောင် တံခါးလာဖွင့်ပေးတဲ့ ဥစ္စာ .."

လွှဲနေသည့် မွန်းတည့် ဆတ်ခနဲ ပြန်လှည့်လာ၏။ မျက်ဝန်းတွေ မှုန်ရှုန်းရဲရဲ ဆုံမိကြကာ ...

"ပြီးတော့ ညက တစ်နာရီလောက်ထိ ကာရံ အိပ်မပျော်သေးဘူး၊ တံခါးဖွင့်သံ ပိတ်သံ မပြောနဲ့ ခြေသံကြားတာတောင် ကာရံ ထကြည့်တယ်၊ တကယ်ထွက်သွားတယ်ဆိုရင်တောင် မမက ကာရံ့





ကို ဒီတိုင်း ထားသွားမှာ မဟုတ်ဘူး .."

သူမ ပြန်မလာခင် ကြားကာလအချိန်လေးမှာတောင် စိတ်မချလို့ သင်တန်းကို ပို့ထားခဲ့တဲ့ အစ်မ ..၊

"ကိုနွေ တို့ ဘာဖြစ်ကြတာလဲ ..၊ ညက ရိုက်နှက်တားတွေထိ ဖြစ်ကြလို့လား .. ဟင် .."

"ဟုတ်တယ် .."

ကာရံ မျက်နှာလေး တင်းခနဲ ဖြစ်သွားသည်။

"ငါရိုက်လိုက်တဲ့ဒဏ်ရာတွေ မင်း မြင်မှာစိုးလို့ အသံမပေးဘဲ ထွက် .."

စကားကို ဆုံးအောင် နားမထောင်နိုင်တော့ဘဲ ကာရံ မွန်းတည့် ပါးကို တအား ပြေးရိုက်၏။

အလစ်အငိုက်မို့ တစ်ချက် ရှုပ်ထိသွားကာ ပါးတစ်ဖက်မှာ ဆံပင်တွေ ဖွားခနဲ အုပ်သွားသည်။

နောက်တစ်ချက်ကျတော့ ကာရံ့ လက်လေးကို မွန်းတည့် က ဖမ်းဆုပ်ထားလိုက်ကာ ...

"တောက်!..."

တက်တစ်ချက်ခေါက်ကာ သူ့မျက်နှာပေါ်က ဆံပင်တွေကို မျက်နှာမော့၍ ခါထုတ်ပစ်၏။

ပြီးတော့ ကာရံ့ ကိုယ်လေး နောက်လန် ယိုင်ထွက်သွားတဲ့အထိ လက်ကို ဆောင့်လွှတ်လိုက်ပြီး ...

"မင်းကို ငါ အေးဆေးပြောမယ် .. နားနဲ့ ထောင် ..၊ ထက်



www.burmeseclassic.com

www.burmeseclassic.com



မပါနဲ့ ..”

“ပြော .. ရှင် ပြောလို့ပြီးရင် ရှင့်ကို သတ်မယ် ..၊ ရှင်က အားကြီးတယ်ထင်ရင် ကျွန်မကို ပြန်သတ် ..၊ နှစ်လောင်းပြိုင် ဖြစ်သွားပစေ ..”

ကာရံ အသား ဆတ်ဆတ် တုန်နေသည်။

မွန်းတည် က သွေးအေးရက်စက်သည့်မျက်နှာနှင့် စိုက်ကြည့်နေလျက် ...

“မင်းအစ်မ ကိုမောင် ဆိုတဲ့လူနဲ့ ပြန်လာတယ်၊ သူ့ကား ပါမလာဘူး ..”

ကာရံ နားထောင်နေတာကို သူက ကြည့်ပြီးမှ ...

“အချိန်မတော်ကာမှ တခြားလူနဲ့ ပြန်လာတဲ့ မိန်းမကို ငါ ဘာမှ မပြောရဘူးလား ..”

“လက်ပါရတဲ့အကြောင်းက ဘာလဲ ..၊ ပြော .. လိုရင်းကိုပဲ ပြော ..”

ကာရံ အရူးတစ်ယောက်လို ခေါင်းသွက်သွက်ခါပြီး အော်သည်။

“မင်းအစ်မ ငါ့ကို နှစ်ပြားမတန်အောင် ပြောတယ်၊ သူက ဒီက ထွက်သွားမယ်တဲ့ ..”

“ဟုတ်တယ်လေ .. အဲဒီလိုဖြစ်သင့်တာ ကြာပြီပဲ၊ မတူညီတဲ့ သဏ္ဌာန်နှစ်ခုကို အံဝင်ခွင်ကျဖြစ်ဖို့ ကြိုးစားရင် အရူးပဲ ..”

“တိတ်စမ်း ..”





အနာပေါ်တုတ်ကျသလို မွန်းတည့် မျက်နှာ ရဲခနဲ နီစွေးသွားကာ စူးခနဲ ပိတ်အော်သည်။

“မင်းက အစ်မနဲ့ တစ်လေသံတည်းပါလား၊ အေး .. ယောက်ျားဆိုတာ သူ့မာနကိုထိရင် ဘယ်လောက်ချစ်တဲ့မိန်းမကို ဖြစ်ဖြစ် ခွင့်မလွှတ်ဘူး ..”

“ခွင့်မလွှတ်လို့ စိတ်နောက်ကိုယ်ပါ ရိုက်လိုက်မိရင် တစ်ချက်ပေါ့၊ ဒဏ်ရာဒဏ်ချက်တွေဖြစ်အောင် ရိုက်နှက်လိုက်တာ ရှင် မရက်စက်လွန်းဘူးလား ..၊ မမက ရှင့်အရိုက်အနှက်ခံရလောက်တဲ့ မိန်းမမျိုးလား ..”

“ဒါတော့ သူပဲ သိလိမ့်မယ် ..”

မွန်းတည့် မျက်နှာကို ကြည့်၍ ကာရံ အံတကြိတ်ကြိတ် ဖြစ်နေသည်။

မျက်နှာက အေးစက်စက် မထုံတက်တေးနှင့် ဟူးခနဲ လေပွေထသလို ဒေါသတွေ ထွက်ပြလိုက် ..၊ ရေခဲမျက်နှာ ဖြစ်သွားလိုက်နှင့်...

“မင်း ပြန်ချင် ပြန် ..၊ မပြန်ချင်လည်း နေ ..”

“ကျွန်မက ဘာဖြစ်လို့ ပြန်ရမှာလဲ ..၊ ဒါ ကျွန်မအစ်မ ပိုင်တဲ့ အိမ် ..”

“မင်းကို ဘယ်သူပြောတာလဲ ..”

“အို .. ဘယ်သူပြောပြော မပြောပြော ရှင်နဲ့ မမ တကယ်ကွဲတော့မှာ သေချာနေကာမှ ဘာလို့ ထားခဲ့ရမှာလဲ ..၊ ဒီမှာ မမက ရှင်တို့ နေပါတော့ဆိုပြီး မျက်နှာလွှဲခဲပစ် ထားခဲ့မှာပဲ၊ သူက ရှင့်



www.burmeseclassic.com

www.burmeseclassic.com



အတွက်ချည်းပဲ ခေါင်းထဲထည့်တဲ့သူလေ ..”

မွန်းတည့် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ကာရံ က မသိ ..။

“ရှင် ဘာလုပ်လုပ် သူက ဒေါသပြေသွားရင် ခွင့်လွှတ်ဦးမှာပဲ ..၊ ဒါပေမယ့် ကျွန်မက မရဘူး၊ ကိုယ် မသဒ္ဓါတဲ့လူကို ဖိနပ်စုတ်တစ်ရံတောင် အလကား မပေးဘူး မှတ် ..”

ကာရံ က အကြောက်အလန့်မရှိ ကြိမ်းဝါးပြီး နောက်တစ်လှမ်းဆုတ်သည်။

“ကျွန်မ ဘယ်မှ မသွားဘူး .. ဘာတွေဖြစ်ကြသလဲဆိုဟာ အတိအကျသိရတဲ့နေ့ မမ ရှင့်ကို သေချာ မုန်းသွားစေရမယ် ..၊ ရှင်ဟာ စိဋ္ဌမာဏ လို မချွတ်ထိုက်တဲ့သူမှန်း နားလည်သွားပြီဆိုရင် သံယောဇဉ်လက်ကျန် ဆက်ရန်မရှိပဲ ..”

ပြောချင်တိုင်းပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။

တစ်ဖက်သားက မပြောမဆိုတတ်လို့ ကျန်ရစ်ခဲ့တာလား ..၊ မလှုပ်ရဲ မထိရဲလို့ ကျန်ရစ်ခဲ့သည်လား ..၊

သူမ ဘာမှမသိပေမယ့် သိရင်လည်း ကြောက်မိမှာ မဟုတ်ပါ..။

ရင်ထဲမှာ ဆို့နင့်ကြေကွဲနေတာက ဒဏ်ရာဒဏ်ချက်တွေ ထင်သွားသည်ဆိုသော မမမျက်နှာကို မြင်ယောင်ရင်း ငိုချင်နေ၏။

မငိုရသေးဘဲ မျက်ရည်စက်တွေက ပိုးပိုးပေါက်ပေါက် ခုန်ဆင်းနေပြန်သည်။





တစ်အိမ်လုံးက အလိုလိုက် အားထားခဲ့သည့် မမ ..၊

မေမေ့အချစ် ဖေဖေ့ရဲ့ အားထားမှုတွေနဲ့ သိပ်တော်တဲ့ မမ ..၊

ကိုယ်ခိုင်းတဲ့ ဒရိုင်ဘာက အိမ်ဦးခန်းမှာ အကျအနထိုင်ပြီး ပြုစုခံနေတဲ့အပြင် ရိုက်နှက်တဲ့အထိ စော်ကားလာတယ်ဆိုတာကို ရင်ထဲမှာ မချိအောင် နာ၏။

ဒီလူက ဘာမို့လဲ ..၊

သင်းကို ကာရံ နည်းနည်းလေးမှ ကြောက်စိတ် မရှိပေ ..။

ထို့ပြင် မမ နေ့မနား ညမနား ရှာဖွေ စုစည်းထားခဲ့သည့် ဒီအိမ်ဟာ မသမာသူတွေ စိုးစံ ကျန်ရစ်သည့်အဖြစ်မျိုး မရောက်စေရ ..။

“ညည်းအစ်မ ထွက်မလာသေးဘူးတဲ့လား ..”

မီးဖိုခန်းထဲက ထွက်လာသည့် ဒေါ်ခင်ခင် က ကာရံ နဲ့ ဘေးဘီကို ကြည့်၍ မေးခွန်းထုတ်၏။

ညကအဖြစ်တွေကို ဒီမိန်းမကြီး သေချာမသိသေးတာ သေချာသည်။

“အန်တီ ညတုန်းက ရန်ဖြစ်ကြတာပဲ ကြားတာလား ..၊ မမ ထွက်သွားတာ သိလား ..”

“ဘယ်က ထွက်ရမှာလဲ ..၊ လင်မယား ဒီလောက်ဖြစ်နေကြတဲ့ ကြားက ..”

‘ညည်းအစ်မ နွေ့မွန်းတည့် ရိုက်လို့ စကားမေးတောင် ရပါ့မလား’လို့ မေးလိုက်ချင်တာ လျှာယားနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး သူ့အစ်မနဲ့ မတွေ့ရသေးဘူး ဖြစ်မည်။

ဒေါ်ခင်ခင် ကလည်း ကိုယ့်အတွေးနဲ့ကိုယ် ပြုံးချင်ချင် ဖြစ်သွားကာ မျက်မှောင်ကုတ် စဉ်းစားနေသည့် ကာရံ့ ကို လောကွတ်ချော်ဖို့လည်း စိတ်ကူးရလျက် ...

"သူ မထသေးရင်လည်း ထမင်းသွားစားလေ ..၊ ကော်ဖီလည်း အဆင့်သင့်ပဲ .."

လာပြန်ပြီ ..၊ ဒီမိန်းမကြီး စေတနာတွေ ရေစီးကမ်းပြိုနေတာ..၊

ကာရံ စိတ်ထဲရှိတာကို ထပ်မေးမလို့ စဉ်းစားနေတုန်း အင်္ကျီအိတ်လေးထဲမှ ထမြည်လာသည့်ဖုန်းကြောင့် ထုတ်ကြည့်လိုက်မိ၏။

ကိုကို ..၊

လှိုက်ခနဲ စိတ်ထဲမှာ ပျော်သွားသည်။

ဒီအချိန်မှာ တီလေးကို ဘာမှ လှမ်းမပြောချင်သေးပေ ..။

တီလေး သိသွားတာနှင့် ချက်ချင်း လာခေါ်မှာကို သိထားသည်မို့ မသိစေချင် ..။

ရင်ထဲမှာ ပြည့်ကျပ်နေတာတွေကို မေးသင့်ဆုံးလူက ကိုကိုပဲမို့ ဖုန်းကိုင်ရင်း ခြံထဲဆင်းလာခဲ့၏။

"ကိုကို လာတော့မှာလား .. မနက်ဖြန်ဆိုရင်ပဲ တစ်ပတ်ပြည့်ပြီ .."

"အခု ကိုယ် မင်းပြောတဲ့ဟိုတယ်လ် ရောက်နေပြီ .."

"ဟင်!... တကယ် .."





"အင်း .. ခုပဲရောက်တာ ရေတောင် မချိုးရသေးဘူး .."

"ဒါဆို ကိုကို ခဏတော့ နားဦးမှာပေါ့နော် .."

"ဘာဖြစ်လို့လဲ ချာတိတ် .. အကြောင်းရှိလို့လား .."

"ကိုကို့ကို တွေ့ချင်တယ် .. ပြောစရာတွေ အများကြီးပဲ ..၊ ဟိုလေ .. ဒါက အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စမို့လို့ ကိုကို့ကို ပြောချင်တာ .."

"ဟုတ်လား .. ဒါဆို တွေ့မယ်လေ ..၊ ချာတိတ် အခု ထွက်ခဲ့မလား .."

"ကိုကိုက ဘယ်အထပ်မှာလဲ .."

"ဟိုတယ်လ်ကို မလာနဲ့လေ.. ကိုယ်ထွက်လာမှာပေါ့၊ ချာတိတ် နေရာတစ်ခုခု ပြော .."

ကိုကို့ကို တွေ့ဖို့နေရာ ချိန်းလိုက်ပြီးမှ ...

"ကိုကို အရမ်းပင်ပန်းနေမလားဟင် .."

"ပြောမိလို့လား ..."

ကိုကိုက နှုတ်ဆက်ပြီး ဖုန်းချသွားသည်။

ဩော် .. ပုံမှန်အချိန်သာဆို ကိုကို ရောက်လာပြီဆိုပြီး ကာရံ ပျော်လိုက်မယ့်ဖြစ်ခြင်း ..၊

ခုတော့ သူမမှာ သောကတွေနဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ကြည်ပြာဖျော့ဖျော့မှာ အဖြူရောင်အမျှင်တန်းလေးတွေ ပါသည့် မိုးသားရောင်ဝတ်စုံပွပွလေးကို ခါးပတ်အဖြူရောင်လေးနဲ့ ပတ်ထားကာ စတော့ကင်အပြာလေးနဲ့မို့ သူမပုံစံလေးက ကောင်းကင်ဆန်ဆန်လေး လှနေ၏။

ပြီးတော့ ဆံနွယ်ပျော့ပျော့လေးတွေမှာ ကြည်ပြာရောင် ညှပ်ကလစ်လုံးလုံးလေးတွေ ပွထနေအောင် ညှပ်ထားသဖြင့် ချစ်ဖို့ကောင်းသည်။

"ကိုကိုက ဘာပြုံးတာလဲ .."

"မင်း အရမ်းလှနေလို့ .."

"ကိုကိုကလည်း ဒီမှာ စိတ်ညစ်လာတာ .."

"ဟုတ်လား .."





"တွေ့လား .. သူများပြောတာကို မချိုမချဉ်နဲ့ ..၊ တကယ်ပြောနေတာ .."

"ဟုတ်ပါပြီ ..၊ လာ .. ဒီမှာ ထိုင် .."

ကိုကိုက သူ့ဘေးမှာ ကာရံ ထိုင်ဖို့အတွက် နေရာလေး လုပ်ပေး၏။

"ပန်းခြံထဲမှာ ဒီနေရာက ချောင်တော့ကျတယ်၊ ဒါပေမယ့် ကိုယ် လူမြင်မခံချင်လို့ ရွေးတာပါ"

"ကာရံ က ဘာပြောနေလို့လဲ .."

"မင်း တစ်မျိုးထင်မှာ စိုးလို့ .."

"ကိုကို့အပေါ်မှာ ကာရံ ဘယ်တုန်းကမှ စိတ်မကွက်ခဲ့ဘူး ..၊ အဲဒါကြောင့် ကိုကို့အခန်းကိုတောင် လာဖို့ စဉ်းစားလိုက်သေးတယ်.."

"ကိုယ်က မင်းအတွက် ပြောတာပါ .."

"သိပါတယ် .. အဲဒါတွေကြောင့် ကိုကို့ကို ကျေးဇူးတင်နေတာ၊ ပြီးတော့ လေးစားတယ် .."

"ပြီးတော့ရော .."

"အရမ်းချစ်တယ် .."

"အဟွန်း .."

တိမ်တိုက် က ကာရံ့ လက်ဖဝါးလေးကို ဆွဲကိုင်ထားလိုက်ကာ ...

"ပြောလေ .. ဘာတွေ စိတ်ညစ်လာတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ကာရံ တို့မေမေ ဖေဖေ့ဆီ ခဏလိုက်သွားတာ ကိုကို သိတယ်နော် .."

"အင်းလေ .. သူတို့လည်း ဒီလောက်တော့ တွေ့ချင်မှာပေါ့"

"မဟုတ်ပါဘူး .. အခု ဖေဖေနဲ့ မေမေ့အကြောင်း မဟုတ်ဘူး၊ ကာရံ က တီလေးနဲ့နေခဲ့မှာပဲဆိုပြီး မမဆီ လာနေခဲ့တာလေ .."

"အင်း .. ဘာဖြစ်လဲ .."

"အခု မမ နဲ့ ခဲအိုက စကားများပြီး မမက ထွက်သွားတယ်.."

"ဘယ်လို!..."

"ခဲအိုဆိုတဲ့လူက အစတည်းက မြူစိစိ မှုန်ကုတ်ကုတ်နဲ့ တစ်မျိုးပါပဲ ကိုကိုရယ် .. အဲဒါလေ .. သူ မမကို လက်ပါလိုက်တယ်လို့ ပြောတာနဲ့ ကာရံ ပြန်ရိုက်ပစ်လိုက်တယ် .."

"ဟာ!... ချာတိတ် မလုပ်ရဘူးလေ .."

"ကိုကိုကလည်း သူက မမကို လူလည်ကျတာကိုး ..၊ ကိုကို မသိတာတွေ အများကြီးရှိသေးတယ် သိလား၊ လူတော်တော်များများက ကိုယ့်ထက်ချမ်းသာတဲ့လူကို မျက်နှာလိုမျက်နှာရ လုပ်ချင်ကြတယ်၊ သူ့ကျတော့ ဆင်းရဲတယ်ဆိုပြီး မမကပဲ ချော့နေရတာ .."

"သူတို့ချင်း နားလည်နေကြရင် ပြီးတာပဲကွာ .. သူများလင်မယားကြား ဝင်မပါရဘူး၊ ပြီးတော့ သူတို့ချင်းက ပြေလည်သွားကြမှာ .."

"သူများလင်မယားမှ မဟုတ်တာ .. ကိုယ့်အစ်မလေ .."

တိမ်တိုက် က ကာရံ့ လက်ဖဝါးလေးကို သူ့နဲ့ လက်ဖဝါးချင်း





ထပ်ဆုပ်ထားလိုက်ကာ ထိုလက်နဲ့ပဲ နဖူးလေးကို ဖွဖွထုကာ ..

"ချာတိတ်နဲ့ ကိုယ်တို့ လက်ထပ်ရင် ကိုယ့်ဘက်က ညီမ အစ်မ ဝမ်းကွဲတွေ အဲဒီလို ဝင်ပါလာနိုင်တယ်၊ ဘယ်လိုလုပ်မလဲ .."

"ဘာဆိုင်လို့လဲ .. ကာရံ က သူ့လိုမျိုး အခွင့်အရေးယူနေမှာမှ မဟုတ်တာ .."

"ကလေးမဆန်ပါနဲ့ ချာတိတ်ရာ .. ကိုယ်က မင်းကို စိတ်ပူလို့ ပြောနေတာ၊ အခု မင်းအစ်မ ထွက်သွားတယ်ဆိုတော့ အဲဒီအိမ်မှာ ဘယ်သူရှိသေးလို့လဲ .."

"ဒေါ်ခင်ခင် ဆိုတဲ့ မိန်းမကြီး ရှိတယ်၊ တူဝရီးနှစ်ယောက်စလုံး အရမ်းစိတ်ပုတ်တယ် .."

"ကဲ .. အဲဒီလိုလူတွေထဲမှာ မင်း သူ့ကိုလည်း ရိုက်လားနှက်လား လုပ်ထားသေးတယ်၊ ဘယ်လို မျက်နှာချင်းဆိုင်ကြမလဲ .."

"ကိုကိုရယ် .. ကိုကို့ကို အားလုံးပြောပြမှပဲ ဖြစ်တော့မယ် .."

ကာရံ က ဖြူ နဲ့ မွန်းတည့် တို့ရဲ့ အိမ်ထောင်ရေးစခဲ့ပုံနှင့် ဆက်စပ်ကာ အဓိကပြောရမှာတွေကို သေချာရှင်းပြလိုက်ပြီး ...

"သူ တစ်သက်လုံးက မမကို ကျေးဇူးတင်ခဲ့တာ မဟုတ်ဘူး၊ ကာရံ အဲဒီရောက်တော့ မမ အားလုံး ရင်ဖွင့်တယ်၊ ကာရံ လည်း မြင်နေတာပဲ .. မမကို ကြင်ကြင်နာနာ ရယ်ပြုံးဆက်ဆံတာ တစ်ခါမှ မရှိဘူး၊ ဘာဖြစ်ဖြစ် မမက သူ့ကို လူရာမသွင်းဘူး၊ မမရဲ့ အသိုင်းအဝိုင်းထဲမှာ သူ မျက်နှာငယ်ရတယ်၊ အဲဒီလိုမျက်လုံးနဲ့ အမြဲကြည့်နေတာ .. သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကာရံ ပြောသမျှကို တိမ်တိုက် က စိတ်ဝင်တစား နားထောင်နေသည်။

"သူ့အခေါ်ကလည်း မမကပဲ သူ့တူကို ဘဝပျက်စေသလိုလို၊ အရှမ်းမိုက်ရိုင်းတာပဲ .. နွေမွှန်းတည့် ဆိုတဲ့လူက တကယ့်ဆိုက်ကိုပဲ ကိုကို၊ သူတွေးနေတာက လွဲရင် ဘာတွေဖြစ်နေနေ ဂရုမစိုက်ဘူး၊ သူ ထင်တာမှ အမှန်တရား၊ မမ ဖတ်ဖတ်မောအောင် ကြိုးစားနေလည်း ကူညီရမှန်း မသိဘူး ..၊ ချစ်စကား ကြိုက်စကားလေးတောင် အမောပြေ ပြောရမှန်း မသိဘူး .."

"သူတို့လင်မယားချင်း ကွယ်ရာမှာတော့ ပြောချင်ပြောကြမှာပါ .."

"ကိုကိုက ကာရံ့ ကို လျောင်နေတာလားဟင် .."

"လျောင်စရာလားကွ .. ဒါ အရှမ်းကိုကြီးမားတဲ့ အိမ်ထောင်ရေးပြဿနာ၊ အဲဒါကြောင့် မင်းကိုလည်း ဝင်မပါစေချင်ဘူး .."

"မပါလို့တော့ မရဘူး ကိုကို၊ မမက အရှမ်းလှတယ်၊ ကျက်သရေ ရှိတယ်၊ ဆုံးဖြတ်ချက်တစ်ခု မှားယွင်းပြီး သူနဲ့လက်ထပ်မိတာကလွဲရင် .. မမ ဘယ်တုန်းကမှ ဒီပုံစံ နေခဲ့တာ မဟုတ်ဘူး၊ ဆုံးဖြတ်ချက်ရဲသလို ဆုံးဖြတ်ချက်တိုင်းလိုလိုက အကျိုးအမြတ်တွေနဲ့ အောင်မြင်မှုပဲ ရခဲ့တာ ..၊ အဖေ့ခြေရာနင်းမယ့်သမီးဆိုတာ လူတိုင်းပါးစပ်ရှိခဲ့တဲ့ ချီးမွမ်းစကား .."

"အဲဒီတော့ ချာတိတ်အနေနဲ့ အခု ဘာလုပ်နိုင်လို့လဲ ..၊ သူတို့လင်မယား ဒီလိုဖြစ်ရတာ မင်းကြောင့်ဆိုရင် မင်းအစ်မ မရှိတဲ့နောက်





မှာ ကျန်နေခဲ့တဲ့ မင်းအတွက် အရှမ်းအန္တရာယ်များတယ် .."

"ကာရံ တို့ ညီအစ်မက အရှမ်းပွင့်လင်းတာ ကိုကို၊ သူတို့ မမအပေါ်မှာ ဘယ်တုန်းကမှ ငဲ့ညှာစာနာမှု မထားခဲ့တာတွေ၊ မမ ခံစားရတဲ့အတိုင်း ကာရံ အားလုံး သိထားတယ်၊ ဒါကြောင့် ခုလိုလုပ်တာ၊ မမ ဘယ်လိုသဘောနဲ့ပဲ အသံတိတ်ထွက်သွားသွား ကျန်ခဲ့တာတွေကို သူတို့ မခံစားစေရဘူး၊ တကယ်ကို ကွဲကြပြီဆိုရင် အဲဒါတွေကို မီးဖြစ်ဖြစ် ပုံရှို့ပစ်မယ် .."

မောဟစိတ်တွေ ပြင်းထန်နေသည့် ကာရံ့ ပခုံးလေးတစ်ဖက်ပေါ် လက်တင်ရင်း တိမ်တိုက် က စိုက်ကြည့်နေသည်။ ပြီးမှ ...

"ကိုယ်ကတော့ သူတို့လင်မယားရဲ့ တကယ့်ရင်ထဲကို မင်း မမြင်နိုင်ဘူးလို့ပဲ ပြောချင်တယ် ..၊ တခြားသူတွေလည်း ဒီတိုင်းပဲ ချာတိတ် .. အိမ်ထောင်ရေးတစ်ခုကို ဘေးလူတစ်ယောက်အနေနဲ့ ငါ အားလုံး၊ သိတယ်ဆိုတာ မဖြစ်နိုင်ဘူး .."

ကာရံ မျက်ခုံးလေးတွန့်သွားတော့ တိမ်တိုက် က ပြုံးပြ နှစ်သိမ့်ရင်း ...

"ကိုယ်မြင်တဲ့အတိုင်း ပြောပြတာ ..၊ အိမ်ထောင်ရေးမှာ ကာယကံရှင်နှစ်ဦးပဲ သူတို့ချင်း နားလည်တဲ့ ဆက်သွယ်ချက်ရှိတယ်၊ အဲဒါ သိပ်သည်းမှုပဲ၊ အရှမ်းကောင်းနေတယ်လို့ ဘေးလူ ထင်နေတိုင်း ကောင်းချင်မှ ကောင်းမယ်၊ ဆိုးလိုက်တာလို့ ထင်စရာရှိပေမယ့်လည်း သူတို့ချင်း သည်းခံနိုင်တဲ့ နားလည်မှုတွေ ရှိချင်ရှိနေဦးမှာ၊ အဲဒီတော့ မင်း ဝင်မပါနဲ့ ချာတိတ် .. ကိုယ့်အခေါ်နဲ့ ပြန်နေလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ကိုကို .."

ကာရံ က ဖွတ်တရွတ်ခေါင်းခါပြီး သူ့လက်ကို ဖယ်ချပစ်သည်။

"ဒီကိစ္စကို ကာရံ အသက်အန္တရာယ် ရှိနေပစေ လုံးဝ လက်မလွှတ်ဘူး ကိုကို .."

တိမ်တိုက် မျက်မှောင်ကုတ်သွားသည်။ ကာရံ က မမြင်သလို လှည့်ပစ်၏။

တိမ်တိုက် က အမိန့်ဆန်သည့်မျက်ဝန်းတို့နှင့် စိုက်ကြည့်ကာ မေးဖျားသွယ်သွယ်လေးကို သူ့ဘက် ဆွဲလှည့်လိုက်ကာ ...

"ဒီမှာ ကြည့်ပြော .. ဘာဖြစ်ဖြစ် လုပ်မှာပဲလား .."

"ကိုကိုက ဘာဖြစ်လို့ ဘေးထွက်နေဖို့ပဲ ပြောနေတာလဲ .."

ပြောရင်းနဲ့ ကာရံ မျက်ရည်လည်လာသည်။

"မင်းကို အန္တရာယ်ရှိလို့ ပြောနေတာ၊ ဒီမှာ ကာရံ .. မင်း ပြောနေတာတွေ နားထောင်ကတည်းက မင်း မသိနိုင်တဲ့ လျှို့ဝှက်ချက်တချို့ သူတို့မှာ ရှိနေနိုင်တယ်ဆိုတာ ကိုယ် တွေးလို့ရတယ်"

"ဟင်!... ဘယ်လို .."

"မင်းအစ်မ အိမ်ကဆင်းသွားတာ မင်းအတွက် မှာကြားချက်တစ်ခုခု ချန်ထားခဲ့သလား .."

ကာရံ တွေခနဲ ဖြစ်သွားသည်။ သူမ အိမ်ထဲဝင်တာနှင့် ကစဉ့်ကလျားကျနေသည့် ဖုန်းရဲ့ပုံစံကို မြင်ယောင်ကာ ...

"သူတို့ ရန်အကြီးအကျယ် ဖြစ်ထားကြတာ ..၊ မမမှာ ဒဏ်ရာတွေ ရထားလို့ ကာရံ့ ကို မတွေ့ရဲတာ ဖြစ်မှာ .."





"ဒါဆို ဖုန်းဆက်ပြောလို့ ရတာပဲကွ .. သူ့တစ်မျက်နှာတည်းနဲ့ လာနေတဲ့ ညီမကို မင်းနဲ့ မသင့်မြတ်တဲ့ ခဲအိုနဲ့ ဒီတိုင်းထားပြီး ထွက်သွားမလား .."

"ဖုန်း .. ဖုန်းက ကျန်ခဲ့တာ ကိုကို၊ အဲဒီညက ကာရံ ပြန်ရောက်တော့ ဖုန်းကို ဧည့်ခန်းဆိုဖာကြားထဲက ကောက်လိုက်ရတာ .."

တိမ်တိုက် မျက်ခုံးတွေ တွန့်ကုတ်သွား၏။

"ခြံထဲကို ကားဝင်လာတော့တောင် မမကို မြင်လိုက်သေးတယ်..၊ ကာရံ့ ကိုမြင်မှ မမ အထဲပြန်ဝင်သွားတာ၊ အဲဒီလို ထွက်သွားတော့မယ်သာသိရင် မမကို အတင်းလိုက်ခေါ်မိမှာ .."

"အဲဒီလိုတွေ့တော့ သူ့မျက်နှာမှာ ဒဏ်ရာတွေ တကယ် ရှိနေသလား .."

"ကာရံ့ ဆီကနေ သေချာမမြင်ရဘူး .. မမကို လှမ်းကြည့်နေမိလို့ ကိုယ့်ခြံထဲကိုဝင်ကာမှ ပန်းအိုးနဲ့ကားတောင် ပွတ်မိသွားသေးတယ် .."

"အဲဒါ အခြေအနေတစ်ခုခု ရှိလိမ့်မယ် ကာရံ ..၊ မင်းအစ်မ ကိုယ်တိုင် .. ဒါမှမဟုတ် မင်းခဲအိုနဲ့ ပတ်သက်နိုင်တယ် .."

"ကိုကို ဘာတွေပြောနေတာလဲဟင် .."

"ကိုယ်တွေးနေတာကို မင်း သဘောပေါက်မှာ မဟုတ်ဘူး၊ ဒါပေမယ့် မင်းရဲ့စိတ်ကူးတွေကို ခဏ လက်လျှော့ထားလိုက်ဦး ကာရံ၊ အဲဒီအိမ်မှာ မင်း ဒုက္ခရောက်ရင် လှမ်းအော်ခေါ်ရမယ့် သွေးသား မရှိဘူး၊ ကိုယ်လည်း အခု မင်းနားမှာ မနေနိုင်သေးဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူက လက်ကနာရီကို ငုံ့ကြည့်လိုက်ကာ ...

"နောက်တစ်နာရီလောက်ဆို မက်ဆေ့ချ်ရောက်လာတာနဲ့ ကိုယ် ဒီကထွက်ရဦးမယ် .."

"ဘာ!..."

မျက်လုံးလေးတွေ ပြူးဝိုင်းနေလျက် ကာရံ က သူ့မျက်နှာကို တအံ့တသြ ကြည့်သည်။

"ကိုကို ကာရံ့ ဆီကို လာတာမဟုတ်ဘူးပေါ့ ..၊ ဒါနဲ့ မင်းဆီကို လာမလို့ဆိုတာက .."

"စီစဉ်လိုက်တုန်းက မင်းဆီကို လာဖို့ပါ၊ အနည်းဆုံး နှစ်ရက် သုံးရက်လောက်တော့ ကိုယ် နားလို့ရတယ်၊ ဒါပေမယ့် တာဝန် ဝတ္တရားက အထက်ကကျတဲ့အမိန့်ကို နာရီစက္ကန့်မဆိုင်း ဆောင်ရွက် ရတာ .."

"ဆောင်ရွက်ပါ .. ရပါတယ် .."

ကာရံ နေရာမှ ထရပ်လိုက်သည်။

တိမ်တိုက် က သူမ လက်ကောက်ဝတ်လေးတစ်ဖက်ကို ဖျတ် ခနဲ ပြန်ဆွဲ၍ ...

"ပြန်ထိုင် .."

"ဟင့်အင်း .."

ခေါင်းခါနေပေမယ့် သူ ဆွဲချတဲ့အတိုင်း နေရာမှာပဲ ပုံခနဲ ပြန် ကျ၏။ တိမ်တိုက် က ကာရံ ပြန်ရုန်းထလို့မရအောင် ပခုံးလေးကို ဆွဲဖက်ထားလိုက်ပြီး ...





"တာဝန်ရှိနေတာကို ကိုယ် ဘယ်လိုရှောင်လွှဲရမလဲ ..၊ ပြီးတော့ အပြင်ဝန်ထမ်းတွေလို ကိုယ့်အတွက် အဆင်မပြေတဲ့နေ့တော့ အော့ဖ် လုပ်လိုက်မယ်ဆိုတာမျိုးလည်း မရဘူး ..၊ ရလည်း ကိုယ် လုပ်မှာ မဟုတ်ဘူး ချာတိတ်၊ လူစားထိုးခိုင်းဖို့ မလွယ်ကူတဲ့ နိုင်ငံရဲ့ အရေး ကြီးဆုံး ကေ့စ်တွေက ကိုယ်တို့လက်ထဲမှာ .."

"လုပ်ပါ .. ကာရံ ကိုကို့ကို အပြစ်မပြောပါဘူး .."

အပြစ်မတင်ပါဘူးဆိုပြီး မျက်ရည်စတွေ လျှောဆင်းလာကြ သည်။ တိမ်တိုက် က မျက်ရည်သုတ်ပေးတော့လည်း ငြိမ်ငြိမ်လေးပဲ နေနေကာ ...

"ကာရံ့ ဆီ လာတယ်ဆိုပြီးတော့ ဟုတ်မှမဟုတ်တာ .."

"အခု ကိုယ် ရှင်းပြနေတယ်လေ .."

"အဲဒါ ဒီက ဘာပြောနေလို့လဲ .."

"ခင်ဗျားမျက်ရည်တွေက ပျော်လို့ ခုန်ဆင်းလာတာလား .."

"ကိုကိုနော် .."

"ချက်ချင်းထပြန်မယ်ဆိုပြီး စိတ်ကောက်သွားတာကရော .."

"ဒါကတော့ ကာရံ စိတ်အရမ်းညစ်နေတာကိုး ..၊ ကိုကို့ကို ပြောပြမယ် .. တိုင်ပင်မယ်ဆိုပြီး အားခဲလာခဲ့တာ .."

"တိုင်ပင်လို့ ဒီက အကြံပေးတော့လည်း နာခံတာကိုး .."

"ကိုကိုနော် .. ကိုကို့အပြစ်လွတ်အောင် သူများကို ပြန်ပုံချမနေ နဲ့ .."

"ဟား .. ဟား .. ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



ကာရံ့ ပခုံးလေးကို တင်းခနဲ ဖက်ထားလိုက်ပြီး မျက်ဝန်းလေးတွေ မှိတ်သွားအောင် လေနဲ့မှုတ်၏။

"နှုတ်ခမ်းကြီးကလည်း စူထားလိုက်တာ၊ ဘာလဲ.. ကိုယ့်ကို ကားနဲ့ပြန်မှာစိုးလို့ နှုတ်ခမ်းပေါ်တင်ပြီး လိုက်ပို့ချင်တာလား .."

"ကြည့်ပါလား .."

"ဟား .. ဟား .. ဟား ..."

ကာရံ လက်သီးဆုပ်လေးနဲ့ရွယ်နေရင်း မထုဖြစ်ဘဲ ကိုကို့ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ ပြီးတော့ မျက်ရည်စိုနေသည့်မျက်နှာနဲ့ ကိုကို့ရင်ဘတ်ကို တိုးတိုက် ပွတ်နေရင်း ...

"ကာရံ လွမ်းနေတာတောင် မပြောသေးဘူး .. ကိုကို အရမ်းရက်စက်တာပဲ .."

"လွမ်းတာလေးတွေပြောပြီး ကိုယ့်အင်္ကျီနဲ့ မျက်ရည်သုတ်နေတာတော့ မဟုတ်ဘူးမို့လား .."

"သုတ်မှာ .. နပ်လည်း သုတ်မှာ .."

တိမ်တိုက် က ရယ်နေရင်း ကာရံ့ ခါးလေးကနေ သိမ်းဖက်ထားလိုက်၏။ ပြီးတော့ နဖူးလေးကို ငုံ့နမ်းသည်။

"ကိုကို အမြန်ဆုံး ပြန်ခေါက်လာမယ်နော် .. စိတ်ကောက်မနေနဲ့ ...၊ ပြီးတော့ အဲဒီမှာ သတိထားနေ ...၊ လူဆိုတာ ကိုယ်လိုချင်တာမျိုးစေ့ အရင်ကြဲမှ အပင်ပေါက်တာ၊ သူ့အလိုလို စိုက်ခင်းတစ်ခင်း အပြည့် စိမ်းစိုလာတာ မဟုတ်ဘူး၊ စိတ်ရှည်ရတယ် .. သည်းခံရတယ်၊ အခု မင်းစိတ်ထဲ ရှိတဲ့အတိုင်း ဝုန်းဒိုင်းကြဲပစ်တာ အရမ်းမှား





တယ် .."

ဒီတစ်ခါ ကာရံ ငြိမ်ငြိမ်လေး နားထောင်နေ၏။

တိမ်တိုက် က သူမဆံစလေးတွေကို ဖွဖွလေး တို့ထိ ကိုင်တွယ်နေရင်း ...

"မင်းကို အဲဒီမှာ ကိုယ် စိတ်မချဘူး ချာတိတ် ...၊ မနေပါနဲ့ဆိုလည်း မင်း နေမှာပဲ၊ အဲဒါကြောင့် ကိုယ် အမြန်ဆုံး ပြန်လှည့်လာခဲ့မယ် .."

"ပြန်လာပြီး ကာရံ့ ကို ကူညီမှာလားဟင် .."

"မင်းကို အန်တီ ပြန်ဆွဲခေါ်သွားအောင် လုပ်မလို့ .."

"ဘယ်လို!..."

"ဟုတ်တယ် .. ကူညီရအောင် မင်းရဲ့ပြဿနာမှ မဟုတ်တဲ့ကွ၊ ဘာလဲ .. မကူညီရင် မလာရဘူးလား .."

"ဟင့်အင်း .. မဟုတ်ပါဘူး .."

ရင်ထဲမှာ အားငယ်သွားတာတော့ အမှန်ပါ။ ဟုတ်တော့လည်း ဟုတ်နေတာမို့ ဘာမှမပြောနိုင် ...။

"ကိုကို .."

"ဟင် ..."

"ကိုကို့စကားကို နားမထောင်ဘူးဆိုပြီး ကာရံ့ ကို စိတ်မဆိုးပါနဲ့နော် ...၊ ကာရံ လေ .. ဒီကိစ္စမှာ သူတို့ အရမ်းလွန်နေတယ်ဆိုတဲ့ အသိတစ်ခုပဲ ရှိတယ်"

"ကိုယ်က ဘာလို့ စိတ်ဆိုးရမှာလဲ ...၊ ကိုယ်ငယ်ငယ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း မိဘတွေ မချင့်မရဲဒေါသထွက်ရတဲ့အထိ ဖွတ်တရွတ် သိပ်လုပ်တတ်တာ ..၊ ကိုယ်နဲ့ပေါင်းဖက်ရမယ့် ဇနီးလောင်းလေးက ကိုယ့်လို အသွင်တူတော့ အဆင်ပြေတာပေါ့ ..”

“ဒီလို မကြာမကြာ အငြင်းပွား .. အတိုက်အခံတွေဖြစ်နဲ့ အိမ်ထောင်ရေးမှာ သာယာပါ့မလားဆိုပြီး ကိုကို စိတ်ပျက်သွားရင်ရော..”

“ဒါဆို မင်းဘက်က ပြုပြင်မှာလား ..”

ကာရံ မျက်နှာလေး ငယ်သွားရှာသည်။

“ကာရံ က ကိုကို့စိတ်တိုင်းကျ အမြဲနေချင်တာပါ၊ ဒါပေမယ့် ခုလိုမျိုး ဘယ်လိုမှ ပြန်မလျှော့ချင်တဲ့ကိစ္စမျိုးတွေ ရှိလာခဲ့ရင်တော့..”

ကာရံ ဆက်မပြောကာမှ တိမ်တိုက် က ပြုံးလိုက်ကာ ...

“ဒါကျတော့ ကြိုတွေးပြီး ပူပန်နေတယ် ဟုတ်လား ..”

“ပူတာပေါ့ .. တစ်ခါတစ်ခါကျတော့ ကိုကိုက ကာရံ့ ကို မေ့နေသလိုပဲ၊ တွေ့ရတော့လည်း မလွမ်းသလိုပဲ ..”

“ဟုတ်လား ..၊ မလွမ်းတာ ဘယ်လိုပုံစံမျိုးလဲ .. လုပ်ပြပါဦး”

“ဘယ်လိုလုပ်ပြလို့ ရမလဲ .. ကာရံ က ကိုကို့ကို သေအောင် လွမ်းနေတာ ..”

“ဒါဆိုလည်း အခု အစကနေ ပြန်လွမ်းပြကွာ ..”

“ကိုကိုနော် ..”

“ဟား .. ဟား ...”

“အဲဒီလို ရယ်နေတာတွေကအစ ကာရံ့ ကို ကလေးလိုလို .. ကာရံ ပြောတာတွေကို ဂရုမစိုက်သလိုလို ..”





“ကိုယ့်ကိုချည်းပဲ ထိုင်စွပ်စွဲနေပါလား ချာတိတ်၊ ပြီးခဲ့တဲ့ သုံးလပိုင်းတုန်းက မင်းမိဘတွေ သဘောတူနေတယ်ဆိုတဲ့ အထက်တန်းသား တစ်ယောက် မင်းတို့အိမ်မှာလေ ..”

“ဟင်!...”

“သူ ဆယ့်ခြောက်ရက် နေသွားတယ်၊ မင်းနဲ့သူ နှစ်ယောက်တည်း တစ်နေ့ကို တစ်ခေါက် အနည်းဆုံး အပြင်ထွက်တယ်၊ အဲဒါတွေကျတော့ ကိုယ် မချိမဆံ့ သဘောထားကြီးခဲ့ရတာ ..”

“ကိုကို ... ကိုကို အဲဒါတွေ ...”

ကာရံ တကယ် အံ့သြသွားခဲ့သည်။

ကိုကို့ကို မပြောဖြစ်ခဲ့တာက ကာရံ ကပဲ ကိုကို့ကို စချစ်ခဲ့ရတာမို့ မိဘပေးစားမယ့်သူ ရှိနေပါပြီ ပြောလည်း ကိုကို ယုံချင်မှယုံမှာ ဖြစ်တဲ့အပြင် တစ်မျိုးတစ်မည်ထင်သွားဖို့က ပိုသေချာတာမို့ မျိုသိပ်ခဲ့တာပါ ..။

ပြီးတော့လည်း အဲဒီတုန်းက .. ဧည့်သည်ရှိတုန်းက ကိုကို မရှိခဲ့ကာ ဧည့်သည် ပြန်သွားတဲ့နောက် တစ်လနီးပါးလောက်ကြာမှ ကိုကို ရန်ကုန် ပြန်ရောက်လာခဲ့သည်။

အမြဲတမ်းလိုလို ခရီးသွားနေတတ်ကာ နီးနီးဝေးဝေး ဘယ်မှာ ရှိရှိ ဖုန်းဆက်လို့လည်း မရသော ချစ်သူမို့ ..၊

“အဲဒါတွေကို ကိုကို ဘယ်လိုလုပ် သိနေတာလဲတော့ မသိဘူး ..၊ ဒါပေမယ့် ကာရံ တမင် မျိုသိပ်ခဲ့တာ မဟုတ်ပါဘူး၊ မိဘ သဘောတူပေမယ့် သူနဲ့ ကာရံ က ရိုးသားပါတယ်၊ ပြီးတော့ ချစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း လက်ထပ်ပေးမယ် .. ပေးစားမယ်ဆိုတာမျိုးလည်း မဟုတ်တော့ ..''

''ဘာပဲဖြစ်ဖြစ် ဒါမျိုးက ကိုယ့်အတွက် သဝန်တိုစရာပဲလေ..''

''ကိုကို မတိုခဲ့ဘူးမို့လား ..''

''ကလေးမဆန်ချင်လို့ပါ .. ကိုယ်တောင် အနားမှာရှိမနေဘဲနဲ့ မင်းကို ပြန်အပြစ်တင်နေရင် ဘယ်တရားမလဲ ..''

''တရားတယ် .. ကာရံ က ကိုကို သဝန်တိုပြီး ဒေါသဖြစ်လာတယ်ဆိုရင် ဘယ်လိုပဲ ပြန်ချော့ရချော့ရပါ ..''

''တွေ့လား .. ချစ်တတ်နေတာလည်း မင်းပဲ၊ ခေါင်းမာပြီဆို ကိုယ့်စကားဖြစ်ဖြစ် .. ဘယ်သူပြောပြော နားမထောင်ချင်တာလည်း မင်း ..''

''ကိုကိုကလည်း .. အဲဒါကို ကာရံ ဓောင်းပန်နေတာပဲဥစ္စာ''

''ဟုတ်ပြီ .. အဲဒါကြောင့် နေပါ၊ ဒါပေမယ့် သတိနဲ့နေ ..၊ နောက်ထပ် ရင်ဆိုင် ဘာမှထပ်မဖြစ်စေနဲ့၊ ကိုယ် ချက်ချင်းပြန်လာနိုင်မှာပါ ..''

''ကိုကိုက တာဝန်ကို အရမ်းလေးစားတာပဲနော် ..''

''စလာပြန်ပြီ ..၊ ရှေ့ကြောင်းနောက်ကြောင်းတွေ မပါစေနဲ့ကွာ ..''

''ဒါပေမယ့် မိန်းကလေးပဲ ကိုကိုရဲ့ .. ကိုယ့်ရဲ့သတို့သား ဘယ်လိုဆိုတာတော့ စိတ်ကူးယဉ်တာမျိုးတွေ ရှိတာပေါ့ ..''

''မယဉ်နဲ့ .. မင်းကို စိတ်ချမ်းသာအောင်ထားမယ်လို့ ကတိပေး





နိုင်မှ လက်ထပ်မှာ ..''

''ဟင်!...''

ကာရံ နှုတ်ခမ်းလေး မဲ့သွားသည်။

ပြီးတော့ ...

''အကန့်အသတ်မရှိ စောင့်ရဦးမှာ ..''

တိမ်တိုက် က ရယ်ပြီး ကာရံ့ နှာခေါင်းလေးကို မနာအောင် လိမ်ဆွဲသည်။

''အဲဒီလို မဲ့ရွဲ့မနေနဲ့ .. အသည်းယားတယ် ..''

''အသည်းယားတယ်ဆိုတာ ဘာဖြစ်တာကို ပြောတာလဲ ..''

တိမ်တိုက် က ရယ်လိုက်ပြီး နားနားတိုးကာ ...

''အတင်းနမ်းပစ်ချင်တာကို ပြောတာ ..''

''နမ်းလေ .. ဘယ်သူက စိတ်ဆိုးမယ် ပြောလို့လဲ ..''

ကာရံ က ပါးလေးတစ်ဖက် ထိုးပေးပြီး မျက်ဝန်းလေးတွေ မှိတ်ထားပေး၏။

တိမ်တိုက် က စိုက်ကြည့်နေကာ မျက်တောင်ဖျားလေးတွေ တလှုပ်လှုပ်နှင့် မှိတ်ထားသည့် မျက်ဝန်းလေးတွေကို လက်ချောင်းတွေနဲ့ သာသာလေး ထိသည်။

ကာရံ ကလည်း စောင့်နေသည်။

ခဏကြာတဲ့အထိ မနမ်းခဲ့ဘဲ ...

''တကယ် စိတ်မဆိုးဘူးနော် ..''

''အင်း ..''



www.burmeseclassic.com

www.burmeseclassic.com



ကာရံ့ မေးဖျားလေးကို လှည့်ယူကာ မျက်နှာလေးကို ငေးကြည့်၏။

သူ့အကြည့်တွေက နုထွေးသည့် နှုတ်ခမ်းလွှာလေးတွေမှာ ယစ်မူးသွားခဲ့ပြီး မျက်နှာလှလှလေးကို လက်ဖဝါးတွေထဲမှာ တယုတယ ဖေးကိုင်၏။ ပြီးတော့ ...

နဖူးလေးကို နမ်းသည်။

ကာရံ ရင်တွေ တဒိတ်ဒိတ်ခုန်နေလျက် ကိုကို့ပခုံးနှစ်ဖက်ပေါ် လက်ဖဝါးလေးတွေတင်ရင်း အရာအားလုံးနှင့်တကွ ကိုယ့်ကိုယ်ကိုယ်တောင် မေ့လေသည်။

နူးညံ့နွေးထွေးသည့်အနမ်းတို့သည် တဖြောက်ဖြောက်နှင့် ဇွေလာသည့်မိုးစက်တွေလို တိုးတိုက်ခြွေချနေရင်း ငြိမ်ငြိမ်သက်သက်လေး ရင်ခုန်စေခြင်းကို ပေးသည့်အခါ ...၊

အနမ်းများနှင့် ထာဝရ ရှိချင်၏။





## အခန်း (၂၅)

ဒီအခန်းကို အပြင်ကနေ ပိတ်ထားသည်။

ဒါက ဘာသဘောနဲ့လဲ ...၊

မမ ပြန်လာရင် သူ့ကို ခွင့်တောင်းပြီးမှ ဝင်ရအောင်လား ...၊ ဒါမှမဟုတ် မမကို အပြီးအပြတ်သဘောမျိုးနဲ့ အခန်းကို ပိတ်ပစ်လိုက်တာလား ...။

တစ်နေကုန်လည်း မွန်းတည့်ကို မတွေ့ပေ။

ဒေါ်ခင်ခင် ကလည်း လုံးဝ ပုံစံပြောင်းသွားကာ ချက်ပြုတ်နေလည်း စကားမပြော ...၊ မေးလည်း ဖြေချင်မှ ဖြေ၏။

ကိုယ့်ကိုပါ ဒီမှာ မနေနိုင်အောင် လုပ်နေတာထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမ အခန်းရှေ့ကနေ တံခါးလက်ကိုင်ဘုကို မချင့်မရဲ ဖိညှစ်ရင်း ကာရံ အံကြိတ်မိ၏။

အိမ်ကကြီးပြီး လူသံသူသံ လုံးဝတိတ်ကျနေကာ ညက မရင့်သေးဘဲ အကျည်းတန်နေသည်။

ကာရံ တစ်ယောက်တည်း ဧည့်ခန်းမှာ ထွက်ထိုင်လိုက်၊ ရေခဲသေတ္တာ သွားဖွင့်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေ၏။

ထိုစဉ် မြည်သံလေးတစ်ခု နားထဲမှာ ကြားလိုက်ရကာ အသံကို မျက်လုံးရှာဖွေမိ၏။

တဖြည်းဖြည်း အသံနောက်လိုက်ရင်း ဘေးတံခါးအထွက်နားက အမှိုက်ပုံးလေးဆီ ရောက်လာ၏။

အမှိုက်ထဲက အသံမြည်နေတာကို အံ့သြကာ ခဏရပ်နေမိသေး၏။

ပြီးမှ ကမန်းကတန်းဖွင့်ကြည့်လိုက်တော့ အဏုမြူရောင် ထွက်နေသည့် ဓာတ်ခဲနာရီလေး ...၊

"ဒါ မမစားပွဲပေါ်က နာရီလေးပဲ .."

အဖြူနဲ့ အနီ စပ်ကျားလေးမို့ လှလည်း လှသည်။

ကာရံ နာရီလေးကို ကောက်ယူလိုက်ကာ အမှိုက်ပုံးထဲက ဆိုတာကို မေ့လျော့သွား၏။

လှိုက်ခနဲ ဝမ်းနည်းသွားကာ နာရီကို လက်ဖဝါးထဲမှာ တယုတယ ပွတ်သပ်နေမိသည်။

ကိုနွေ ဘာလုပ်တာလဲ ...၊





မမအခန်းထဲမှာ မမရဲ့ပစ္စည်းတွေ အရင်အတိုင်းမှ ရှိသေးရဲ့လား ..။

နာရီကိုကြည့်လိုက်လျှင် ကိုးနာရီ ကိုးမိနစ် ကိုးစက္ကန့် ..၊ ပြီးတော့ နာရီက ရပ်နေ၏။

"စုမ့ ရပ်သွားတာလား .."

စောစောကပဲ နာရီစက်သံ ကြားလိုက်ရသေးသည်။

နောက်ကို ဖွင့်ကြည့်လိုက်တော့လည်း ဓာတ်ခဲ မရှိပေ ..။

ဒါဖြင့် သူမ ကြားလိုက်ရတာ နာရီသံမှ ဟုတ်ရဲ့လား ..၊

ထိုစဉ် ...

"ညီမလေး .."

"ရှင် .. မမ .."

ကာရံ ဆတ်ခနဲ လှည့်ကာ ဝမ်းသာအားရ ပြန်ထူးလိုက်၏။ ဒါပေမယ့် နောက်မှာ ဘယ်သူမှလည်း မရှိ ..။

"မမ .."

စိတ်ထဲမှာ ထင့်သွားသဖြင့် ကာရံ မမအသံကြားလိုက်တဲ့ ရေချိုးခန်းဘက်လမ်းကို တန်းပြေးလိုက်သည်။

"မမ .."

တံခါးရှေ့က ရပ်ခေါ်ကာ အသံမပေးကာမှ တံခါးကို တွန်းဖွင့်လိုက်၏။ အထဲမှာ ဘယ်သူမှ မရှိ ..၊

ဘာတွေ ဖြစ်နေတာလဲ ..၊

ဓာတ်ခဲမရှိတဲ့ နာရီဆီက စက်သံကို ကြားနေရသည်။ လူ မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မမအသံကို သူမ ကြားလိုက်ရ၏။

ဒါတွေမဟုတ်ဘူးဆိုရင် သူမ စိတ္တဇဖြစ်နေပြီလား..၊ ဟင့်အင်း.. မဟုတ်ဘူး ..၊

ကာရံ တခြားအခန်းလွတ်တွေဆီ ပြေးသွားပြီး တစ်ခန်းပြီး တစ်ခန်း လိုက်ကြည့်တာ အပေါ်ထပ်ထိ ရောက်၏။

ငါ ဘာဖြစ်နေတာလဲ ..၊

မမက အိမ်မှာ ရှိမှမရှိတာ ..၊

လှေကားပေါ်ကနေ သူမ ဆင်းလာခဲ့စဉ် နောက်က သူမနဲ့ တစ်ထပ်တည်း ခြေသံတစ်သံ ကပ်ပါလာတာကို သတိထားမိလိုက်၏။

ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ဘယ်သူမှလည်း မရှိ ..။

သူမ ဒီတစ်ခါ ခပ်နှေးနှေး ပြန်ဆင်းသည်။ ခြေသံက တစ်ထပ်တည်းပဲ ပြန်လိုက်၏။

ကာရံ ရင်ခုန်သံတွေ မြန်လာသည်။

လှည့်မကြည့်ဘဲ ခြေလှမ်းကိုရပ်ပစ်လိုက်တော့ နောက်ကအသံလည်း ရပ်သွားသည်။

လှေကားက ရှေ့မှာ ငါးထစ် ကျန်နေသေးသည်။ အသံတစ်ခုခုကို နားကြားမှားတာလားဟု တွေးကာ အကြာကြီးရပ်ပြီး နားစွင့်ပေမယ့် တခြား ဘာသံမှလည်း မရှိ ..။

ညက တိတ်သထက် တိတ်လာသည်။

လှေကားထိပ်က မီးရောင်ထိုးနေသဖြင့် ကာရံ့ အရိပ်က ရှေ့မှာ ထိုးနေရာ ကိုယ့်အရိပ်ကို ပြန်ကြည့်ပြီး ရှေ့ဆက်လှမ်းရမလား ..၊





ဒီတစ်ခါ အသံကြားရင် ဘာလုပ်ရမလဲ စဉ်းစားမိသည်။

တိတ်ဆိတ်ခြင်းနှင့်အတူ ည၏သိပ်သည်းမှုက ခြောက်လှန့်လာသည်။

သူမ လက်ဖျားလေးတွေ အေးစက်လာတာကို သတိထားမိလျက် လက်ရန်းမှာတင်ထားသည့် လက်တစ်ဖက်က တင်းကျပ်စွာ ဖိဆုပ်ထားခြင်းသို့ ရောက်၏။

နောက်ဆုံး ပင့်သက် တစ်ဝကြီးရှိုက်လိုက်ပြီး လှေကားထစ်တွေကို ဆက်လက် ကျော်ဖြတ်ခဲ့၏။

နောက်က ခြေသံပါလာတာကို ကြားရသည်နှင့် ကြက်သီးတွေ ဖျန်းခနဲ ထသွားစဉ် သူမအရိပ်ရဲ့ဘေးမှာ ဆံပင်ဖားလျားနှင့် အရိပ်တစ်ခု ဖျတ်ခနဲ ရောက်လာ၏။

"ဟင်!..."

မမပဲဆိုတာ သိလိုက်ကာ နောက်လှည့်ကြည့်လိုက်မိသည်။ စိမ့်ခနဲ လေတစ်ချက် ဟပ်သွားသလိုရှိပြီး ဘာမှမတွေ့ ..။

"မမ .. မမ ဘယ်မှာလဲ .."

ကာရံ ကြောက်လည်းကြောက် .. ဝမ်းလည်းနည်းကာ မျက်ရည်စက်တွေ တသောသော ပြိုဆင်းလာကြသည်။

"မမ ရှိနေသလား .. ကာရံ နဲ့ စကားမပြောချင်လို့လားဟင်..၊ မမကို ကာရံ ဘာမှမမေးပါဘူး မမရယ် .. ကာရံ နဲ့ လာစကားပြောပါနော် .."

ကြောက်လန့်နေပြီဖြစ်သည့် ကာရံ့ စကားသံလေးက သနား



www.burmeseclassic.com

www.burmeseclassic.com



စဖွယ် အက်ရှနေ၏။

မမ ရှိနေသလားလို့ ထင်လိုက်သဖြင့် အားတက် မျှော်လင့်နေမိခြင်းသာ မဖြစ်ခဲ့လျှင် သူမ ဒီလိုနေရာမှာ ချောက်ချားစွာ ရပ်နေနိုင်မည် မဟုတ်ပေ ..။

"ဘယ်သူနဲ့ စကားပြောနေတာလဲ ကာရံ .."

ဒေါ်ခင်ခင် က ဘီးဆံပတ်ခပ်ပြေပြေပုံစံနှင့် ဇဝေဇဝါ လျှောက်လာပြီး လှမ်းမေးသည်။

ကာရံ ဒေါ်ခင်ခင့် ဆီ လျှောက်သွားမိကာ ...

"ကာရံ မမအသံကို ကြားလိုက်တယ် အန်တီ .."

မျက်ရည်တွေနဲ့ သူမကို အံ့သြသလိုကြည့်နေရင်း ဒေါ်ခင်ခင့် မျက်လုံးတွေ မြင်မြင်သမျှဆီ လျှောက်ဝေ့၏။

"မဖြစ်နိုင်တာအေ .. ထွက်သွားတယ်လို့ မွန်းတည့် ပြောတယ် မို့လား၊ ညည်း ရှိနေသားနဲ့ရော သူက ညည်းကို ပုန်းနေပါ့မလား၊ အဓိပ္ပာယ်မရှိ .."

ဟန်ကြီးပန်ကြီးပြော၍ လှည့်ထွက်လာခဲ့ပေမယ့် ဒေါ်ခင်ခင် မျက်မှောင်ကုတ်နှင့် မျက်လုံးတွေက ဂနာမငြိမ် ..။

မနေ့မနက်တည်းက သူ ချက်ပြုတ်နေတုန်းကလည်း မီးဖိုခန်းရှေ့မှာ သွားလာလှုပ်ရှားနေသည့်ခြေသံနဲ့ လှုပ်ရှားမှုတွေကို ကြားနေခဲ့ရသည်။

လှည့်မကြည့်မိပေမယ့် ဒါ ဖြူ လို့ပဲ စိတ်က သိနေခဲ့၏။ ညတည်းက သူမ မရှိခဲ့ဘူးဆိုတာ နေမြင့်လို့ ကာရံ ထွက်လာတော့မှ





သိခဲ့ရတာ ..။

ဒါဆို ဝေလီဝေလင်းတုန်းက ရှေ့က ဖြတ်လျှောက်သွားလာနေတာ ဘယ်သူလဲ ..၊

မွန်းတည့် ဘယ်တော့မှ စောစောစီးစီးကြီး ထလာမှာမဟုတ်ဘူးဆိုတာ သေချာသည်။

အထူးသဖြင့် ညဘက် ဒီလိုဖြစ်ထားကာမှတော့ မနက်မိုးမလင်းခင် ဘယ်လိုလုပ် ထလျှောက်နေနိုင်မှာလဲ ..၊

ခုလည်း ကာရံ က ဖြူ့ အသံကို ကြားပါသည်တဲ့ ..။

ဘယ်လိုဖြစ်တာလဲလို့ တွေးနေရင်း ကိုယ့်အိပ်ခန်းရှေ့ ပြန်ရောက်တော့လည်း မဝင်ဖြစ်သေး ..။

ကိုယ့်တူအကြောင်းကို သိနေသလို အခြေအနေကို သိနေသဖြင့် ဒေါ်ခင်ခင် တစ်စုံတစ်ရာအတွက် စိတ်ထင့်သွားမိသည်။

ဘာဆိုတာတော့ ကိုယ့်ဘာသာ အမည်မဖော်နိုင်ဘဲရှိနေကာ ကိုယ်က ဒီတူမျက်နှာကို ကြည့်နေရသည့်ဘဝမျိုးမို့ ဒီ့ထက်ပိုပြီးတော့လည်း မစပ်စုရဲ ..။

ဒါပေမယ့် ဖြူ တကယ်ထွက်သွားတာ ဟုတ်ရဲ့လားဆိုသည့် မေးခွန်းကတော့ ခေါင်းထဲ ရောက်လာခဲ့ပြီ ဖြစ်၏။

"ဒေါ်လေး .."

"ဟဲ့ .. ဘုရား!..."

တွေးနေတုန်း ဘေးမှာ ဘွားခနဲပေါ်လာသဖြင့် မွန်းတည့် ကို မော့ကြည့်ကာ ဒေါ်ခင်ခင် သုံးစက္ကန့်လောက် ကြက်သေ သေသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

မွန်းတည့် မျက်နှာက လူကို တရားခံကြည့်နှင့် သုန်မှုန်နေ၏။

ထို့ပြင် လက်ထဲမှာ လိပ်ကိုင်ထားတာ အိပ်ခင်းလား ..၊ အိတ်တစ်လုံးလား .. တစ်ခုခုဖြစ်ပေမယ့် ဘာမှန်းမသိ ..။

"ခင်ဗျား ဘာထွက်လုပ်နေတာလဲ .."

ဒေါ်လေးလို့တော့ ခေါ်ဖော်ရသေးသည်။

'ခင်ဗျား ..' ဆိုတာကြီးက နားဝင်ဆိုး၏။

ဒေါ်ခင်ခင် ချိုသည်ခါးသည် မပြောရဲပါ။ ခေါင်းသာ ခါပြလိုက်ရင်း ...

"အပေါ်သွားတာပါ .. အထဲမှာ ရေမလာလို့ .."

အောက်ထပ် အပေါ်ထပ် အိပ်ခန်းတိုင်းမှာ ရေချိုးခန်း အိမ်သာတွဲလျက်တွေ ပါသည်။

ထို့ကြောင့် ကိုယ့်အခန်းမှာ အဆင်မပြေလျှင် ဘယ်အခန်းဝင်ဝင် ရသည်။

မွန်းတည့် က ကျေနပ်သည့်ပုံ မပေါ်ဘဲ 'ခု အထဲပြန်ဝင်'လို့ ပြောနေသည့် မျက်လုံးတွေနဲ့ စိုက်ကြည့်၏။ ပြီးမှ နောက်ပြန်လှည့်သွားသည်။

တစ်နေကုန် ဘာမှထွက်မစား ..၊ လမ်းမလျှောက်ဘဲ အခန်းအောင်းပြီး ဘာလုပ်နေသလဲ ..။

ဖြူ တကယ်ထွက်သွားတာမို့လို့ ခေါင်းအုံးပေါက်အောင် ငိုနေရတယ်ဆိုရင်လည်း ကိုယ်က ယောက်ျားပဲ ..၊





မပြတ်နိုင်ရင် လိုက်ခေါ်ရုံ ..။

အိပ်ခန်းထဲဝင်ပြီးမှ ပြန်ကြည့်တော့ မွန်းတည့် မရှိတော့ပေ ..။

နောက်ပြန်ချောင်းကြည့်တော့ ကာရံ မျက်ရည်သုတ်ရင်း ခပ်ဖြည်းဖြည်း လျှောက်ထွက်သွားတာကို မြင်လိုက်ရသည်။

ဒီကောင်မလေးကလည်း သတ္တိကတော့ မခေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

"အန်တီ ခင်ခင် .. ကိုနွေ က ခရီးထွက်သွားတာလား .."

"မဟုတ်ပါဘူး .."

ဒါပဲဖြေပြီး ဒေါ်ခင်ခင် အလုပ်ဆက်လုပ်နေမိသည်။

"ဒီ ကော်ဖီနဲ့မုန့် ကာရံ သောက်လို့ရလား .."

"သောက် .."

လှည့်မကြည့်ဘဲ ဖြေပေမယ့် ကာရံ က ဝင်ထိုင်ပြီး တစ်ယောက်တည်းပဲ မနက်စာ စားလိုက်သည်။

အကြာကြီး ဖိမ်ဆွဲစားရင်း စောင့်နေတာတောင် မွန်းတည့် က ထွက်မလာ ..။

"ကိုနွေ က မမကို လိုက်ခေါ်ဖို့တော့ မစဉ်းစားဘဲ ကြိတ်ခံစားနေတာ ထင်တယ်၊ ဒီမနက် ထွက်မလာသေးဘူးမို့လားဟင် .."





ဒေါ်ခင်ခင် က ပြန်မဖြေတော့ပေ ..။

ကာရံ ပေါင်မုန့်မီးကင်ကို သကြားလေးတင်ပြီး ပါးစပ်ထဲ ထည့်လိုက်ကာ နှုတ်ခမ်းလေးပိတ် ဝါးသည်။ ပြီးမှ ကော်ဖီတစ်ကျိုက်သောက်၍ ...

"သူ ခေါ်ခေါ် မခေါ်ခေါ် မမ ရှိနေနိုင်တဲ့နေရာတော့ သူ သိမှာပဲ၊ ကာရံ့ ကိုပြောရင် ကာရံ လိုက်ခေါ်လို့ ရတယ် .."

"ညည်းက ပြောချင်ဆိုချင်အောင် နေတတ်တာကိုး .."

ဒေါ်ခင်ခင့် ထံမှ မကျေနပ်သံ စတင်ထွက်လာသည်။ ဒီဘက်တော့ မလှည့်ပေ ..။

အစိမ်းကြော်ကြော်ဖို့ လှီးဖြတ်ပြီး ဆေးဇင်မှာ သွားဆေး .. ရေစစ်ထားကာ မီးဖိုဆီ ပြန်ရောက်၏။

ပြီးတော့ ပြင်ဆင်ထားသည့်အိုးတွေကို သူ့အစီအစဉ်နဲ့သူ တင်လိုက်ချလိုက်နှင့် လုံးဝကို လှည့်မကြည့်တာ ဖြစ်၏။

သူမကို မီးဖိုချောင်ဝင်နေတုန်းလေးပဲ တွေ့ရတာမို့ ကာရံ က လူတွေကို မကျေနပ်ပေမယ့် နည်းနည်းပြန်ရောကြည့်ဖို့ ဆုံးဖြတ်ထားကာ ...

"ဘယ်သူမဆို စိတ်တိုရင်တော့ ရန်စကားပဲ ထွက်မှာပေါ့ အန်တီရဲ့ .. တစ်အိမ်တည်း အတူတူနေကြတာ အငြိုးထားရမယ့်လူတွေမှ မဟုတ်တာ၊ ကာရံ တောင်မှ မမယောက်ျားပဲဆိုတဲ့စိတ်နဲ့ ဒီမှာနေသေးရင် သူက လူကြီးဖြစ်ပြီး ဒီလိုနေစရာလား .."

"အဲဒါ ညည်း သွားပြောပေါ့၊ မဟုတ်ရင်လည်း ကိုယ့်အိမ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန် ..''

''ကာရံ က ပြန်စရာမရှိဘူး .. တီလေး မရှိရင် မေမေတို့အိမ်က ပိတ်ထားမှာ၊ မမနဲ့နေမှာဆိုလို့ တီလေးက စိတ်ချလက်ချ တံခါးပိတ်ပြီး နယ်စပ်ထွက်သွားပြီ ..''

''နယ်စပ်မှာ ဘာလဲ ..၊ မှောင်ခိုလုပ်ငန်းတွေလား ..''

ဘယ်လိုတင်းနေနေ စပ်စုသည့်အကျင့်က ဇာတိပြလာခဲ့၏။ ကာရံ က ဒေါ်ခင်ခင့် ကျောပြင်ကြီးကို ပေါင်မုန့်စားရင်း ကြည့်၍ မသိမသာ မဲ့သည်။

''နယ်စပ်သွားတိုင်းပဲ မှောင်ခိုလုပ်စရာလား အန်တီရယ်.. ကာရံ မေးတာက ကိုနွေ နဲ့ မမ အကြောင်းပါ၊ လမ်းကြောင်းတွေ လွဲကုန်တော့မယ်၊ အန်တီနဲ့ ကိုနွေ စကားပြောဖြစ်သေးလားဟင် ..''

''မပြောဖြစ်ပါဘူး .. ဒီကောင်လေးက အစွဲအလမ်း သိပ်ကြီးတာ ..၊ အဲဒီညက ညည်းအစ်မ ပြောသွားတဲ့စကားတွေများ ငါ့တူကို ဖက်ခွက်စား သူတောင်းစားနီးပါပဲ၊ သူ ဒီလောက်နာကြည်းနေတာ ညည်းအစ်မကို လိုက်ခေါ်ဖို့ လုံးဝ မစဉ်းစားနဲ့ .. ငါ သိတယ်၊ လုံးဝ ဖြစ်လာမှာ မဟုတ်ဘူး ..''

ပြောနေရင်း ဒေါ်ခင်ခင် က ကာရံ့ ဘက် လှည့်လိုက်ကာ ...

''နင် အိမ်ပြန်တော့ ..''

''အမလေး!...''

''ဒုန်း ..''

ဒေါ်ခင်ခင် မိုက်ခနဲ မူးသွားကာ မျက်တောင်တွေ တဖျပ်ဖျပ်





ခတ်၏။

သေချာကြည့်လိုက်တော့ ကာရံ က သူ့ကိုကြည့်ရင်း ကတုန်ကယင်နှင့် ...

''ဘာဖြစ်သွားတာလဲ ..''

ထိုင်ခုံက တခြား ..၊

လူက မတ်တပ်ကနေ ယိုင်နဲ့နဲ့ပုံစံနှင့်မို့ ဒေါ်ခင်ခင် က နားမလည် ..။

''မမ .. အန်တီ .. မမ .. မမရယ်လေ ...''

ကာရံ မျက်ရည်တွေ ဝေ့လာသည်။ ဒေါ်ခင်ခင် ဒီဘက်လှည့်လာသည့်မျက်နှာက မမ မျက်နှာ ..၊

''နင်ပြန်တော့'' လို့ ပြောလိုက်တာလည်း မမ အသံ ..၊

မဟုတ်ဘူး .. ငါ စိတ်စွဲနေတာ ..။

ခေါင်းကို ခါထုတ်ပစ်လိုက်ပြီး မျက်လုံးတွေကိုပါ မှိတ်ပစ်မိ၏။ ပြန်ကြည့်လိုက်တော့လည်း ဒေါ်ခင်ခင် ပါပဲ ..။

''ငါလည်း ဘာဖြစ်သွားလဲ မသိဘူး .. မူးသွားသလိုပဲ၊ မီးပိတ်ခဲ့ပြီး ဆေးသွားသောက်ဦးမှ ..''

ဒေါ်ခင်ခင် ထွက်သွားသည်နှင့် ကာရံ ရွှေ့သွားသည်ခုံကို ပြန်ဆွဲတည့်လိုက်ရင်း လက်တွေ တုန်နေ၏။

ဇာတ်လမ်းတွေထဲကလို မမ ဒီကနေ စိတ်လိုက်မာန်ပါ ထွက်သွားပြီးမှ လမ်းမှာ ကားအက်ဆီးဒင့်တွေ ဘာတွေဖြစ်ပြီးတော့များ..၊

ဘုရား .. ဘုရာ.. မဖြစ်နိုင်ပါဘူး .. မမ ကားနဲ့ထွက်သွားတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ ..၊

တွေးမိလိုက်ကာမှ ကားကို သတိရသည်။

ဖြစ်ကြတဲ့ညက ကားပါမလာဘဲ ကိုမောင် ဆိုတဲ့လူနဲ့ ပြန်လာသည်တဲ့ ..၊

မမ အလုပ်မဆင်းတာတောင် သူတို့ ဘာဖြစ်လို့ ဖုန်းမဆက်ကြတာလဲ ..၊

စိတ်ထဲမှာ ဝမ်းသာသွားသည်။

သူတို့ကိုတော့ မမ ဆက်သွယ်နေလောက်သည်။ ဒါကြောင့် အိမ်ကို မဆက်တာပေါ့ ..။

ကိုယ့်အတွေးနဲ့ကိုယ် မမ ဘေးမသီရန်မခ ရှိနေသည်လို့ တွက်ကာ စိတ်ချမ်းသာသွား၏။

ထို့ကြောင့် မျက်လုံးကို လက်နဲ့ပွတ်ပစ်လိုက်ရင်း မမတို့ကုမ္ပဏီကို သွားကြည့်ဖို့ အခန်းထဲ ပြန်ဝင်ခဲ့သည်။

မမရဲ့ဖုန်းကိုပါ ထည့်လိုက်ပြီး ဆလင်းဘက်ခ် လွယ်၍ ကားထဲက ထွက်ခဲ့၏။

ကားသံကြားတော့ ဒေါ်ခင်ခင် ထွက်ကြည့်၏။

"သွားပြန်ပြီ ..၊ ဘာတွေမှန်းကို မသိဘူး .."

ရေချွတ်ရင်း ဒီးဖရီဇာထဲထည့်ဖို့ ကိုင်ပြီးသား အသားငါးတွေကို ယူပြီး တစ်ဖက်အကန့်ထဲကို ဝင်လာခဲ့လျှင် ...

"ဟင်!... ရေခဲသေတ္တာ ဘယ်ရောက်သွားတာလဲ .."

ဒရွတ်တိုက်ဆွဲထားသည့် ပွန်းရာလေးနည်းနည်း ကြမ်းခင်းပေါ်





မှာ ရှိသည်။ မွန်းတည့် ဘယ်ကို ရွှေ့လိုက်ပါလိမ့် ..၊

အပြင်မထွက်ဘဲနေဖို့ ရေခဲသေတ္တာကြီး အခန်းထဲ ပြောင်းထားပြီး ထင်သလို ချက်ပြုတ် စားသောက်နေတာလား ..။

"ဘာလုပ်နေတာလဲ .."

"ဟဲ့ .."

ဒေါ်ခင်ခင် တုန်ခနဲ ဖြစ်သွား၏။

လန့်သွားတိုင်း မွန်းတည့် မျက်မှောင်ကုတ်ကြည့်တတ်တာ သိလျက်နှင့် ဘာဖြစ်လို့ လန့်ပဲလန့်နေမှန်း မသိ ..။

"ဒေါ်လေး မစပ်စုနဲ့နော် .. ပြီးတော့မှ ကျွန်တော့်ကို အဆိုးမဆိုနဲ့ .."

"စပ်စုစရာလား နွေမွန်းတည့် ရယ် .. ငါ့အလုပ် ငါလုပ်ပြီး အခန်းထဲ တန်းဝင်နေတာပါ၊ ဒီက ရေခဲသေတ္တာ ဘယ်ရောက်သွားတာလဲ .."

"မရှိတာမြင်ရင် မရှိတော့ဘူးလို့ မှတ် ..၊ ခုကစပြီး ဘာမှလည်း ထွက်မဝယ်နဲ့ .. အပြင်ကို လုံးဝ မထွက်ပါနဲ့ .."

"ဟင်!..."

မွန်းတည့် မျက်နှာက ဖြူတာက ပိုဖြူလာကာ မျက်တွင်းကျသလိုဖြစ်လျက် ဆံပင်တွေကလည်း မသေသပ် ..။

ထို့ပြင် မြင်လိုက်ရတိုင်း အင်္ကျီရင်ကွဲနှင့်၊ တစ်ခါတစ်ခါ အတွင်းခံ ဘောင်းဘီပေါ်ကျယ်လေးနဲ့ချည်းပဲ ဖြစ်တတ်သည်။

"နွေမွန်းတည့် .."



www.burmeseclassic.com

www.burmeseclassic.com



သူ လှည့်ထွက်သွားတော့ ဒေါ်ခင်ခင် က လှမ်းခေါ်ကာ ...

"မင်း ဟိုကောင်မလေးနဲ့ မျက်နှာချင်းမဆိုင်ချင်တာမို့လား ..၊ အဲဒါ အခန်းအောင်းနေလို့ ပြီးသွားမှာမှ မဟုတ်တာ၊ သူကလည်း သူ့အစ်မ ပြန်လာမလား ..၊ မင်း လိုက်ခေါ်တော့မလားနဲ့ မျှော်လင့်နေတာ .."

မွန်းတည့် က လှည့်မကြည့်ဘဲ ကျောပေးလျက်သားအတိုင်း နားထောင်နေ၏။

"ဒီအိမ်က မင်းပိုင်တာပဲ ..၊ သူ့ကို မောင်းထုတ်ပစ်လိုက်လို့ရတယ်၊ သူ့ကိုရှောင်နေတော့ ကိုယ်က ကြောက်ရာကျတာပေါ့ .."

"ခင်ဗျားပဲ နေတတ်အောင် နေပါ"

နားထောင်နေတုန်းက ကောင်းပုံကောင်းကန်းနှင့် ပြောထွက်သွားလိုက်တာ ခပ်ရိုင်းရိုင်း ..၊

ဒီကောင်လေး ဘယ်လိုဖြစ်လို့ ဒီပုံစံကြီး ဖြစ်သွားတာလဲ ..၊

ဒေါ်သဖြစ်ရမှာထက် စိတ်ထဲမှာ ပို၍ ရှုပ်ထွေးသွားခဲ့၏။

ဖြူ ကလည်း သူ့ညီမကိုတောင် မဆက်သွယ်ဘူးဆိုတော့ ဘာတွေ ဖြစ်ကုန်တာလဲ ..။





## အခန်း (၂၇)

"သူ့ယောက်ျား လာယူမောင်းသွားတယ် ဟုတ်လား .."

ကာရံ တအံ့တသြ ဖြစ်သွား၏။

အိမ်မှာ မမကားမှ မရှိတာ ..။

"အဲဒီညတွင်းချင်းပဲ ဆီသွားထည့်ပြီး အိမ်ကိုယူသိမ်းထားခဲ့တာ၊ နောက်မနက်မှာ သူ့အမျိုးသား ရောက်လာပြီး ကားပြန်ယူသွားမယ်ပဲ ပြောတယ် .. ဘာမှမပြောဘူး"

ကိုမောင် က ရှင်းပြနေသည်။

သီ ကလည်း ကာရံ့ မျက်နှာလေးကို တစ်လှည့် ..၊ ကိုမောင် ပြောနေတာကို တစ်လှည့်နှင့် စိတ်မကောင်း ဖြစ်နေသည့်မျက်နှာက ငိုတော့မယ့်အတိုင်း ..။

"အဲဒီကား အိမ်မှာ မရှိဘူး ဦးမောင် .."



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင် မျက်နှာပျက်သွားသည်။ ပြီးတော့ ...

"ဖုန်းဆက်တာလည်း သူပဲ .."

လို့ နှုတ်ခမ်းလှုပ်ရုံပဲ ပြောကာ ...

"ကုမ္ပဏီကို ဖြူ ရောက်လာသလားလို့ သူ ဖုန်းဆက်သေးတယ် .."

"ဟုတ်လား .. အဲဒီတော့ ကိုမောင် ဘာပြောလိုက်လဲဟင် .."

"လာမှမလာတာ ..၊ မလာဘူးလို့ ပြောလိုက်တော့ အကြာကြီး ငြိမ်နေတယ်၊ ပြီးတော့ ဘာမှမပြောဘဲ ဖုန်းချသွားတယ် .."

လုပ်ကိုင်သွားပုံကို အားလုံး အံ့ဩနေမိကြသည်။ ကိုမောင် က တော့ တစ်ခုခုကို အလေးအနက် စဉ်းစားနေပုံနှင့် မျက်မှောင်ကုတ်၍ ငြိမ်သက်နေ၏။

"ကျွန်တော်လည်း သူ ကားလာယူသွားတုန်းက မကြည်လင်တဲ့ မျက်နှာကို အကဲခတ်ပြီး ဖုန်းဆက်တဲ့အထိ ဘာမှကို မမေးမြန်းလိုက်မိဘူး .."

"ဒါက ကိုမောင့်အမှား မဟုတ်ပါဘူး၊ သူ့ပုံစံကြည့်ရတာ မေးချင်လည်း ဖြေချင်မှဖြေမှာ .."

"ဟုတ်တယ် .. ကာရံ လည်း မမကို စောင့်နေတာပဲ၊ သူနဲ့ တစ်အိမ်တည်းမှာသာ နေတာ တစ်နေကုန်လို့ တစ်ခါ မဆုံဖြစ်ဘူး..၊ စကားပြောဖို့ဆို ဝေးရော .."

"ဒါဆိုရင် အခု ဖြူ က ဘယ်ရောက်နေမှန်း မသိဘူးပေါ့"

သီ က မေးလိုက်ရင်း ကာရံ့ ကို ကြည့်သည်။





"ဟုတ်ကဲ့ .."

"ဘာပဲဖြစ်ဖြစ် ဖြူ က သူ့ညီမကို သိပ်ချစ်တာ ..၊ ဒီအချိန်မှာ မဆက်သွယ်ဘဲနေတာတော့ တော်တော်အံ့ဩဖို့ ကောင်းနေပြီ .."

"ကာရံ လည်း မမကို အရမ်းတမ်းတနေလို့လား မသိပါဘူး၊ မမအသံ မမအရိပ်တွေချည်းပဲ မြင်နေတယ်၊ တစ်ခါတစ်ခါ မမ အိမ်ထဲမှာ ရှိတယ်လို့တောင် ထင်လာမိတယ်၊ ကိုယ့်ကိုပဲ စောင့်ကြည့်နေသလိုလို .."

"ဖြစ်ရလေကွယ် .."

"သူတို့လင်မယား အဆင်မပြေဖြစ်သွားကြတာ ကျွန်တော့်ကြောင့်များလား မသိဘူး .."

"ဟင်!..."

ရုတ်တရက် မျက်နှာမကောင်းစွာ ထပြောလိုက်တော့ ကာရံ နဲ့ သီ တို့ အကြည့်တွေ သူ့ဆီ ရောက်သွား၏။

ကိုမောင် က ဖြူ့ အင်္ကျီ ကားထဲမှာကျန်ခဲ့လို့ ဖုန်းဆက်လိုက်မိတဲ့အကြောင်း ပြောပြရင်း မျက်နှာက ပြုံတော့မယ့်မိုးလိုပင် ..။

"ဒီမှာ ကျွန်တော် သူ့အမျိုးသားကိုလည်း မပေးဖြစ်လိုက်ဘူး..၊ ညီမလေး ဖုန်းဆက်တာနဲ့ ပေးမယ်ဆိုပြီး အခု ယူလာတာ .."

မမရဲ့ အပေါ်ထပ်အင်္ကျီလေးကို မြင်လိုက်ရလျှင် ကာရံ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ်ဖြစ်လာကာ မြင်ကွင်းက ချက်ချင်း ဝေဝါးသွား၏။

ပြီးတော့ အင်္ကျီကို ရင်ခွင်မှာပိုက်ပြီး ရှိုက်ငိုလေသည်။ ကိုမော



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေကို ဖိပိတ်ထားရင်း မျက်နှာလွှဲ၏။

သီ ကတော့ မိန်းမသားပီပီ သူမပါ မျက်ရည်တွေဝေ့လာကာ...

"မငိုပါနဲ့ ညီမလေးရယ် .. အိမ်ထဲမှာ မဟုတ်ရင်လည်း သူ့ ညီမလေးကို မြင်တွေ့နိုင်တဲ့ ဒီနား တစ်နေရာရာမှာ ရှိနေတာမို့လို့ မဆက်သွယ်တာ နေမှာပါ .."

"မမသီ ကာရံ ဘာလုပ်ရမလဲဟင် .. သူတို့ကလည်း ကာရံ့ ကို နေစေချင်ကြတာ မဟုတ်ဘူး၊ မမဆီက သတင်းတစ်ခုခု မကြားရဘဲနဲ့တော့ ကာရံ ထွက်မသွားချင်ဘူး၊ နောက်ပြီး ဒေါ်ခင်ခင် ဆိုတဲ့ မိန်းမကြီးပုံစံက မမကို အစောကြီးထဲက မလိုလားတဲ့ပုံနဲ့ .."

"အို .. သူက မှီခိုနေတဲ့သူပဲဟာ၊ မဆိုင်ဘဲနဲ့ .."

"ဟုတ်တယ် .. အဲဒါကြောင့် ကာရံ စိတ်တိုတာ .."

မျက်ရည်ကို သုတ်ပစ်လိုက်ပြီး ကာရံ က မျက်နှာလေး မော့သည်။

"ကိုယ့်အစ်မတစ်ယောက်တည်း ရန်းကန်ရှာဖွေရတာကို သူတို့က မဆီမဆိုင် .."

"ဒီလိုပြောလို့ မရဘူး ညီမလေးရဲ့ .."

ကိုမောင် က ကာရံ့ ကို ဖျောင်းဖျသည့်မျက်ဝန်းတို့နှင့် ကြည့်၍ ...

"သူတို့နှစ်ယောက် ပေါင်းစည်းမှ ဖြစ်ထွန်းခဲ့တဲ့ စီးပွားရေးဟာ သူတို့နှစ်ယောက်နဲ့ ဆိုင်တာပဲ ..၊ ညီမလေး အဲဒီမှာ မနေသင့်တာ တော့ မှန်တယ် .."





"ဟုတ်တယ် .. ခဲအိုနဲ့ခယ်မဆိုတာ မတင့်တယ်ဘူး၊ ပြီးတော့ ညီမလေး ခဲအိုက စိတ်တစ်မျိုးလို့ မမသီ ထင်တယ်နော် .."

"ကာရံ ပြန်သွားရင် တီလေးက ဒီတိုင်းနေမှာ မဟုတ်ဘူး၊ မမ တီလေးဆီများ ပြန်ရောက်နေသလားလို့ တွေးမိတာတောင်မှ တီလေး သိရင် ငြိမ်နေမှာ မဟုတ်ဘူးဆိုတာ တွေးမိလို့ ကာရံ လည်း မသွား တော့တာ .."

"ဒီတိုင်း ငြိမ်မနေလည်း ကောင်းတာပဲ၊ တစ်ရက်နှစ်ရက်အထိမှ ဆက်သွယ်မလာရင် လူပျောက်တိုင်သင့်ရင် တိုင်ရမှာပေါ့ .."

"ဒီလိုလုပ်လိုက်ရင် ဖြူ့ သိက္ခာကျမှာပေါ့ မသီ.. ပြီးတော့ သူတို့ လင်မယားအနေအထားက ပုံမှန်ဖြစ်ကြတာနဲ့ မတူဘူး .."

ကိုမောင် က ဘာဖြစ်ဖြစ် သူ့အပြစ်လို့ပဲ သတ်မှတ်နေကာ ...

"ကျွန်တော်ကိုယ်တိုင်က ဖြူ့ အပေါ်မှာ လူမျက်စိနောက်လောက်အောင် ဖော်ရွေခဲ့မိတာပါ၊ ညီမလေးနဲ့ မသီ တို့ ရှေ့မှာပဲ ကျွန်တော် ဝန်ခံပါတယ်၊ ဖြူ့ ကို ကျွန်တော် တခြားလူတွေထက် ပိုခင်တယ်၊ အဲဒါက လေးစားတဲ့စိတ်အပြင် ကရုဏာထားမိတာတွေ ပါပါတယ်၊ ပြီးတော့ ဖြူ့ အိမ်ထောင်ရေးအကြောင်း မသီ တို့ထက် အရင် ကျွန်တော်က ပိုသိတာ .."

"ဟင်!..."

သီ မျက်ခုံးနှစ်ဖက် မသိမသာ မြင့်သွားသည်။

"ကရုဏာဖြစ်တယ်ဆိုတာ အဲဒါကနေ စခဲ့တာ၊ သူ ရုန်းကန်နေရတာ မှန်ပေမယ့် မပင်ပန်းစေချင်ဘူး၊ တစ်ယောက်တည်းအတူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှာနေရပေမယ့် နှစ်ယောက်ရဲ့ခွန်အားမျိုး သူ့ကို ရစေချင်တယ် ..''

နားလည်သွားတော့ သီ ကိုယ်တိုင် စိတ်မကောင်း ဖြစ်မိရသည်။

ကာရံ ကတော့ လူငယ်မို့ ကိုမောင့် မျက်နှာကို အံ့ဩသွားတဲ့အတိုင်း အားမနာတမ်း ကြည့်၏။

''ဒီကုမ္ပဏီက ကျွန်တော့်ဦးလေးရဲ့ကုမ္ပဏီမို့လို့ ဦးလေးက သူ့အရည်အချင်းကို မြင်လာအောင် ကျွန်တော် တွဲကြိုးစားပေးခဲ့တယ်၊ ကျွန်တော်က အရေးပေးဆက်ဆံတဲ့အတွက် သူ့အပေါ်မှာ အားလုံးက အရေးပေး လေးစားမှုတွေ ရှိလာမယ်၊ ကျွန်တော် ဒီတိုင်းမြင်ခဲ့မိတာ''

ဝန်ခံနေပေမယ့် မျက်နှာပူနေသလိုမျိုး ကိုမောင် ခေါင်းငုံ့ထားခဲ့လျက် ...

''ကျွန်တော် မှားသွားတယ် ..''

''ဒီလိုလည်း မဟုတ်ပါဘူး ကိုမောင် ရယ် .. လေးစားတာ သနားကရုဏာဖြစ်မိတာတွေက ကိုမောင့်လို သူ့အပေါ် အကူအညီပေးနိုင်တဲ့လူ မပြောနဲ့ သီ တို့ ရင်ထဲမှာတောင် ဒီတိုင်း ဖြစ်ခဲ့မိကြတာပါ ..''

သီ့ စကားကြောင့် စိတ်သက်သာရာရသွားသလို ကိုမောင့် မျက်နှာ မော့လာနိုင်၏။

''အပြစ်ရှာရင် အပြစ်မြင်တယ်၊ အချစ်ရှာမှ အချစ်တွေ့တာ''

''ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကြောင့် ဖြစ်ရတာ ဆိုရင်တော့ ကျွန်တော် ...''





''မဟုတ်တာ ကိုမောင် ကလည်း .. ဖြူ့ သဘောက ဘယ်လိုမှန်းလည်း မသိဘဲနဲ့၊ ဖြူ ဆိုရင်လည်း ဒီလိုလုပ်ပေးဖို့ ခွင့်ပြုမှာ မဟုတ်ဘူး ကျွန်မ သိတယ်၊ ဘာကြောင့်ဖြစ်ဖြစ် သူ မျိုသိပ်နေနိုင်ရင်နေပေ့၊ ရှင်းမှ ရှုပ်ကုန်ရင် အားလုံး ဂုဏ်သိက္ခာက ရှိသေးတယ်လေ ..''

''ဟုတ်ပါတယ် ဦးမောင် ရယ် .. ဦးမောင် တို့ စေတနာကို အခု တစ်ထိုင်တည်းနဲ့တင် ကာရံ နားလည်နေပါပြီ၊ စေတနာမေတ္တာကို ခံစားတတ်တဲ့လူဆိုရင် ဒါကို နားမလည်စရာ မရှိပါဘူး ..''

ကာရံ ထပ်ပြောလိုက်တော့မှ ကိုမောင် မျက်နှာ မသာယာနှင့် ငြိမ်ကျသွားသည်။

လူသုံးယောက် ခေါင်းသုံးခေါင်း ဆိုင်ခဲ့ပေမယ့်လည်း ဘာအဖြေမှ ရရာတာ မရှိခဲ့ဘဲ ကာရံ လှည့်ပြန်ခဲ့ရသည်။

တစ်ခုရှိတာက မမရဲ့ကားကို ကိုနွေ ဘယ်မှာ ဘာလုပ်လိုက်သလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ကာရံ အိမ်ပြန်ရောက်တော့ ညနေသုံးနာရီ ထိုးတော့မည်။ ရှေ့မှာ ဖိနပ်ချွတ်ထားတာ မြင်သောကြောင့် အထဲမှာ ကိုနွေ ရှိနေမှန်း သိလိုက်သည်။

အပြင်မှာ နေမဝင်သေးဘဲ အိမ်ထဲဝင်လိုက်သည်နှင့် မှောင်မိုက်နေ၏။

ပြီးတော့ တိတ်ဆိတ်ငြိမ်သက်နေသည့် အငွေ့အသက်သည် လူကို အခြေအနေတစ်ခုခုဆီ ခေါ်ပြနေသလိုပင် ..။

ခြေလှမ်းတွေ တုံ့နှေးသွားခဲ့ပေမယ့် သူမ ဘာကိုမှ မခန့်မှန်းနိုင်..၊

ထိုစဉ် ဒေါ်ခင်ခင် က ကတ်ကြေးတစ်လက်နှင့် ထွက်လာကာ..

"ဒီနေ့ ညည်း ညအိပ်ခါနီးမှ ပြန်လာရင် ပိုအဆင်ပြေမှာ .."





"ဘာဖြစ်လို့လဲ .."

"အိမ်မှာ ဘာမှ စားစရာမရှိဘူး၊ နွေမွန်းတည့် က ဘာမှ ထွက်မဝယ်ရဘူးဆိုလို့ ငါတောင် အခု ခြံထဲက နွယ်တက်နေတဲ့ ဟင်းရွက်ညွန့်လေးတွေ ခူးဖြတ် ပြုတ်သုပ်စားရမှာ .."

ပြောပြီး ခြံထဲ ဆင်းသွား၏။ ကာရံ နေရာမှာတင်ရပ်နေဆဲ ကိုကို့ဖုန်း ဝင်လာ၏။

စိတ်ထဲမှာ ပျော်သွားတာ အတိုင်းအဆ မရှိ ..။

"ကိုကို .."

"ချာတိတ် .. မင်းအစ်မသတင်း ဘာကြားသေးလဲ .."

"ဟို.. မကြားဘူး ကိုကို၊ ကာရံ ခုပဲ မမ အလုပ်လုပ်တဲ့ ကုမ္ပဏီမှာ မမရဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေနဲ့ သွားတွေ့ခဲ့တာ .."

ကာရံ က သူမတို့ ပြောဆိုခဲ့သမျှတွေကို သေချာ ပြောပြ၏။ တိမ်တိုက် ကလည်း တိတ်ဆိတ်စွာ နားထောင်နေသည်။

ထို့ပြင် အခု သူမ ရှိနေလျက်နှင့် ဘာမှ ဝယ်ခြမ်းချက်ပြုတ်မခိုင်းတော့တာပါ ပြောပြမိလျက် ...

"သူ ကာရံ့ ကိုကျတော့ မျက်နှာချင်းထွက်ဆိုင်ဖော် မရဘူး၊ ကာရံ အိမ်မှာမနေနိုင်အောင် လုပ်နေတာ အရမ်းအသည်းယားတာပဲ ကိုကို ..၊ တစ်ခါတစ်ခါ နာမည်ခေါ်ထုတ်ပြီး မေးပစ်လိုက်ချင်တယ်.."

"မလုပ်နဲ့ ချာတိတ် .. သူ မင်းကို ရင်မဆိုင်ရဲလို့ လက်သီးပုန်းထိုးနေတာ မဟုတ်ဘူး၊ မင်းက သူ့အတွက် ဘာမှမဟုတ်သေးလို့



www.burmeseclassic.com

www.burmeseclassic.com



ထည့်မတွက်တာမျိုး ..၊ သူ ဘာမှမပြောရင် မင်းလည်း မပြောနဲ့.."

"ကိုကိုက ပြန်မလာသေးဘူးလားဟင် .."

"ပြန်လာမယ် စိတ်ချပါ ..၊ မင်းအတွက် ကိုယ့်ခေါင်းထဲမှာ အမိကထားတာ .."

ဒီလို ရက်နီးနီးလေးနဲ့ ဖုန်းပြန်မဆက်ဖူးသဖြင့် ကာရံ ကျေနပ်သွားမိသည်။ ထို့ကြောင့် ရင်ထဲမှာ တိုင်ပင်ရာမဲ့နေသမျှ ကိုကို့ကို အားလုံး ပြောပြမိသည်။

"အဲဒါ ကာရံ စိတ်စွဲနေလို့လား ကိုကို၊ ဒါမှမဟုတ် မမကိုလွမ်းပြီး ကာရံ စိတ္တဇ ဖြစ်နေပြီလား ..၊ မမအသံကို တကယ်ကြားရပြီး ရှာတော့ မတွေ့ဘူး၊ အရိပ်ကို သေချာမြင်လိုက်ရဲ့သားနဲ့ လူက ပျောက်နေတယ်"

"စိတ်စွဲလမ်းလို့လည်း ဖြစ်နိုင်တာပဲကွာ .. အဲဒါတွေ ဟွေးပူမနေနဲ့တော့၊ ညဘက် စောစောအိပ်ရာဝင် .. ပျော်အောင်အိပ်လိုက်"

"ကိုကို မြန်မြန်ပြန်ခဲ့နော် .."

ဒေါ်ခင်ခင် ခြံထဲဆင်းမလိုလို့နှင့် ဖုန်းလာသံကြားလို့ ယောင်လည်လည်လုပ်နေတာကို ကာရံ မသိ ..၊

ကိုကိုတွေ မိုးမွှန်နေအောင် ပြောနေကာမှ နှုတ်ခမ်းမဲ့ပြီး ခြံထဲ ဆက်ထွက်လာခဲ့မိ၏။

သူ့နားထဲမှာတော့ ကိုကိုတွေကိုပဲ ရွှေးပြီး ကြားနေလို့ထင်သည်၊ ကာရံ ဆိုသည့် မိန်းကလေးကို ကြည့်မရလိုက်သည့်ဖြစ်ခြင်း ..။

ကတ်ကြေးကိုင်ထားပြီး သူများကို အကုသိုလ်များနေတာနှင့်





ဘာမှလည်း မခူးဖြစ်သေးပေ။

နောက်ဖေးခြံတံတိုင်းနားမှာ တံတိုင်းအပေါ်ကိုရော အနီးအနားသစ်ပင်တွေကိုပါ ရစ်ခွေတက်နေသော ပဲညွှန့်တွေနဲ့ ကန်စွန်းရွက်တွေ ..။

ပြီးတော့ ကင်ပွန်းညွှန့်တွေလည်း တွေ့သည်။ သူ့လက်ထဲမှာတော့ ဘာမှကို မခူးရသေးပါ ..။

နွယ်တွေတက်နေတာ ခူးချင်စရာပေမယ့် ခြံထောင့်မှာမို့ ချုံတွေက ထူသည်။

ရှေ့ကို စမ်းတိုးကြည့်လိုက်၊ ဟင်းညွှန့်တွေကို ခူးဖို့ လက်ပြင်လိုက်နှင့် ခြေထောက်က ချုံနဲ့ငြိကာ ချုံပေါ်ကိုပဲ ဟပ်ထိုးလဲလေသည်။

"ငါ့နှယ်နော် .. မကြီးမငယ်နဲ့ ဒုက္ခပါပဲ .."

ကိုယ့်ဘာသာ ပြန်ကျူးထပြီး ကျသွားသည့် ကတ်ကြေးကို ကောက်လိုက်လျှင် ...

"ဘာလေးပါလိမ့် .."

ခြံထဲက တွစ်စွန်းတစ်စပေါ်နေသော ပြောင်လက်လက် အရာလေးကို စိတ်ဝင်စားသွားသည်။

သေချာ လက်ထိုးနှိုက်ပြီး ကောက်လိုက်တော့ အလွယ်တကူမပါဘဲ တစ်ခုခု ငြိနေ၏။ အားမလိုအားမရ ဆွဲကြည့်နေရင်း စိတ်တိုလာကာ တအား ဆွဲပစ်လိုက်မိ၏။

ထိုအခါ အထွေးလိုက် လိပ်ပတ်ထားသည့် အထုပ်တစ်ထုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကာ ချုံထဲကနေ ကြွတက်လာလျှင် ...

"အမလေးတော်!.."

သွေးကွက်ကြီးနှင့် မြင်မကောင်းဖြစ်နေသည့် အင်္ကျီ ထဘီ တွေ..၊

"ဒါ!... ဒါ .. အမလေး!... ဘုရား!... ဘုရား .."

ဒေါ်ခင်ခင် ဖင်ထိုင်လဲကျနေရင်း သူမရှေ့မှာ ပြေလုလုဖြစ်နေသော သွေးစွန်းနေသည့်အဝတ်ထုပ်ကြီးကို ပြူးတိပြူးကြောင် ကြည့်နေမိသည်။

သူမ အပေါ်စီးကနေ မြင်လိုက်ရသည့် ပြောင်လက်လက်က အင်္ကျီရင်ဘတ်ပေါ်ကပန်းပွင့် ဖြစ်နေကာ ဒီအဝတ်အစားတွေကို ဒေါ်ခင်ခင် သိနေသည်။

မြတ်စွာဘုရား!...

ဒီလိုတော့ မဟုတ်ပါစေနဲ့ ..၊

"ဒေါ်လေး .."

"အမလေး!... ဘုရား .."

ဒေါ်ခင်ခင့် ကိုယ်ကြီး ကြွခနဲဖြစ်သွားကာ လန့်ဖျန့်အော်သည်။ သူမရှေ့မှာ မားမားကြီး ရပ်နေတာက မွန်းတည့် ..၊

"နွေ .. .. နွေ မွန်း တည့် .."

မျက်နှာချိုသွေးရမလား .. ဒီကိစ္စကို မေးရမလား ..။

အထုပ်ကလည်း ကိုယ့်ဘေးရောက်နေပြီမို့ မသိသလို နေလိုက်ဖို့ကတော့ မဖြစ်နိုင်တော့ဘဲ ရှိရာ ...





"ငါ .. ငါက ကန်စွန်းညွန့် လာခူးတာပါ .."

ဖြေရှင်းရင်း ပျာပျာသလဲ ထရပ်လိုက်သည်။

မွန်းတည့် က အဝတ်တွေကို သူ့ခြေထောက်နဲ့ ဆွဲလိပ်ယူလိုက်ပြီး နင်းထား၏။ ပြီးတော့ မျက်နှာကို စူးစိုက်ကြည့်လာလျှင် ဒေါ်ခင်ခင် သွေးပျက် ချောက်ချားသွား၏။

"ငါ တကယ်ပြောတာပါ နွေမွန်းတည့် ရယ် .. ဒီမှာ ကတ်ကြေးတောင် ပါပါတယ်"

ကတ်ကြေးပါတယ်လို့ ပြောလိုက်ပေမယ့် ကျသွားသည့် ကတ်ကြေးက ချုံတွေကြားထဲမှာ မကောက်ရသေး ..။

ထို့ကြောင့် ပြောပြီး သူမပဲ ဖိုးရှာဒီရှာဖြစ်သွားခဲ့သည်။

ပြန်မော့ကြည့်လိုက်တော့ မွန်းတည့် မျက်လုံးတွေက ဘယ်ကိုမှ မကြည့်ဘဲ သူမ မျက်နှာပေါ်မှာ စူးစူးရဲရဲ ..။

"နွေမွန်းတည့် .."

ဒေါ်ခင်ခင် နေရာမှ ပျာပျာသလဲ ထရပ်လိုက်၏။

"ဒါ .. ဒါတွေက .. ဖြူ့ ရဲ့ ..."

"ခင်ဗျား ဒီကထွက်သွားတော့ .."

"ဟင်!... ဘယ်လို .."

"အခု အိမ်ထဲကိုပြန်ဝင်ပြီး ပစ္စည်းသိမ်းဖို့ ဆယ်မိနစ် အချိန်ပေးမယ်၊ ထွက်မလာသေးဘူးဆိုရင် ဒီနေရာမှာ အထုပ်တစ်ထုပ် တိုးပြီ .."

"နွေမွန်းတည့် .. ငါ .. ငါက မင်းရဲ့အဒေါ်အရင်းပါ၊ ခင်း



www.burmeseclassic.com

www.burmeseclassic.com



အကျိုးပျက်မယ့်ကိစ္စကို ငါ မလုပ်ပါဘူး .. ကတိပေးပါတယ်၊ ငါ့ကို နှင်မလွှတ်ပါနဲ့ .."

"နှင်လွှတ်လိုက်လို့ ခင်ဗျားပါးစပ်က စည်းကမ်းဖောက်ရမှာပဲ ဆိုရင်လည်း ကျွန်တော် ဂရုမစိုက်ဘူး၊ ဘာကြောင့် ဂရုမစိုက်သလဲ သိချင်ရင် လုပ်ကြည့်လိုက်ပေါ့ .."

ဒါ နွေမွှန်းတည့် ဟုတ်ရဲ့လား ..၊

ဒေါ်ခင်ခင် အကြောက်တရားတို့အစား အံ့ဩ ကြေကွဲခြင်းက နေရာယူလာသည်။ ဒီအိမ်ကို ရောက်လာခဲ့တုန်းကလည်း ဖြူ ကပဲ ခေါ်ခဲ့တာပါ ..။ ဖြူ မရှိတော့ နှင်လွှတ်တဲ့လူက ကိုယ့်တူအရင်း ဖြစ်နေခဲ့ခြင်းအတွက် မယုံနိုင် ..။

"မင်း .. မင်း ငါ့ကို နှင်လွှတ်မိတဲ့အတွက် နောင်တရမှာပဲ နွေမွှန်းတည့် ..၊ ငါက မင်း အကျိုးယုတ်အောင် လုပ်မယ့်သူ မဟုတ်ဘူး .. ကာကွယ်ပေးမယ့်သူ ..၊ ဖြူ့ ကို ခုလို မင်း ထင်တိုင်းလုပ်လို့ မရဘူး .. သူ့က အသိုင်းအဝိုင်း ကြီးတယ်၊ ပြီးတော့ ..."

"ခင်ဗျား အခု မသွားသေးဘူးလား .."

ဒေါ်ခင်ခင် ပါးစပ်ပိတ်သွားသည်။ ပြီးတော့ မွှန်းတည့် ရှေ့တိုးလိုက်သည့်ခြေလှမ်းကြောင့် နောက်ကို အထိတ်တလန့် ဆုတ်လိုက်မိကာ ...

"ငါ သွားပါ့မယ် ..၊ နောက်လည်း ဒီအိမ်နဲ့ရော မင်းနဲ့ပတ်သက်တာရော ငါ အားလုံး မေ့ပစ်လိုက်မယ်လို့ ကတိပေးပါတယ်၊ ငါ့ကို တော့ ဒုက္ခမပေးပါနဲ့ .."





ဒေါ်ခင်ခင် ဖြူ့ ဝတ်စုံပေါ်က သွေးကွက်တွေကို တစ်ချက် ပြန် ကြည့်ပြီးမှ လှည့်ထွက်လာခဲ့သည်။

အိမ်ထဲကို ဝင်လိုက်တာနှင့် ကာရံ နဲ့ မျက်နှာချင်းဆိုင်မိသွားကာ ...

"အန်တီ ဟင်းရွက်သွားရူးတာဆို .."

ဒေါ်ခင်ခင် က စိန်းစိန်းကြီး စိုက်ကြည့်ကာ ဘာမှပြန်မဖြေဘဲ အထဲ တောက်လျှောက်ဝင်သွား၏။

အချိန်က ညနေစောင်းနေပြီဖြစ်ကာ အိမ်ထဲမှာတော့ မီးဖွင့် မထားသည့်နေရာတိုင်းမှာ မှောင်နေပြီဖြစ်၏။

ဒေါ်ခင်ခင် တစ်မျိုးကြီးဖြစ်ပြီး ပြန်ဝင်လာတာကို ကာရံ စဉ်းစား နေရင်း ခြေလှမ်းတွေက ထိုဆီသို့ ဦးတည်နေခဲ့၏။

"ဘာလုပ်မှာလဲ ..၊ သူကမှ ငါ့ကို စကားကောင်းကောင်း မပြော ချင်တဲ့ဟာ .."

ခြေလှမ်းတွေကို ပြန်ရုပ်သိမ်းကာ ကိုယ့်အခန်းထဲပဲ ပြန်ဝင်ခဲ့ မိ၏။

**အကယ်၍** ဒေါ်ခင်ခင် အထုပ်အပိုးနှင့် ပြန်ထွက်လာတာကိုသာ **သူမ မြင်ခွင့်ရခဲ့လျှင်** နောက်ထပ် သူမအပေါ် ကျရောက်လာမည့် **အန္တရာယ်ဆိုးကနေ** ရှောင်ထွက်နိုင်မှာ ဖြစ်သော်လည်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

ဗိုက်ထဲမှာဆာလာပေမယ့် ဘာမှမရှိဘူးလို့ ပြောထားတာကို သူမ မျက်နှာပြောင်တိုက်ပြီး သွားမစားသင့်ပေ။ ပြီးတော့ ...

ဟင်းရွက်ခူးလာတာလည်း မမြင် ...၊ ကြော်လှော်သံလည်း မကြား ...။

တစ်အိမ်လုံး တိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ် ကြီးစိုးနေခဲ့၏။ ဆာဆာနှင့် မှေးခနဲ အိပ်ပျော်သွားပြီး ပြန်နိုးလာတော့ ည ကိုးနာရီ ရှိနေပြီ ...။

"တင် တောင် .. တင်း တင်း တောင် .."

ကိုးနာရီထိုးသည့် နာရီမြည်သံလေး ထွက်ပေါ်လာတော့ စားပွဲပေါ်ကို လှည့်ကြည့်လိုက်မိသည်။

မနေ့က အမှိုက်ခြင်းထဲက ကောက် ၍ ဓာတ်ခဲထည့်ထားခဲ့သည့် မမရဲ့ စားပွဲတင်နာရီလေး ...။





သူမ နာရီလေးကို ငေးနေရင်း အပြင်က အသံဗလံ တစ်စုံတစ်ရာကို နားစွင့်ကြည့်မိသည်။

ဒီအိမ်မှာ ဘာဖြစ်လို့ ဒီလောက်တောင် တိတ်ဆိတ် ခြောက်သွေ့နေခဲ့တာလဲ ..။

ညညဆို မနေတတ်လောက်အောင် ချောက်ချားလာတတ်သည့် အဖြစ်က လူကို တုန်လှုပ်စ ပြုလာခဲ့၏။

စိတ်ထဲမှာ လူကိုကြောက်သလိုလို .. သရဲကို ကြောက်သလိုလိုနှင့် မသိုးမသန့်ကြီး ခံစားမိနေသည်။

နေရာမှထ၍ တံခါးဖွင့်ကာ အခန်းပြင်ကို ချောင်းကြည့်လိုက်မိ၏။

"ဟင်!..."

အပြင်မှာ မှောင်မည်းလို့ပါလား ..၊

ဧည့်ခန်းထိပ်မှာ မီးတစ်ပွင့်၊ နောက်ဖေးအဆင်း စတိုခန်းရှေ့မှာ မီးတစ်ပွင့် .. ဒါပဲ ရှိသည်။

အိမ်ကြီးတစ်ဆောင်လုံး မှောင်မိုက်နေကာ လှေကားကြီးသည် ဧည့်ခန်းက ခပ်မှုန်မှုန် အလင်းရောင်တစ်ခြမ်းကျလျက် သတ္တဝါ တစ်ကောင် ခေါင်းထိုးဆင်းနေသလိုလို ..၊

လှေကားပေါ်မှာပဲ လူတစ်ယောက်ယောက် ရပ်နေသလိုလို ..၊

ကာရံ လှေကားဆီကနေ ဖျတ်ခနဲ မျက်နှာလွှဲလိုက်၏။

ထိုစဉ် ...

"တင်း တောင် .. တင်း တင်း တောင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

နောက်ကို ပြန်လှည့်ကြည့်လိုက်မိ၏။

နာရီက ကိုးနာရီ ကိုးမိနစ် ကိုးစက္ကန့်မှာ ရပ်နေခဲ့လျက် ...

"တင်း တောင် .. တင်း တင်း တောင် .."

နောက်ထပ် အသံမြည်လာတော့ ကာရံ ကြက်သီးတွေ ဖျန်းခနဲ ထသွားသည်။

နာရီကို ပြေးကြည့်လိုက်လျှင် နာရီက ထိုနေရာမှာ ရပ်နေလျက်ပဲရှိကာ အသံက ဘယ်လိုထွက်လာမှန်း မသိ ..။

ဒါ ဘယ်လိုဖြစ်တာလဲ ..၊

"ဒေါက် .. ဒေါက် .."

"ဘယ်သူလဲ .."

တံခါးက စေ့ရုံပဲစေ့ထားတာမို့ လှည့်ကြည့်လိုက်တော့ တံခါးရှေ့မှာ ရပ်နေသည့်အရိပ်ကို ခပ်ဝါးဝါး မြင်နေရ၏။

"ဒေါက် .. ဒေါက် .."

နာရီကို ချထားလိုက်ပြီး တံခါးနားကို လျှောက်ခဲ့၏။

သူမ အနားရောက်သွားလျှင် တံခါးကြားမှာ မြင်နေရသည့် လူရိပ်ကို မတွေ့ရတော့ပေ ..။

ဆွဲဖွင့်ကြည့်လိုက်တော့ လူမရှိ ..။

ဘယ်ကိုကြည့်ကြည့် မှောင်နဲ့မည်းမည်း ဖြစ်နေတာကို ဘယ်လိုမှ လက်မခံနိုင်တော့ဘဲ သူမ အပြင်ထွက်ပြီး မီးခလုတ်တွေကို လျှောက်ဖွင့်ကြည့်သည်။





ဘယ်မီးမှ လင်းမလာတော့ပေ ..။

"တောက်!..."

မချင့်မရဲနှင့် တက်ခေါက်လိုက်မိသည်။ ဒါ ဟိုလူ တမင်လုပ်တာ ..၊

ဒေါ်ခင်ခင့် ဆီ သွားခေါ်မလို့ စိတ်ကူးက ဒေါသကြောင့် ပျက်၏။ သူ့လူကိုမှ သွားပြေးတိုင်လျှင် ကိုယ်ပဲ မိုက်မဲရာကျတော့မည်။

ဘယ်လိုလုပ်မလဲ ကာရံ ..၊

နင် ဒီက ထွက်သွားတော့မလား ..၊

ဒီလောက်ထိ မနေစေချင်တာတွေပြနေကာမှ သူမ ဆက်နေလို့ မသင့်တော်တော့ပေ ..။ သူက ယောက်ျားလေး ..၊ ကြာရင် ကိုယ့်ကို ဒီ့ထက်ပိုပြီး အန္တရာယ်ပေးလာတော့မည်။

ထိုစဉ် နားထဲမှာ မော်တာလည်သံကြီး ကြားလိုက်ရ၏။ ဒီအချိန်ကြီးကျမှ ဒါ ဘာလုပ်တဲ့အသံလဲ ..။

မှောင်ရိပ်ထဲမှာ ရပ်နေရင်း သူမမျက်လုံးတွေ မှောင်ရိပ်ထဲမှာ ထီးထီးမားမားကြီးရှိနေသည့် လှေကားကြီးဆီ ရောက်သွား၏။

ဒါ အပေါ်ထပ်က အသံ ..၊

ကိုနွေ အချိန်မတော် ဘာတွေလုပ်နေသလဲ ..၊

ဒေါ်ခင်ခင် ဆိုတဲ့ မိန်းမကြီးပါ အဲဒီထဲ ရောက်နေသလား ..။

"ကာရံ .."

"ရှင် .."

ထူးလိုက်ရင်း ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမ .."

ဆံပင်တွေ ဖားလျားဖြန့်ချထားကာ မမက သူ့အခန်းရှေ့နားမှာ ဒီဘက်ကို ရပ်ကြည့်နေ၏။ ခပ်ဝါးဝါး အလင်းရိပ်ကြောင့် ပုံပန်းသဏ္ဌာန်ကိုပဲ မြင်နေရကာ ...

"မမ .. .."

ကာရံ မမဆီ ချက်ချင်း ပြေးသွားမိ၏။ ဒါပေမယ့် အနားရောက်တော့ ဘယ်သူမှ မရှိ ..။

မဟုတ်ဘူး .. မမ ရှိတယ် ..။

"မမ .. မမ ဒီနားမှာလားဟင် .."

ကာရံ တစ်ကိုယ်လုံး ပတ်ချာလည်အောင် အရပ်လေးမျက်နှာကို ကြည့်သည်။

ဘာသံမှမကြားရဘဲ အပေါ်ထပ်က မော်တာသံကြီးကပဲ ကြီးစိုးနေ၏။

"မမရယ် .. ထွက်ခဲ့ပါ .. ကာရံ ကြောက်နေပြီ သိလား၊ မမ ရှိနေရဲ့သားနဲ့ ဘာလို့ထွက်မလာတာလဲ ..၊ ကာရံ မမကြောင့် ဒီမှာ ရှိနေတာလေ .. ထွက်ခဲ့ပါ မမရယ် .."

ပြောနေရင်း တရှိုက်ရှိုက်ငိုသံလေးတွေ ရောစွက်လာ၏။

မမ ရှိနေလျက်နဲ့ သူမ ဒီလောက်ငိုကြွေးနေရတာတောင် ထွက်မလာဘူးလား ..။

"မမ .."

"ခုန်း .. ခုန်း .."





စိတ်ထဲမှာ လှိုက်ခါကြေကွဲလာခဲ့ရင်း မမရဲ့အခန်းတံခါးကြီးကို ပြေးထုမိသည်။ ပြီးတော့ ဖိဆုပ်ကိုင်လိုက်မိတာက အခန်းကို ခတ်ထားသည့် သော့ခလောက် ..။

အပေါ်ထပ်မှာ သူ့အသံနဲ့သူ ဆူညံနေသည်။

သူမ အောက်မှာ တစ်ခုခုလုပ်လိုက်လို့လည်း နေ့မွန်းတည့် ကြားမှာ မဟုတ် ..၊ ထို့ကြောင့် ...

အခန်းထဲ ပြန်ပြေးကာ ရေချိုးခန်းထဲမှာ တွေ့နေသည့် ပိုက်ဌ ကြီးကို ယူသည်။

အခန်းထဲက အလင်းရောင် အပြင်ကို နည်းနည်းရအောင် တံခါးကို တဆုံးဆွဲဖွင့်ထားခဲ့ပြီး ပြန်ပြေးထွက်ခဲ့၏။

ခတ်ထားသည့်သော့ကို ပိုက်ဌကြီးနဲ့ မရမကကော်ထုတ်လိုက်၊ ထုချလိုက်နှင့် သိပ်မကြာခင် တံခါးပွင့်သွား၏။

စိတ်ထဲမှာ ကြိတ်ဆုတောင်းပြီး မီးဖွင့်လိုက်လျှင် မီးရောင်တွေ ဖွေးခနဲ လင်းထိန်သွား၏။

ထိုအခါ မျက်လုံးထဲ တန်းဝင်လာတာက မီးဖိုခန်းနဲ့တွဲလျက်မှာ မြင်နေရတတ်သည့် ဒီးဖရေဇာကြီး၊

အိပ်ခန်းထဲမှာ ဒါကြီးက ဘာလို့ရောက်နေတာလဲ ..၊

သူမ အထဲကို ဆက်ဝင်လာလိုက်တာနှင့် ဖွေးနေသည့်မီးရောင်က တဖျတ်ဖျတ် မျက်တောင်ခတ်လာ၏။ သူမ ထိတ်ခနဲဖြစ်သွားကာ ခြေလှမ်းတွေ တုံ့သွားမိသည်။

မီးပျက်သွားခဲ့ရင် သွားပြီ ..၊



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်တိုးရမလား .. နောက်ပြန်ဆုတ်ရမလား တွေးမိပေမယ့် ရှေ့ကိုပဲ ဆက်လှမ်းလာခဲ့ကာ မမရဲ့ မွေ့ရာဆီ လျှောက်သွားမိသည်။

မွေ့ရာပေါ်မှာ မွေ့ရာခင်းနဲ့ ခေါင်းအုံးတွေကို လုံးထွေးကာ ခုတင်ခေါင်းရင်းမှာ ဒီတိုင်း ပုံထား၏။

ပြီးတော့ စားပွဲပေါ်မှာ ဖရိုဖရဲ လဲပြိုနေသည့်ပစ္စည်းတွေက ဖြစ်ခဲ့သည့်ရန်ပွဲ၏အရှိန်ကို ပြသနေသလိုပင် ..။

တစ်ခန်းလုံး ဘယ်လိုကြည့်ကြည့် လဲပြိုကွဲရှနေတာချည်းပဲ ဖြစ်ကာ လုံးထွေးနေသည့် မွေ့ရာခင်းကို ဆွဲခွာ ဖြန့်လိုက်၏။

"ဟင်!..."

မွေ့ရာခင်းမှာ သွေးတွေ ..။

ကာ၊ တစ်ကိုယ်လုံး ပက်ခနဲလန်သွားကာ နောက်ကို နှစ်လှမ်းသုံးလှမ်းလောက် ဆုတ်မိသွား၏။

နွေမွှန်းတည့် ကိုယ်ပေါ်မှာ ဘာဒဏ်ရာမှရှိနေတာ မတွေ့မိရာ ဒီသွေးတွေက ဘယ်သူ့သွေးမှန်း ချက်ချင်း သိလိုက်၏။

တဖျတ်ဖျတ် မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော မီးရောင်သည် ခဏကြာသွားလိုက် ပြန်ခတ်လိုက်နှင့် ကောင်းလာတော့မလို ဖြစ်သွားပြန်သည်။

သူမ မွေ့ရာခင်းကို မကိုင်ရဲတော့ဘဲ နောက်ထပ် ဆုတ်လိုက်မိလျှင် တစ်စုံတစ်ခုနဲ့ ခလုတ်တိုက်ကာ ပက်လက်လဲကျသွား၏။

သို့သော် ကြမ်းပေါ်ကိုမကျခဲ့ဘဲ ရေခဲသေတ္တာကြီးပေါ်မှာ ..။

"အ!..."





ခြေထောက်တစ်ဖက် မျက်သွားသဖြင့် ရေခဲသေတ္တာကို အားပြုပြီးမှ ပြန်ထရသည်။

ဒီအိမ်မှာ ဘာတွေဖြစ်ကုန်ပြီလဲ ..။

မမကို နွေမွှန်းတည့် ဘာလုပ်လိုက်သလဲ ..။

ထိတ်လန့်တုန်လှုပ်လာခဲ့ရင်း ခုတင်ပေါ်က သွေးကွက်ကြီးကို ကြောင်တိကြောင်တောင် လှမ်းကြည့်နေမိသည်။

မမ ဘာဖြစ်သွားသလဲ ..။

မမ ဘာဖြစ်သွားခဲ့တာလဲ ..။

တိုးဆောင့်လာသည့် ရင်ခုန်သံကြောင့် ဒူးတွေပါ ချောင်လာ၏။ အမှတ်တမဲ့ လျှောက်ဝေ့ကြည့်မိသော မျက်လုံးတွေက နံရံကပ်နာရီဆီ ရောက်သွားခဲ့လျှင် ...

ကိုးနာရီ ကိုးမိနစ် ..။

"ဘုရား!..."

မျက်လုံးထဲမှာ ပြာခနဲ ဖြစ်သွားသည်။ နာရီက ရပ်နေသည်။ ဒီအချိန်မှာပဲ နာရီတွေ ဘာဖြစ်လို့ ရပ်နေကြတာလဲ ..။

ကိုယ့်ရင်ခုန်သံတွေကို လက်နဲ့ ဖိထားပြီး ထိန်းလည်း မရ ..။

ဒီနာရီ ဒီအချိန်မှာ ရပ်နေတာကိုကြည့်မိတိုင်း မမရဲ့ခေါ်သံ ပေါ်လာတတ်တာကို သတိရလိုက်မိ၏။

ဟင့်အင်း .. မဟုတ်ဘူး .. အဲဒီလို မဟုတ်ပါဘူး ..။

သူမ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။ နားထဲမှာ အပေါ်ထပ်ကမော်တာသံ ရပ်သွားတာ ..။ ပြန်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြားနေရင်း ဒီအသံကြားနေရသမျှ နွေမွှန်းတည့် ဆင်းလာမှာ မဟုတ်ဘူးဆိုတာ တွေးမိသည်။

ထို့ကြောင့် ဒီလျှို့ဝှက်ချက်ကို သူမ ရအောင်ဖော်ထုတ်ဖို့ ဆုံးဖြတ်ကာ မျက်ရည်တွေကို ပွတ်တိုက် သုတ်ပစ်သည်။

ပြီးတော့ နောက်ထပ်ရှာဖွေဖို့ သတိရလာတာက ရေခဲသေတ္တာ..၊

သူမကိုယ်နဲ့ ဖိကပ်ထားမိသည့် ရေခဲသေတ္တာကို နည်းနည်းအားစိုက်၍ အဖုံးလှန်ဖွင့်လိုက်သည်။

ထိုစဉ် မီးက ဖျတ်ခနဲ မှောင်ကျသွားသဖြင့် ဘာမှမမြင်ရတော့ပေ ...။

သို့သော် ရေခဲသေတ္တာအဖုံးကို ကိုင်ထားသည့် သူမလက်ကို အေးစက်နေသည့် လက်တစ်ဖက်က ဖျတ်ခနဲ ဆုပ်ကိုင်လာ၏။

"အား!.. .."

"ဒုန်း .."

လူက ဖင်ထိုင်လဲကျသွားကာ ရေခဲသေတ္တာအဖုံးက ဒုန်းခနဲ ပြန်ပိတ်သွား၏။

တစ်ပြိုင်နက်မှာ မီးတွေ ဖျတ်ခနဲ လင်းလာ၏။

ပြီးတော့ တဖျတ်ဖျတ် မျက်တောင်ခတ်နေပြန်သည်။

ကာရံ ကိုယ့်လက်ကို ပြန်ထောင်ကြည့်မိသည်။ ဒီလက်ကို လာကိုင်လိုက်တာ သေချာကို သိလိုက်သည်။

ဒီထဲမှာ လူတစ်ယောက်ယောက် ရှိနေသလား ..၊ ရေခဲသေတ္တာထဲမှာရှိနေတာ လူရှင်တော့ မဖြစ်နိုင် ..။





ကာရံ မမကို သတိရကာ ဖျတ်ခနဲ ပြန်ထ၏။

ခြေထောက်နာနေသဖြင့် ခပ်ထော့ထော့ဖြစ်သွားပေမယ့် ရေခဲသေတ္တာကို ဖွင့်ဖို့ပဲ အာရုံစိုက်ကာ နောက်ထပ်တစ်ခါ တွန်းဖွင့်လိုက်မိ၏။

ကြည့်လိုက်တော့ အထဲမှာ ဘာမှမရှိပေ ..။

သို့သော် ရေခဲတွေပေါ်မှာ အကွက်လိုက်တင်နေတာတွေဟာ သွေးတွေမှန်း သိလိုက်၏။

မီးရောင် တဖျတ်ဖျတ်ခါနေသောကြောင့် သွေးကွက်ကို မှန်းဆမရဘဲ သေချာ ငုံ့ကြည့်ရ၏။

ရေခဲနဲ့ရောပြီး ခဲနေသည့်သွေးတွေကို လက်နဲ့ကုတ်ခြစ်နေမိရင်း သူမရဲ့မျက်ရည်စက်တွေပါ ရေခဲတွေပေါ် တပေါက်ပေါက် ကျဆင်းကုန်ကြ၏။

မမ ဘာဖြစ်သွားပြီလဲဆိုတာ တွေးကြည့်နေဖို့တောင် မလိုတော့ပေ..။ ထိုအခါ အပေါ်ထပ်က တဒီးဒီးမော်တာသံကို သတိထားမိလာသည်။

သူမ ဒီအသံအားကိုးနဲ့ အောက်ထပ်မှာ ရှာဖွေ လှုပ်ရှားလို့ကောင်းနေခဲ့သည်။

တကယ်တော့ ဒီအသံဟာ ..၊

"မမ .."

ကာရံ အပေါ်ထပ်ကို တောက်လျှောက် ပြေးတက်ခဲ့မိသည်။

ဒေါသသည် ကြောက်ရလန့်ရမှန်းလည်း မသိတော့ဘဲ အနို



www.burmeseclassic.com

www.burmeseclassic.com



ကြားနေတဲ့နေရာထိ ရောက်မှ ရပ်၏။

တံခါးကို သေချာပိတ်ထားသဖြင့် လှည့်ပတ်ရှာတော့ အပေါ်ထိပ်ပိုင်းမှာ လိုက်တင်အတွက် ကော်ပြားအလှတပ်ထားတာကို မြင်လိုက်၏။

အမှောင်ထဲမှာ ကျင့်သားရနေပြီမို့ သိပ်မလင်းပေမယ့် သူမ လုံလောက်စွာ မြင်နေရ၏။

ထို့ကြောင့် အနီးအနားမှာ ဆင့်လို့ခုလို့ရသမျှ အားလုံးကို စုထပ်ပြီး ဆင့်လိုက်သည်။

ဒီလူ အထဲမှာ ဘာတွေလုပ်နေသလဲဆိုတာ အရင်ဆုံး သိရမှဖြစ်မည် ..။

ထပ်ထားတဲ့ ခုံကြီးခုံငယ်တွေက တလှုပ်လှုပ် ..၊

နံရံမှာ ထိန်းကိုင်ထားစရာကလည်း ဘာမှမရှိသဖြင့် သူမ ဘုရား'တ'ရင်း ခုံတွေပေါ် တက်လိုက်၏။

ကံကောင်းထောက်မစွာ သူမ တစ်ရပ်စာနှင့် လေဝင်ပေါက်က အတော်ပဲ ဖြစ်သွားသော်လည်း ...

"ဟင်!..."

တစ်ကိုယ်လုံး တောင့်ခဲ့သွား၏။

မြင်လိုက်ရသည့် မြင်ကွင်းထဲမှာ ဆံပင်တွေဖားလျားနှင့် မမရဲ့ ခေါင်းပြတ်ကြီးက စားပွဲစွန်းပေါ်မှာ ..၊

ပြီးတော့ ခြေပြတ်လက်ပြတ်တွေက ဘေးမှာ စုပုံလျက်နှင့် နွှေမွှန်းတည့် သည် မော်တာတပ်ထားသည့် လွှစက်ကြီးနဲ့ အကျအန..။





ကာရံ သွေးလည်ပတ်ခြင်းတို့ ရပ်ဆိုင်းသွားခဲ့လျက် ...

"ဝုန်း .. ဒုန်း .. ဒုန်း ..."

ညဥ့်နက်နက်မှာပဲ လဲပြိုသံကြီးက တော်လဲသံကြီးလို မြည်ဟီးသွားခဲ့၏။

အထဲက လည်ပတ်နေသော လွှစက်သံကြီးလည်း တိခနဲပြတ်ကျသွားခဲ့ပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ် လွှမ်းမိုးသွားလေသည်။

ခုံတွေကြားထဲမှာ ကာရံ စက္ကန့်များစွာ သတိလစ် ကြောင်တက်သွားပြီး ...

"ကလစ် .."

အထဲကလှုပ်ရှားသံတွေ ကြားရပြီး တံခါးလော့ခ်ဖြုတ်သံပါ ထွက်လာကာမှ လူက ဆတ်ခနဲ သတိဝင်သည်။

"ဒုန်း .."

ကိုယ်ပေါ်မှာ ပြန်ပိနေသည့်ခုံကို တွန်းချလိုက်ကာ သူမ ကမန်းကတန်း ကျုံးထသည်။

ပြီးတော့ ခြေထောက်ထော့ကျိုးနဲ့ပဲ အောက်ထပ်ကို ပြေးဆင်းခဲ့၏။

လှေကားမဆုံးခင် နောက်ကို ပြန်လှည့်ကြည့်လိုက်မိလျှင် လက်ထဲမှာ တစ်စုံတစ်ခုကို ကိုင်ထားလျက် နွှေမွှန်းတည့် ထပ်ချပ်မကွာ ပါလာတာကို မြင်လိုက်ပြီး ...

"အား!..."



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း .. ဒုန်း .. ဒုန်း ..."

မပြီးဆုံးသေးသည့် လှေကားထစ်တွေကို သူမ ဒလိမ့်ခေါက်ကွေး ပြုတ်ကျ ကျော်ဖြတ်၏။

အန္တရာယ်ဆိုသည့် ဖောစိတ်နှင့် ကျိုးနေတာလည်း နာရမှန်းမသိ ..၊ ပြုတ်ကျထားပေမယ့် ခေါင်းကွဲသလား ..၊ နဖူးပေါက်သလား ဘာကိုမှ ဂရုစိုက်မနေအားပေ ..၊

သော့ .. သော့တွေ ဘယ်မှာလဲ ..။

ချက်ချင်း တံခါးဆီ ရောက်သွားပေမယ့် တံခါးက သော့ခတ်လျက်သား ဖြစ်ကာ သော့ချိတ်သည့်နေရာမှာလည်း ဘာသော့မှ မရှိ..။

"အန်တီ .. အန်တီ ဒေါ်ခင်ခင် .."

အသက်ဘေးဖြစ်လာတော့ အနီးဆုံး အားကိုးလို့ရမည့်လူကိုပဲ တအား ကုန်းခေါ်မိသည်။

ဒါပေမယ့် ဘာသံမှလည်း မကြား၊ လှုပ်ရှားမှုလည်း မရှိဘဲ သူမလည်း စောင့်မခေါ်နိုင် ..။

ပြေးပေါက်ပိတ်ပြီဆိုကာမှ ဖုန်းကို သတိရသည်။

ဖုန်းက အခန်းထဲမှာ ..၊

ကာရံ ကိုယ့်အိပ်ခန်းဆီ အားသွန်ပြန်ပြေးသည်။

ဟိုဘက်နဲ့ ဒီဘက် နီးကပ်လာကြတာမှာ နွေမွှန်းတည့် က ခြေလှမ်းကျဲပေမယ့် ပြေးတာ မဟုတ် ..။

သူမက တအားပြေးသွားတာမို့ အခန်းထဲကို သူမပဲ အရင်ဝင်မိ





သွား၏။

ဖုန်းကို အလျင်စလို ပြေးယူလိုက်ပြီးမှ တံခါးပြေးပိတ်ပေမယ့် မမီတော့ ..။

"ဒုန်း .."

"အား!..."

တံခါးကို ကိုယ်နဲ့ခံထားပြီး ဖုန်းခေါ်ဖို့ ကြိုးစား၏။

"ဒုန်း .."

"အား!..."

နှစ်ဖက်တွန်းနေကြတော့ အင်အားချင်းက မမျှ ..၊

အပြင်က တွန်းနေတာကို ခြေကန်ထားရင်း လက်နက်တစ်ခုခုနဲ့ ပိတ်ထုလိုက်တာကျတော့ တံခါး၏တုန်ခါအားက လူကိုပါ နာကျင်စေကာ တစ်ချက်ထုလိုက်တိုင်း နာကျင်စွာ အော်မိသည်။

မျက်ရည်စက်တို့ တာတမံကျိုးသလို ကျလာခဲ့ကြပြီး ဖုန်းကိုင်သည့်လက်တို့က တုန်ယင်နေသည်။

နောက်ကို အားတင်းတောင့်ခံနေရင်း ဖုန်းခေါ်ဖို့ ကြိုးစားသော်လည်း မျက်ရည်တို့ကြောင့် ဝေဝါးနေခြင်းက နှောင့်ယှက်၏။

"ဒုန်း .."

"အား!..."

"ဒေါက် .."

ဒီတစ်ခါ ကာရံ့ လက်ထဲက ဖုန်းပါ လွတ်ကျသွား၏။

စိတ်တစ်ချက်လေး ပျံ့သွားတာနှင့် နောက်ထပ် တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်တွန်းခံလိုက်ရသည့်အချိန်မှာ လူက တံခါးနဲ့အတူ ရိုက်ထုတ်ခံလိုက်ရသလိုပင် ...။

"ရှင် .. ရှင် လူယုတ်မာ .."

တံခါးဝမှာ မားမားကြီးရပ်နေသည့် နွေမွန်းတည့် သည် မျက်နှာမှာ သွေးစက်တွေစွန်းထင်းနေရုံမက အတွင်းခံအင်္ကျီမပါသော ရင်ဘတ်တစ်ပြင်လုံး သွေးတွေနှင့် ...၊

ထို့ပြင် တန်းလန်း ဆွဲကိုင်ထားသည်က သံချောင်းကြီးတစ်ချောင်း ...၊

"မင်းကို ဒီနေ့ထိ ငါ ဆွဲမထုတ်ဘဲကြည့်နေခဲ့တာ မပြောရဲမဆိုရဲလို့များ မှတ်နေသလား .."

"မမှတ်ဘူး .. ရှင်က လူယုတ်မာကြီးပဲ၊ လူသတ်တဲ့အပြစ်ရော ကျွန်မအစ်မရဲ့ စေတနာမေတ္တာတွေကို စော်ကားတဲ့အပြစ်ရော .. ရှင် ပြန်ပေးဆပ်ရတော့မှာ နားလည်လား .."

ခံစားချက်မရှိသလို အပြုံးအရယ်မဲ့နေသည့် နွေမွန်းတည့် မျက်နှာက ကာရံ ပြောသည့်စကားတွေပေါ်မှာလည်း ထိတ်လန့်တာ .. ဒေါသဖြစ်သွားတာ ဘာဆိုဘာမှ ဖြစ်မသွားခဲ့ပေ ...။

"ဟုတ်တယ် .. အပြစ်နည်းမှာ စိုးလို့၊ အခု မင်းကိုပါ သေရွာပို့ပေးမှာ၊ မင်းအစ်မကို အဲဒီမှာ သွားတွေ့ပေါ့ .."

"ရှင် .. ဒီလောက်တောင် သွေးအေးရသလား နွေမွန်းတည့်...၊ ရှင် ရူးနေသလားဟင် .."

"ရူးပြီး စိတ္တဇလူသတ်သမားဖြစ်သွားရင်လည်း မင်းတို့ညီအစ်မ





ကိုပဲ သတ်ဖို့ဖြစ်သွားတဲ့ စိတ္တဇပဲ .."

"မမက ရှင့်ကို ဘာလုပ်နေလို့လဲ ...၊ ကာရံ ကရော ရှင်နဲ့ ဘာတွေ ပြဿနာရှိခဲ့ဖူးသလဲ .."

မွန်းတည့် ၏ ကျဉ်းမြောင်းသွားသည့် အကြည့်တွေက ဘယ်လောက်ထိ မုန်းတီးကြောင်းကို ပါးစပ်နဲ့ဖြေတာထက် ပို၍ ပြင်းရနေ၏။

နှုတ်ခမ်းတွေစေ့၍ ရှေ့ကို တစ်လှမ်းချင်း တိုးလာသည်။

အပုံလိုက်လေးအတိုင်းရှိနေသည့် ကာရံ က သူ့ကို လည်စင်းပေးနေသလိုပင် ...။

ဒါပေမယ့် ဒီလိုလူကို အသက်သေဆုံးချိန်ထိ အရှုံးမပေးဖို့ ဆုံးဖြတ်ပြီးသား ...၊

သူ့ရဲ့ခြေလှမ်းတွေကို စိုက်ကြည့်ရင်း ပင့်သက်ကို တစ်ဝကြီး ရှိုက်သွင်းထားလိုက်သည်။

"မင်းရဲ့ စွာတဲ့ပါးစပ်ထဲကို သံတူစို့ ထိုးပေးမယ် .."

ပြောပြီး ကိုင်ထားသည့်သံလုံးချောင်းကြီးကို လက်ထဲမှာ ဆသည်။

နောက်ထပ် ခြေတစ်လှမ်း ထပ်တိုးလိုက်လျှင် မီးရောင်တွေ တဖျတ်ဖျတ် လှုပ်ခတ်သွားသည်နှင့် တိုက်ဆိုင်ကာ ...

"ကဲ .."

"ဝုန်း .. ဒုန်း .."

ရှိသမျှအားတွေကို စုစည်းကာ သူ့ရဲ့ဆီးစပ်နားကို ခေါင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆောင့်ပစ်လိုက်၏။

မီးကစားနေခြင်းက သူမအတွက် အခွင့်အရေးတစ်ခု ဖြစ်သွားခဲ့ပေမယ့် မွန်းတည့် အတွက် ကံဆိုးခြင်းဖြစ်ကာ လူရော်လက်နက်ပါ ယိမ်းယိုင် လဲကျသွား၏။

ဖုန်း .. ဖုန်း ဘယ်မှာလဲ ...၊

ထွက်ပြေးပြီးကာမှ ဖုန်းကို သတိရသည်။

ပြန်ကောက်ဖို့ လှည့်လိုက်တော့ မွန်းတည့် က ထလာပြီမို့ ထားခဲ့ရတော့သည်။

ဘယ်ပြေးမလဲ ...၊

နင် ဘယ်ကိုပြေးမှာလဲ ကာရံ ...၊

ရုတ်တရက် ထွက်ပေါက်တွေပိတ်နေသည့်ထဲမှာ သူမနဲ့ လူသတ်သမား နှစ်ယောက်တည်း ...။

မွန်းတည့် ထွက်လိုက်လာတာမြင်သည်နှင့် ပွင့်နေသည့်အခန်းထဲကို ပြေးဝင်လိုက်မိသည်။

တံခါးကို ကမန်းကတန်း ပြန်ပိတ်လိုက်သည်နှင့် အပြင်ကနေ ထုချလိုက်ကာ ဒုန်းခနဲ့ ...။

"အ!..."

သူမ ကျောလေးကော့သွား၏။

ဒီတစ်ခါ ဖုန်းဆက်ဖို့ လုံးပမ်းနေတာမဟုတ်သည်မို့ တံခါးလော့ခ် ပြန်ကျကာ ရေခဲသေတ္တာကြီးကို တံခါးဆီ မရှိမဆဲ့ တွန်းရွှေ့လိုက်သည်။





"ဒုန်း .."

နောက်တစ်ချက် ထုလိုက်တော့ ရေခဲသေတ္တာကြောင့် တံခါး၏ တုန်ခါအားက လုံးဝ လျော့ကျသွားခဲ့၏။

ခုတင်ပေါ်မှာ နောက်ပြန်ထိုင်ချမိကာ သိသမျှ မှတ်သမျှ တရားစာတွေကို ရွတ်နေမိသည်။

နောက်ထပ် ထုနက်သံ ပြတ်တောက်သွားကာ ခြေသံတွေကို ကြားနေရ၏။ သူမ တရားစာတွေရွတ်နေရင်း နားစွင့်ထားမိစဉ် အပြင်ကနေ သော့ခတ်လိုက်သည့်အသံကို ကြားလိုက်ရ၏။

"ဟင်!..."

သူမ အခန်းကျဉ်းထဲမှာ ပိတ်မိခဲ့ပြန်ပြီ။

နောက်က ပြတင်းပေါက်ကို လှည့်ကြည့်လိုက်တော့ သစ်သားအထူကြီး သုံးချောင်းနှင့် သေချာ ကြက်ခြေခတ် ပိတ်ရိုက်ထားသည်။

ဒါကိုခွာချလို့ရရင်တောင် ပြတင်းမှာကပ်ထားသည့် လေးထောင့် သံဆန်ခါကွက်လေးတစ်ထပ် ရှိနေသေး၏။

မှိတ်တုတ်မှိတ်တုတ် ကစားနေသည့် မီးရောင်နှင့် သွေးစွန်းနေသောအခန်းထဲမှာ သူမ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

လီဗာကို ဒလကြမ်း ဖိနင်းလိုက်ရင်း ဖုန်းဖွင့်လိုက်သည်။

"ကျော်ဦး အခြေအနေ ဘယ်လိုလဲ .."

"အခြေအနေ သိပ်မကောင်းဘူး ဆရာ ..၊ အိမ်ကြီးကို မှောင်ချထားတယ်၊ မော်တာလိုအသံမျိုးလည်း ထွက်နေတယ်"

"ဘယ်လိုထွက်တာလဲ .."

"ခဏတော့ ရပ်တယ် ..၊ ဒါပေမယ့် ထွက်လာရင် အသံကရှည်တယ်၊ တစ်ခုခုကို ဖြတ်နေတဲ့ပုံပဲ .."

"အော်သံတွေ ဘာတွေရော .."

"မကြားဘူး ဆရာ .. ကျွန်တော် အသံအနီးဆုံးထိ ဆွဲကြည့်ပြီးပြီ ..၊ ဘာဆက်လုပ်ရမလဲ .."





"ငါနိုင်းတဲ့အတိုင်း အရှေ့အနောက် အဝင်အထွက် ရှိသမျှအားလုံး ပိတ်ထား ..၊ သုံးမိနစ်အတွင်း ငါ ရောက်တယ် .."

သူ စိတ်သွားတိုင်း ကားက မပါ ..၊

ကာရံ့ ဆီက ဖုန်းတစ်ချက် ဝင်လာတည်းက ဘာဖြစ်နေပြီကို သူ တွက်မိသည်။

ဖုန်းနံပါတ် ပေးထားပေမယ့် မဆက်ဖို့ ပြောထားပြီးသား ..။

ကာရံ ကလည်း နားထောင်သည်။

ချစ်သူတွေ ဖြစ်နေကြပေမယ့် ဒီနေ့ထိ သူမက စပြီး ဖုန်းမခေါ်ခဲ့ပေ ..။ ခုကျတော့ ပြန်မလို့ သူ ကားထဲ ဝင်ထိုင်မိရုံပဲ ရှိသေးသည်..၊

ဖုန်းမြည်သံက ခဏလေး ဝင်လာပြီး ပြန်ကျသွားသည်။

ဖုန်းဝင်ပုံနဲ့ ဝင်လာသည့်အချိန်ကို ကြည့်လိုက်ကတည်းက သတိရလို့ အပျင်းပြေခေါ်တာ မဟုတ်မှန်း သူ သိလိုက်သည်။

ချက်ချင်း ပြန်လာတာပေမယ့် ချက်ချင်း ပြန်မရောက်နိုင်သည့် အကွာအဝေး ဖြစ်နေသဖြင့် ကားမောင်းရင်း မချင့်မရဲ ဖြစ်နေမိ၏။

ဒီလိုဖြစ်လာနိုင်လို့ပဲ အစောင့်တောင် ထားခဲ့သေးတာကို ဒီလောက်ထိဖြစ်တဲ့အချိန်မှာ သူက အနားမှာ မရှိ ..။

ကိုယ့်အတွက် အသက်အန္တရာယ်လည်း ကြုံဖူးသည်။

သူများ အသက်အိုးအိမ် စည်းစိမ်တွေကိုလည်း ကယ်တင်ခဲ့ဖူးတာ အကြိမ်ကြိမ် ..။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသောအဖြစ်တွေထဲမှာ ဒီတစ်ခါလောက် စိတ်ရောလူပါ ပင်ပန်းရတာ မရှိ ..။

ညဥ့်နက်လာမှန်းသိလေ ရင်ထဲမှာ ပူပန်စိတ်တွေ များလာလေ..။

ကားလေးက ဦးတည်သည့်အတိုင်း အနီးဆုံးသို့ ရောက်လာခဲ့ပြီးနောက် ..။





## အခန်း (၃၁)

ဖြတ်ချထားသည့် အစိတ်အပိုင်းတွေကို အိတ်ထဲ စုထည့်လိုက်သည်။ ပြီးတော့ ခေါင်းပြတ်ကို ဆွဲယူလိုက်တော့ မျက်လုံးမမှိတ်သည့် ဖြူ့ မျက်နှာက ကိုယ့်ကို ဒေါသဖြစ်ပြီး ပြူးပြဲနေသလိုပင် ..။

ပြာညစ်ညစ် ဖြူစုတ်စုတ် မျက်နှာပွပွသည် သုံးရက်တင်းတင်း ပြည့်နေပြီမို့ ပျော်ကျသောရေခဲတို့နှင့်အတူ သွေးတို့က အပုပ်ရည်တွေ ဖြစ်နေခဲ့၏။

ခေါင်းကို မျက်နှာရှေ့မှာ ကိုင်ကြည့်နေစဉ် အပုပ်ရည်တွေ သူ့ကိုယ်ပေါ်ကို တတောက်တောက် ကျနေကြ၏။

ရေခဲစိမ်ထားသဖြင့် အပုပ်နံ့ မထွက်သော်လည်း လှီးဖြတ် ကိုင်တွယ်နေရင်း ရေခဲတွေပျော်ကျကာ သူ့အခန်းတစ်ခုလုံးမှာ စိုရွှဲ ညစ်ပတ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးတွေ သူ ဖြတ်ချထားခဲ့တာမှန်ပေမယ့် ချန်ထားခဲ့သည့်မီးလုံးတွေကိုတော့ တဖျတ်ဖျတ် ခါနေအောင် သူ မလုပ်ခဲ့ပါ ..။

ဒါပေမယ့် မီးရောင် မှိတ်တုတ်မှိတ်တုတ် ဖြစ်နေခြင်းကြောင့် တစ်ခြမ်းပဲ့လင်းနေသည့် ဖြူ့ မျက်နှာက မျက်တောင်ခတ်လာသလိုလို ..၊

နှုတ်ခမ်းတွေ လှုပ်နေသလိုလို ..၊

ခေါင်းပြတ်က မျက်ရည်မကျပေမယ့် သူ့မျက်ဝန်းမှာ မျက်ရည်ကြောင့် ပြိုးပြက်လက်လာခဲ့သည်။

နံစော်လာတာကိုလည်း မသိ ..၊ စို့ရွဲ ညစ်ပတ်နေတာတွေကိုလည်း ဂရုမစိုက်နိုင် ..။

သူသိနေတာက တစ်ခုတည်း ရှိသည်။ ထိုအရာသည် ဒီမိန်းမ အလွန်မုန်းတီးစရာ ကောင်း၏။

"မင်းကို ငါ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး ဖြူ .."

စကားမဆုံးခင် မျက်ရည်စက် တစ်စက်က ပါးတစ်ဖက်မှာပဲ ကျ၏။

ပြီးတော့ ကျိုခနဲ အံကြိတ်သံသည် တိတ်ဆိတ်နေသည်ညဥ့်ယံကို ထွင်းဖောက်သွားခဲ့၏။

"မင်းက သေသွားလည်း ငါက မုန်းလို့ မပြီးသေးဘူး၊ မင်းက ထာဝရကျောခိုင်းသွားနိုင်ပြီ ထင်ပေမယ့် ငါက ခွင့်မပြုဘူး၊ မင်းကို ငါ ဒီခြံထဲမှာ ချုပ်ထားမယ် ..၊ မင်း ငါနဲ့ပဲ နေရမယ်၊ ငါ ဘယ်လောက်ထိ မင်းကို မုန်းခဲ့သလဲဆိုတာ မင်း မြင်နေရစိမ့်မယ်၊ အဲဒါ





မင်းကို သတ်ရခြင်းရဲ့ ငါ့ရဲ့ ရည်ရွယ်ချက်ပဲ .."

ခေါင်းပြတ်ကို ဆံပင်ရှည်တွေကနေ စုကိုင်မြှောက်သည်။

စကားတွေ တစ်ဝကြီး ပြောပြီးမှ ဟွန့်ခနဲ မဲ့ကာ ...

"မင်းရဲ့ အဲဒီမျက်လုံးတွေ မမှိတ်နဲ့ဦး ..၊ မင်းညီမကို ငါ ခုပဲ သတ်မှာ ..၊ ဘယ်လိုအသေဆိုးနဲ့ သေရသလဲဆိုတာ မင်း ကြည့်ရမယ် .."

မျက်ရည်တွေနဲ့ ရယ်သည်။ ရယ်နေရင်း မဲ့၏။

အချစ်နဲ့ အမုန်းကြားမှာ သွေးပျက်နေသော စိတ္တဇလူသား၏ သားသတ်ကုန်းတစ်ခု၏ အသွင်သည် ..၊

"မင်း မကြည့်လို့ မဖြစ်ဘူး .. ကြည့်ကို ကြည့်ရမှာ .."

မိုးကာလောင်းကုတ်ကြီးကို ဝတ်ထားပေမယ့် ရင်ခွဲထားသည့် ရင်ဘတ်မှာ ပေကျံ ရွှဲနစ်နေ၏။

ရေခဲသေတ္တာထဲကရေကို ယူကာ ပခုံးကနေ လောင်းချသည်။ ရင်ဘတ်ကို ပက်၏။

မိုးကာအင်္ကျီမို့ ပေနေတာတွေ လျှောကျ ပြောင်စင်သွားခဲ့ပေမယ့် ရင်ဘတ်မှာ ကပ်ငြိနေသော အညှိအချွဲတို့က ဒီအတိုင်း ..။

ရေတွေသာ လောင်းချနေသည့် သူ့ကိုယ်မှာ ပြောင်စင်ရဲ့လားဆိုတာလည်း ငြန်ငုံ့မကြည့်ပေ ..။

လက်တစ်ဖက်က ခေါင်းကို ဆံပင်ကနေ တန်းလန်းဆွဲကာ တစ်ဖက်က အိတ်ကြီးကို ဒရွတ်တိုက် ဆွဲ၏။

"ဂျိး .. ဂျိး .. ဘုတ် .. ဘုတ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် .."

အခန်းထဲမှာ ကာရံ ဆတ်ခနဲ ထရပ်လိုက်မိသည်။

ဒီလူ ပြန်လှည့်လာပြီ ...၊

ရေရွတ်ရင်း လက်နက်ရှာသည်။

အခန်းထဲမှာ ဖန်ထည် ကြွေထည်ကွဲစတွေပဲရှိသဖြင့် အကြီးဆုံး ကွဲစကို ကောက်ယူထားလိုက်၏။

ထိုအချိန်လေးမှာပဲ မီးက ဖျတ်ခနဲ မှောင်ကျသွားလေသည်။

"ဂျီး .. ဂျီး .."

"ရှပ် .. ရှပ် .."

ခြေသံအပြင် တစ်စုံတစ်ရာကို ဒရွတ်တိုက်ဆွဲလာသံကို အကျယ်ကြီး ကြားနေရ၏။ ဘာကိုဆွဲလာသလဲဆိုတာ သူမ သိလိုက်ပါပြီ..။

ပါးပြင်ထက်သို့ မျက်ရည်စတွေ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

ပိန်းပိတ်အောင်မှောင်နေသော အခန်းထဲမှာ အပြင်ဘက် ပြတင်းမှန်တံခါး ပွင့်နေသဖြင့် ကိုယ့်လက်ကို ပြန်ထောင်ကြည့်လို့ မြင်လာရ၏။

မျက်လုံးမှာ မျက်ရည်တွေကို ကုန်စင်အောင် ဖိညှစ်ထုတ်ရင်း ခဏကြာအောင် မှိတ်ထားလိုက်တော့ အမှောင်ထဲမှာ ဝိုးတဝါး မြင်လာခဲ့သည်။

တံခါးဘက်ကို ကပ်ပြီး နားထောင်ကြည့်လိုက်လျှင် တဂျီးဂျီး အသံက ဝေးသွား၏။





နွေမွန်းတည့် အပြင်ထွက်သွားတော့မှာလား ...၊

ဒါကို အစဖျောက်ဖို့အတွက် အပြင်ထွက်မယ်ဆိုလည်း သူမ ကား ရှိသည်။ နားစွင့်နေမိပေမယ့် ကားသံလည်း မကြားရသေးပါ။

ထိုစဉ်...

"ဟင်း .."

"အမေ့!..."

အေးခနဲ စိမ့်သွားသည့် ကိုယ့်လည်ပင်းကို ဖျတ်ခနဲ လက်နဲ့အုပ်ကာ နောက်လှည့်လိုက်မိ၏။

"ဟင်!..."

ခုတင်ပေါ်မှာ ဆံပင်ဖားလျားနှင့် ထိုင်နေတာ မမ ...၊

ကာရံ တစ်ကိုယ်လုံး အကြောအခြင်တွေပါ တောင့်တင်းသွား၏။ ပြတင်းပေါက်က အလင်းရောင်နောက်ခံနှင့် ထိုင်နေသည့်ပုံရိပ်ကို သူမ မြင်နေရ၏။

နောက်ထပ် ဆုတ်စရာ မရှိတော့ဘဲ တံခါးမှာကပ်ခံထားသည့် ရေခဲသေတ္တာကြီးပေါ် ဖင်ထိုင်လျက်သား ကျသွား၏။

ဒီတစ်ခါ မီးက ပြန်လင်းမလာတော့ဘဲ လုံးဝ မှောင်မိုက်နေကာ အသက်ရှူရပ်မတတ် ကြောက်ရွံ့မှုသည် ကိုယ့်ကိုယ်ကိုယ် ထိုင်နေတာလား ...၊

လွှင့်မျောသွားပြီလားဆိုတာတောင် မသိတော့တဲ့အထိ ..။

ထို့ပြင် သူမထိုင်နေသည့် ရေခဲသေတ္တာအတွင်းပိုင်းမှ ထိခတ်သံ တစ်ချက် ဖင်မှာ ခံစားမိလိုက်သဖြင့် ဆတ်ခနဲ ထရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်ကို ပြေးကွယ်ရမလဲ ...။

မှောင်မည်းနေသည့် အခန်းကျဉ်းထဲမှာ နောက်ထပ်ဆုတ်သွားမိလျှင် မှန်တင်ခုံနဲ့ ခလုတ်တိုက်မိ၏။

"ဒုန်း .."

"အား!..."

ပစ်စလက်ခတ် လဲကျသွားခြင်းသည် ခုတင်ခြေရင်းမှာ ဖြစ်လျက် သူမ တုတ်တုတ်မျှလည်း မလှုပ်ရဲ ...။ မော့လည်း မကြည့်ရဲတော့ပေ ...။

ခုနကမြင်ရသည့်အတိုင်းသာဆို မမ ထိုင်နေသည့်ခြေရင်းမှာ သူမ ဒူးတုပ်လျက်သား ရှိနေခဲ့ပြီ ဖြစ်၏။

"မမ .. မမ ညီမလေးကို မခြောက်ပါနဲ့ ...၊ တော်ပါတော့ မမရယ် .. ကာရံ ကြောက်လို့ပါ၊ အဟင့် .."

မျက်နှာမမော့ရဲဘဲ ကာရံ ကလေးလို ရှိုက်ငိုမိသည်။

သူမ ထပြေးရင် လှမ်းဆွဲလိုက်မှာလား ...၊

နောက်က ထလိုက်လာမှာလား ...၊

တစ်စုံတစ်ခု လှုပ်ရှားဖို့အတွက် မမ အသင့်ရှိနေသည်လို့ စိတ်ခံစားနေမိ၏။ ထို့ကြောင့် သူမ မမော့ရဲသည့်ပြင် မျက်လုံးတွေကိုပါ မှိတ်ထားမိကာ ...

"မမကြောင့် ကာရံ ဒီမှာ နေနေတာပါ .. ညီမလေးကို ချစ်တယ်ဆိုပြီး ထိတ်လန့်သေအောင်လို့လား မမရယ် .. အဟင့် .. တောင်းပန်ပါတယ် .. ကာရံ့ ကို မခြောက်ပါနဲ့ ...၊ တော်ပါတော့ မမရဲ့ ..





ဟီး .. ဟီး .."

"ကာရံ .. ကာရံ .. မင်း အထဲမှာလား .."

"ဟင်!..."

ကာရံ ကိုယ်လေး ဆတ်ခနဲ ခါသွားသည်။

ဒါ ကိုကိုလား ...၊

ခတ်မီးရောင် အခန်းထဲကို ပြေးလွှားဝင်လာတာတောင် ဘယ်လိုမှမယုံနိုင်ဘဲ အသံပေးဖို့လည်း သတိမရ ...။

"ကာရံ .. ကာရံ .. ဟေ့ .. ဘာဖြစ်နေသလဲ ...၊ အသံပြန်ပေး.."

"ကိုကို .."

"ဟုတ်ပြီ .. ကိုယ် လာမယ် .."

ပြတင်းပေါက်မှာ ဖြတ်ပြေးသွားသည့် အရိပ်ကို မြင်လိုက်ရ၏။ ကာရံ ထိုအခါကျမှ ဖင်ထိုင်လျက် ပြန်ဆုတ်ရင်း ငုတ်တုတ်လေး ထိုင်မိသည်။

"ကာရံ .."

"ကိုကို .. ကိုကို .. ကာရံ့ ကို ကယ်ပါဦး .."

"မကြောက်နဲ့တော့ ကာရံ .. ပြတင်းနားမှာ မနေနဲ့ .. နောက်ဆုတ် .."

ကာရံ မတ်တပ်ရပ်လိုက်တာ မြင်သည်နှင့် ခတ်မီးရောင်က ပြတင်းပေါက်မှာ ကပ်ရိုက်ထားသည့် တန်းတွေ .. ဆန်ခါတွေဆီ ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုတ်နေနော် .."

"ကျိ .."

"ဠွတ် .. ဖြောင်း .."

ထုနက် ကော်ထုတ်သံတွေ ဆူညံသွားကာ ခဏအကြာမှာ တိမ်တိုက် ခုန်ကျော်ဝင်လာ၏။

"ကိုကို .."

"ကာရံ .."

"နွေမွန်းတည့် .. နွေမွန်းတည့် လေ .. မမကို သတ်ပစ်လိုက်ပြီ သိလား .. အဟင့် .."

တိမ်တိုက် က ကာရံ့ ကိုယ်လေးကို ပွေ့ပိုက်ထားလိုက်ပြီး ဆံစလေးတွေကို ပွတ်သပ်၍ နှစ်သိမ့်သည်။

"သူ့ကို ခြံထဲမှာပဲ မြှိထားတယ် ကာရံ၊ မကြာကဲ့ .. သူနဲ့ ထိုက်တန်တဲ့အပြစ်ဒဏ်ကို ဥပဒေက ပေးလိမ့်မယ် .."

"ဆရာ .."

ပြတင်းအပြင်မှာ လူရိပ်တွေ ထပ်ရောက်လာကြကာ ဓာတ်မီး ရောင်တွေ များလာ၏။

"ကျော်ဦး ရော့ .. သူ့ကို နည်းနည်း ထိန်းပေးလိုက် .."

ကာရံ့ ကိုယ်ကို ခါးလေးကနေ ဇွေ့ခနဲ မြှောက်ကာ ပြတင်း ပေါက်အပြင်ကို ကျော်ပြီး ချပေးလိုက်၏။

အပြင်ဘက်ကလူတွေက ဝိုင်းကူပေးကြရင်း ...

"သူ့အထုပ်ကြီးထဲမှာ လူသေကောင်ကို ခုတ်ထစ်ထားတာတွေ





ဆရာ .."

"ဟော့ .. ထားလိုက်၊ လုပ်စရာရှိတာ ဆက်လုပ်ရမှာ .."

ကာရံ စိတ်ထိခိုက်မှာစိုးကာ တိမ်တိုက် က ပိတ်ပြောလိုက်ပေမယ့် ကာရံ နှုတ်ခမ်းလေးကို လက်နဲ့ဖိကပ်ကာ အသံမထွက်ဘဲ တအင့်အင့် ရှိုက်နေ၏။

"ကျွန်တော်တို့ ရှေ့တံခါးဖွင့်လိုက်ရမလား ဆရာ .."

"နေဦး .. ဒီနားမှာ အပိုင်ရဲစခန်း ရှိတယ်၊ သူတို့အလုပ် သူတို့ လုပ်လိမ့်မယ် .."

ညဥ့်၏ အကျည်းတန်ခြင်းက ရဲကားသံ အော်ဟစ်သံများနှင့် ပတ်ဝန်းကျင်ကို ပွက်လောရိုက်သွားလေသည်။

"ဟား .. ဟား .. ဟား .. ဖမ်းကြပါ၊ ငါ့ကို သေတဲ့အထိ ဖမ်း ထားလိုက် .."

နွေမွန်းတည့် ၏ ချောမောပြေပြစ်ခဲ့သော ရုပ်သွင်သည် စူးရဲ ဖိတ်လက်နေသော မျက်လုံး ...၊ ကြောင်စီစီ ရယ်သံကြီးနှင့် အကျည်း တန်လှစွာ ...

"ဖြူ ဆိုတဲ့မိန်းမ ဘယ်တော့မှ လွတ်မြောက်မှာ မဟုတ်ဘူး...၊ ဒီထဲမှာ .. ဟောဒီ သူပိုင်တဲ့ခြံကြီးထဲမှာပဲ သူ့ကို ငါ ချုပ်ထားခဲ့တယ်၊ ဘယ်မှ ထွက်လို့ မရဘူး .. ဘာမှ လုပ်ခွင့်မရှိဘူး ...၊ ဟား .. ဟား.. ဟား ..."

"ငါ့ကို ထားခဲ့မလို့တဲ့ .. မပေါင်းနိုင်ဘူးတဲ့ ...၊ ဟား .. ဘယ်ရ မလဲ.. ထားချင်တိုင်း ထားလို့မရဘူး၊ သွားချင်တိုင်း သွားလို့မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် .. ငါကတော့ သူ့ကို ချစ်လိုက်ရတာ .. သူ့ကျတော့ ဟား .. ဟား .. ဘယ်ရမလဲ .. လုံးဝ မရဘူး ..၊ ငါ့ကို ထားသွားလို့ မရဘူး .."

"ငါ ပြန်လာမယ် .. မင်းကို နှိပ်စက်ဦးမှာ ..၊ ပြန်လာမယ် နားလည်လား .."

ကားပေါ်ဆွဲတင်သွားသည်အထိ အော်ဟစ် ပြောသွားသမျှသည် ပတ်ဝန်းကျင်တစ်ခွင်မှာ ဂယက်ရိုက် ကျန်ခဲ့တဲ့အထိ စူးရှ ကျယ်လောင်၏။

နွေမွှန်းတည့် တကယ်ပဲ ရူးသွားခဲ့သည်လား ..၊

ရူးသွားခဲ့တာမှန်လျှင်တောင် သူ ပြောသမျှတွေကလည်း မှန်နေခဲ့၏။

ဖမ်းဆီးရမိသော သက်သေခံအလောင်း၏ အစိတ်အပိုင်းများ စုံပေမယ့် ဦးခေါင်းငယ်ထိပ်ပိုင်းမှာ ဆံပင်တချို့ကို ဖြတ်ယူထားတာ တွေ့ရသည့်ပြင် ..၊

အစိတ်အပိုင်းများမှ ခြေမတစ်ချောင်း ..၊ လက်မတစ်ချောင်းပါ ပျောက်နေခဲ့သည်။

ဘယ်လိုနည်းမျိုးစုံနှင့် ဘယ်လိုလုပ်ဖို့ ကြိုးစားခဲ့မှန်းတော့ မသိသော်လည်း ..၊





## အခန်း (၃၂)

"တရားခံကို ဘာတစ်ခုမှ မေးလို့မရဘူး ဆရာ ..၊ အချုပ်ထဲ ထည့်လိုက်ကတည်းက အသက်ရှူရပ်သွားသလား မှတ်ရတယ် .."

"လူကလည်း ရိုက်ရက်စရာ မရှိဘူး ..၊ မင်းသား ရုပ်းတယ်..၊ ဘယ်လိုဖြစ်ပြီးတော့များ လူသတ်သမား ဖြစ်သွားခဲ့မှန်း မသိဘူး.."

နွေမွှန်းတည့် ၏ သတင်းတွေကို အမျိုးမျိုး ကြားနေရသည်။ သူကတော့ အလုပ်တွေ ရှုပ်နေသဖြင့် တစ်ခါမှ သွားမကြည့်ဖြစ်ခဲ့ပေ ..။

"ဆရာ သူနဲ့တွေ့ကြည့်မလား ..၊ ဆရာ့မျက်နှာကို မြင်ရင်တော့ သူ အနည်းဆုံး ကြိမ်းဝါးသံလေး ဘာလေး ထွက်လာနိုင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"တိမ်တိုက် ရေ .. ဟုတ်တယ် .. မင်း ကြည့်သင့်တယ်နော်.."

စခန်းမှူးကပါ ဝင်ပြောသဖြင့် သူ ပြုံးလိုက်မိသည်။

"ဘာမှလည်း မစားဘူးကွ .. ရေပဲသောက်တယ်၊ တစ်ခွန်းမှလည်း မဟဘူး၊ ရေသောက်တာတောင် ပါးစပ်ဖွင့်ရဲ့လား မသိပါဘူးကွာ .."

"မင်း သူ့ကိုဝင်ဖမ်းတာ ညဘက်ကြီးဆိုတော့ သူ မှတ်မိပါ့မလား"

"မှတ်မိမှာပါ .. သူနဲ့ကျွန်တော် ရင်ဆိုင်တုန်းက ကျွန်တော့်မှာ မီးပါတယ် .."

နှစ်ယောက်အတူ အချုပ်ခန်းရှေ့ရောက်တော့ ဒီဘက်ကို မျက်နှာမူထိုင်နေသည့် နွေမွန်းတည့် ကို တွေ့လိုက်ရသည်။

အထဲမှာ ဒူးနှစ်လုံးကို ပြန်ပိုက်၍ လက်ချင်းချိတ်ထိုင်နေကာ လျှောက်လာသည့် လူနှစ်ယောက်ထဲမှာ တိမ်တိုက် ၏ ခြေထောက်နှစ်ဖက်ကို သူ့ရှေ့ရောက်တဲ့အထိ မမှိတ်မသုန် စိုက်ကြည့်နေခဲ့၏။

တိမ်တိုက် က မတ်တပ်ကနေ သူ့မျက်နှာကို စီးမိုးကြည့်နေကာ ...

"ဘယ်လိုလဲ နွေမွန်းတည့် .. နေသာထိုင်သာ ရှိရဲ့လား .."

မွန်းတည့် က မဖြေ ..၊

သူ့ရဲ့ခြေထောက်ဦးထိပ်တွေကိုပဲ သံတိုင်တွေနောက်ကနေ စူးစိုက်ကြည့်နေခဲ့၏။

ပတ်ဝန်းကျင်မှာ သွားလာနေကြသည့် လှုပ်ရှားမှု မှန်သမျှကို





အနည်းငယ်မျှ မျက်လုံးတိမ်းမကြည့်ခဲ့ဘဲ တိမ်တိုက် ရဲ့ခြေထောက်တွေ ရွေ့လိုက်လျှင် ကမ္ဘာမြေ ပြိုကျသွားတော့မလို စိုက်ကြည့်နေပုံက မျက်တောင်တစ်ချက်မှ မခတ် ..။

တိမ်တိုက် က ခြေထောက်တွေကို ခပ်ဖြည်းဖြည်း ရွေ့၍ ဘေးဘက်ကို နှစ်လှမ်းလောက် သွားသည်။

မွန်းတည့် မျက်လုံးတွေကလည်း ထပ်ချပ်မကွာ ပါ၏။

စခန်းမှူးနဲ့ တိမ်တိုက် မျက်လုံးချင်း ဆုံသွား၏။

ပြီးတော့မှ...

"မင်းရဲ့ပါးစပ်ကို မဖွင့်ချင်လည်း ရပါတယ် .. ဒါပေမယ့် မင်းရဲ့ဖြူ ကို မင်း ဖုက်ထားနိုင်ပြီလို့ ထင်နေတာတော့ လုံးဝ မှားသွားပြီး မွန်းတည့် ..၊ အဲဒါ မင်း သိအောင် လာပြောတာ .."

မွန်းတည့် ၏ ခံစားချက်ကင်းမဲ့နေသောမျက်နှာမှာ မျက်ခုံးနှစ်ဖက် တွန့်ခနဲ လှုပ်ရှားသွားသည်။

တိမ်တိုက် နှုတ်ခမ်းတွေ ပြုံးယောင်သမ်းသွားလျက် ဘောင်းဘီအိတ်တွေထဲမှာ လက်နှစ်ဖက် ထည့်လိုက်ရင်း ...

"သူ့ရဲ့ဆံပင်တွေနဲ့ ခြေချောင်းလက်ချောင်းလေးတွေကို ငါတို့တွေ့ထားပြီးပြီ .."

"ဟိတ်ကောင် .."

မွန်းတည့် ဝုန်းခနဲ ခုန်ထလာသည်။

ပြီးတော့ သံတိုင်တွေကြားထဲကနေ လက်နှစ်ဖက် ထွက်လာပြီး တိမ်တိုက် လည်ပင်းကို ဖမ်းဆွဲ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ဟော့ ..."

ရဲမှူးနှင့် ဘေးကလူဘွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

သို့သော် တိမ်တိုက် က နောက်ကို ဖျတ်ခနဲ မျက်နှာလှန်၍ ဆုတ်ရှောင်လိုက်သည်။

"အရူး .. မင်းတို့ကောင်တွေ ဘာမှန်းညာမှန်း မသိလို့ ငါ့ပညာတွေ လူရာမဝင်ခဲ့ရတာ ..၊ ကောင်းမှန်းဆိုးမှန်း မသိတဲ့ အရူးတွေ.."

မမိတမိအခြေအနေကို အားမလိုအားမရနှင့် အာခေါင်ခြစ် အော်သည်။

တိမ်တိုက် ကို ဖမ်းဆုပ်ညှစ်သတ်ဖို့ ကြိုးစားနေသည့် လက်နှစ်ဖက်သည် ဒေါသတကြီး ဖော့ယမ်းနေဆဲနှင့် ...

"အရူးတွေ .. အားလုံးကို တစ်စစီ ခုတ်သတ်ပစ်မယ် .. လာစမ်း .."

အော်နေရင်း စူးစိုက်ကြည့်နေသည့် တိမ်တိုက် မျက်နှာကို သတိထားမိပြီး ရုတ်တရက် ငြိမ်ကျသွား၏။

ပြီးတော့ ကြောင်စီစီ မျက်လုံးတို့မှာ အေးစက်ခက်ထန်ခြင်းတို့ ဖြစ်ပေါ်လာခဲ့ပြီး ...

"မင်းက ဘာမို့လို့လဲ .."

နှုတ်ခမ်းတွေ တလှုပ်လှုပ် ပြန်ဖြစ်လာသည်။

"မင်းကို ငါ သတ်မှာ .. သတ်ကိုသတ်မှာ ..၊ ဟုတ်တယ် .."

အစီအစဉ်တစ်ခုကို မေ့ကျန်ခဲ့မှာ စိုးရိမ်သွားသလို 'တတွတ်တွတ် ပြောရင်း နောက်ပြန်လှည့်သွား၏။





သူတို့လည်း အမြင်ကို ထွက်ခဲ့ကြကာ...

"အခင်းဖြစ်မယ့် ညနေပိုင်းမှာ ပျောက်သွားတဲ့ ဒေါ်ခင်ခင် ဆိုတဲ့ အမျိုးသမီးကြီးကို တွေ့ထားကြပြီကွ ..၊ ဒီကောင်က ငယ်ငယ်ကတည်းက မိထွေးနဲ့ ကြီးပြင်းလာခဲ့ရတာ ..၊ သူ့မိထွေးကလည်း သိပ်တော့ မဆိုးလှဘူးလို့ ပြောတယ်၊ ဒါပေမယ့် သူက စွဲလမ်းစိတ်တစ်ခု ဖြစ်သွားရင် ဒါကိုပဲ မှတ်ထားတာမျိုး .."

စခန်းမှူးက တစ်လှမ်းချင်းသွားနေရင်း ပြောပြနေသည်။

"အထူးသဖြင့် မကောင်းတာတစ်ခုကို မှတ်ထားပြီး မကောင်းတာတွေချည်း စုဆောင်းအုံဖွဲ့တာမျိုးပေါ့၊ လူတွေက သူ့အပေါ်မှာ မကောင်းဘူးဆိုတဲ့ မျက်လုံးနဲ့ပဲ ကြည့်တာ၊ အဲဒီမိထွေးကို အစပိုင်းတုန်းက ပုံတူတွေဆွဲ မီးရှို့ .. ကော်ပတ်ရုပ်တွေ ဝယ်ပြီး နဖူးမှာ နာမည်ရေး၊ ပြီးတော့ ခြေတွေလက်တွေ ခုတ်ပစ် .."

"စိတ်ဝေဒနာ ရှိခဲ့တဲ့သူပဲ .."

"ဟုတ်တယ် .. ဆင်းရဲတဲ့ဘဝမှာ ချို့တဲ့သမျှအားလုံးဟာ သူ့ဦးနှောက်ထဲမှာ မုန်းတီးစရာ ဖြစ်လာခဲ့တာ ..၊ နောက်တော့ အဲဒီမိထွေးကို သတိမေ့အောင် ခေါင်းရိုက်ပြီး ကြိုးတွေတုပ်ထားတယ်၊ ဓားသွေးနေတယ်၊ ဒါကို မိထွေးက သတိရလာပြီး အော်တော့မှ အိမ်နီးချင်းတွေ သိကုန်လို့ မသေတာ .."

တိမ်တိုက် စိတ်ဝင်စားသွားသည်။

"အဲဒါ သူ အသက်ဆယ်နှစ် မပြည့်သေးခင်ကပဲ .."

"သူ့အဒေါ်ကလည်း စောင့်ရှောက်ခဲ့ရဖူးတယ် ဆို ..၊ ဒါတွေသိ



www.burmeseclassic.com

www.burmeseclassic.com



နေရက်နဲ့လား ..”

“ဟုတ်တယ် .. တူအရင်းလည်း ဖြစ်၊ ကလေးသာသာ အရွယ်လေးဆိုတော့ ပစ်မထားနိုင်လို့ပေါ့ ..၊ ခုလည်း သူ့ဇနီး လရိပ်ဖြူက မိဘမျိုးရိုးဂုဏ်ကအစ မိန်းကလေးရဲ့ စိတ်နေသဘောထားအထိ ဘာမှ အပြစ်ပြောစရာမရှိအောင် အေးချမ်း သိမ်မွေ့တယ်ဆိုတာ အားလုံး ထောက်ခံနေကြတာပဲ၊ ဒေါ်ခင်ခင် ကိုယ်တိုင်ကလည်း ပြောတယ်၊ အိမ်ထောင်ရေး အဆင်မပြေဖြစ်ကြရင်တောင် ဒီလောက်ဖြစ်အောင်လုပ်ဖို့ထိ ဆိုးသွမ်းခဲ့တာ ဘာမှမရှိဘူးတဲ့ ..”

တိမ်တိုက် စိတ်မကောင်း ဖြစ်မိပါသည်။ ခုချိန်မှာ ကာရံကပည်း လူမမာဖြစ်နေရကာ ဒေါ်သီဂီမြင့် ကိုယ်တိုင် မျက်ရည်မစဲနိုင်ပေ ..။

လရိပ်ဖြူ ရဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေကအစ ဒီအဖြစ်ကြောင့် အားလုံး ကြေကွဲမဆုံး ဖြစ်နေကြသည်။

“ဒီလူ တော်တော်သွေးအေးတဲ့လူပဲနော် ..၊ လူကိုသတ်ပြီး ဖရဲသေတ္တာထဲ ထည့်ပိတ်ထားတယ်၊ သွေးခဲတောင့်တင်းနေကာမှ လှီးဖြတ်ပစ်တာ ..၊ ဒါ နည်းနည်းနောနော စိတ္တဇ မဟုတ်ဘူး”

တိမ်တိုက် က ခေါင်းပဲ ညိတ်နေလိုက်သည်။

ဒါက ကိုယ် ကိုင်ထားတဲ့ကေ့စ်တစ်ခုတော့ မဟုတ်ပေ။

ဒါပေမယ့် ကာရံ နဲ့ပတ်သက်ပြီး သူပဲ အမိကတရားခံဖမ်းနိုင်တဲ့သူ ဖြစ်ခဲ့ရသည်။

နောက်မှာ တန်းစီရှိနေသည့် တာဝန်တွေကို ထမ်းဆောင်ဖို့





အတွက် သူ ပြန်ရဦးမှာ ဖြစ်၏။

ပြဿနာတွေ ရှုပ်ထွေးနေဆဲနှင့် ကာရံ တို့ တူဝရီးကိုလည်း သူ ဘယ်လိုထားခဲ့ရမလဲ ..။

“ဒါနဲ့ တိမ်တိုက် ခုနက နွေမွန်းတည့် ကို ပြောလိုက်တာလေး တစ်ဆိတ်လောက် ရှင်းပြပါလား ..၊ နှစ်ရက်ဂျိုပြီ လုံးဝ စကားမပြောတဲ့လူကို ပြောလာအောင် လုပ်လိုက်တာလား ..၊ တကယ်လား ..”

တိမ်တိုက် က ပြုံးသည်။

“တကယ်ဆိုရင်လည်း ဒါ ကျွန်တော်တို့ မဖြစ်မနေဖော်ထုတ်ဆောင်ရွက်ရမယ့်ကိစ္စမှ မဟုတ်တာ ..”

ဟိုလိုလို ဒီလိုလို အဖြေစကားကြောင့် ရဲမှူးကြီးက စားပွဲရှေ့ပြန်ရောက်တာတောင် မထိုင်နိုင်သေးဘဲ တိမ်တိုက် မျက်နှာကို ကြည့်၍ ...

“ထောင်မှူးဟောင်းကြီးက ပြောဖူးတယ်ကွ ..၊ ပြစ်မှုကျူးလွန်နိုင်တဲ့နည်းတွေထဲမှာ အောက်လမ်းနည်းနဲ့ ကျူးလွန်သွားကြတဲ့ ဂန္ဓိရဆန်ဆန်ဖြစ်ရပ်တွေ အများကြီး ရှိတယ်တဲ့၊ ငါတို့တွေ လက်ထိပ်ခတ်လို့ မရနိုင်တဲ့ ပြစ်မှုကျူးလွန်နည်းတွေပေါ့၊ ဒါတွေ တကယ်ရှိခဲ့တယ်ဆိုရင်တောင် ခုချိန်ထိ ရှိနေပါ့မလား ..”

“ကျွန်တော်တော့ ကိုယ်တိုင်မကြုံဘူးသေးလို့ မသိဘူး၊ ရှိတယ်မရှိဘူး ဆိုတာကလည်း ပြောရခက်ပါတယ်”

“ဒါဖြင့် နွေမွန်းတည့် ပြောနေတာကိုရော မင်း ဘယ်လိုထင်သလဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စိတ်ဝင်စားပါတယ် .. ဒါပေမယ့် သူက ဝေဒနာသည်လေ .."

ရဲမှူးကြီးမျက်နှာ အင်တင်တင်နှင့် လက်လျှော့သွားခဲ့သည်။ တိမ်တိုက် က နှုတ်ဆက်ပြီး ပြန်လာခဲ့၏။

လူတစ်ယောက်ရဲ့ ဒီနေ့တွေမှာတောင် အဆင်မပြေမှုတွေ ဒီလောက်များနေကြတာ မနက်ဖြန်ဆိုတာက ဘယ်လိုသေချာမလဲ ..။





## အခန်း (၃၃)

"အို .. မနက်ဖြန်ဆိုတာ မသေချာဘူး .. အခု သွားရှာ ..၊ ကောက်ရိုးပုံထဲမှာ အပ်ရှာသလိုပဲဖြစ်နေနေ ငါ့တူမဆီက ယူထားလိုက်တဲ့ အစိတ်အပိုင်းတွေ ပြန်ရအောင် နေ့ချင်းညချင်း ရှာ ..၊ မြေလှန်ရှာရမယ်ဆိုလည်း ရှာမှာပဲ၊ အဲဒီအိမ်ကို အမှုန့်ကြိတ်ပစ်ရပါစေ"

ဒေါ်သီဂီမြင့် ငိုသံပါကြီးနှင့် စကားကိုတော့ ဆုံးအောင်ပြောပေမယ့် တရှိုက်ရှိုက် ငို၏။

မိဘနှစ်ပါးကို နောက်ကျမှ မှာရတာမို့ ရောက်မလာကြသေးပေ။

တူမအငယ်လေးက ဆေးရုံမှာ ကြောင်တောင်တောင် ငေးတိငေးငိုင်နှင့် မျက်ရည်တွေ အသံတိတ် ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောဖို့ ကြိုးစားရှာတိုင်း မျက်ရည်သာကျ၍ အသံတွေ တိမ်ဝင်သွားတတ်ကာ ပြီးဆုံးအောင် ပြောနိုင်တယ်လို့ မရှိ ..။

ထို့ကြောင့် သူမခမျာ ဘာစကားမှလည်း မပြောရှာတော့ပေ..။

"ယုတ်မာတဲ့သတ္တဝါ .. ငါ့သမီးလေးက သူ့ကို စိတ်နာရမှာ၊ သတ်ပစ်ချင်လောက်အောင် မုန်းတာက ငါတို့ကပဲဖြစ်ရမှာ ..၊ သင်းကြောင့် ငါတို့ရဲ့အေးချမ်းမှုတွေ ပျက်စီးခဲ့ရတာ၊ သူ့အတွက် ငါ့သမီးလေး အားလုံးကို စွန့်လွှတ်ခဲ့ရတယ်၊ ခုတော့ အဖြစ်ဆိုးနဲ့ အသက်ပါ ဆုံးပြီ .."

"အန်တီ ကိုယ့်စိတ်ကိုဖြေပါ အန်တီရယ် .. ကာရံလေး ခမျာလည်း ရူးမတတ်ဖြစ်နေရှာတာပါ၊ အန်တီ့ဆီက နှစ်သိမ့်စကားလေးမှ သူ မကြားရရင် ဘယ်လိုလုပ် ခံနိုင်ရည်ရှိပါ့မလဲ .."

ကုမ္ပဏီက မိတ်ဆွေတွေလည်း ရောက်လာကြ၏။ သီ ကတော့ ဖြူ နဲ့ အရင်းနှီးဆုံးမို့ ဒေါ်သီဂီမြင့် ဘေးမှာ အနီးကပ် နှစ်သိမ့်နေမိသည်။

နာရေးသတင်းကြောင့် ရောက်လာကြသူတွေထဲမှာ အသံတိတ်နေတာက ကိုမောင် ..၊

သူ မျက်ရည်ဝေ့နေတာကို လူမြင်မှာလည်း ဂရုမစိုက်နိုင် ..၊ လွှတ်လွှတ်လပ်လပ် ခံစားလိုက်ပါလားဆိုတော့လည်း မဖြစ် ..။

ရင်ထဲမှာ တင်းကျပ်နေခဲ့တာက ဒီအဖြစ်ဆိုးတွေက သူ့ကြောင့် စတင်ခဲ့တာ မဟုတ်ခဲ့ရင်တောင် ပေါက်ကွဲခြင်းတွေနဲ့ အဆုံးသတ်မကောင်းခဲ့တာ သူ့ကြောင့် ..၊





ဘယ်သူက ဘယ်လိုနှစ်သိမ့်စကားတွေနဲ့ မဟုတ်ပါဘူး ပြောလည်း အမှန်တရားကို သူ ခံစားမိနေသည်။

အဲဒီညက အပေါ်ထပ်အကျီ ကျန်ခဲ့တဲ့အကြောင်း ဖုန်းဆက်မိလို့သာ ..၊

"ဒီလူက ငယ်ငယ်တည်းက အစွန်းရောက်စိတ်ဝေဒနာ ရှိခဲ့တာပါ၊ ခုလည်း သူ ရူးနေပြီ ကိုမောင် ..၊ ကိုမောင် တို့ ရိုးသားတာ အားလုံး သိကြပါတယ်၊ ဒီလိုဖြစ်ရတာ သူ့အစွဲအလမ်းနဲ့ သူပါ .."

နာရေးသတင်းမေးရင်း သီ က သူ့ဘေးကို ရောက်ရောက်လာပြီး အားပေးစကား ပြောတတ်၏။

"တော်ကြာ သူ့အစွဲအလမ်းက ကိုယ့်အစွဲ ဖြစ်သွားပါ့မယ်၊ ဒီလောက်ထိ မခံစားပါနဲ့ .."

"မဟုတ်ဘူး မသီ .. ရိုးရိုး လက်လွန်ခြေလွန်ဖြစ်သွားခဲ့တာမျိုး မဟုတ်ဘူး၊ ခုဟာ ဖြူ့ ခမျာ ရုပ်ပျက်ဆင်းပျက်နဲ့ .."

"ဟုတ်တယ်လေ .. သူ့ရင်ထဲမှာကိုက တစ်ဖက်စောင်းနင်း မကောင်းမြင်ဝါဒနဲ့ အစတည်းက အုံဖွဲ့နေတာတွေပါ၊ သီ တို့နဲ့ အလုပ်လုပ်ကြတာ ဘယ်လောက်များ ကြာသေးလို့လဲ ..၊ သူ့ဟာသူ ရောသောပုံချလိုက်တာမျိုး ရှိရင်ရှိမယ်၊ ဒါတွေကြောင့် လုံးဝ မဟုတ်ဘူး .."

သီ တစ်ယောက်ပဲ ဖြူ နဲ့ ကိုမောင် တို့ရဲ့ ဖြူစင်သောရင်းနှီးမှုကို နားလည်သလို မရိုးသားဘူးလို့ ထင်စရာ ဖြစ်လောက်အောင် ဘာကြောင့် ရင်းနှီးကြသလဲဆိုတာကိုလည်း သူမပဲ နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုမောင့်ကို သူမပဲ တွင်တွင် အားပေးနေရကာ ...

"ကျွန်မတို့က ဖြူ ရဲ့ မိတ်ဆွေကောင်းတွေပါ၊ ဒီအချိန်မှာ ကျန်ခဲ့တဲ့ ဖြူ မိသားစုကိုပဲ စိတ်ချမ်းသာမှု ပေးကြရမှာ မဟုတ်ဘူးလား .."

ဒေါ်သီဂီမြင့် ရင်ဘတ်ထု ငိုနေတာ လှမ်းမြင်နေရသဖြင့် ကိုမောင် ခေါင်းညိတ်လိုက်မိသည်။

ကိုယ့်စေတနာ ဖြူစင်ခဲ့တယ်ဆိုတာ ကိုယ့်ဘာသာပဲ အားပေး စိတ်တင်းရတော့မည်။

"ကျွန်မတို့က သမီးကြီး စိတ်ချမ်းသာနေတယ်ဆိုရင် တတ်နိုင်သမျှ ကူညီကြတော့မယ်လို့ ဆုံးဖြတ်ထားတာပါ၊ သူ့အဖေနဲ့အမေက လည်း ရှက်ဒေါသဖြစ်ကြပေမယ့် ဘယ်သူမှ တစ်ယူသန် အယူသီးတဲ့သူ မဟုတ်ပါဘူး၊ ခုတော့ မိုက်ရိုင်းလိုက်တာ .. သွားရတဲ့လူလည်း ဂုဏ်သိက္ခာ မရှိ ..၊ ကျန်ခဲ့တဲ့လူတွေမှာလည်း .."

"မမြင့် ရယ် .. တော်ကြာ ကလေးရဲ့မိဘတွေ လာရင် အားပေးမယ့်လူမရှိ ဖြစ်နေပါ့မယ်၊ တရားနဲ့ဖြေပါရှင် .. ကျွန်မတို့လည်း အရမ်းကို စိတ်မကောင်း ဖြစ်ရပါတယ် .."

"ဟုတ်ပါတယ် .. ဒါဟာ အတုံ့အလှည့် ဝဋ်ကြွေးတွေပဲ၊ လူတွေက အဟောင်းစားလို့ ဆိုထားတယ်မို့လားဗျာ .. ဒီဘဝမှာ ဘုရားဒကာ ကျောင်းဒကာဖြစ်နေပေမယ့်လည်း ကားတိုက်ခံရ .. လူရိုက်ခံရနဲ့ အတုံ့အလှည့် ဝဋ်ကြွေးတွေကို ပေးဆပ်နေကြရတာပဲ .."

"ဟုတ်ပါတယ် .. သူများသားမယား ပြစ်မှား၊ သောက်စား





လောင်းကစားနေတဲ့လူတွေ ကြီးပွားပြီးရင်း ကြီးပွားနေကြတာ မမြင့်တွေ့ဖူးမှာပါ၊ ဒီလိုလူတွေကျတော့ ဘာငရဲမှမကြီးပါလား၊ ဝဋ်လည်း မလိုက်ပါလားလို့ ကျွန်မတို့ တွေးမိကြတာပဲလေ၊ ဒီဘဝမှာ မကောင်းမှုတွေ ကျူးလွန်နေပေမယ့် ရှေ့ဘဝက သူပြုခဲ့တဲ့ ဒါနနဲ့ သီလ စင်ကြယ်ခဲ့တာကိုး .."

လူကြီးပိုင်းတွေကတော့ လူကြီးချင်း နားလည်ကြသည့် ဘာသာရေးရှုထောင့်ကနေ အမျိုးမျိုး တရားပြ နှစ်သိမ့်ကြ၏။

ဒေါ်သီဂီမြင့် မျက်ရည်တော့ သိမ်းနိုင်လာခဲ့၏။

သို့သော် ...

"မောင်ချစ်ထွန်း တို့ ငါ ပြောတာကို မှတ်မိတယ်နော် .."

"ဟုတ်ကဲ့ပါ .."

"ကြိုက်သလောက် လူအင်အားသုံး .. မြေပေါ်မြေအောက် အဲဒီခြဝင်းပတ်လည်မှာ မရှာမိလိုက်ဘူးဆိုတဲ့နေရာ တစ်လက်မမှ မကျန်စေနဲ့ ..၊ ဘာမှမတွေ့ဘူး အသံ လုံးဝ မကြားချင်ဘူးနော် .."

"စိတ်ချပါ အန်တီ .. သူ ဝှက်ထားခဲ့တာမှန်ရင် .."

"ဝှက်ထားတာ မဟုတ်ဘူး၊ နံရံထဲလည်း ထည့်မြှုပ်နိုင်တယ်၊ မြေကြီးထဲမှာလည်း ရှိနိုင်တယ်၊ ငါ့သမီးကို သင်း ဒီလောက် ရက်စက်ပြီးတာတောင် အားမရဘူး .. သေပြီးတဲ့အထိ .. ဟီး .. ဟီး ..."

ဒေါ်သီဂီမြင့် ငိုပြန်ပါပြီ ..၊

အားလုံးပဲ မျက်ရည်တွေ ဝိုင်းကုန်ကြ၏။ စိတ်မခိုင်တဲ့လူတွေက မျက်ရည်သုတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးကို သံသရာဆက်ပြီး မကျွတ်လွတ်အောင် လုပ်တဲ့ လူယုတ်မာ .."

မျက်ရည်ကို သတိတရ ပြန်သုတ်ပြီး အံကြိတ်၏။

နောက်ဆုံး ဒေါသတွေပါ တဖြည်းဖြည်း ငြိမ်ဝပ်သွားတဲ့အထိ၊ မိတ်ဆွေတချို့က နှစ်သိမ့်အားပေးကြသည်။

လူတဖွဲ့ဖွဲ့ စဲသွားသည့်အချိန်မှာ တိမ်တိုက် ရဲ့ကားလေး ခြံထဲ ကွေ့ဝင်လာ၏။

အထူးအေးဂျင့်တစ်ယောက်အဖြစ် သိ တို့က ခုမှ မြင်ဖူးကြတာ မို့ သေချာကြည့်နေခဲ့ကြသည်။

"ကိုမောင် အဲဒီအေးဂျင့်က ကာရံ့ ချစ်သူလို့ ပြောတယ် .."

"ဟုတ်လား .. ကာရံ့ ကို သူ တော်တော်ဂရုစိုက်တယ်နော်၊ လူငယ်ပေမယ့် တော်တယ် .."

ဒေါ်သီဂီမြင့် ကတော့ မျက်နှာချင်းဆိုင် ခုမှ တွေ့ဖူးပေမယ့် တပည့်နှစ်ယောက်နဲ့ ဝင်လာတဲ့ပုံစံကို မြင်လိုက်ကတည်းက တိမ်တိုက် ဆိုတာ သိသည်။

"မောင်တိမ်တိုက် .."

"ဟုတ်ပါတယ် အန်တီ .. ဖြစ်ခဲ့တာတွေအတွက် စိတ်မကောင်း ပါဘူး ခင်ဗျာ .."

တိမ်တိုက် က ဒေါ်သီဂီမြင့် နဲ့ မဲလှမ်းမကမ်းမှာ ဝင်ထိုင်လိုက် ၏။

တပည့်နှစ်ယောက်က အပြင်မှာပဲ ထိုင်နေခဲ့ကြတာကို လှမ်း





ကြည့်မိကာ ...

"မင်း ပေးတဲ့ အသက်ပဲ ရှိတော့တာပါ၊ မင်းကို ကျေးဇူး အရမ်း ကို တင်ပါတယ် .."

ဘာပြောပြော ငိုသံပါနေကာ အသံကိုထိန်း၍ မျက်ရည်စတို့ကို လက်ခုံနဲ့ ကပ်သုတ်၏။

"ဒါက ကျွန်တော်တို့ရဲ့တာဝန်ပါ အန်တီ၊ ကာရံ ဒီလောက်ထိ အခြေအနေဆိုးမှ ရောက်သွားခဲ့တဲ့အတွက်တောင် ကိုယ့်ရဲ့ပေါ့လျော့မှု ကို အပြစ်တင်မိပါတယ်၊ တကယ်ဆိုရင် ကာရံ က ဒါတွေ ကျွန်တော့် ကို ပြောပြ တိုင်ပင်ခဲ့တာ .."

"လူလေးတစ်ယောက်ပဲ သိထားတာ မဟုတ်ပါဘူး၊ သူ အန်တီ့ ကို မပြောချင်ပေမယ့် ဖြူ့ မိတ်ဆွေတချို့ကိုလည်း ပြောပြခဲ့ပါတယ်၊ သမီးငယ်ကစပြီး ပတ်ဝန်းကျင် ဘေးလူ ဘယ်လိုမှ မထင်မှတ်တဲ့ အခြေအနေကို သူ လွတ်လွတ်လပ်လပ်ကြီး ဖန်တီးသွားတာ ...၊ ဘယ် သူ့မှာမှ အပြစ်မရှိဘူး .."

"အခု ဟိုအိမ်ကို စိတ်ကြိုက် ရှာဖွေလို့ ရပြီ ဆိုတဲ့အကြောင်း လာပြောတာပါ .."

"မောင်တိမ်တိုက် .."

"ဟုတ်ကဲ့ .. ပြောပါ အန်တီ .."

"အန္တီ့တူမလေးကို စိတ္တဇဖြစ်မသွားအောင် ကူညီပါဦး သား ရယ် နော် ...၊ ဒါကို မင်းပဲ ကူညီနိုင်မှာ .. အားမနာတမ်းပြောရရင်တော့ ဒီရက်ပိုင်းအတွင်းမှာ အန်တီ့တူမလေးအတွက် အချိန်ပေးပေးပါလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ .."

လှိုက်လှိုက်လှဲလှဲ ကတိပေးတာ ဟုတ့်ရဲ့လားလို့ ပူပန်စိတ်နဲ့ သေချာ အကဲခတ်ကြည့်မိသည်။

တစ်ယောက်တည်း ရူးသွပ်မတတ် သွေးပျက် ချောက်ချားခဲ့ရသော အဖြစ်ဆိုးတွေကို တူမလေး မေ့ပျောက်နိုင်ဖို့က သူမ အထင်ကြီး အားကိုးမြတ်နိုးသူမှသာ တတ်နိုင်မှာ ဖြစ်သည်။

သည်လူငယ်ဟာ ကာရံ့ အတွက် အရေးကြီးဆုံး အချိန်မှာတောင် တာဝန်ဝတ္တရားတွေထဲက ရုန်းထွက်မလာနိုင်ဘူးလား ..။

နှင်း တို့ ပြောနေကြတာတွေ မှန်နေပြီ ထင်သည်။

ကျေးဇူးတင်ပါတယ် ဆိုတာတောင် ပြန်ပြောလိုက်တဲ့စကားကရင်ထဲမှာ ခါးသက်သက် ..။

"ဒါက ကျွန်တော့်တာဝန်ပါ"တဲ့ ..။

တိုင်းပြည်တာဝန်လား ..၊ ကာရံ့ တာဝန်လား ..၊





## အခန်း (၃၄)

"ကာရံ .."

ကိုကို့အသံကြားမှ မျက်လုံးတွေ ဖွင့်ကြည့်မိသည်။

စပို့ရှပ်အနက်ရောင်မှာ ကော်လံ အနီရဲရဲ၊ လက်ဝအနီနှင့် ဘောင်းဘီအနက်ကိုလည်း ဝတ်ထားသည်။

ဝင်းဖန့်နေသည့် ကိုကို့မျက်နှာကို မြင်လိုက်ရမှ သူမရင်ထဲမှာ အေးချမ်းမှုတချို့ကို ခံစားမိခဲ့၏။

"နေကောင်းလား .."

"ဟုတ် .."

"ဘာဖြစ်လို့ မျက်ရည်တွေက ဝေ့နေတာလဲ .."

"မသိဘူး ကိုကို .. ကာရံ ငိုနေတာတော့ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ နှာသီးဖျားလေးတွေ မျက်စပ်လေးတွေ နီရဲလာတာကို ကရုဏာသက်စွာ ကြည့်မိသည်။

ပြီးတော့ ခုတင်ဘေးမှာ ဝင်ထိုင်ရင်း လက်ဖဝါးလေးတစ်ဖက်ကို သူ့လက်နှစ်ဖက်ထဲမှာ ထည့်ဆုပ်ထားမိကာ ...

"ကိုယ်နဲ့တူတဲ့ ကောင်မလေးလို့ ကိုယ်က ထင်ထားတာ၊ မလုပ်နဲ့ဆိုတာ လုပ်မှာပဲဆိုပြီး ဇွတ်လုပ်တာတွေ .."

"ကိုကိုက ကာရံ့ ကို ဆူနေတာလား .."

"ငိုနေတာကို မကြိုက်တာ .."

"မမက ကာရံ့ မျက်စိအောက်မှာပဲ .. ကိုကိုနော် .."

ပြောနေရင်း ငိုချင်လာတော့ မဲ့မဲ့လေးဖြစ်သွားပြီး ဟိုဘက်လှည့်၏။ တိမ်တိုက် က ကာရံ့ ဘေးခုတင်ပေါ်မှာ တင်ပါးလွှဲ ဝင်ထိုင်လိုက်ကာ ...

"ဒီဘက်လှည့်ပါကွာ .. ငိုမယ်ဆိုလည်း အားရအောင် ငိုစမ်းပါ၊ ငိုလို့ မပြီးမချင်း ထိုင်စောင့်ပေးမယ် .."

"အဲဒါ ကိုကို့ကြောင့် ပိုငိုချင်တာ .."

"ဟောဗျာ .."

"ဟုတ်တယ် .. ကိုကို သူများကို မစာမနာ လာပြောနေတာ.."

"စာနာတယ်လေ .. ငိုနေရတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ ကိုယ်လာတိုင်း မျက်ရည်တွေ ဇိုင်သုတ်ပေးပြီးတော့ပဲ ပြန်သွားရတယ်၊ မင်းအတွက် အချိန်တွေ ပုံပေးထားရတဲ့ ကိုယ့်အတွက် ထည့်မတွက်တော့ဘူးလား .."





ကာရံ့ မျက်နှာလေး ဒီဘက်ပြန်လှည့်လာ၏။

"ကိုကို .. မမ ဆုံးတာ ရက်တောင်မလည်သေးဘူး .."

"သေသွားတဲ့လူရှိရင် ရက်လည်အောင်ထိ ငိုရမယ့် ကန့်သတ်ချက်ကြီး စွဲမထားနဲ့လေ ..၊ ကိုယ့်ကောင်မလေးက တခြားကောင်မလေးတွေလို ဖြစ်နေတာ ကိုယ် မကြိုက်ဘူး၊ ဘယ်သူမှ ကာကွယ်ချိန်မရလိုက်တဲ့ အခြေအနေတစ်ခုကို ပြန်အဖတ်ဆယ်လို့လည်း မရတော့တဲ့အတူတူ တစ်ရက်ပြီးတစ်ရက် ဖြေနိုင်အောင် ကြိုးစားမှပေါ့ .."

ကာရံ့ ဝမ်းနည်းသွားတာတော့ အမှန်ပါ ..။

ဒီအချိန်မှာ အားပေးနှစ်သိမ့်စကားပဲ ပြောပေးဖို့ရှိတာ မဟုတ်ဘူးလား ..။

ဒါပေမယ့် ကိုယ့်ချစ်သူရဲ့စိတ်ဓာတ်သွင်ပြင်ဟာ တခြားသူတွေနဲ့ မတူတာကိုတွေး၍ ကိုယ့်လောဘကိုပဲ ပြန်လျှော့လိုက်ရသည်။

"ကိုယ် ပြောလိုက်လို့ ဝမ်းနည်းသွားတာလား .."

"နည်းနည်းပါ .."

ဖြေပုံလေးကြောင့် သူ ပြုံးလိုက်မိသည်။

ပြီးတော့ နဖူးဆံစလေးကို သပ်တင်ပေးရင်း မျက်နှာလေးနဲ့ နီးသွားအောင် ခုတင်ပေါ်မှာ လက်ထောက်၍ ငုံ့မိုးကြည့်ရင်း ...

"ချာတိတ်ကို စိတ်ပူလို့ပါ .. မင်း ရင်ဆိုင်နေရတဲ့ညက ကိုယ် ဘယ်လောက်ထိ ပူလောင်ခဲ့ရလဲ .. သိရဲ့လား .."

ကာရံ့ မျက်ဝန်းလေးတွေ သူ့ဆီ ရောက်လာသည်။

"မင်း ဘာမှမထိခိုက်အောင် ကိုယ် ဘာပဲ ပေးရပေးရ .."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလှလှလေးမှာ ပြုံးရိပ်ထင်သွားတော့ သူက နှုတ်ခမ်းလေးကို လေနဲ့မှုတ်လိုက်ပြီး ...

"ကိုယ်သေရမယ့်အဖြစ်မျိုး စောင့်ကြိုနေရင်တောင် ကြောက်မိမှာ မဟုတ်ဘူး"

"ကိုကို ဝါသနာပါနေတဲ့အလုပ်မို့လို့ တရားခံမိအောင် ကြိုးစားခဲ့တာရော မပါဘူးလား .."

"ဒါဟာ လျှို့ဝှက်မှုတစ်ခုဆိုတာ သိလိုက်ရတဲ့အချိန်မှာ သွေးဆူလာတာက မင်းအတွက် စိတ်ပူတာတွေချည်းပဲ ..၊ မယုံဘူးလား .."

"ယုံပါတယ် .. ကိုကိုသာ ကြိုတွေးပြီး စီစဉ်မထားခဲ့ရင် ကာရံ နှစ်ဘဝလောက်တောင် ဆက်သေမလားပဲ .."

"အခု အားလုံးကို ကိုယ်တို့ ကျော်ဖြတ်နိုင်ခဲ့ကြပြီ၊ ဆိုးတာတွေထဲက ကောင်းတာကို ဆွဲထုတ်ကြည့်ကွာ .. သေသွားပြီ၊ ဘယ်လိုကြီးသေသွားတာ၊ ငါ့မျက်စိအောက်မှာပဲ ဘာညာ ကြေကွဲစိတ်ကို ဖိညှစ်အားပေးနေမယ့်အတွေးတွေက ဘယ်လောက် ပူလောင်သလဲ .."

ကာရံ ခေါင်းလေးညိတ်တော့ ပါးပြင်လေးကို ဖွဖွလေး ပွတ်သပ်၍ ...

"ချစ်ဖို့ကောင်းတယ်၊ အဲဒါကြောင့် ကိုယ့်ချာတိတ်လေးကို စိတ်မချတာ .."

"ကိုကို ပြန်သွားတော့မှာမို့လားဟင် .."

"ပြန်ရမယ် .. ဒါပေမယ့် အချိန်ရပါသေးတယ်၊ နောက်တစ်ခုက မင်းမိဘတွေ ရောက်လာရင် ကြိုက်ပါ့မလား .."





"ကိုကိုက ကာရံ့ အသက်ကို ကယ်ထားခဲ့တဲ့သူပဲ ..၊ ဘာကို မကြိုက်ရမှာလဲ .."

"ကိုယ်က နားလည်ပါတယ် .. မင်း စိတ်ညစ်မှာစိုးလို့၊ ချာတိတ်မျက်နှာလေးက ရယ်နေရင် ချစ်ဖို့ကောင်းတယ်၊ ငိုနေတော့ အလှပျက်တာပေါ့၊ ငိုတာတွေ လျှော့တော့မယ်လို့ ကိုယ့်ကို ကတိပေးနိုင်လား"

"ကိုကိုကရော .."

"ပြော .. ဘာလဲ .."

"ကာရံ့ နားမှာ နေပေးဦးမယ်လို့ ကတိပေးလေ .."

"ဘယ်လောက်ထိ နေပေးနိုင်မလဲဆိုတာ မသိတော့ ကိုယ်မပေးနိုင်ဘူး .. အဲဒါကို ချာတိတ်က မငြင်းရဘူးလေ .."

ကာရံ က လှဲနေရာကနေ ထထိုင်လိုက်ကာ ခေါင်းရင်းကိုတိုး၍ ခပ်လျှောလျှောလေး မှီနေ၏

"ပြန်ပြောလေ .. စိတ်ကောက်သွားတာလား .."

"ဟင့်အင်း .. ကာရံ ကိုကို့ကို စိတ်မကောက်ပါဘူး၊ အနားမှာ ရှိစေချင်ပေမယ့် ရှိမနေရင်လည်း ကာရံ့ ကို လုံခြုံမှုပေးနိုင်တဲ့သူဆိုတာ နားလည်တယ်၊ နည်းနည်းလေးပဲ .."

"ဘာလဲ .."

"လွမ်းသွားတာ .."

"ဟာ .. ဒါကျတော့ နည်းနည်းလေး မကောင်းဘူးကွ၊ ကိုယ်က မလွမ်းအားပေမယ့် ချာတိတ်ကတော့ လွမ်းနေမှဖြစ်မှာ .."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မလည်ဘူးနော် .."

ကာရံ့ မျက်နှာလေး ပြုံးလာတော့ သူ ဝမ်းသာသွားသည်။ နောက်ထပ် မျက်ရည်ကျခွင့် မသာအောင် ကြိုးစားရဦးမှာမို့ ...

"အင်း .. လွဲတော့ လွဲသွားပြီ .."

"ဘာလဲ ကိုကို .."

"ကိုယ် ဒီကိုလာတုန်းက စိတ်ကူးခဲ့တာ .."

"ဘာလုပ်ဖို့လဲ .."

"မင်းကို ချော့မရအောင် ငိုနေရင် မျက်ရည်တွေ လန့်ဖြန့် တိတ်ကုန်အောင် အတင်းနမ်းပစ်မယ် ဆိုပြီးတော့ .."

"ဟုတ်လား .."

ကာရံ့ ပုံစံလေးက ကလေးပုံလေး ချက်ချင်းဖြစ်သွားကာ ...

"ဒါဆို အောင့်မထားတော့ဘူး .. ငိုလိုက်တော့မယ် .."

"ငိုမယ် .."

"အင်း .. ကိုကို နမ်းအောင်လို့ .."

တိမ်တိုက် က ရယ်လိုက်ပြီး နဖူးလေးကို ထုသည်။

"ဒီက လူကြီးမို့လို့ ဆင်ခြင်နေတာနော်၊ နောက်တော့မှ မုန်းပါတယ်ပြောပြီး မပြေးနဲ့ .."

"ကိုကို .."

"ဟင် .."

"မေမေ ကာရံ့ ကို 'ဒီမှာထားခဲ့တော့မှာ မဟုတ်ဘူး ထင်တယ်.."





"မင်းကရော .."

"ဟင် .."

"ဟိုကိုခေါ်ရင် လိုက်သွားချင်လို့လား .."

"လိုက်ချင်တယ် .. ကာရံ ဒီမှာနေရင် ဟိုအိမ်ကြီး ပြန်ရောက်ရင်လည်း မိသားစု သိုက်သိုက်ဝန်းဝန်း နေခဲ့တာတွေ တွေးပြီး ဖြေသာမှာ မဟုတ်ဘူး၊ တီလေးနဲ့လည်း မနေချင်ဘူး ကိုကို .."

"ကိုယ်နဲ့နေခဲ့ရမယ် ဆိုရင်ရော .."

"ကိုကိုက ကာရံ့ ကိုလက်ထပ်ဖို့ အိပ်မက်ထဲမှာရော ထည့်မက်ဖူးလို့လား .."

"သိပ်မက်တာပေါ့ .. မင်းကို ခိုးပြေးပြီး ကမ္ဘာကို ပတ်ပြေးနေရတာ၊ နောက်က မင်းမိဘတွေက တုတ်တွေ ဓားတွေနဲ့ လိုက်ကြလို့လေ .."

"ကိုကိုနော် .. ကာရံ အတည်မေးနေတာ .."

"ဘယ်သူက ရယ်စရာပြောနေလို့လဲ .. ဘယ်ချစ်သူတွေဖြစ်ဖြစ် ချစ်လာရင် အတူနေချင်ကြတာပဲ၊ ဒါပေမယ့် အခုက အရမ်းပြေးနေတဲ့အရှိန်ကို ရပ်ပစ်ရ ခက်တာမျိုး ..၊ ကိုယ့်ကို နားလည်ပေးပါ ချာတိတ်ရာ .."

မပြောခင်တည်းက နားလည်ပေးနေခဲ့တာပါ။

ပါးပြင်မှာ ထိကပ်ထားသည့် ကိုကို့လက်ပေါ်မှာ ကာရံ က ထပ်အုပ်ကိုင်ထားလျက် ...

"ကိုကို ကာရံ့ အတွက် စိုးရိမ်လို့ အိမ်နားမှာ အစောင့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ချထားခဲ့တာဆို .."

"ကိုယ်လည်း အဝေးကြီးသွားတာ မဟုတ်လို့ပါ၊ ဝေးနေကြရင်တော့ စောင့်ခိုင်းထားခဲ့လည်း အရေးဆို ကိုယ်ပြေးလာလို့ ဘယ်ရမလဲ ..၊ အဲဒါတွေ ပြန်မစနဲ့တော့ကွာ .."

"စတာ မဟုတ်ပါဘူး၊ ကိုကို အဲလောက်ထိ ဖြစ်လာနိုင်တာကို တွေးမိလိုက်တာတောင် ကာရံ့ကို ဘာမှပြောမသွားခဲ့ဘူး ..၊ အရိပ်အမြွက်လောက် ဖြစ်ဖြစ်လေ .."

"ပြောတာ မင်းမှ နားမထောင်ဘဲ.. ကိုယ်လည်း ဘာမှ မသေချာသေးတာကို မင်း ကြောက်လန့်သွားအောင် ဘယ်လို မြူးမြူလုပ် ပြောရမလဲ ..၊ ဒီလိုအမှုသွားမျိုးတွေ ကိုယ် အများကြီး ကြုံဖူးတယ်၊ ပြစ်မှုကျူးလွန်ဖို့လွယ်တာ အဲဒီလိုလူတွေပဲကွ .. သူတို့အိုင်ကျူ လွင့်နေတာတွေ လူသိတာမှ မဟုတ်တာ .."

တိမ်တိုက် က ခုတင်ဘေးမှာပဲ ပြန်ပြောင်းထိုင်ကာ ကာရံ့လက်လေးတစ်ဖက်ကိုပဲ ထွေးဆုပ်ထားလိုက်ပြီး ...

"ဒီတိုင်းလေးပဲ နေရမယ် မှတ်ထားနော် .. ဖြစ်ပြီးခဲ့တာတွေရော .. ဖြစ်လာမှာရော .. ဘာမှမတွေးနဲ့၊ အားလုံး ကိုယ့်တာဝန်ထား .."

"ဘာကိုလဲဟင် .."

"အတူတူနေကြဖို့ .."

ပြောပြီး ကာရံ့ လက်ချောင်းထိပ်လေးကို ဖွဖွလေး ကိုက်သည်။ ပြီးတော့ လက်ခုံလေးကို မြတ်နိုးစွာ နမ်းလိုက်ရင်း ...





"ကိုယ့်ကို ချစ်လား .."

"အရမ်းချစ်တယ် .."

"စိတ်ထဲမှာ မကျေနပ်တာ မျိုသိပ်ထားတာတွေရော ရှိလား.."

"ဟင့်အင်း .."

"မညာကြေးနော် .."

"မညာဘူး .."

"ခု ဖြစ်ပျက်သွားတာကြီးကို ခံစားရသက်သာအောင် တရားမှတ်နေပါဆိုလည်း မင်း အဆင်ပြေမှာ မဟုတ်ဘူး ..၊ အဲဒီတော့ ကိုယ့်ကို ချစ်တယ်ဆိုတာတွေ တွေး ..၊ ဘယ်တော့နီးရမှာလဲဆိုပြီး လက်ချိုးရေကြည့် .."

"လက်က ဆယ်ချောင်းပဲရှိတာ .."

"လက်တစ်ချောင်းကို ချစ်တဲ့အကြိမ်ရေ တစ်ထောင့်ငါးရာတိတိ ပြောပြီးမှ ချိုးချ၊ မင်း လက်ဆယ်ချောင်း အကုန်မချိုးရသေးခင် ကိုယ် လာခဲ့မယ် .."

"ကိုကို တကယ်နော် .."

"အိုခေ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဘာ!... ဘာပြောလိုက်တယ် နှင်း ..."

"ဟုတ်တယ် .. ကိုယ့်သမီးလေးကို အသုဘပို့ချင်ပါတယ် ဆိုတာတောင် မြင်မကောင်း ရှုမကောင်း ဖြစ်နေမယ့် အလောင်းကိုပဲ မြင်ရမှာ ..၊ အဲဒီမြင်ကွင်းကို နှင်း မြင်ရရင် သေသွားနိုင်တယ် မမ၊ မလာချင်တော့ဘူး .. သမီးငယ်ကိုပဲ ပြန်ပို့ပေးပါ .."

ဖုန်းကိုင်ရင်း အံ့သြလို့ မဆုံးနိုင်တော့ပါ ...။

ခံစားတာကတော့ ခံစားရမှာပါပဲ ...။

မဆိုင်သူတွေတောင် ရင်နင့်ကြရသေးတာ ..၊ မိဘအရင်း - အဒေါ်အရင်းတွေ ရင်ထဲမှာ ကောင်းနိုင်ပါ့မလား ...။





ဒါပေမယ့် သားသမီးရဲ့ နောက်ဆုံးခရီးကိုတော့ လျစ်လျူ မရှုသင့်ပေ ...။

"မမ .."

"ကြားတယ် .. ငါ ကြားပါတယ် ..၊ ဒါပေမယ့် နှင်း ရယ် .. နှင် ဒီလိုတော့ မလုပ်ပါနဲ့ ..၊ သမီးကြီးကို ပစ်ထားခဲ့တာလည်း ကြာပြီ မို့လား .. ခုချိန်မှာတော့ ..."

"မမ နှင်း က သံယောဇဉ်ပြတ်လို့ ပြောနေတာ မဟုတ်ဘူး .. မခံစားနိုင်လို့ပါ၊ ပြန်လာလို့ပဲ မြန်မာပြည်ကို အခု ရောက်နေပြီ၊ ဒါပေမယ့် ရန်ကုန်ကိုတော့ မလာချင်တော့ဘူး၊ မမ ရှိနေသားနဲ့ အားလုံး မမပဲ လုပ်ပေးလိုက်ပါတော့ .."

"သမီးငယ်ကိုရော .."

"သမီးငယ် အသက်အန္တရာယ် မရှိဘူးဆိုတာ ကြားရသေးလို့ နှင်း ခုလို ဖုန်းပြောနိုင်တာ ..၊ အဲဒီကိုတော့ ..."

ဖုန်းပြောရင်း ရှိုက်ကြီးတငင် ငိုချလိုက်တဲ့အသံတွေ ပေါ်လာသည်။

ဒေါ်သီဂီမြင့် ဒီဘက်မှာ ဖုန်းကို တင်းတင်းဆုပ်ရင်း ရှိုက်သံမဲ့ မျက်ရည်စက်တွေ ကြွေဆင်းလာခဲ့ကြသည်။

ဒီနေ့ သမီးကြီး သင်္ဂြိုဟ်မယ့်နေ့ ..၊

လူယုတ်မာကောင် ဖြတ်ယူ စီရင်ထားသည်ဆိုသော သမီးကြီးရဲ့ ဆံပင်နဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေကို တစ်ခါတည်း ထည့်သင်္ဂြိုဟ် ချင်ပေမယ့် ဒီနေ့ထိ ရှာမတွေ့ခဲ့ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကိုလည်း နှင်း ကို ဘာမှ ပြန်ပြီး အသိမပေးဘဲ ထားခဲ့တာပါ။

အယူသီးတယ်ဆိုဆို .. ယုံကြည်မှု လွဲသည်ပဲ ပြောပါစေ ..၊

ဒီလို စီရင်ခံရပြီဆိုလျှင် သေဆုံးသူရဲ့ဝိညာဉ်ဟာ စီရင်သူ၏ လက်ထဲမှာပဲ သူခိုင်းတဲ့အတိုင်း လုပ်နေရင်း ဘယ်တော့မှ ကျွတ်လွတ်ခွင့် မရတော့ဘူးလို့ ယုံကြည်ထားသည်။

ထို့ကြောင့် ဒါကိုရှာဖွေဖို့အတွက် ဒေါ်သီဂိမြင့် အချိန်တွေ ..၊ လူတွေ ဖိသုံးပြီး အင်တိုက်အားတိုက် ရှာခဲ့တာဖြစ်၏။

ဒီနေ့ထိ မတွေ့သေးပေမယ့်လည်း ရှာနေမှာပဲ ဖြစ်သည်။

"မမ .."

"ဟင် .."

"နှင်း ကို ထပ်မခေါ်ပါနဲ့ .. သမီးကို အဲဒါတွေပြီးတာနဲ့ ပြန်ပို့ပေးပါ .."

"နှင်း ရယ် .."

"ဟင့်အင်း .. ဝတ္ထုရားပျက်ချင် ပျက်ပါစေ၊ ပတ်ဝန်းကျင်က အကြင်နာမဲ့တယ် .. ရက်စက်တယ် .. ဘာပဲပြောပြော နှင်း ဂရုမစိုက်ဘူး ..၊ သမီးလေးကိုခေါ်ပြီး နှင်း ပြန်တော့မယ် .."

"သမီးငယ်လေးက ကျန်းမာရေး မကောင်းဘူး၊ ဘာပဲဖြစ်ဖြစ် သမီးကြီး နာရေး တစ်လပြည့်တဲ့အထိတော့ .."

"အဲဒီ လုပ်သင့်တာတွေ .. ဖြစ်သင့်တာတွေကို မမပဲ လုပ်ပေးလိုက်ပါ .."





"ခက်တော့တာပဲ ညီမလေးရယ် .."

မျက်ရည်ကို လက်ခုံနဲ့ ကပ်သုတ်ရင်း ဘာဆက်ပြောရမှန်းလည်း မသိ ..။

ညီမလေးရင်ထဲမှာ ဘယ်လောက်ထိ ပူလောင်နေမလဲဆိုတာကို မတွေးမိလို့ မဟုတ်ပါ။

မိဘကတောင် ရောက်မလာခဲ့ဘူးဆိုလျှင် မိဘက သေတဲ့အထိ ခွင့်မလွှတ်ဘူးဆိုတဲ့ အဓိပ္ပာယ်တွေ ဖြစ်သွားမှာ စိုးသည်။

သေဆုံးသွားတဲ့လူဟာ ကျန်ခဲ့တဲ့ဘဝကို ဘာမှမသိတော့ဘူးလို့ တရားပြကြပေမယ့်လည်း ကိုယ့်တူမလေး သိနေလိမ့်မည်လို့ ထင်သည်။

တမလွန်ဘဝကနေ ရပ်ကြည့် ဝမ်းနည်းသွားရှာမည်လို့ပဲ စိတ်ထဲမှာ စွဲနေမိ၏။

ထို့ကြောင့် စိတ်ချမ်းသာသွားစေချင်တာပါ။

"နှင်း ရယ် .. သမီးကြီး ဝမလွန်ကနေ ဝမ်းနည်းနေရှာမှာလို့ နင် နည်းနည်း တွေးကြည့်စမ်းပါ ..၊ မိဘတောင် ရောက်မလာတဲ့ သင်္ဂြိုဟ်ပွဲကို .."

"မမ .."

"ဟင် .."

"သူ တမလွန်ကနေ ဝမ်းနည်းနေတယ်ဆိုရင် အဲဒါ သူ့ဈာပနကို လာပြီး နှင်း သွေးတက်သေတဲ့အထိ မြင်ချင်နေလို့ပဲ၊ ဘယ်လိုမှ မမြင်ချင်ဘူး .. ထောင်ကျမယ့် အရှုးမျက်နှာ ..၊ အဲဒီအရှုးရဲ့ အနေ

www.burmeseclassic.com



အသက်ရှိနေတဲ့ အရုပ်မျက်နှာကိုလည်း ခြေမချဘူး .."

ရှိုက်သံတစ်ဝက်နှင့် နာကြည်းသံက ညြရှနေ၏။

တိမ်ဝင်သွားတာ ရှိသလို ဆောင့်ခါ မာကြောသွားတာလည်း ရှိကာ ...

"အရမ်းမုန်းတယ် .. စိတ်နာတာမှလေ ဒီလိုဖြစ်သွားတဲ့ သမီးကို တောင် သနားရမှန်း မသိတော့ဘူး၊ နှင်း ရူးသွားပြီလား မသိတော့ဘူး မမရယ် .. ဒေါသတွေ မုန်းတာတွေပဲ ရင်ထဲမှာရှိတယ်၊ မျက်ရည်တွေ က သူ့အလိုလို စိမ့်ထွက်ကျနေသလား .. ဒါမှမဟုတ် ဘယ်သံယော ဇဉ်နဲ့ ငိုနေမိတာလဲ ..၊ ဒီလောက်မိုက်မဲတဲ့ သမီးကို .."

ဒေါ်နှင်းပွင့်ဖြူ ကြုံ့ကြုံ့ပါအောင် ရှိုက်ငိုနေသည့်အခါ ဒေါ်သီဂီ မြင့် ငိုသံတိတ်အောင် စောင့်ရင်း ငုတ်တုတ်မေ့လေသည်။

"တိတ်ပါတော့ ညီမလေးရယ် .. မမ ဘာမှမပြောတော့ပါဘူး၊ မိခင်တစ်ယောက်ရဲ့ရင်ထဲကို မမလည်း နားလည်ပေးနိုင်ပါတယ် ..၊ ဒါပေမယ့်လေ ဒီလိုပြိုကွဲရတဲ့ ဆင်းရဲဒုက္ခတွေကို သမီးငယ်လေးကို တော့ မခံစားစေချင်ဘူး .."

"မမ ဘာကိုပြောတာလဲ .."

"ဒီအဖြစ်တွေကြောင့် သမီးငယ် ရူးသွားနိုင်တယ် .."

"အဲဒါကြောင့် နှင်း က သမီးငယ်ကို ပြန်ခေါ်သွားဖို့ ဆုံးဖြတ် ထားတာ .."

"သူက လိုက်ချင်ပါ့မလား နှင်း ..၊ မလိုက်ချင်လို့တောင်မှ နေခဲ့သေးတာ .."





"မမလည်း အဲဒီကိစ္စတွေပြီးရင် လိုက်ခဲ့လေ၊ ဒီမှာ တွယ်တာရ မယ့်လူ မရှိတော့ရင် သူလည်း .."

"တွယ်တာရဆုံးလူ ရှိနေမှတော့ သူ ပိုပြီး နောက်ဆံတင်းပြီပေါ့ နှင်း ရယ် .. မမ ဒီအချိန်မျိုးမှာ နင့်ကို နောက်ထပ် စိတ်ညစ်စရာတွေ မပြောချင်ပါဘူး၊ ဒါပေမယ့် လောလောဆယ် သမီးလေးရဲ့ စိတ်ချမ်း သာမှုက ပိုအရေးကြီးနေတာ နင် နားလည်စေချင်တယ် .."

ဒေါ်နှင်းပွင့်ဖြူ အသံပါတိတ်သွားသည်။

ကိုယ် ဘာကိုရည်ရွယ်ပြီး ပြောနေတာမှန်း တစ်ဖက်က နား လည်သည်ဆိုတာ သိလျှင် ဒေါ်သီဂီမြင့် က ပြောဖို့ရှိတာကို ပြီးဆုံး အောင်ပြောဖို့ ဆုံးဖြတ်၍ ...

"တို့ကလေးရဲ့ အသက်အန္တရာယ်ကို သူ ကယ်ခဲ့သလို ခုချိန်ထိ ကလေး အကောင်းတိုင်း ရှိနေတာလည်း သူ့ကြောင့်ပဲ .."

"လာပြန်ပြီလား မမ .. အချစ်ကို မသေဆေးပင်လို အားကိုး ဖက်တွယ်ပြီး ဘာကိုမှ ဂရုမစိုက်ချင်တော့တဲ့ သတ္တိတွေနဲ့ .."

"အချစ်က မသေဆေးပင် မဟုတ်ပေမယ့် ဘဝကို လှပသာယာ မှုတွေလည်း အများကြီး ပေးနိုင်ပါတယ်၊ သေကြေပျက်စီးမှုတွေ ဖြစ်ခဲ့ ရတာကို အချစ်ကြောင့်လို့တော့ သိမ်းကျုံးမချလိုက်ပါနဲ့ နှင်း ရယ်.."

ကလေးတွေရဲ့ စိတ်ချမ်းသာမှုအတွက် ပြေရာပြေကြောင်းတွေပဲ ပြောပေးနေမိသည်။

ပြောခွင့်ရဖို့အတွက် ညီမဖြစ်သူဘက်က အသံတိတ်နေခဲ့တာကို ပဲ ကျေးဇူးတင်နေမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြီး ဒီလိုဖြစ်သွားခဲ့တယ်ဆိုကဲ့ ဂယက်ကြောင့် ရှက်လွှင့်နေတဲ့ သမီးငယ်ရဲ့အနာဂတ်ကို လှိုင်းဖုံးသွားမှာ စိုးရိမ်တယ် .."

တကယ်ဆို ဖြစ်ရပ်တွေကို ခရေစေ့တွင်းကျ သိရမှသာ နှင်းနားလည်နိုင်မှာပါ ..။

သမီးကြီးအတွက် ကရုဏာဒေါသတွေ ..၊ အမုန်းမီးတွေနဲ့ ထွေးလုံး ရစ်ပတ်နေသည့် ရင်ထဲမှာ သမီးငယ်လေး ဘယ်လိုလွတ်မြောက်ခဲ့သလဲ ..၊

မလွတ်မြောက်ခဲ့ရင် ဘာဖြစ်နိုင်မလဲဆိုသည့်အတွေးက အုပ်စိုးပူပန်ခွင့် မရခဲ့သေးတာ ဖြစ်မည်။

ထို့ကြောင့် ဒါကို သတိတရ ပူပန်တတ်လာအောင် ဒေါ်သီဂီမြင့် ကြိုးစားရသည်။

ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်တတ်ဖို့ သတိပေးချင်တာလည်း ပါ၏။

"ပြဿနာဖြစ်တဲ့ညတုန်းကဆိုရင် ကာရံလေး ကို အခန်းတံခါးပိတ်ထားပြီး သူ အချိန်မရွေး သတ်ပစ်လို့ရတဲ့ သားကောင်သဘောမျိုးထားခဲ့တာ ..၊ အဲဒီအချိန်မှာသာ တိမ်တိုက် က သူ့ချစ်သူရှိတဲ့နေရာကို မရောက်ရောက်အောင် မသွားခဲ့ရင်၊ သူသာ သမီးကို မကယ်တင်နိုင်ခဲ့ရင် နင် တွေးကြည့်စမ်း နှင်း .."

ဒေါ်နှင်းပွင့်ဖြူ ငြိမ်သက်နေဆဲ ဖြစ်၏။

ရှိုက်သံတွေလည်း ပျောက်ပြယ်သွားပြီမို့ ပြောဖို့အတွက် အားတက်သွားမိ၏။





"အခု သမီးငယ်လေးက သူ့ကို ပိုပြီး လေးစားအားကိုးစိတ်တွေဖြစ်သွားပြီ၊ တိမ်တိုက် ကလည်း သူ့အလုပ်တွေကို ပစ်ပြီး ဂရုစိုက်ရှာပါတယ် .."

"မမက ဘာဖြစ်စေချင်လို့ ပြောနေတာလဲဟင် .."

"မဟုတ်ဘူးလေ ..၊ ညီမလေးက လူငယ်တွေအပေါ်မှာ .."

"နားလည်မှုတွေ ပေးရမယ် .. ကျန်တဲ့သမီးကိုလည်း ထပ်ပေးလိုက်ရဦးမယ်၊ ဒီလိုလား .."

"ကိုယ် ပြန်ရလိုက်တာ သူပေးတဲ့အသက်ပဲ နှင်း၊ သမီးရဲ့အသက်သခင် .. တို့တွေရဲ့ကျေးဇူးရှင်ပဲ၊ သမီးကို ထိုးအပ်လိုက်ပါလို့ မမ မပြောပါဘူး၊ ဒါပေမယ့် ညီမလေးရဲ့သဘောထားလေး နည်းနည်းဖြစ်ဖြစ် ပြောင်းလိုက်ပါနော် .."

"အဲဒါ အခု နှင်း က ဘာတွေပေးဆပ်ရမှာလဲ .."

"ဘာမှမပေးဆပ်ရပါဘူး .. ဟိုအရင်ကလို လုံးဝ သဘောမကျဘူး၊ လုံးဝ မပေးစားနိုင်ဘူးဆိုတာမျိုးတွေ .. အဲဒါနဲ့ သက်ရောက်မှုဆင်ဆင်တူတဲ့စကားမျိုးတွေ မပြောဖို့ပဲ မမက သတိပေးနေတာ၊ စိတ်ညစ်စရာတွေပေါ်မှာ ထပ်ပြီး အားလုံး စိတ်ဆင်းရဲကြမှာ .."

"မမ .."

"ဟင် .."

"တိမ်တိုက် က အခု မမတူမကို လက်ထပ်ပါရစေလို့ ပြောနေပြီလား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် သူတို့က ချစ်သူတွေဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ..”

“နှင်း သိတယ် .. ကိုယ့်ကိုဖုံးထားတဲ့ကိစ္စမို့လို့ တမင် မသိချင်ယောင်ဆောင်နေတာ ..”

“ဟင် ..”

“နောက်ထပ် သိသေးတာက ဒီကောင်လေးကို မမတူမကပဲ စပြီး ချစ်ယောင်ပြခဲ့တာ ..”

“ဟယ် .. ဟုတ်ပ့ါမလား နှင်း ရယ် ..”

ခဏတိတ်သွားပြီး ငိုသံတွေ ပါလာတော့သည်။

“အကြီးက ရှေ့ကနေ ပညာတွေ ပေးတယ်၊ အငယ်က ဒီပညာတွေနဲ့ပဲ ဘဝကို အလံထူဖို့ ကြိုးစားပြန်ပြီ ..”

ဘယ်လိုတွေ ဆက်စပ်တွေးလိုက်တာလဲ ..၊

ဒေါ်သီဂီမြင့် ကိုယ်တိုင် ကြားလိုက်ရမှပဲ အံ့သြမိတော့သည်။ ဒါပေမယ့် မေးလည်း မမေးရက် ..။

“ယောက်ျားလေးတွေရဲ့တန်ဖိုးကို ဘယ်လိုတွက်ချက် ဗန်းတင်ပြီး ကိုယ့်တန်ဖိုးကို ဓါးရိုးထားနေကြတာလဲ ..၊ နှင်း ရဲ့သမီးတွေကျမှ တန်ဖိုးမဲ့နေကြတာလား ..”

“တော်ပါတော့ နှင်း ရယ် .. ကြားလို့လည်း မကောင်းပါဘူး”

“ကြားကောင်းအောင် ပြောစရာမှ မရှိတာ ..”

ဒေါ်သီဂီမြင့် အပေါ်ထပ်တက်ပြီး တစ်ယောက်တည်း ပြောနေတာပေမယ့် ဒီလိုစကားတွေကိုတော့ ကြားလည်း မကြားချင် ..။

ပြောလည်း မပြောစေချင်ပေ။





တတ်နိုင်သမျှ အဖြစ်ဆိုးဟူသမျှကို မေ့ဖျောက်ဖို့သာ ကြိုးစားရမှာ မဟုတ်ဘူးလား ..။

အစွဲအလမ်းဆိုတာ လွန်ကျူးလာတာကို ခေါ်သည်။

ဒါကြောင့် စိတ်ရောဂါ ခံစားရနိုင်သလို နှလုံးထိခိုက်တာလည်း ဖြစ်နိုင်သေးသည်။

“ဒီမှာ မမ .. အေးဂျင့်တွေက မိန်းမ ယူချင်တိုင်း ယူလို့ရတာ မဟုတ်ဘူး၊ အဲဒီကောင်လေး ကာရံ့ ကို ရှောင်တယ် ..၊ ကြိုက်သွားကြတယ်ဆိုတာ မမ တွေးကြည့် ..”

“လုံးဝ အထင်အမြင်သေးတဲ့ပုံ မရှိဘူး၊ ကလေးကို အရမ်းမြတ်နိုး တန်ဖိုးထားတဲ့ပုံပါ၊ ပြီးတော့ ပညာတတ် လူကုံထံတစ်ယောက် ..”

“ဟွန့် ..”

“နားထောင်ပါဦး နှင်း ရယ် .. အောက်တန်းကျတဲ့ ယောကျ်ားတစ်ယောက်ကြောင့် အားလုံးကို မထင်ပါနဲ့၊ နွေမွှန်းတည့် က ..”

“အဲဒီနာမည် ထည့်မပြောပါနဲ့ မမ ..”

ဒေါ်သ ဘယ်လောက်ထွက်နေသလဲဆိုရင် တစ်ခါမှ ပြန်ခံမအော်ခဲ့ဖူးသည့်အစ်မကို ဖုန်းထဲကနေ ပိတ်အော်လိုက်တာ အဖျားသတ် တိမ်ဝင်မသွားခဲ့ဘူးဆိုလျှင် နားအူသွားနိုင်၏။

“အေးပါ .. မပြောတော့ဘူး ..”

ကိုယ်က ကြီးတဲ့သူမို့ အားလုံးကို နားလည်ပါသည်။

“သမီးငယ်ကို ငါ ခေါ်လာခဲ့ပါ့မယ် .. ဆူတာပူတာတွေ မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပဲ သတိထားပါ၊ ပြီးတော့လေ သူ မလိုက်ချင်ဘူးဆိုရင်လည်း ..”

“ဘယ်သူနဲ့ ထားခဲ့ရဦးမှာလဲ .. ပြောပါ၊ မမ ဘာတွေလာပြောနေမှန်း နှင်း နားမလည်နိုင်တော့ဘူး ..”

ဟုတ်သည် ..၊

ကိုယ့်ကိုပါ လိုက်ခဲ့ပါလို့ နှင်း ပြောထားပြီးသား ..။

“ဟုတ်ပါတယ် .. ဘာပဲပြောပြော ဒေါသတွေ တင်းမာမှုတွေ နည်းနည်းလျှော့ဖို့ပါ၊ ပြီးတော့ ငိုချည်းပဲ မနေနဲ့ဦးနော် .. သူ့အဖေကိုလည်း ပြောသင့်သလောက်ပဲ ပြောပါ နှင်း ရယ် .. ဟိုမှာ စိတ်ထိခိုက်ပြီး အလုပ်အကိုင် အကြံအစည် ပျက်ပါ့မယ်”

ဒေါ်နှင်းပွင့်ဖြူ ဘာမှမပြောဘဲ ငြိမ်နေ၏။

“သေတယ်ရှင်တယ်ဆိုတာ တရားသဘောနဲ့ ဖြေလို့ ရသေးတယ်၊ အဖြစ်ဆိုးနဲ့ ပက်ပက်စက်စက် ဖြစ်သွားရတယ်ဆိုတာ ပေး မသိပါနဲ့တော့ ..”

ဖုန်းချလိုက်တဲ့အချိန်မှာ ဒေါ်သီဂီမြင့် မျက်ရည်စက်တွေ အသံတိတ်ကျပြန်လေသည်။

ပြောစရာ စကားအကြောင်းအရာတွေ အများကြီးနဲ့ တစ်နေကုန် တစ်ညလုံးပဲ ဖုန်းပြောလို့ ရနေရင်လည်း အကောင်းသား ..၊

ပစ္စုပ္ပန်ထဲမှာ လူသာကျန်ခဲ့လျက် စိတ်ကို အနာဂတ်မှာ လွင့်မျောစေချင်သည်။

အနာဂတ်ဆိုတာတောင် မနက်ဖြန်တွေနဲ့ ဝေးကွာတဲ့နှစ်များစွာဆီကို ဖြစ်သည်။





ဒီနေ့တွေကို မုန်းပါ၏။

မနက်ဖြန်တွေကိုလည်း ရင်မဆိုင်ချင် ..၊

ဘာကြောင့်များ ဒီအဖြစ်တွေထဲမှာ ကိုယ်သာ တရားသူကြီး၊ ကိုယ်သာ တရားခံ ဖြစ်နေရတာလဲ ..၊

မလိုချင်သမျှ အားလုံးတို့ဟာ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"မမက ဘာဖြစ်လို့ တန်းမလိုက်နိုင်ရတာလဲ ..၊ တစ်လပြည့်ပြီးရင် လိုက်ခဲ့ပေါ့ .."

"အေးပါ .."

ဒေါ်သီဂီမြင့် မျက်လွှာချရင်း ကတိပေးလိုက်ရသည်။

လေဆိပ်ကိုသွားကြမလို့ ပြင်ဆင်ထားကြတာတွေကို ကြည့်ရင်း ထွက်မလာသည့် ကာရံ တစ်ယောက် ငိုနေပြီလားလို့ နားစွင့်ကြည့်မိ၏။

သူမ ခမျာမှာလည်း မိခင်ဖြစ်သူ စိတ်သောကများနေတာကို ငဲ့ညှာရှာသည်။

ဒါကြောင့်လည်း ဒီထိ ပါလာခဲ့တာ ဖြစ်၏။ မျက်နှာလေး ညိုနေတတ်ပေမယ့် ဘာမှမပြောခဲ့ဘဲ ဒီနေ့ကျမှ ..၊





"သမီးငယ် .. ပြီးရင် ထွက်ခဲ့ သမီး .."

တစ်ပတ် တစ်ရက်လောက်တောင် ထပ်မနေနိုင်ပါဘူးဆိုလို့ ပြန်ဖို့ စီစဉ်လိုက်တာ အားချင်း ..၊

"သမီး ကာရံ .."

"လာပြီ မေမေ .."

ကာရံ အသံပျော့ပျော့လေးနှင့် ထွက်မလာသေးခင် ပေါ်တီကိုအောက်မှာ ကားနက်လေးတစ်စီး ထိုးရပ်လာခဲ့၏။

သူတို့တွေ လှမ်းကြည့်လိုက်မိကြကာ တစ်ယောက်မျက်နှာ တစ်ယောက်လည်း ပြန်ကြည့်မိ၏။

ဒေါ်သီဂီမြင့် က လက်ခနဲ ဝင်းသွားသည့် မျက်လုံးတွေကို မျက်လွှာချ၍ ကမန်းကတန်း ကာကွယ်လိုက်ရင်း ...

"တိမ်တိုက် .."

လို့ ညီအစ်မချင်း ကြားနိုင်ရုံလောက်ပဲ ပြောလိုက်၏။

ဒေါ်နှင်းပွင့်ဖြူ မျက်နှာ တင်းသွားသည်။

သို့သော် ဆင်းလာတာက တိမ်တိုက် တစ်ယောက်တည်းမဟုတ်ဘဲ ကိုယ်နဲ့ ရွယ်တူ အမျိုးသမီးကြီးတစ်ယောက်လည်း ပါနေသဖြင့်...

"ဧည့်သည်တွေပါလား .. ဘာကိစ္စများလဲရှင် .."

ရပ်နေရာမှ ထွက်သွားကာ သိမ်မွေ့စွာပဲ ကြိုဆိုလိုက်၏။

"ကျွန်မက သားကြီးရဲ့အဒေါ် ဒေါ်ယုဇနမွှေး ပါ၊ သားကိုတော့ ဒီက အစ်မကြီး သိမှာပါ .."

ကိုယ့်ကို လက်ညှိုးထိုးလာတော့မှ ဒေါ်သီဂီမြင့် က ပြုံးပြပြီး



www.burmeseclassic.com

www.burmeseclassic.com



နေရာမှထကာ ...

"ဟုတ်ပါတယ် .. ထိုင်ပါရှင် .."

တိမ်တိုက် က မိုးပြာရောင် ရုပ်အင်္ကျီလက်ရှည်ကို တံတောင်ဆစ်လောက်ထိ ပြန်ခေါက်တင်ထားကာ ဘောင်းဘီအညိုရောင်နှင့် ဖြစ်သည်။

ဆံပင်တွေကို သိမ်းလှန်ဖြီးထားပေမယ့် ရင့်ရော်သည့်ဘက်ကို မရောက်ဘဲ ရှင်းသန့် ချောမွေ့နေ၏။

အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်သည် သူ ဝါသနာပါသည့် အလုပ်နှင့် အပ်စပ်သော တောင့်တင်းကျစ်လျစ်မှုနှင့် မြင့်မြင့်မားမားမို့ ကြည့်ကောင်းသည်။

ဒေါ်နှင်းပွင့်ဖြူ တစ်ချက်ပဲ စိုက်ကြည့်လိုက်ပေမယ့် အားလုံးကို အကဲခတ်ပြီး ဖြစ်၏။

သင်းတို့က နာရေးကိစ္စတွေထဲမှာ သားရေးသမီးရေး လာဆွေးနွေးတာလား ..၊

ဒီလောက်လေးတောင် သိတတ်မှု မရှိကြဘူးလား ..။

ဧည့်သည်တွေကတော့ ဧည့်ခန်းမှာ ထိုင်လိုက်ပြီးဖြစ်ကာ...

"သားနဲ့ပတ်သက်ပြီးမှ သိရပေမယ့် ဒီက ကလေးရဲ့ နာရေးအတွက် .."

"နာရေးက ရန်ကုန်မှာပါ ..၊ ကျွန်မ အဲဒီအသံတွေနဲ့ နီးစပ်တဲ့ နေရာမှာတောင် မနေဘူး .."

အသက်အရွယ်ကို ခဏတစ်ဖြုတ် မေ့သွား၏။





ဒေါ်သီဂီမြင့် ကြားထဲက အားနာသွားကာ ဒေါ်ယုဇနမွှေး က တစ်ချက် အမ်းသွားပြီးမှ ...

"ဟုတ်ပါတယ် ညီမရယ် .. အစ်မတို့ကလည်း နာရေးမေးဖို့ အတွက်နဲ့တော့ ခရီးဝေးကြီးကို တကူးတက ရောက်မလာပါဘူး ..၊ အဲဒီလို ဖေးမ ဖျောင်းဖျရအောင်လည်း အစ်မတို့ချင်းက ရင်းနှီးကြတာမှ မဟုတ်တာ .."

ဒေါ်ယုဇနမွှေး က တောင်းပန်သလို ပြုံးပြကာ ...

"ကိစ္စတွေဆက်စပ်ပြီးမှ လူငယ်ချင်းက ဘယ်လိုချိတ်ဆက်မှုတွေရှိလို့ ဒီလိုပတ်သက်ခဲ့တာလဲဆိုတာကို တွေးမိတာ .. အဲဒါကို ပြောချင်တာပါ၊ အခု အစ်မရဲ့တူလေးနဲ့ ဒီက .."

ဒေါ်ယုဇနမွှေး ရဲ့မျက်လုံးတွေက ခန်းဆီးနောက်ကွယ်က ထွက်လာသည့် ကာရံ့ ကို လှမ်းမြင်လိုက်ပြီး စကားသံပါ ရပ်သွား၏။

ပြီးမှ ကာရံ့ ကို ပြုံးပြရင်း ...

"စကားတွေများရင် အမှားပါမှာစိုးတယ်၊ ဒါကြောင့် လိုရင်းပဲ ပြောရရင် အခု ဖြစ်ပျက်သွားတဲ့ အမှုကိစ္စနဲ့ပတ်သက်ပြီး သမီးလေးကို နိုင်ငံခြားခေါ်သွားတော့မယ်လို့ သိရပါတယ် .."

ဒေါ်နှင်းပွင့်ဖြူ အကြည့်တွေက အစ်မဖြစ်သူထံ ရောက်၏။

စိတ်ထဲမှာ မကောင်းပေမယ့် ထပ်ပြီး မရိုင်းချင်တာမို့ ဘာမှ မပြောဘဲ နေလိုက်မိသည်။

"ဟို .. ဒီအချိန်မှာ မပြောသင့်ပေမယ့် ပြန်မလာတော့ဖို့က များတယ်ဆိုတော့ မေတ္တာသက်ဝင်နေကြတဲ့ လူငယ်တွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လောက် ငဲ့ပေးဖို့ ..”

သိနေသည် ..၊

သားကို ခေါ်ပြီး ရောက်လာကတည်းက ဒါပဲဆိုတာ ..။

ဒေါ်နှင်းပွင့်ဖြူ မျက်နှာတင်းနေသဖြင့် ဒေါ်သီဂီမြင့် မနေသာတော့ပေ ..။

“ဟုတ်ပါတယ် .. မိဘတစ်ယောက်အနေနဲ့ ဒီမှာက ဘယ်လိုမှ ဆက်နေနိုင်ဖို့ မလွယ်တော့တဲ့ အဖြစ်တွေကြောင့် ..”

“ဒီလိုမလုပ်ပါနဲ့ အန်တီ ..”

တိမ်တိုက် အသံထွက်လာတော့ ဒေါ်နှင်းပွင့်ဖြူ လှည့်ကြည့်လိုက်တာနဲ့ အကြည့်ချင်း ဆုံသွားသည်။

“သူ့ကိုယ်မှာ ဒဏ်ရာအချို့က မကြီးကျယ်ပေမယ့် အကင်းမသေသေးဘူး .. စိတ်ပိုင်းဆိုင်ရာလည်း နိုင်မာမှု မရသေးပါဘူး”

“အဲဒါကြောင့် အန်တီက ခေါ်သွားမှာ ..”

စကားလုံးက ပြေပြစ်ပေမယ့် စကားသံက ကြမ်းရှနေသည်။

ဒါတောင် ဒေါ်နှင်းပွင့်ဖြူ ရင်ထဲမှာ ဒီလူငယ်ဟာ သမီးလေးအသက်ကို ကယ်တင်ခဲ့တဲ့ သမီးရဲ့ချစ်သူ ဖြစ်နေလို့သာ ..၊

“အဲဒါကို စဉ်းစားပါဦး အန်တီ .. ကောင်းကျိုးဆိုးကျိုးဆိုတာ လူတိုင်း တွေ့ကြုံနေကြရတာပါ၊ ဒါကြောင့် အစက ရည်ရွယ်ချက်မရှိခဲ့ဘဲ ခုမှ အပြီးပြောင်းကြတော့မယ်ဆိုရင် ကိုယ့်တိုင်းပြည် နစ်နာသလို မပျော်ပိုက်ဘဲ မြုပ်နှံရမယ့်ဘဝတွေက တစ်ခုတည်းမက ဆုံးရှုံးကြရမှာ ..”





“လူမျိုးရေးတရား လာဟောနေတာလား တိမ်တိုက် ..၊ ခုချိန်မှာ အန်တီ့ရင်ထဲကို မင်း မမြင်နိုင်တဲ့အတွက် ပြောသမျှကို မင်း နားဝင်ချိုမှာ မဟုတ်ဘူး ..”

“ကျွန်တော်ကလည်း နားဝင်ချိုမယ့်စကားတွေ ကြားချင်လို့ လာတာ မဟုတ်ပါဘူး ..”

ကြည့်စမ်း ..၊

“ကိုယ့်လူမျိုးကို ချစ်သလို ကာရံ့ ကိုလည်း ဆုံးရှုံးမခံနိုင်လို့ မေတ္တာရပ်ဖို့ လာခဲ့တာပါ၊ နာရေး တစ်လမပြည့်သေးဘဲ တောင်းရမ်းလက်ထပ်ဖို့ စကားလာပြောတာလည်း မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော် ခုမှ မတားရင် ကာရံ နဲ့ ပြန်ပြီး နီးစပ်ဖို့က မလွယ်တော့လို့ပါ ..”

“သမီးအသက်ကို ကယ်ခဲ့တာပဲဆိုပြီး ပြောခွင့်ရှိတယ်လို့ ထင်ရင်တော့ စိတ်မကောင်းစရာပဲ တိမ်တိုက်၊ အန်တီ ကျေးဇူးမကန်းတတ်ပါဘူး .. ဒါပေမယ့် သမီးကိုတော့ မပေးနိုင်ဘူး ..”

“ဒီလိုတော့ အပြတ်အသတ် မငြင်းပါနဲ့ ညီမရယ် ..”

“ကျွန်မမှာ ငြင်းခွင့်ရှိတယ် ဒေါ်ယုဇနမွေး .. ကျေးဇူးတရားကို တခြား ဘယ်လိုပဲ ပြန်ဆပ်ပါရစေ ..”

“ကျွန်တော်က ကျေးဇူးတွေ ပြန်လိုချင်လို့ လာခဲ့တာမှ မဟုတ်ဘဲ အန်တီ .. ကျေးဇူးပြုဖူးတိုင်း မိန်းမ လျှောက်တောင်းနေရရင် ကျွန်တော့်မှာ ထားစရာတောင် မရှိတော့ဘူး၊ အေးဂျင့်တစ်ယောက်အတွက် အသက်ကယ်တာ .. ကာကွယ်ပေးတာတွေက မထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ..”

ဒေါ်နှင်းပွင့်ဖြူ ဘာမှမပြောဘဲ ငြိမ်နေ၏။

ဤလူငယ်ကို ကျေးဇူးကြီးမားလှချေရဲ့လို့ ပြေးရှိခိုးချင်လောက်အောင် ကျေးဇူးတင်နေတာပါ ...။

ဒါပေမယ့် သမီးလေးကို မပေးနိုင် ...။

“သူ့ကို စိတ်ပြေလက်ပျောက် ခေါ်သွားမှာမျိုးဆိုရင် အခု သူနဲ့ ကျွန်တော်တို့ အားလုံးရှေ့မှာပဲ ဒါကိုပြောပြီး ဆွဲခေါ်သွားပါ ..”

“အပြီးခေါ်သွားမှာဆိုတော့ မင်းမှာ တားပိုင်ခွင့် ရှိသလား”

“မရှိပါဘူး .. ဒါပေမယ့် ကျွန်တော် ကာယကံရှင်ကို မေးခွင့်ပြုဖို့ အန်တီ ခွင့်ပေးပါ ..”

“ဘာ!...”

ဒေါ်သက ငယ်ထိပ်တက်ဆောင့်သလား မသိ ...၊

ဒေါ်သည်ကို အော်လိုက်မိပါသလားလို့လည်း သတိမရ ...၊

သို့သော် ...

“ကျွန်တော့်အလုပ်အကိုင်ကြောင့် အန်တီ သဘောမတူနိုင်ဘူးလို့ ကာရံ က ပြောဖူးတယ်၊ ကျွန်တော် တတ်နိုင်သမျှ သူ စိတ်ချမ်းသာအောင် ကြိုးစားမှာပါ၊ အေးချမ်းတဲ့နေ့ကိုရောက်မှ လက်ထပ်မှာ ...၊ အဲဒီနေ့ မတိုင်ခင် ကာရံ့ ကို ခေါ်မသွားပါနဲ့ ..”

“ကာရံ က ငါ့သမီး ..”

“ကျွန်တော့်ကို သူ ချစ်တယ်၊ ကျွန်တော်ကလည်း သူ့စိတ်တိုင်းကျဖြစ်စေဖို့ ဆုံးဖြတ်ထားပြီးပြီ .. အဲဒါကြောင့် သူ့ကို မေးခွင့်ပြုပါ၊





ကျွန်တော်နဲ့ နေခဲ့မလား .. နိုင်ငံခြားမှာ တစ်ခါတည်း ဘဝကို ပုံအပ်ဖို့ သွားနေမှာလားဆိုတာ ..”

“ဒီမှာ တိမ်တိုက် .. ငါ အပြတ်ပြောမယ် ..”

“ဟင် .. သမီး .. သမီးလေး ကာရံ ..”

ဒေါ်နှင်းပွင့်ဖြူ ဘာမှ မပြောလိုက်နိုင်တော့ပေ ...၊

နောက်လှည့်ကြည့်လိုက်တော့ ကာရံ က ခန်းဆီးရှေ့မှာ ခွေခေါက်ပုံကျလျက် ...

ရင်ထဲမှာ နာကျင်သွားသည်။ မျက်ဝန်းမှာ မျက်ရည်ဝေ့ရင်း အံကြိတ်ထားမိသည်။

တကယ်တော့ မိဘမေတ္တာကသာ မသေဆေးပင်ပါ သမီးရယ်...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

သမီးကြောင့် ဒေါ်နှင်းပွင့်ဖြူ ပါ မပြန်နိုင်တော့ဘဲ ဖြစ်ခဲ့လေသည်။ အစတည်းက မုန်းခဲ့ကြတာ မဟုတ်တော့ စိတ်ကို တစ်ထစ် လျှော့တွေးလိုက်တာနှင့် တိမ်တိုက် နဲ့ သမီးလေးကိုလည်း ကြည်ဖြူနိုင်ခဲ့၏။

ထို့ကြောင့် တိမ်တိုက် ရဲ့မိဘများနဲ့ ဒေါ်နှင်းပွင့်ဖြူ တို့ နှစ်အိမ့်တစ်အိမ်လို ခင်မင်သွားခဲ့ခြင်းသို့ ရောက်၏။

ဒါပေမယ့် အပြုံးတွေကတော့ မချိုနိုင်သေး ...။

"နှင်း .."

"ရှင် .."

"လာ .. ညီမလေး .. ခြံထဲမှာ လမ်းဆင်းလျှောက်၊ ဒီအိမ်ထဲမှာက ပိတ်ထားတဲ့အိမ်ဆိုတာ ရက်ပိုင်းလောက်နဲ့လည်း အနံ့အသက်တွေ ထွက်တာပဲ .."





ဒေါ်သီရိမြင့် က တစ်အိမ်လုံး လှည့်ပတ်ကြည့်နေသည့် ညီမဖြစ်သူကို အသာလေး ပခုံးဖက် ခေါ်သွား၏။

သမီးကြီးနေခဲ့တဲ့အိမ်ကို ကြည့်ပါရစေလို့ သူမပဲ စပြောလာပြီး ဒီထဲဝင်လိုက်ကတည်းက မျက်ရည်က မစဲ ...။

"ဟော .. တိမ်တိုက် .."

"အန်တီ ကာရံ အထဲမှာလား .."

"ဟုတ်တယ် သား .."

တိမ်တိုက် က ဘေးမှာ မျက်ရည်ဝေ့နေသည့် ဒေါ်နှင်းပွင့်ဖြူ ကိုကြည့်၍ နှုတ်ဆက်သလို ခေါင်းတစ်ချက် ငုံ့သည်။

"မေမေတို့ ပါတယ် အန်တီ .."

လို့ တိုတိုပြောပြီး အထဲဝင်ခဲ့၏။ ကားထဲက ဆင်းလာသူတွေကို ဒေါ်သီရိမြင့် ကပဲ တံခါးဝကနေ ကြိုဆိုကာ ...

"လာ .. ခြံထဲမှာ အေးတယ် ဒေါ်ဇီဇဝါ တို့ .."

ညီအစ်မနှစ်ယောက်ကလည်း ဒေါ်နှင်းပွင့်ဖြူ ကိုပဲ အားပေးနှစ်သိမ့်ချင်တာမို့ အိမ်ထဲကို တစ်ချက်ပဲကြည့်ကာ ခြံထဲကိုပဲ ဦးတည်သွားကြ၏။

တိမ်တိုက် က ကာရံ့ ကို လိုက်ရှာရင်း အပေါ်ထပ် ရောက်သွား၏။ ကာရံ သည် ဖွင့်ထားပေမယ့် မှောင်နေသည့်အခန်းတံခါးဝမှာ တောင့်တောင့်လေး ရပ်နေ၏။

"ဘာလုပ်နေတာလဲ .."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ ဖွဖွလေး သိမ်းဖက်ထားလိုက်လျှင် ကာရံ ပခုံးလေး ကျုံ့သွား၏။

"ကိုကို .."

"ဟုတ်တယ် ..၊ မင်းရဲ့ကိုကို .."

"ဘယ်တုန်းက ပြန်ရောက်တာလဲ ..၊ တစ်ပတ်လောက်ပဲဆိုပြီး ရှစ်ရက်တောင် .."

"တစ်ရက်ကြီးများတောင် နောက်ကျသွားတယ်နော် .."

"တစ်ရက်ကို ကာရံ ဘယ်လောက်မျှော်နေရသလဲ သိလား .."

"မသိဘူး .. ကိုယ်ကတော့ ကိုယ်လွမ်းတာပဲ သိတယ် .."

"အာ!... ကိုကိုကလည်း .."

ကုပ်သားနုနုလေးကို ဖိကပ်နမ်းလိုက်တော့ ကာရံ ဇက်လေးပု သွားကာ တစ်ကိုယ်လုံး ထူပူ ရှိန်ဖိန်းသွား၏။

ပြီးတော့ ဒါနဲ့လည်း မရပ်နိုင်ဘဲ ...

"ကိုကို လွှတ်ပါဦး .. တော်ကြာ မေမေတို့ ဝင်လာလိမ့်မယ်.."

"ဘယ်သူမှ မလာဘူး .. လုပ်မနေနဲ့ .."

ပခုံးလေးကနေ ဆွဲလှည့်၍ မျက်နှာလေးကို နမ်းတော့ ကာရံ ကိုကို့ ပခုံးတွေပေါ် လက်လေးတွေတင်ထားရင်း ငြိမ်ငြိမ်သက်သက်လေး နေမိ၏။

"ကိုယ်တို့စေ့စပ်ဖို့ ပိုပိုဝေးသွားအောင် ချာတိတ်က ဒီအဖြစ်တွေကို အသစ်က ပြန်ပြီး ခံစားမနေနဲ့ကွာ .."

"ကိုကိုက ကာရံ့ ကို စေ့စပ်ပြီးသားဆိုပြီး စာတမ်းကပ်ထားချင်



BURMESE CLASSIC .com



တာပါ၊ လက်ထပ်ဖို့ကျတော့ .."

"ကိုယ် အမြန်ဆုံး ကြိုးစားနေတယ်ကွာ .. အဲဒါကို တောင်းပန်ထားသားနဲ့၊ ယောက္ခမလောင်းကြီးရှေ့မှာ မင်း ညည်းညူမနေနဲ့ဦး"

"ကာရံ သိပါတယ် ကိုကိုရယ် .. ခုလည်း မေမေ မသိအောင် ဖုံးထားပြီး ဟိုလူယုတ်မာ ညစ်ပတ်ခဲ့တဲ့ကိစ္စကို ကြိတ်ရှာနေကြရတာ စိတ်ပင်ပန်းနေကြတာပါ၊ စေ့စပ်ဖို့ရော .. လက်ထပ်ဖို့ရော .. ကာရံ ဘာမှ မစရဲပါဘူး"

"အဲဒါ ကိုယ့်ကောင်လေးတွေ ဝိုင်းရှာပေးနေကြတာပဲ၊ တခြားလူတွေ ပင်ပန်းပါစေကွာ .. မင်း ဒီကိုလာလာပြီး မရှာပါနဲ့ .."

"ကိုကိုကလည်း .."

ကာရံ မျက်နှာညိုသွားတော့ တိမ်တိုက် က သူမတစ်ကိုယ်လုံးကို ရင်ခွင်ထဲသွင်း ဖက်ထားလိုက်ကာ ...

"မင်း စိတ်ကျန်းမာသေးတာ မဟုတ်ဘူး .. ကိုယ် အနားမှာ ပါမလာဘဲ နောက်ကို ဒီထဲမဝင်နဲ့နော် .."

"ဘာဖြစ်လို့လဲ ကိုကို .. နေ့လယ်ခင်းကြီးမှ လူတွေအများကြီးနဲ့ ဥစ္စာ၊ ဘာအန္တရာယ်ရှိနိုင်လို့လဲ .."

"စိတ်ဆိုတာ တစ္ဆေပဲကွ၊ ကိုယ့်စိတ်က ပုံဖော်သလို အရုပ်ဖြစ်တယ်၊ ကိုယ် စိတ်ပူနေတာ မင်း မသိပါဘူး ချာတိတ်ရာ .. ပြောရင် နားထောင်ပေးစမ်းပါ"

ကာရံ က ခေါင်းလေးညိတ်ပြပြီး ...

"နားထောင်ပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ .. ဒါဆို ဟိုဘက်ကဝရန်တာကို ခဏသွားရအောင်"

"ဟင်!... ကိုကိုက အဲဒီမှာ ဝရန်တာရှိနေတာ သိတယ်"

"သိတာပေါ့ .. ဒီမှာ လာရှာကြတုန်းက ကိုယ် နှစ်ခါ ပါလာသေးတယ် .."

"ဘာရှာတာလဲဟင် .."

"သူက စိတ္တဇဆန်နေတော့ တခြားပြစ်မှုတွေ ကျူးလွန်ပြီး လျှို့ဝှက်ထားတာ ရှိသေးလားဆိုတာပေါ့ .. မင်းတို့ရှာနေကြတာကို လာရှာတာ မဟုတ်ဘူး .."

"ကာရံ လည်း သိပါတယ် .."

"ဒါကိုမှ မတွေ့ရင် လရိပ်ဖြူ မကျွတ်လွတ်နိုင်တော့ဘူးဆိုတာကို အရမ်း စွဲမထားနဲ့နော် .. တကယ်လို့ ဘယ်လိုမှ ရှာမတွေ့တော့ဘူးဆိုရင် မင်း စိတ်ချမ်းသာမှာ မဟုတ်ဘူး .."

"ကိုကိုက ကာရံ့ ကို စိတ်မဆင်းရဲစေချင်လို့ နှစ်သိမ့်နေတာလား .. မယုံကြည်တာလား .."

"ဘာကိုယုံရမှာလဲ ကာရံ .. နွေမွန်းတည့် ငင်ရာလျှောက်ပြီး ကြိမ်းဝါးလိုက်တဲ့ စကားတစ်ခွန်းက သေပြီးတဲ့လူကိုပါ ချုပ်ကိုင်နိုင်တယ်ဆိုတာ အဓိပ္ပာယ်မရှိတာ .."

"ဒုန်း .."

"အမေ့!..."

ခြေထောက်နင်းထားသည့် အောက်ထပ်တည့်တည့်က အမာခံတစ်ခုခုနဲ့ ဆောင့်ထိုးလိုက်သလို သူတို့ခြေထောက်တွေပါ တုန်သွား





ကြ၏။

ကာရံ မျက်လုံးလေးဝိုင်းသွားတော့ တိမ်တိုက် က ခေါင်းခါပြကာ ...

"တစ်ယောက်ယောက် ရှိလို့ နေမှာပါ၊ လာ .. သွားကြည့်မလား .. လိုက်ခဲ့ .."

လက်လေးကို ဆွဲလိုက်တော့ ကာရံ က ပြန်ရုန်း၍ ...

"ရပါတယ် .. ကာရံ မကြောက်ပါဘူး .."

မကြောက်ဘူးလို့ ပြောလိုက်တော့ တိမ်တိုက် မျက်နှာ ကြည်သွား၏။

"လာ .. ဝရန်တာဘက် သွားရအောင် .. ဪ .. နေဦး၊ အဲဒီမှာ ခုံ မရှိဘူး ထင်တယ် .."

တိမ်တိုက် က ခုံ ရှိမရှိ သွားကြည့်မှာမို့ ကာရံ့ လက်လေးကို ဖြုတ်ထားခဲ့ပြီး ထွက်သွား၏။

ကာရံ က ဒီတိုင်းလေးပဲ ရပ်ကျန်ခဲ့ကာ မျက်လုံးတွေက မှောင်နေသည့်အခန်းထဲကိုပဲ ရောက်သွားခဲ့သည်။ ပြီးတော့ အထဲကို ဝင်လိုက်ပြီး မီးဖွင့်ကြည့်တော့လည်း ဖျတ်ခနဲ လင်းလာ၏။

အထဲမှာ ခုတင်နဲ့ အိပ်ရာပြင်ထားတာ တွေ့ရကာ ဘယ်သူ့အခန်းမှန်း မသိပေမယ့် စိတ်ထဲမှာ ဖြိုးဖြိုးဖျင်းဖျင်းကြီး ပူနွေးလာသဖြင့် နောက်ပြန်လှည့်သည်။

ထိုစဉ် မီးပိတ်မလို့ လှမ်းလိုက်သည့်လက်က ခလုတ်ဆီမရောက်မီ မီးရောင်က တဖျတ်ဖျတ် မျက်တောင်ခတ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို ဖျတ်ခနဲ ခံစားမိလိုက်ကာ ကာရံ တစ်ကိုယ်လုံး ကြက်သီးတွေ ထသွား၏။

အပြင်ကို ပြန်ထွက်မလို့ ခြေလှမ်းကျဲကျဲနဲ့ ထွက်လိုက်မိသည်။

ဒါပေမယ့် မကြည့်အပ်သည့်မျက်လုံးက နံရံမှာကပ်ထားသည့် တစ်ပေပတ်လည် မှန်ချပ်ထဲကို ရောက်သွားခါ ...

"ဟင်!... မမ .."

ခေါင်းတစ်ခြမ်းစောင်းကျလျက် ဆံပင်တွေ တစ်ခြမ်းဖုံးနေသော မျက်နှာဖြူဖြူဖွေးဖွေးကြီး ..၊

"အား!..."

မျက်နှာကို လက်နှစ်ဖက်နဲ့ ကာရင်း စူးစူးဝါးဝါး အော်လိုက်မိသည်။

"ကာရံ .. .."

တိမ်တိုက် ပြေးလွှားရောက်လာသည့်အချိန်တွင် ကာရံ သည် ဖုန်တက်နေသော ကြမ်းပြင်ပေါ်မှာ ခွေခေါက် ပုံကျလျက် ...

သူ ကာရံ့ ကို ပွေ့ယူလိုက်ရင်း ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်ပေမယ့် ဘာမှမတွေ့ ..။

လွတ်မြောက်ခွင့်ကို မျှော်လင့်နေရှာသော ကွယ်ရာမှ မျက်ဝန်း တစ်စုံကတော့ ..၊

လရောင်ကျူးရင့်

ရွှေအမင်းခါဝေ

BURMESE CLASSIC .com

www.burmeseclassic.com